# ဝိပဿနာပေါင်းချုပ်။

## ဗုဒ္ဓဘာသာဆုံးမစာ။

စီစဉ်ရေးသားသူ
ဆရာဒေါင်း၊ ဇီးကုန်းမြို့။

တတိယ နှိပ်ခြင်း။



ဗမာ့မျိုးသားစာပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
၁၃၀၃ ခု၊ တော်သလင်းလ။

၃၂၄၈

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၊

ကြောင်ပန်း ဆရာတော်ဘုရားကြီး၊

ဦးသာဂရ ဆရာတော်၊ ဂန္ဓာရုံဆရာတော်၊

ဒီပဲရင်း ဆရာတော်

ဓမ္မစေတီ ဆရာတော် စသော

ဆရာတော်ကြီး အပေါင်းတို့၏

ဩဝါဒဓမ္မ အဆီအနှစ်တို့ကို ထုတ်နှုတ်၍ သဘာဝကျစွာ

အကျဉ်းချုပ် စီရင်ရေးသားအပ်သော

# ဝိပဿနာပေါင်းချုပ်။

## ဗုဒ္ဓဘာသာ ဆုံးမစာ။

---

တတိယနှိပ်ခြင်း။

အမျိုးသားပုံနှိပ်တိုက်၊

အမှတ် ၂၄၁၊ ကြည့်မြင်တိုင်အောက်လမ်း၊ အလုံစာတိုက်။

၁၃၁၂ ခု။

# ဝိပဿနာပေါင်းချုပ်

## ဗုဒ္ဓဘာသာဆုံးမစာ။

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဉ္စဂုဏံ အဟံ ဝန္ဒာမိ။

ဗုဒ္ဓေါမေဋ္ဌာတု သီသကေ၊
ဓမ္မောမေဋ္ဌာတု ဟဒယေ၊
သံဃောမေဋ္ဌာတု ဟတ္ထကေ။ ။

ဗုဒ္ဓေါ၊ အရဟံအာဒိ၊ ကိုးဂုဏ်ရှိပြား၊ မြတ်ဘုရားသည် မေ၊ သတိပဋ္ဌာန်၊ မဂ်ဉာဏ် သင်းသား၊ တပည့်များ၏ သီသကေ၊ ထွန်းမြတ်စေကြောင်း၊ ဦးခေါင်းထက်၌၊ ဋ္ဌာတု ရပ်တည်တော်မူပါ အရှင်ဘုရား။ ဓမ္မော၊ သွာက္ခာတာဒိ ခြောက်ဂုဏ်ရှိပြား မြတ်တရားသည်၊ မေ၊ သတိပဋ္ဌာန် မဂ်ဉာဏ်သင်းသား တပည့်များ၏ ဟဒယေ၊ စိတ်စေတနာ နာမ်ခန္ဓာ၌။ ဋ္ဌာတု၊ ရပ်တည်တော်မူပါ အရှင်ဘုရား။ သံဃော၊သုပ္ပဋိပ္ပံ၊ ကိုးတန်ထင်ပေါ် မြတ်ဂုဏ်ဘော်သည် မေ၊ သတိပဋ္ဌာန်၊ မဂ်ဉာဏ် သင်းသား တပည့်များ၏

ဟတ္ထိဂေါ်၊ လက်ျာပခုံး၊ ညာလက်ရုံး၌၊ ဌာတု၊ ရပ်တည်တော်မူပါ အရှင်ဘုရား။ ။

ဗုဒ္ဓါဒိစ္စေအနုဂ္ဂတေ၊ ဗုဒ္ဓါစန္ဒေအနုပ္ပန္နေ။
တေသံ သဘာဝ ဓမ္မာနံ၊ နာမမတ္တံ နနာယတိ။ ။

ဗုဒ္ဓါဒိစ္စေ၊ ဘုရားတည်းဟူသော နေမင်းသည်။ အနုဂ္ဂတေ၊ မပေါ်မထွက်သည်ရှိသော်။ ဗုဒ္ဓါစန္ဒေ၊ ဘုရားတည်းဟူသော လမင်းသည်။ အနုပ္ပန္နေ၊ မဖြစ်မပေါ်လာသည်ရှိသော်။ တေသံ၊ သဘာဝ ဓမ္မာနံ၊ ထိုအဟုတ်ရှိ အခွန်ရှိ ပရမတ္ထ၊ သဘောတရားတို့၏။နာမမတ္တံ၊ အမည်မျှကိုလည်း နနာယတိ၊ သိရမည်မဟုတ်။ ။

ဤကဲ့သို့ ဘုရားရှင်ပွင့်ထွက်လာ၍သာ ထင်ရှားရှိသော တရားတော်ကို သိမြင်ကြားနာရ၏။ ထိုသို့ သာသနာတော်ကြီးနှင့် တွေ့ကြုံဆဲအခါ၊ သူတော်ကောင်းများထံ တရားတော်ကို နာခံမှတ်သား အားထုတ်ကြရာသည်။ ထိုကဲ့သို့ အား မထုတ်လိုက်ပါက၊ သံသရာမှာ ရှည်လျားဦးမည်။ ရှေးရှေးသော ဘဝသံသရာကလည်း ဤကဲ့သို့ တွေ့ကြုံပါလျက်နှင့် တရားတော်ကို အားမထုတ်ဘဲ၊ ပေါ့လျော့ကာ နေကြသောကြောင့်၊ ဂင်္ဂါဝါဠု သဲပုအမျှ ပွင့်သော ဘုရားရှင်တို့၏ တရားကို မရဘဲ။ အကျွတ်တရား မရကြ၍သာ၊ ယခုတိုင်အောင် ကျန်ရှိနေရသည်။ ထို့ကြောင့်

ဂင်္ဂါယ ဝါဠုကာဗုဒ္ဓါ ပရာဇေတွာ တထာဂတာ။
အနေကာ သ သာဂကေဟိ၊ ပရိနိဗ္ဗာယိံသု အနာသဝါ

တထာပစ္စေကဗုဒ္ဓါနံ ဩဃကာန မဟတ္တနံ၊
အပ္ပဝိဠောသြဟာရယီ၊တုဝံလဒ္ဓသိ ရေဝတာ၊
ကဒါလဒ္ဓါသိ ပုနတွံ၊ ဝေရူပံသု သမယံ။ ။

ဂင်္ဂါယ၊ အစိရဝတီ၊မဟီဂင်္ဂါ ယမုနာစသော မြစ်ကြီး ငါးသွယ်၊ မြစ်ငယ် ငါးရာထဲ၌ ဝါလုကာဗုဏ္ဏံ၊ သဲမှုန့်သဲလုံး တွေကို ပရာဇေတွာ၊ ရှုံးစေတော်မူ၍။ အနေကာ၊ အသင်္ချေ ချေ၊ ဆက်ကဲရေလည်း၊ လွန်လေမရှိ၊ များစွာဘိကုန်သော အနာသဝါ၊ကာမာသဝ၊ စသည်ဥဿုံ၊ အလုံးစုံ ကင်းကုန် သည်ဖြစ်၍။ တထာဂတာ၊ ရှင်တော်ဘုရားသခင်တို့သည်။ သာဝကေဟိ၊ နှစ်ဆယ့်လေးသင်္ချေနှင့် ကုဋေခြောက်ဆယ် ဗိုလ်ခြေတသိန်း၊ တွက်ကိန်းများလှ၊ ဝေနေယျ အပေါင်းနှင့် တကွ။ ပရိနိဗ္ဗာယိံသု၊ နိဗ္ဗူယူသိမ်း၊ ငြိမ်းတော်မူကြလေ ကုန်ပြီ။သပ္ပုရိသ၊သူတော်ကောင်း၊ သုဏာဟိ၊တရားတော် စကား၊ နှုတ်ချိုပြားကို၊ နားစေ့စေ့ထောင်လော့။ ဩဃကာနံ၊ ဤမျှ အတိုင်း အရှည် ရှိကုန်သော ပစ္စေကဗုဒ္ဓါနံ၊ ဘုရား ပစ္စေကဗုဒ္ဓါ သာဝကတို့၏၊ အတ္တနံ့ရုံ၊ အပေါင်းအသင်း အတွင်းသို့။အပ္ပဝိဠော၊မဝင်နိုင်ဘဲ ရှောင်လွှဲဖယ်သုံ၊ ကုန်စေ ခဲ့၍။ သြဟာရယီ၊ ဖြစ်ပျက်မှန်စွာ၊ သံသရာမှာ။ ကမ္ဘာ၏ သစ်ငုတ်ကဲ့သို့၊ မပြုတ်နိုင် မကျွတ်နိုင်၊ မြဲနိုင်ပါဘိ ယခုံ ထက်ထိကျန်ရစ်ရ၏။ ဟော-ခန္ဓာငါးပါးဟူသောသံသရာ၏ အနှောင်အဖွဲ့သည်၊ ဘဲ့ချည်တုပ်နှောင်၊ မြဲအောင်ချုပ်ထား အပ်သော၊ ယောကျ်ား မိန်းမတို့။ တဝ၊ သင်သည်၊ ဝါ၊ စက် ဆုပ်ဘွယ်သည့်အညှု၊ ဖြစ်ပြီ။ တုဝံ၊ သင်သည်။ လဒ္ဓါသိ

ရေဝတ၊ တဏှာ၏နောက်၊ခေါက်ခေါက်ခါခါ၊သံသရာမှာ။ ရှက်စရာ ကောင်းစွာ့တကား။ ဣဒါနိ၊ ဤသာသနာတော် နေဝန်း ထွန်းလင်းသှစွာ၊ ခုအခါ၌၊ နဝမခဏံ၊ ဘုရား ပွင့်တော်မူခဲ့သောခဏ။ မဇ္ဈိမဒေသ၌ ဖြစ်ရသောခဏ။ သမ္မာဒိဋ္ဌိကို ရသောခဏ။ စက္ခု–သောတ မချို့တဲ့သော ခဏကို ရပါလျက်နှင့်။ စေပမေတ္တော၊ တရားကိုလည်းမလေ့။ မသိ၍လည်း မကြောက်သှ။ နောက်ကြွကြွ ယောင်ရောရောနှင့် ပြောင်ချောချော ဟန်ပန်။ အကယ်၍ မေ့မေ့ လျော့လျော့ ပေါ့ပေါ့တန်တန် နေပြန်သည်ဖြစ်အံ့။ ကဒါ၊ ဘယ်တော့ဘယ်ခါ၊ ဘယ်ကမ္ဘာမှာမှ၊ ပုန၊ တဖန်၊ ဝေရှုပ်၊ ဤသို့သဘောရှိသော။သုတမယံ၊ အခါကောင်း အခါမြတ်ကြီးကို တွံ၊ သင်သည်။ လဒ္ဓါသိ၊ ရချေဦးမည်နည်း။ ဣတိ၊ ဤသို့ အဓိဋ္ဌာန်၊ မိမိကိုယ်ကို၊ စောဒေတွာ၊ တစိမ့်စိမ့်အောက်မေ့။ တငွေ့ငွေ့ဆင်ခြင်၊ အပြစ်တင်ကာ စောဒနာ၍။ တုမှေ၊ သင်တို့သည်။ ဝိပဿနာယ၊ အနိစ္စ–ဒုက္ခ–အနတ္တ ဟူသော ဝိပဿနာကမ္မဋ္ဌာန်းကို။ ယုဉ္ဇထ၊ အားကုန်သွန်၍။ အလွန်ကြိုးပန်းကြကုန်လော့။ ။

ဟူသောအရ၊ သံဝေဂ ဖြစ်ပွါး၍။ ဝိပဿနာတရားကို အားထုတ်ဆင်ခြင်၊အလုပ်ခွင်သို့ဝင်သောသူမှာ၊ဥပမာကား မြင်းမိရ်တောင်ထိပ်၌ အိပ်လိုသော ယောကျ်ားသည်၊ မြင်းမိရ်တောင်ကြီး အဘယ်မှာ ရှိသနည်းဟု မေးလေရာမှ သိသောသူက၊ မြင်းမိရ်တောင်ဆိုတာ မြောက်မှာ ရှိသည်ဟု ပြောလေငြားလျှင်။ မြင်းမိရ်တောင်သွား ယောကျ်ား

သည်၊ ဤသို့သိရာ၏။ မြောက်ဆုံးမှ မြင်းမိုရ် တောင်သို့ ရောက်မည်။ မြင်းမိုရ်တောင်သို့ ရောက်မှလည်း မြောက်ဆုံးမည်ဟု သိသောအားဖြင့်၊ ဖနောင့်နှင့် တင်ပါး တသား တည်းသာ သွားလေရာ၏။ မြင်းမိုရ်တောင်ထိပ်သို့ ရောက် သောအခါ။ ရှေ့နောက်ဝဲယာ လေးမျက်နှာတို့သည်၊အရှေ့ အနောက်။ မြောက် ခေါ်စရာမရှိ။ တောင်အရပ် အဘိသာ ရှိသကဲ့သို့။ထို့တူပမာကား အနိမိတ္တ အပ္ပဏိဟိတ သုညတ ဖြစ်သော၊ နိဗ္ဗာန်တရားကို လိုလားသော အမျိုးကောင်း သားသမီးများမှာ။ ဝိပဿနာဖြစ်သော အနိစ္စစစ်၊ ဒုက္ခစစ်၊ အနတ္တစစ်ကို သိမြင်မှသာ သုံးဆဲ့တရွာ သတ္တဝါဒ္ဓါ။သာယာ သောအရိပ် နိမိတ်ခပင်း အကုန်ကင်းမည်။

ဥပမာ-ဥပမေယျ၊ ဟပ်၍ ပြသော်ကား။ ။နိဗ္ဗာန်ကို လိုလား၍ ဝိပဿနာတရားတော်ကို အားထုတ်ကြသောသူ ရှင်ရှင် လူလူ၊ ဟူသမျှ တို့သည်။ မြင်းမိုရ်တောင် သွား ယောက်ျားတို့နှင့် တူ၏။ “လေးကျွန်းလုံးမြောက်–မြင်းမိုရ် ဆောက်” စကားကဲ့သို့၊ အရဟတ္တမဂ်ဖိုလ် တရားသည်။ မြင်းမိုရ်တောင်ထိပ်နှင့်မခြား အလားတူ၏။ ဘုံသုံးဖြာမှာ သာယာအပ်သော သတ္တဝါ အရိပ် နိမိတ်နှင့်တကွ။ ရဝ သုဘ-သုခ–အတ္တ–သာရ လေးလုံး၊ ကင်းသုဉ်း ခြင်းသည် မြင်းမိုရ်တောင်ထိပ်သို့ရောက်၍၊ အရှေ့ အနောက် မြောက် ဆုံး။ မြောက်သုဉ်းသည်နှင့် တူ၏။ ။မြင်းမိုရ်တောင်ထိပ် ပေါ်မှာ ဒိပ်ပျော်သည်နှင့်ကား၊ နိဗ္ဗာန်ရ-ဘုရား ရဟန္တာ များနှင့် တူ၏။ မြင်းမိုရ် စကားကို ပြောကြား သောသူနှင့်

ကား။ နိဗ္ဗာန်တရားကို ဟောကြားတော်မူသော ဘုရား စသော သူတော်ကောင်းအပေါင်းနှင့်တူ၏။

ယခုအခါ–မြင်းမိုရ်ထိပ်ပေါ်မှာ၊ ဇွိပ်ပျော်သည်နှင့်မခြား နိဗ္ဗာန်တရားကို လိုလားသော အမျိုးကောင်း သားသမီးများ မှာ၊ သဗ္ဗေသင်္ခါရာအနိစ္စာ။ သဗ္ဗေသင်္ခါရာဒုက္ခာ။ သဗ္ဗေဓမ္မာ အနတ္တာဟု ဝိဇ္ဇာသုံးဝ၊ အဆုံးအမကို သိနားလည်ရမည်။

ဤကုသိုလ် ကံကောင်း ထောက်မ၍ သာသနာတော် အတွင်း လူ့ဘဝကိုရကြသော ဗုဒ္ဓဘာသာ မှန်သမျှသည် အပါယ်ဘေးဆိုးကြီးမှ လွတ်မြောက်အောင် ကြိုးပမ်း အား ထုတ်ရန်မှာ။ အလွန်အရေးအကြီးဆုံးသော ကိစ္စကြီး ဖြစ် ပါသည်။ အပါယ်ဘေး သံသရာဘေးတို့မှ လွတ်မြောက် ရန်မှာ သက္ကာယ ဒိဋ္ဌိကို ပယ်နိုင်မှ လွတ်နိုင် ပြတ်နိုင်မည့် အကြောင်း ရှင်တော် ဘုရား ဟောကြား ထားသည်ကို ရဟန်း ရှင်–လူတိုင်းပင် သိကောင်း သိကြပေလိမ့်မည်။ သက္ကာယဒိဋ္ဌိကို ပယ်သတ်နိုင်ရန်အကြောင်းမှာ။ ရုပ်ခွတ် နာမ်ခွတ်၊ ပညတ် ပရမတ် သစ္စာလေးရပ်၊ ပဋိစ္စသမုပ္ပါဒ် စသည့် တရားရတ္တိကို ဘုရားရှင့်အလိုတော်အတိုင်း သိနား လည်၍။ ယောနိသော မနသိကာရ ဖြစ်အောင် ကြိုးပမ်း အား ထုတ်ရန် လိုပေသည်။ မြတ်စွာဘုရား သက်တော် ထင်ရှား ကိုယ်တော်တိုင် မရှိသော်လည်း၊ မြတ်စွာဘုရား အလိုတော်ကျအတိုင်း၊ ယထာဘူတ ဟုတ်တိုင်း မှန်စွာ ဟောပြော ဆုံးမနိုင်သော ကလျာဏမိတ္တ–ဥပနိဿယ ဆရာ ကောင်း ဆရာမြတ်ကိုရံစမ်းရှာကြံဆည်းကပ်၍ ထိုဆရာ၏

ဆုံးမ ဩဝါဒ နည်းနိသျကို နာခံမှတ်သား ကျင့်ကြံ အားထုတ် နှလုံးသွင်းမှသာလျှင်၊ ဘုရားရှင်၏ အဘိဓမ္မာ တရားတော်ကို ဟုတ်ဘိုင်းမှန်စွာ၊ သိနားလည်၍ လိုရာသို့ ဆိုက်ရောက်နိုင်ပေမည်။

**သောတာပန်ဖြစ်ခြင်း အင်္ဂါလေးပါးကိုပြတော်။**
**သုတ်ပါထေယျပါဠိတော်။**

စတ္တာရိမာနိဘိက္ခဝေသောတာပတ္တိယင်္ဂါနိ။ ။ကတမေစတ္တာရော၊ သပ္ပုရိသ သံသေဝေါ၊ သဒ္ဓမ္မဿဝနံ၊ ယောနိသော မနသိကာရော၊ ဓမ္မာနုဓမ္မပဋိပတ္တိတိ။

ဘိက္ခဝေ၊ သံသရာဝဋ်၊ ကျော့ကွင်းညွှတ်မှ။ ကင်းလွတ်လိုကြား အိုချစ်သားတို့။ စတ္တာရိမာနိ၊ လေးပါးသော တရားတို့သည်။ သောတာပတ္တိယင်္ဂါနိ၊ သောတာပန် ဖြစ်ခြင်း၏အကြောင်းအင်္ဂါတို့ပေတည်း။ ကတမေစတ္တာရော၊ အဘယ်အကြောင်းတရား လေးပါးတို့နည်း ဟူမူကား။ သပ္ပုရိသသံသေဝေါ၊ ရုပ်နာမ် ခန္ဓာ ဓာတ် သစ္စာတို့၌ ကျွမ်းကျင်လိမ္မာသော သူတော်ကောင်းနှင့် ပေါင်းဖေါ်ရခြင်း တပါး။ သဒ္ဓမ္မဿဝနံ၊ ရုပ်နာမ် ခန္ဓာ ဓာတ် သစ္စာတို့နှင့် စပ်သောတရားစကားကို ကြားနာ-နာခံမှတ်သား သင်ကြားရခြင်းသည်လည်းတပါး။ ယောနိသော မနသိကာရော၊ ရုပ်ဓာတ်နာမ်ဓာတ်၊ ခန္ဓာဓာတ် ပရမတ် တရားတို့ကို မြင်အောင်ထင်အောင်၊ အသင့်အတင့် နှလုံး သွင်းရခြင်းသည်လည်းတပါး။ ဓမ္မာနုဓမ္မပဋိပတ္တိ။ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်တရား

တို့ကို ရခြင်း၏ အကြောင်းဖြစ်သော၊ သဏ္ဍာယဒိဋ္ဌိကို ပယ်ရှားရခြင်းလည်း တပါး။ ဇာတိစသည်ဖြင့် ဤလေးပါးသော တရားတို့သည်။ သောတာပတ္တိယင်္ဂါနိ၊ သောတာပန် ဖြစ်ခြင်း၏ အကြောင်းအင်္ဂါပါပေသည်။

ထို့ကြောင့်– "သူတော် ဆည်းကပ်။ မြတ်တရားနာ။ သင့်ရာစိတ်ထား။ မဂ်အားလျော်ဘိ။ ဒိဋ္ဌိကိုခွါ။ ဤလေးဖြာ သောတာပန်စစ် ဖြစ်ကြောင်းတည်း" ဟု စပ်ဆိုပေသည်။

မဂ်ဖိုလ်ကို အလိုရှိကြသော သူတော်ကောင်း အပေါင်းတို့သည်။ ရှေးဦးစွာ အရေးအကြီးဆုံး၊ အချက်လေးပါး ဖြစ်ပေသည်။ ဤအချက်လေးပါး အချိုးမကိုက်လျှင်၊ မဂ်ကို ဖိုလ်ကို နိဗ္ဗာန်ကို မရနိုင်ဟု မှတ်ပါလေ။ ရွှေငွေကို အလိုရှိက ရွှေငွေရှိသောသူ၏ထံ ဆည်းကပ်ရဘိသကဲ့သို့ရင်း။ မဂ်ပညာ ဖိုလ်ပညာ အလိုရှိက၊ သောတာပန်၊ သကဒါဂါမိ အနာဂါမိ၊ ရဟန္တာ ဖြစ်အောင် ဟောပြနိုင်သော ရုပ်နာမ် ခန္ဓာတို့၌ ကျွမ်းကျင် လိမ္မာသော သူတော်ကောင်းကို ပေါင်းဘော်ရပေသည်။

အပေါင်းမှား၍။ ဆရာမှား၍။ ကျား၊ငါး၊ကြောင်၊ကြွက် ဖြစ်ရချက်ထူးဆန်း၊ ရဟန်းကြီး ကပိလကိုလည်း။ ဓမ္မပဒ ပါဠိတော်တွင် ရှုရမည်။ ။ရာဟုလာ အလောင်း ဆရာ ပေါင်း မှား၍။ နဂါး ဖြစ်သည်ကိုလည်း စဉ်းစားပါလေ။ ဝိဓုရ ဇာတ်တော်တွင်၊ ကိုးကွယ် ဆည်းကပ်သော ဆရာ မှား၍ တပည့်များ၊နဂါး၊ဂဠုန် တိရစ္ဆာန်ဖြစ်ရခြင်းကိုလည်း စဉ်းစားပါလေ။ ။အဝတ်ဖြူ ဆင်တူတာနှင့် ဘိုးသူတော်

ကိုချက်တီးမှတ်၍။ သွီးအပ် မှားသလိုလည်း ရှိတတ်သည်။ ဟောကြားသော စကားသံ။ တရားသံကိုမစွဲ။ အဝတ်ကို စွဲလိုက်လျှင် အလွဲလွဲ အချော်ချော် ဖြစ်တတ်သည်။ ပညာရှိတို့ စဉ်းစားကြပါကုန်။

သူတော်ကောင်းက ဟောပြော ပြသသော ရုပ်နာမ် ခန္ဓာ ဓာတ်သစ္စာ၊ ပဋိစ္စသမုပ္ပါဒ် စသော တရားများကို ကြားနာ နာခံမှတ်သား သင်ကြားရမည် ဆိုပါလျက်။ဒါန သီလ သမထ တရားကို သင်ကြား၍နေလျှင် အချိုးမကိုက် လွဲတတ်သည်ဟုမှတ်။ အသင့်အတင့် နှလုံးသွင်း ဆိုသော စကားသည်။ မိမိက စဉ်းစဉ်းစားစား စိတ်ကောင်း နှလုံးကောင်းဖြင့် ရုပ်ပေါ် နာမ်ပေါ် ခန္ဓာပေါ် မှာ ထားရမည် ဆိုပါလျက်၊ ကဲ့ရဲ့ ရှုတ်ချ ဖြစ်တင်တို့ စိတ်ထားလျှင် အချိုး မကိုက်၍ မဂ်ဖိုလ် မရနိုင်သေးဟုမှတ်။

ရုပ်နာမ် ခန္ဓာ ဓာတ် သစ္စာတို့ကို ဟောပြနိုင်သော သူတော်ကောင်းနှင့် ပေါင်းမိခြင်း။ ရုပ်နာမ်ခန္ဓာ ဓာတ် သစ္စာတို့ကို မိမိက ကြားနာ။ နာခံ မှတ်သား သင်အံလေ့ ကျက်ခြင်း။ မိမိစိတ်ကို ကောင်းစွာ အသင့်အတင့် နှလုံး သွင်းနိုင်ခြင်း။ ဤ အင်္ဂါ သုံးပါးနှင့် ပြည့်စုံ သော်လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တရားတော်မြတ်ကို ရခြင်း၏ အကြောင်းဖြစ်သော သက္ကာယဒိဋ္ဌိတရားကို မပယ်မသတ် လိုက်က မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်။ဤအင်္ဂါလေးပါးတရား တပါးပါးပျက်ကွက်က မရနိုင်ဟူ၍ မှတ်ပါလေ။ အရေး

အကြီးဆုံး အချက် ဖြစ်သည်။ မဂ်ဒိုလ်ကို အလိုရှိသော သူတော်ကောင်းတို့ ကြပ်ကြပ် စဉ်းစားတော်မူကြပါကုန်။

သောတာပတ္တိမဂ် ဆိုသော စကားသည်။ မဂ္ဂေါ၊ သံသရာနယ်စခမ်းမှ ထွက်လမ်း တည်းဟူသော ခရီး အစသို့ သောတော၊ စီးဝင်ခြင်းသည်။ပတ္တိ၊ရောက်ကုန်၏၊အဓိပ္ပါယ် ဗမာစကားသက်သက် ပြန်ဆိုလျှင်၊ နိဗ္ဗာန်ကို သွားသော လမ်းစသို့ ရောက်သောသူ ဟု ခေါ်သည်။ တနည်း၊ သောတ၊ နား။မဂ္ဂ၊မဂ်တရား။ ပတ္တိ ရောက်ခြင်း။ အဓိပ္ပါယ် သံသရာကို ထွက်တတ်သော မဂ်တရား နားကို ရောက်သူ ဟု ခေါ်သည်။

သံသရာ ထွက်ကြောင်း တရား နားကို ရောက်လျှင်။ သောတာပန် ဖြစ်မည်လောဟု မေးစရာ ရှိပါ၏။ နားကို ရောက်ရုံကြားရုံမျှနှင့်မဖြစ်နိုင်။ သောတာပန်ဖြစ်တတ်သော နည်းလမ်းအစဉ်ကို နားမှာ ကြားသည့်အတိုင်း မိမိစိတ်က ပယ်ရမည့်တရားကိုပယ်။ ယူရမည့်တရားကို တခါတည်း အစွဲအမြဲ ယူလိုက်မှ သောတာပန်ဖြစ်မည်ဟူ၍မှတ်ပါလေ။

သောတာပန် မဖြစ်နိုင်ဘူး ဆိုသော လူ-ရှင်-ရဟန်း များမှာ သူတို့၏ နား၌ ဒါန-သီလ-သမထ တရားကို များ များကြီး ကြား၍ ဒါန-သီလ-သမထကို စွဲသဖြင့်။ မဂ်တရားနှင့် လွဲနေသူများဖြစ်၍ သောတာပန် ဖြစ်နိုင်သော နည်းလမ်း တရားစကားများကို ကြားလျှင်။ တိကို ဆား ပက်မိသလို။ တွန့်ကာတွန့်ကာ နောက်ဆုတ်၍ သွားတတ် သည့်တကြောင်း။ မဂ်တရားကို အလွယ်ဆုံးနည်းလမ်းဖြင့်

ရနိုင်အောင် ဟောပြောပြသနိုင်သော သူတော်ကောင်းကို ပြစ်မှား၍ မဂ္ဂန္တရာယ် သင့်နေခြင်းတကြောင်း။ T ဤကဲ့သို့ ပြစ်မှား တတ်သော အကြောင်းတွေ များခြင်းကြောင့် သောတာပန်မဖြစ်နိုင်ဟု မှတ်ပါလေ။

သောတာပန် အလုပ်သည်။ လွယ်လွယ်ကူကူနှင့် ဖြစ်နိုင်ကြောင်း။ မြတ်စွာဘုရား လက်ထက်တော်မှ ယခုတိုင် သောတာပန် ဖြစ်သူ လူ-ရှင်-ရဟန်းတို့သည်။ ဝိပဿနာ ဘာဝနာ တရားကို ကျင့်ကြံ ပွားများ၍ သောတာပန်ဖြစ်သည်မရှိ။ တရားနာရင်းသော်၎င်း သောတာပန်ဖြစ်သည်။ ရုပ်နာမ် ခန္ဓာ၊ အာယတန၊ ပဋိစ္စသမုပ္ပါဒ် တရားတို့ကို သင်ကြား လေ့လာရင်း-ကလျာဏပုထုဇဉ် အဖြစ်သို့ ရောက်ပြီး၍ သောတာပန်ဖြစ်ခြင်း။ ဤကဲ့သို့ ပုဂ္ဂလဒိဋ္ဌာန် ကြောင်းများ။ ဓမ္မဒိဋ္ဌာန်ကြောင်းများ၌ များစွာ တွေ့ရှိရလေသည်။ သောတာပန် ဖြစ်လို၍ ဝိပဿနာကို ပွါးများလျှင်၊ ထိုသူသည် ဖြစ်လျှင် သကဒါဂါမ်၊ အနာဂမ်၊ ရဟန္တာအထက် မဂ်တပါးပါး၌ တည်သည်။ မဖြစ်လျှင်၊ ပုထုဇဉ်အတိုင်း နေသည်။ ဘယ်မဂ်ကိုမှ မရ ဖြစ်သည်။

ဘယ်အတွက်လဲ ဟု ဆိုလျှင်။ မဂ်လေးပါး တရား၌ သောတာပတ္တိ မဂ်သည်။ အောက်မဂ်ဖြစ်၍ ဒိဋ္ဌိသတ် ဖြစ်သည်။ အထက် မဂ်သုံးပါးသည်။ တဏှာသတ် ဖြစ်သည်။ တဏှာဆိုသော တရားသည်၊ မိမိကို အားကုန် တွယ်တာ သာယာကပ်ငြိခြင်း လက္ခဏာ ရှိခြင်းကြောင့်။ ဘာဝေတဗ္ဗဘူမိ၊ ဘာဝေတဗ္ဗကိစ္စဖြစ်၍ ဝိပဿနာတရားဖြင့် ပွားများမှ

ရနိုင်သော အသက် မဂ်သုံးပါး ဖြစ်သည်။ သောဘာပန် ဆိုသော အောက်မဂ်တပါးသည်။ ဒသာနဘူမိ ဒဿနကိစ္စ ဖြစ်၍ မိမိ၌ အယူမှား၊ အမှတ်မှား၊ အမြင်မှား၊ အထင်မှား ပျောက်လျှင် စင်ကြယ်လျှင် ဖြီးလေဘော့သည်။

ဥပမာ-လူတယောက်သည်။မိမိနေသောအိမ်ကို ရွှေနန်း ရွှေအိမ်ဟု အထင်မှား၊ အမြင်မှား၊ အမှတ်မှားခြင်း တချက်။ ၎င်းအိမ်ကိုငါ့အိမ်ဟု သာယာတွယ်တာကပ်ငြိခြင်းတချက် ဤအချက် နှစ်ချက်နှင့် နေသောသူကို ပညာရှိ ပုဂ္ဂိုလ် တယောက်က ရွှေနန်းရွှေအိမ် မဟုတ်။ ခွတ်လေးပါးအိမ် ဟုတ်ကြောင်း ထင်ရှားစွာပြသဖြင့်။ မိမိဉာဏ်၌ အမြင် စင် ကြယ်၍ အထက်ထက်က အမှတ်မှား၊ အယူမှား၊အမြင်မှား အထင်မှား။ ရွှေနန်းရွှေအိမ်ပျောက်၍ အမြင်မှန်။ အမှတ်မှန် အယူမှန်။ ခွတ်လေးပါး အိမ်တဲ ဟုတ်သည်ဟု သိခြင်း တချက်။ ။

ပညာရှိပုဂ္ဂိုလ်က ဤအိမ်ကို မင်းပိုင်သည့် အိမ်မဟုတ် သင်္ခါရက ပိုင်ကြောင်းကို ကျကျနန ပြောပြောသဖြင့်။မိမိ ပိုင် အိမ်မဟုတ်၍ သာယာ ခင်တွယ်ခြင်း တဖြည်းဖြည်း ခေါင်းပါး၍ ၎င်းအိမ်ကို ပြတ်ပြတ် တောက်တောက်။ စွန့် လွှတ်နိုင်ခြင်းတချက်။ဤဥပမာကဲ့သို့ ပုထုဇဉ်ပုဂ္ဂိုလ်သည် ဤမိမိခန္ဓာကြီးကို ငါကောင်။ ပုဂ္ဂိုလ်ကောင်။ သတ္တဝါ ကောင်။ မိန်းမကောင်။ ယောကျ်ားကောင်။ နတ်ကောင်။ ခွေးကောင်။လူကောင် စသည်ဖြင့် ဖြစ်တိုင်းဖြစ်တိုင်းသော

ဘဝတို့၌ အထင်များ။ အမြင်များ။ အမှတ်များ။ အယူများ
များ၍နေသောသူနှင့် မိမိနေသောအိမ်ကို ရွှေနန်းရွှေအိမ်ဟု
အထင် အမြင် အမှတ် အယူ များနေသော သူနှင့် တူ၏။
ပညာရှိပုဂ္ဂိုလ်က ရွှေနန်း ရွှေအိမ် မဟုတ်။ ဓါတ်လေးပါး
အိမ် ဟုတ်ကြောင်းကိုပြ၍ ယုံကြည်သဖြင့်။ ရွှေနန်း ရွှေအိမ်
အမှတ် ပျောက်၍ ဓါတ် လေးပါးအိမ် ရောက်သူနှင့်
သောတာပန် ဖြစ်သူနှင့် တူ၏။

ဘယ်အတွက် တူသလဲဆိုလျှင်။ ကမ္ဘာကမ္ဘေ သင်္ချေ
သင်္ချာက လူနတ် ဗြဟ္မာ သတ္တဝါဟု ငါငါ ထင်ချက်
သက္ကာယဒိဋ္ဌိ အယူများကြီး အထင်များကြီး အမြင်များကြီး
သည်။မြတ်စွာဘုရားသာသနာတော်တွင်း၌ ပညာရှိပုဂ္ဂိုလ်
တို့၏ တရားစကားကို နာခံ မှတ်သားရသောအခါဖြစ်စေ။
မိမိက အပါယ်ဘေး။ သံသရာ ဘေးဒုက္ခ အပေါင်းကို
ကြောက်ရွံ့၍ သံသရာမှ ထွက်ကြောင်း လမ်းကောင်း
တရား တည်းဟူသော ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယတန ပဋိစ္စ
သမုပ္ပါဒ်တို့ကို သင်ကြားလေ့လာ တတ်မြောက်၍ ကလျာ
ဏ ပုထုဇဉ် ဖြစ်၍သော်ရင်း။ ဤခန္ဓာကြီးကို ငါကောင်
မိန်းမကောင်။ ယောက်ျားကောင် အမှတ်ပျောက်၍ ရုပ်
ကောင်၊ နာမ်ကောင်၊ ခန္ဓာ ငါးပါးကောင်၊ ဓာတ်လေးပါး
ကောင်၊ ဓာတ်တဆယ့်ရှစ်ပါးကောင်၊ ပဋိစ္စသမုပ္ပါဒ်ကောင်
ဟု တခုခုသော ဓာတ်ကောင် အနေနှင့် ထင်သူ မြင်သူ မှတ်
ယူသူကိုပင် ဒိဋ္ဌိကွာ၍သောတာပန်ခေါ်ရသည်ဟုမှာဘ်လေ
ဤခန္ဓာကြီးကို ငါပိုင်ခန္ဓာ။ ငါ့ဥစ္စာဟု သာယာ ကပ်ငြိခြင်း

တန်းလန်းရှိသေးသော သောတာပန် ပုဂ္ဂိုလ်ကို မိမိပိုင် ခန္ဓာမဟုတ်ကြောင်း။ ပညာရှိ ပုဂ္ဂိုလ်က ဟောပြော ဆုံးမသဖြင့်။ ထိုသောတာပန်ပုဂ္ဂိုလ်သည်။ ပညာရှိ ဆုံးမသည့်အတိုင်း ကောန် မိမိပိုင် ခန္ဓာမဟုတ်ကြောင်း သိငြားသော်လည်း။ ကာမဂုဏ်ငါးပါး ခံစား စံစားမှုကို တခါတည်း အပြတ်မပယ်နိုင်သေးခြင်းကြောင့်။တဖြည်းဖြည်း ပြတ်ရန်သော်၎င်း။မြန်မြန်ခင်တွယ်ခြင်း တကျွာ ပြတ်အောင် သော်၎င်း။ ဝိပဿနာကို ပွါးများရသေးသူနှင့် ရွှေနန်း ရွှေအိမ်သည်။ ငါ့အိမ်၊ ငါ့ဥစ္စာဟု သာယာ တွယ်တာခြင်း ရှိသောသူကို ပညာရှိပုဂ္ဂိုလ်က သင်္ခါရအိမ်ဖြစ်ကြောင်း ဟောပြ၍ သိသဖြင့်။ မိမိပိုင် အိမ် မဟုတ်ကြောင်း သိသော်လည်း။ ထိုအိမ်ကို မစွန့်လွှတ်နိုင်သောသူနှင့် တူ၏။ ဘယ်အတွက် မစွန့်လွှတ်နိုင်သလဲဆိုလျှင်။ထိုသူသည် ထိုအိမ်ကို အမှီပြု၍ အသက်မွေးခြင်း။ နေခြင်း ထိုင်ခြင်း။ အမှုများစွာ ရှိသေး၍ တခါတည်း မစွန့် နိုင်သည့်အတွက်။ စွန့်နိုင်ရန် ၎င်းအိမ်ကိုအပြစ် များများ တွေ့ရှိအောင် မကြာ မကြာ ရှုကြည့်နေသူနှင့်လည်းတူ၏။ ထို့ကြောင့်- သောတာပန် ပုဂ္ဂိုလ်သည်။ ဤခန္ဓာကြီးကို ငါကောင် အမှတ် ပျောက်၍ ခတ်ကောင်ဟု မှတ်ယူမှုမျှသာ ရှိသေးသည်။ငါ့ကိုယ်။ငါ့ခန္ဓာဟု သာယာ တွယ်တာ ကပ်ငြိမှု တကျွာ။ တန်းလန်းပင်ရှိသေးသည်ဟု မှတ်ပါလေ။ ။ထို့ကြောင့်-

အမှန်မလိုက် အမှားလိုက်၊ အရိုက်ယက်စ မသတ်ကြ ငရဲမှ ဘယ်သို့ ထွက်မည်နည်း။

အမှားမလိုက် အမှန်လိုက်မှ၊ အရိက် ကင်းပျောက် အလင်းရောက်၍၊ ခေါက်ခေါက်ခါခါ သံသရာ၊ မြန်စွာဝဋ်မှ ထွက်မည်တည်း။

## အဓိပ္ပါယ်အဘိဓမ္မာ။

ဝဋ်၌ လည်စေတတ်သော ပြုစုခြင်း။ စောင်းမြောင်းခြင်း (ဝါ) ဆောင့်ခြင်း အောင့်ခြင်း။ မျက်စောင်းထိုးခြင်း နှုတ်ခမ်းစူခြင်း။ တဘက်သားတို့အား စောင်းမြောင်း ရိပ်ချိပ်၍ ပြောဆိုခြင်းစသော (ဣဿာ)။

ဝန်တိုစိတ်ပင်ခြင်း။ (ဝါ) အစား၌ဝန်တိုခြင်း။အဝတ်၌ ဝန်တိုခြင်း။ အိပ်ယာ နေယာမှစ၍ အရိပ် အာဝါသတို့၌ ဝန်တိုခြင်း။ရွှေငွေစသော အသုံးအဆောင်တို့၌ ဝန်တိုခြင်း။ ရအပ်သော လာဘ်လာဘ တို့၌ ဝန်တိုခြင်း။ ဤသူကို မပေးနှင့်၊ ဤသူကို မကျွေးနှင့်၊ ဤကိုယ်တော်ကို မလှူနှင့် စသည်ဖြင့် စိတ်ပင်ခြင်း (မစ္ဆရိယ)။

သူတပါး၏ စည်းစိမ်ကို မိမိစည်းစိမ်ဖြစ်လိုခြင်း။ (ဝါ) အလွန်လောဘကြီးလှ၍ မတရားသဖြင့် လိုချင်ခြင်း။ ခိုး၍ယူခြင်း။ လိမ်၍ယူခြင်း။ တရားဆင်၍ အနိုင်အထက်ငြင်းခုံ လုယူလိုခြင်း (အဘိဇ္ဈာ)။

သူတပါးတို့အားရန်ငြိုးဖွဲ့ခြင်း။ (ဝါ) ညှဉ်းပန်းနှိပ်စက် ရိုက်နှက် ပုတ်ခတ် သတ်ဖြတ် ထိုးကြိတ်လိုသော စိတ်ရှိခြင်း (ဗျာပါဒ)။

မှားသောအယူကိုယူခြင်း။ ( ဝါ )မိစ္ဆာဒိဋ္ဌိလမ်းအဆန်း ကသွယ်သွယ်ကို အကယ်ဆတ်ဆတ် ကိုးကွယ် ရာအဲသည်ဟု အင်မှတ် ယုံမှားခြင်း (မိစ္ဆာဒိဋ္ဌိ)။

ဤသို့လျှင် ပြဆိုအပ်ပြီးသော အရိက်တရား။ အမှောင်တရား။ အလွဲတရား။ အမှားတရားတို့ကို ပယ်ခွါစွန့်လွှတ်၍ ဝဋ်မှ ထွက်မြောက်စေတတ်သော ဘုရား-တရား-သံဃာ တည်းဟူသော ရတနာ သုံးပါးတို့၏ ဂုဏ်ကို ယုံသုံ ကြည်ကြည် လေးလေး မြတ်မြတ်နှင့် အဟုတ် အဟုတ် ဆည်းကပ် ကိုးကွယ်ခြင်း (သဒ္ဓါ။)

ငါးပါးသီလ၊ ရှစ်ပါးသီလ စသော သီလတော်မြတ် တို့ကို မကျိုးမပေါက် မပျောက် မကြားရအောင် ကောင်း မွန်လုံခြုံစွာ ထိန်းသိမ်း စောင့်ရှောက်ခြင်း (သီလ)။

လောကီအမှုအရာ၊လောကုတ္တရာအမှုအရာမှစ၍ အကြား အမြင်အမှတ်အသားများခြင်း တည်းဟူသော (သုတ)။

ခွဲအစရှိသော အလှူခံတကျိပ်လေးကို့အား ပေးခြင်း ကမ်းခြင်း။လှူဒါန်း စွန့်ကြဲခြင်းတည်းဟူသော (စာဂ)။

လောကီအရေးအရာ၊ လောကုတ္တရာ အရေးအရာမှစ၍ ထိုးထွင်းသော အသိ အလိမ္မာနှင့် ပြည့်စုံခြင်း တည်း ဟူသော (ပညာ)။

မကောင်းမှု ဒုစရိုက် တို့ကို ပြုကျင့်ရမည့် အရာ၌ ရှက်ခြင်း (ဟိရိ)။

ထိုမကောင်းမှု ဒုစရိုက်တို့၏ အကျိုးဆက်တို့ကို ခံစား ရမည့်အရာ၌ ကြောက်ခြင်း (ဩတ္တပ္ပ)။

ဤသို့လျှင်T ပြဆိုအပ်ပြီးသော သုတော်ကောင်းတရား ခုနစ်ပါး အစရှိသော အလင်းတရား၊ အရှင်းတရား၊ အဟုတ်တရား၊ အမှန်တရား တို့ကိုသာလျှင် အားထုတ်၍ သိမ်းဆည်း ရှာမှီးကြပါလေဟု ဆိုလိုသည်။

တရားမှန်ရာကိုရှာဖွေသိမ်းပိုက်မှ ရထားသံသရာတို၍တာ မရှည်ဘဲ အငြိမ်းဆိုက်မည်။ တရားမှန်ရာကို မရှာဖွေ မသိမ်းပိုက်က ရထားသံသရာမတို၍တာရှည်သဖြင့်အငြိမ်း မဆိုက်။ အငြိမ်းမဆိုက်သမျှကာလ ဒုက္ခ အပြည့်အနှက်မှတ်။ မသိမ်းပိုက်ကြပါက မုချ ငြိလျက်မှတ်။ မုချငြိသမို့ အပဘတဗ္ဗာကို မကဲသည်။ဟုတ်သမျှမသိလို့ ဝဋ္ဋတဗ္ဗာကို ဖကဲသည်။ ဝဋ္ဋ တဗ္ဗာကို လွတ်အောင်ရုန်းနိုင်မှ အနုသယကို သတ်ရာ ရောက်ချေမည်။ အပဘတဗ္ဗာကို ဇွတ်ရှောင်ပြီး မုန်းနိုင်မှ သမုဒယကို ဖြတ်ရာ ရောက်ချေမည်။ သမုဒယ ဖြတ်၊ အနုသယ သတ်နိုင်မှ မဂ်နား-ဖိုလ်နား ကပ်ချေမည်။ မဂ်စော်-ဖိုလ်စော်နံ့ချေမည်။ အပဘတဗ္ဗာကို ဇွတ်ရှောင်ပြီး မမုန်းနိုင်က ဝဋ္ဋတဗ္ဗာကို လွတ်အောင်ရုန်းရာသို့ မရောက်ချေ။ ဝဋ္ဋတဗ္ဗာကို လွတ်အောင် မရုန်းနိုင်က တရားမှန်ရာကို ရှာဖွေ သိမ်းပိုက်ရာသို့ မရောက်ချေ။ တရားမှန်ရာကို မရှာမဖွေ မသိမ်းပိုက်ပါက ခန္ဓာ၊ အာယတနဓာတ်တို့၏ မပြတ်လည်၍ ဖြစ်ရာမှန်သော သံသရာကြီး၌ ပျင်းမုန်း ငြီးငွေ့ရာသို့ မရောက်ချေ။ ထို သံသရာ ကြီး၌ မပျင်းမုန်း မငြီးငွေ့ပါက ဗုဒ္ဓ ဘာသာဝင်လူမျိုးတို့၏ အမြစ်မူလ ပဌမ အခြေခံကြီးဖြစ်ပေသော ပဋိစ္စသမုပ္ပါဒ်တရား

ကြီးကို အလေး ပြုရာသို့ မရောက်ချေ။ ထိုပန္နိဗ္ဗသမုပ္ပါဒ်
တရားတော်ကြီးကို အလေးမပြု ဂရုမစိုက်ကြ၍၊ သိထိုက်
သိအပ် မှတ်သိုက် မှတ်အပ် သမျှသော အခြင်းအရာကို
မသိမဘတ် နားမလည် မကျွမ်းကျင်သေးပါက ကလျာဏ
ပုထုဇဉ် အဖြစ်သို့ မရောက်ချေ။ ကလျာဏ ပုထုဇဉ်အဖြစ်
သို့ မရောက်သေးပါက သုတဗုဒ္ဓိ၊ ဉာဏ်မျက်စိမှ ကင်း
သော အန္ဓပုထုဇဉ် အဖြစ်၌သာ ရှိနေသေးသည်ဟု ဆိုရ
ပေလိမ့်မည်၊ သုတဗုဒ္ဓိ၊ ဉာဏ်မျက်စိမှ ကင်းသော အန္ဓ
ပုထုဇဉ် အဖြစ်၌သာ ရှိနေသေးသောကြောင့် သံသရာ
ကြီး၌ တွေ့ကြုံရလတ္တံ့သော အမျိုးမျိုးသော ဘေးဆိုး
ဒဏ်ဆိုး၊ ဘေးကြမ်း ဒဏ်ကြမ်း၊ ဘေးကြီး ဒဏ်ကြီး
တွေကို မသိဘတ် မမြင်တတ်၊ မထိတ်ဘတ်၊ မလန့်တတ်
မကြောက်ဘတ်၊ မရွံ့တတ်သည့်အတွက် ဓမ္မ တဏှာကို
ဘက်၊ အပဘဏှာကို မက်နိုင်သည်။ ဓမ္မတဏှာကိုဘက်
အပ တဏှာကို မက် ကြ ခြင်း ကြောင့် ပက်လက်မျော
မှောက်ခုက်မျော၊သံသရာကြော မျောချင်တိုင်း မျောမှာရှိ
ပြောလို့မပြီး စာအုပ်သာ ကြီးတော့မည်။ အနီးတွင်ရပ်
သည်အနားတွင် သည်စကား ဖြတ်ကြစို့။

မတ်ဘတ်မြုတ်ဒုတ်တုတ်မျော၊ဘယ်လောက်ပင် ပြော
သော်လည်း၊ ပြောသမျှ အလကား နားပေါ်သို့ လေလျှံပြီး
အဘန်မှ မကြားတော့။ ပြောအား က မတက်ချင်၊ အန္ဓ
လူကန်း ပုထုဇဉ် ငါမဟုတ်ထာ ဟုတ်တယ်ထင်။ငါမရှိတာ
ရှိဘယ်ထင်။ ငါထင်ပေမဲ့ ငါမရှိ။ ဇွတ်စွဲလမ်းတဲ့ ဇွတ်ဒိဋ္ဌိ

အတ္တဒိဋ္ဌိ၊ အနက် ပြန်တဲ့ မြန်မာသံကိုလဲ သူမသိ။ စွဲမိစွဲ
စွဲချက်နာ၍ ငါအမှန်ဘဲ ဧကန္တစွဲသောကြောင့်။ငါ့ကျွဲငါ့နွား
ငါ့သားငါ့သမီး၊ ငါ့အိမ်ကြီး၊ ငါ့ဇာချပ်၊ ငါ့မဏ္ဍပ်၊ ငါ့နေရာ
ငါ့ဥစ္စာ၊ ငါ့အထည်၊ ငါ့ထမိ ငါ့ပုဆိုး၊ငါ့လွှမ်းမိုးတဲ့ သတ္တဝါ
ဘုရားမှလည်း မကယ်သာ။ ခြောက်ဆယ့်နှစ်ပါး ဒိဋ္ဌိမှာ
အတ္တဒိဋ္ဌိ အရင်းသာ။ ငါကင်းပြတ်မှ ပြတ်ကြမှာ။ မပြတ်
တတ်က မပြတ်ပါ။ ငါထင်တာကို ပြတ်အောင်ဖြတ်၊ သံသ
ရာကြော တိတိပြတ်၊ ငါစွဲလန်းချက်က အပြီးသတ်။ သန္တိ
သုခ နိဗ္ဗာန်ခေတ်တို့ကား–အများ။ ငါကားတခု။ ပညတ်ရု
စွဲမှု အရစ်ချပ်။ ပညတ်တရား စွဲမှီပွား၊ ခေတ်သားပရမတ်။
ပရမတ္ထ၊ သဘာဝ၊ မံသ မမြင်အပ်။ စက္ခု မံသ မြင်သမျှ
လောကခေါ် ပညတ်၊ ပညတ်ပေါ် တွင် ပညတ်တင်၊မှားအင်
အထပ်ထပ်။ ပညတ်တရား၊ ခေတ်တရား၊ ပိုင်းခြားနိုင်ဘို့
ကြပ်။ စက္ခုပညာ၊ နည်းသူမှာ၊ မကွာပူး၍ကပ်။ပညာစက္ခု
မြင်အောင်ရှု၊ ခေတ်နု ပေါ် အောင်လှုပ်။ ခေတ်နု ခေတ်သား
ခေတ်တရား ပိုင်းခြားနိုင်မှမြတ်။ ခေတ်သား၊ခေတ်နု၊ ခေတ်
အဓု၊ သိမှု လိုရင်းမှတ်။ပရမတ္ထ၊ သဘာဝ၊သိမှအပြီးသတ်။
အာဒိနဝ၊ ဘေးဒုက္ခ၊ နေ့ညသတိချပ်။ မမြဲဆင်းရဲ၊ ဖေါက်
ပြန်နဲ့၊၊အကဲမိအောင်ခတ်။ အနတ္တ အနက်၊ အသိခက်၊ဘက်
လျက် သေကြဘတ်။ ။

ထိုအနတ္တတရားတော်သည်၊အလွန်တရာနက်နဲ့သိမ်မွေ့
သိနိုင်ခဲသော သာသနာတော်တွင်း တရား ဖြစ်သည်။
ဒါနအစ၊ သီလအလယ်၊ ဘာဝနာအဆုံး ဟူသည်နှင့်အညီ

ဒါနနှင့် သီလမှာ များစွာ ပြုခဲ့သှလေပြီ။ ဤအနတ္တ ဘာဝနာ တရားကိုကား– တခါဘူးမျှ မသိကြ။ အား မထုတ်ကြ။ ဤတရားတော်ကြီးကို သိမှလည်း၊ ငြိမ်း ချမ်းသာမည်။ ထို့ကြောင့်- အရေးအကြီးဆုံးဖြစ်သည်။ အရေးကြီးသည့် အတွက်လည်း ဤတရားကို အားထုတ်ရမည်။ အဘယ့် ကြောင့်ဆိုသော်-မိမိမှာ အိုမင်း၊ နာမင်း၊ သေမင်းတို့က ပိုင်၍ ယနေ့သေမည်၊ နက်ဖြန်သေမည် စသည့်တို့ကို မသိ ကြ၍ အလွန်ပင် အရေးကြီးလှပေသည်။ ထို့ကြောင့်-

အဇ္ဇေဝ ကိစ္စံအာတပ္ပံ၊ ကောဇညာမရဏံ သုဝေ
နဟိနော သင်္ဂရန္တေန၊ မဟာသေနေန မစ္စုနာ။ ။

## ဘဒ္ဒေကရတ္တသုတ်ပါဠိတော်။

အနက်ကား။ ။အဇ္ဇေဝ၊ ယနေ့သည်ပင်လျှင်။အာတပ္ပံ အားထုတ်ဘွယ်ဖြစ်သော ကမ္မဋ္ဌာန်းဘာဝနာ။ ဒါနသီလ စသည်ပေါင်းရ ကုသိုလ် ကောင်းမှုကို။ ကိစ္စံ၊ မြန်မြန်ကြီး ပြုအပ်၏။( ဝါ) ကိုယ်လုံး ဝိန်ခြောက် မီးတောက်ခမန်း ကြီးပန်းရာ၏။သုဝေ၊နက်ဖြန်သဘက်တရက်ရက်၌။မရဏံ သေအံ့သော အဖြစ်ကို ( ဝါ) သေလိမ့်မည်၊ သေရမည့် အဖြစ်ကို။ ကော၊ ရဟန်းရှင်လူ အဘယ်သူသည်။ ဇညာ သိနိုင်ပါအံ့နည်း။ ( ဝါ) သိနိုင်လိမ့်မတုန်း။ မဟာသေနေန အတွင်းအပ များလှစွာသော စစ်သည်ရှိသော။တေနမစ္စုနာ ထိုသေမင်းနှင့်။ နော၊ ငါတို့အား။သင်္ဂရံ၊ နေ့ရက် ချိန်းချက် ခြင်းသည်။ နဟိအတ္ထိ၊ မရှိသလျှင်ကတည်း။

လိုရင်းက ယနေ့ နက်ဖြန် သေရှင်မသိ။ ဝိပရိဏာမ သင်္ခါရဂိုဏ်း တရား ရှိင်းတွေ့နှင့်။ သိုင်းဝိုင်း ကျယ်ကွန့် မလွန့်စသော။ နေ့လား ညလား သွားမည် ဆက်ဆက် ခက်ချည့် ခက်ချည်။ နှလုံးမြည်လျက်၊ တလည်ရေးရေး တနွေးနွေးနေရသော ခန္ဓာငါးပါး။တရားအယုတ်မြူအနှပ်ကို ကိုယ်လုပ်၍၊ငါလုပ်၍ နေရသောကြောင့်။ နှစ်, လ, ရက်နေ့ အရွေ့အပြောင်း ရွေ့ညောင်းကြလင့်၍ မနေသင့်။မနေနှင့် အဘယ့်ကြောင့်နည်း၊ ရွေ့ညောင်းကြလင့်၍ နေကြလျှင် ဒါနသီလ၊ ဘာဝနာမှ ပြုခွင့် မရမည်များကို။ ပမာတန္တု ပုံပြု၍ဆိုသော်–မုဆိုး၏မျှားဦးမှာ မြူးပျော်သည့်ယုန်နောက် တံငါ၏ ပိုက်အောက်တွင် လောက်လက်သည့် ငါးကြင်း။ ကြောင်ပါးရှေ့ခင်းတွင် မြူးဆင်းသည့်ကြွက်မွဲ။မြွေဟောက် ၏တွင်းထဲမှာ ပျော်ရဲသည့် ဘားသူငယ်။ ခြသေ့်၏ ရှေ့နယ် တွင်စမ္ပါယ်သည့် သားသမင်ကဲ့သို့။သေမင်း၏ ခံတွင်းဝမှာ သူငါကစ တလလ, တမားမားနှင့် လားလားမှ မပေါ့သာ မလျော့သာဟု သတိပြုကြ။ ။

အဘယ့်ကြောင့်နည်း။ ဘဝ များစွာ ကမ္ဘာ့ဘာဘက သံသာရ ဝဋ္ဋ ဒုက္ခတော မောစနဏ္ဍာယ အာသီသနှင့် ဒါန သီလ စသော စရဏာဂု ကုသိုလ်မှုတို့ကို ပြုဂု ကြိုးစား၍ အားထားခဲ့ကြသည့် အတိုင်း၊ ယခု ဘဝ၌ အရိယသစ္စာ သာသနာမွေမြတ်သမယနှင့် တွေ့ကြုံတိုက်ဆိုက်ရရှိကြပြီ။ ခုဘဝခုနေ့၊ အလိုပြည့်၍ ကိုယ်တွေ့ကြုံရသော ဒုလ္လဘအခါ အရိယသစ္စာမှာ သုံးဖြာသော ဘုံအထွင်၌ ညွှတ်ဘတ်သော

လောဘာ၊ ဟိတ်စိဘ် တဏှာကို ပယ်ခွါရမည်ဟု အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာဝိဇ္ဇာသုံးဝ၊ အဆုံးအမ ဩဝါဒကို သာသနာဆိုသည်။

ထိုသာသနာတော် တွင်းသို့ ရောက်ကြသော ရဟန်း ရှင်လူ၊ သူခပ်သိမ်းတို့မှာ၊ မေ့မေ့ လျော့လျော့ ပေါ့ပေါ့ တန်တန်မနေသင့် မနေနှင့်။အဘယ်ကြောင့်နည်း။သာသနာ တော်ကကုန်လုကြပြီ။ကွယ်လုကြပြီ။သတိမူကြ။ ။ကွယ် ပုံက သာသနာတော် ငါးထောင် ထားခဲ့သည်တွင် အလွန် သာသနာ နှစ်ထောင့်လေးရာ, ကျော်လွန်ပြီ။ ကြွင်းကျန် သောသာသနာတော်နှစ်ထောင့်ငါးရာကျော် ကျန်ရှိသေး၏ ထို နှစ်ထောင့် ငါးရာကျော် သာသနာတော်တွင် မိမိနှင့် ဆိုင်ရာ သာသနာမှာ၊ မိမိ မသေမီ ကာလကလေးသာ သာသနာနှင့်ဆိုင်သည်။ ယခုနှစ်သေလျှင် သာသနာ တနှစ် သာ ရှိတော့သည်။ ကွယ်တော့မည်။ရွေလသေလျှင် သာ သနာ မိမိမှာ တလသာရှိတော့သည်။ ကွယ်တော့မည်။ သတိထား။ နက်ဖြန်သေလျှင် သာသနာ နက်ဖြန်ခါ ကွယ် မည်။ များများကြီး သတိထား။ ။

ထို သာသနာတွင်းမှာမှ ဒါနတရားက များစွာသာ၍ အရေးကြီးကြသည်။ အရေးကြီးပုံမှာ သာသနာပ, ဒါန။ သာသနာတော်တွင်း ဒါနနှစ်ပါးတို့တွင် သာသနာပဒါနက များစွာ ပြုခဲ့ကြလှလေပြီ။ သာသနာတွင်း ဒါနက အနုတ္တရ သံဃာတော် အလှူခံတတ်။ ပုဂ္ဂိုလ်မြတ်နှင့် ဆည်းကပ် လှူဒါန်းခြင်းငှါ လွန်မင်းစွာ ခဲယဉ်းလှလေသည်။ တွေ့ကြုံ

ရခြင်းခဲယဉ်းလှလေသည်။ အဘယ့်ကြောင့်နည်း။ အကုံရ နတ်သား၊ ဇာန္တက နတ်သားများ၏ ဝဏ္ဏကို ထောက်ရှု၍ သိကြလေ။ ။အနုတ္တရ အလှူခံဆိုသည်မှာ သံဃာတော်မြတ်ကို ဆိုသည်၊

ယခုအခါ– သာသနာတော်ထမ်း ရဟန်းတော်၊ ခရှိတဲ့ သမ္မုတိ ထေရ် သံဃာတို့ကို ကြည်လင်စွာ အမြတ်ဆ၍ အရဟတ္တဇော အနွယ်လာသမို့၊ ပရဏ္ဏ အကာယ်သာဟု ဘွယ်ရာစွာ သဘောကျပြီးလျှင်၊ အလောဘဟိတ်ခြေခံ၍ စိတ်နေပရမံ သောမနဿပွါးကြ၍ ဓောတရတ် ပတ္တမြား ပမာဆောင်သော်၊ သဒ္ဓါရောင်ဖြူကာဆွ၍ လှူဒါန ဒါတမွေ့ တို့ကို သာဟာဇ္ဈေ ကံ-ကာယဖြင့်။ ပရံပရာဘဝ အခြေပြုစေဘို့ မြေအထု ဘူပထဗျာကို သူအပါ သက်သေညွှန်းပြီးလျှင်၊ ရေသွန်း၍ လှူဒါန်းရမည်ဟုလိုသည်။

## သံဃာတော်ဆိုသည်မှာ

ဥပမာကား။ ။ချစ်လှစွာသော အဘ သေ၍ သွားသည်ကို လွန်မင်းစွာ လွမ်းတ၍ နေတုံးအခါကို တရေလောက် ငါးဆယ်လောက်၊ ဧည့်သည်တွေ ရောက်လာသောအခါ၊ တွေ့မြင်ရာမှာ ဘယ်မြို့ ဘယ်ရွာကဟု မသိသော ဧည့်သည်တွေထဲမှာ၊ တယောက်သော ဧည့်သည်သည်၊သေသော အဘ၏ရုပ်သွင်နှင့် အင်မတန် တူသည်ကို မြင်ရလျှင်၊ ထိုအဘနှင့် တူသော ဧည့်သည်ကိုပင်၊ ကြည်ရွှင်သော မျက်နှာမျက်စိနှင့်ကြည့်၍မဝ၊ရှု၍မဝ သဒ္ဓါလှ၍

ရေ့-စားပါအုံး၊ ရှင်ပြုံးကာ ပေးသောအခါ ထိုညှော့သည်ကြီးက လက်ကိုတန်း၍ လှမ်းလိုက်သည်တွင်၊ ညှော့သည်ကိုလည်းမြင်၏၊ ညှော့သည်ကြီး လက်ကိုလည်း မြင်၏။ သို့သော်လည်း ပေးလိုက်သော ဝတ္ထုမှာ သေသော အဘကိုသာ ပေးရက်နေသည်။ပေးရာကျသည်။ ပေးလိုက်သည် သတိထားကြ။

ဥပမာ ဥပမေယျ ဟပ်၍ပြသော်ကား။ ။ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်စသော အရိယာ သံဃာတော်မြတ်များက သေသောအဘနှင့်မခြား၊ တသားတည်း တူ၏။ ယခုကာလသူငါကစ,ပုထုဇဉ်သံဃာတော်မြတ်တို့ကညှော့သည်နှင့်မခြား အလားတူကြ၏။ ဤကဲ့သို့ တူလှသည်ကို သိရာ၏။ သိသာ၏ ဟူလို။ ။သိပါ၏ ဆိုသော် လည်း သဘောချုတတ်သည်။သတိမူလိုက်။ဤအရာမှာ ညှော့သည်ကြီးက ဖုံပျာထဲမှာ အနည်းနည်း အမျိုးမျိုး ငှမ်းထိုး၍ နေသော်လည်း၊ ညှော့သည်ကြီးကိုသာ ဖုံလှူးသည်။ ပျာလှူးသည်။ သေသောအဘမှာ ဖုံပျာမလှူး။ အထူး သတိထား။ ယခုအခါ အလွန်တရာမြင့်မြတ်လှစွာသော အနုတ္တရ အလှူခံနှင့် တွေ့ကြုံကြ၍ ဒါနတရားက များစွာ အရေးကြီးကြသည်။ ထိုမှိမိတို့ ပြုကြသော ဒါန၏အကျိုးကို မိမိတို့ခံစံကြရအောင် သိလက သာလွန်၍ အရေးကြီးပြန်သည်။ အဘယ့်ကြောင့်နည်း။ ပါဏာတိပါတ စသည်ကို မရှောင်ကြဉ်လျှင်၊ ထိုပါဏာတိပါတအတွက် ငရဲက တက်သောအခါ၊ အသက်တိုခြင်း စသော အကျိုးကို ပေးတတ်သော

ကြောင့်၊ ဒါန၏ အတွက်နှင့် သူဌေးသို့၊ သူဌေးသား ရှင်ဘုရင်သို့၊ရှင်ဘုရင်သားဖြစ်ခြင်းသော်လည်း။ပါဏာတိပါတ အတွက်နှင့် ဝိပါက်အကျိုးပေး၍ မွေးသေ မွေးသေ အကျိုး ပေးလေသောကြောင့်။ လူ့စည်းစိမ်ကို မခံစံရ။ လူ့ချမ်းသာကို မခံစားရ။ မစံစားရ စသည်ဖြင့် သိကြလေ။ ထို့ကြောင့်–သီလက သာလွန်၍အရေးကြီးသည်။ထိုသီလသည် နိယတသီလ၊ အနိယတသီလ အားဖြင့် နှစ်ပါး ထိုတွင် အနိယတဆိုသည်ကား–ငါးပါးသီလ၊ ရှစ်ပါးသီလ စသော ယခုကာလ ဆောက်တည်ကြသော သီလကို ဆိုသည်။ နိယတသီလ ဆိုသည်မှာ သဏ္ဍာယဒိဋ္ဌိ ကျွတ်လွတ်ကြသောအရိယာများ၏သီလကိုဆိုသည်။ထို့ကြောင့် မိမိတို့ ပြုသမျှ ဒါန၏ အကျိုးကို ဖွံ့ဖွံ့ကြီး ဖြိုးဖြိုးကြီးခံစား စံစားရအောင်၊ နိယတ သီလကို အားထုတ်ရမည်။ နိယတသီလဆိုသည်မှာ သဏ္ဍာယ ဒိဋ္ဌိ ပြုတ် ကျွတ်လွတ်ငြိမ်းမှသာ နိယတသီလဖြစ်ကြမည်။ထို့ကြောင့်ဒါန၏အကျိုးကို ခံစား စံစားရအောင် သီလကို အားထုတ်ရမည်။ သည် သီလ မြဲကြရအောင် သဏ္ဍာယဒိဋ္ဌိပြုတ်ကို အလိုရှိရသည်။ သည် သဏ္ဍာယ ဒိဋ္ဌိပြုတ်အောင်သာ၊ ဝိပဿနာ တရားကို အားထုတ်ရမည်။ များများကြီး အရေးကြီးလှသည်။

ဝိပဿနာ အားထုတ်ရန်မှာ၊သည်ခန္ဓာငါးပါး၏ အဖြစ်ဒေါသ အာဒီနဝကို ရှုကြည့်ရာ၏။ ရှုပုံမှာ ခန္ဓာငါးပါး ရှိသည်တွင် ရူပက္ခန္ဓာကြီးသည်၊အလုတ်တမ, ဆို ညစ်ပတ်သော ရန်သူကြီးမည်၏။ မည်ပုံကား-"နဟိကာသသမော

ဝေရီ" ဟူသည်နှင့်အညီ၊ ဤခန္ဓာကိုယ်ကြီးကို အကြောင်း ပြု၍ ယောက်ျားမိန်းမအများ အပါယ်သွားများကြသည်။ ဤခန္ဓာ ကိုယ်ကြီးကို ကျွေးရေး မွေးရေး ထိန်းကျောင်းရေးနှင့် ငွေကြေးဥစ္စာ ရရာရကြောင်း၊ ဆိုးကောင်း ယုတ်မြတ် အရပ်ရပ်မှာ ဇေါ်ပုဇ်ါ မနေသာဘဲ၊ ဝဋ်ရှာလုပ်ကြံ တရံ မကောင်း ပင်ပန်းရခြင်းမှာ၊ ဤခန္ဓာကိုယ်ကြီးကြောင့်သာဟု မှတ်ရာ၏။ မှတ်ပါ။ ဤခန္ဓာကိုယ်ကြီးကို အကြောင်းပြု၍ အဘယ်သူသည် ငါ့ကို မျက်စောင်းထိုးသည်။ ရန်ငြိုးထားသည်။ ငါ့ကို ပစ္စည်း ဘဏ္ဍာ မရအောင်၊ ပျက်အောင် စီးအောင်၊ ကုန်ခမ်းအောင် ပြုကျင့်ပြောဆိုသည်။ အရာ နိမ့်အောင်၊ ဂုဏ် နိမ့်အောင် ပြောဆို ပြုကျင့်သည်ဟု စသည်ဖြင့်၊ အပါယ်သွားကြောင်း မကောင်းမှု ဖြစ်သည် မှာ ဤခန္ဓာကိုယ်ကြီး ကြောင့်သာဟု သိပါ။ မှတ်ပါ။ ။ ရူပက္ခန္ဓာပြီး၏။ ။

ဝေဒနက္ခန္ဓာမှာ၊ ဝေဒနာကြောင့်ချည်းသာ သူငါကစ မကောင်းမှု များကြသည်။ များပုံကား ရူပက္ခန္ဓာမှာ အနာ ရမ္မဏာဖြစ်သည်။ စက္ခုသဠာယတနဝေဒနာ၊ အစ ဖြာ၍ ကောင်းကောင်းလှလှမှ ကြည့်ချင်သည်။ လှသော အဆင်း ကို မြင်ကြည့်သောအခါ၊ မျက်စိ ကောင်းမှု၊ မျက်စိချိုမှု မျက်စိကြည့်၍ မြိန်မှု၊ ဆိမ့်မှု၊ဇိမ့်မှု ဝေဒနာကြောင့်သာ သူငါကစ ဆင်းရဲ ပင်ပမ်းကြသည်။ သောတ, စသည် မှာလည်း၊ နည်းတူသာမှတ်လေ။ထိုဝေဒနက္ခန္ဓာဟုဆိုအပ် သော ဝေဒနာကြောင့်သာ ခုကောင်းချင်မှု၊ နောင်ကောင်း

ချင်မှုနှင့် ပြုကြသော ကုသိုလ်ဟူသမျှမှာ၊ ဝေဒနာဘာရေးက အကောင်း ခံစားချင်၍သာ၊ နိဗ္ဗာန်တရားကို တားရက်နေသည်။ ဤသို့စသည်ဖြင့် ဝေဒနက္ခန္ဓာ၊ ဝေဒနာ၏ အပြစ်အာဒီနဝကို သိကြလေ၊ ဝေဒနက္ခန္ဓာပြီး၏။

သညာက္ခန္ဓာမှာ၊ ထိုဝေဒနာ တရားသည် ခံစားရုံမျှသာ ခံစားနိုင်သည်။ မမှတ်မိ၊ မသိတတ်။ သညာကသာ မြင်ဘူးသည်။ ကြားဘူးသည်။ မွှေးကြိုင်ဘူးသည်။ စားသောက်၍ မြိန်ရှက်ဘူးသည်။ တို့လို့ ကောင်းဘူးသည်။ ထိလို့ ကောင်းဘူးသည် စသည်ဖြင့်။ ဤသူသည် ငါ့ကို ဘယ်လို ပြုကျင့် ပြောဆို ကဲ့ရဲ့ဘူးသည်ဟု ဤသူကို မိမိ မြင်သော်၎င်း၊ ဤသူ၏ စကားကို သူတပါးတို့က ပြောသံ သော်၎င်း။ တစိမ့်စိမ့်အောက်မေ့ တငွေ့ငွေ့ အမှတ်ရ၍ လောဘ၊ ရာဂ၊ ဒေါသ၊ မာန ပွ-တြွ-ရှ-ထ လာသော အပြစ်ဒေါသ ဟူသမျှမှာ၊ သညာကြောင့်ချည်းသာ မှတ်ရမည်။ မှတ်ကြ။ ဤသို့စသည်ဖြင့် သညာ၏ အပြစ်ဒေါသ အာဒီနဝတို့ကို သိကြလေ။ ။သညာက္ခန္ဓာ ပြီး၏။

သင်္ခါရက္ခန္ဓာ ဆိုသည်မှာ၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ငါးဆယ်ကိုပင် ဆို၏။ ထိုသင်္ခါရက္ခန္ဓာသည်၊ သညာမှာ မှတ်သားရုံ၊ မှတ်မိရုံသာ တတ်နိုင်သည်။ စေတနာမှသာ "စေတနာဟံဘိက္ခဝေ ကမ္မံဝဒါမိ" ဟူသည်နှင့်အညီ၊ သင်္ခါရက္ခန္ဓာ စေတနာမှသာ လူဘဝ နတ်ဘဝ အပါယ်ကျအောင် ဆောင်ပို့နိုင်သည်။ ထို့ကြောင့်၊ ဇာတိဇရာ၊ မရဏ တွေ့ကြုံသမျှမှာ၊ စေတနာပစ်ချ၍ ချည်းသာ

မှတ်ကြ။ မှတ်ရမည်။ ဤသို့ စသည်ဖြင့် သဒ္ဒါရက္ခန္ဓာ၏ အပြစ်ဒေါသ အာဒီနဝတို့ ကို သိကြလေ။ ။သဒ္ဒါရက္ခန္ဓာ ပြီး၏။

ဝိညာဏက္ခန္ဓာမှာ "မနောပုဗ္ဗင်္ဂမာဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ" စသည်ဖြင့်၎င်း "စိတ္တေန နီယတိ လောကော စိတ္တေန နီယတိပဇာ" အဖြာ၍ ဟောတော်မူအပ်သော ဒေသနာနှင့် ညီစွာ၊ စိတ်ဆောင်ရာ လိုက်ပါ ကြရသည်။ ထို့ကြောင့်-"မာယူပမဉ္စ ဝိညာဏံ" ဟူ၍၎င်း။ "ပါပသ္မိံ ရမတေမနော" မနော စိတ်သည်။ပါပသ္မိံ၊ မကောင်းရာ၌ ရမတေ၊ မွေ့လျော်၏။ ဟူသောအရ ဝိညာဏက္ခန္ဓာ၏ အပြစ်ဒေါသ အာဒီနဝကိုသိကြလေ။ ဝိညာဏက္ခန္ဓာပြီး၏။

ထိုခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ငါဟူ၍ ကိုယ်ဟူ၍ မှတ်မှား၍ လာကြကုန်သော တသံသရာလုံးက သူငါကစ ဒုက္ခဖြစ်၍ နစ်ကြသည်။ ထို့ကြောင့်- ခန္ဓငါးပါး ရုပ်နာမ် တရားကို မေးစစ်ရာ၏။ စစ်တမ်းထုတ်ပုံက ဟဲ့ခန္ဓာ ငါးပါး ရုပ်နာမ် တရား၊ နင့်ကို ငါဘဲ အထင်လွဲ၍၊ သံသရာမှာ ဒုက္ခဖြစ်၍ နစ်ခဲ့သှပြီ။ ယခုအခါ သာသနာမှာ နင့်အလို နင့် စရိုက်၊ နင့်အကြိုက်ကို မလိုက်ပြီ။နင့်ကို စီရင်မည်။ ။ ထိုအခါ ခန္ဓာ ငါးပါးက အစစ်ခံထွက်သည်မှာ၊ ကျွန်တော် ကျွန်တော်တို့မှာ ဝိပါကဝဋ်မျိုး အကျိုးမျှသာ ဖြစ်ပါသည်။ အကြောင်းကမ္မ ဝဋ်ကြောင့်သာ ဖြစ်ရပါသည်ဟု အစစ်ခံ ထွက်လေ၏။ ။ထိုအခါ ကမ္မဝဋ်ကို စစ်ရာ၏။ စစ်ပုံက ဟဲ့ကမ္မဝဋ် နင်အဘယ်နည်း။ နင်အဘယ့်ကြောင့် ပြုပြင်၍

နေသနည်းဟု မေးစစ်သောအခါ အကုသိုလ် ကမ္မပထ တရား ဆယ်ပါး၊ ကုသိုလ် ကမ္မပထ တရား ဆယ်ပါး မဟဂ္ဂုတ်ကုသိုလ်ကံ ကိုးပါးအားဖြင့် ကံနှစ်ဆယ့်ကိုးပါး သည်၊ ကမ္မဝဋ်ဖြစ်လေ၏။ ထိုကမ္မဝဋ်ကို စစ်သောအခါ ကမ္မဝဋ်က ကျွန်တော် ကျွန်တော်တို့မှာ ကိလေသာဝဋ် ကြောင့်သာ ဖြစ်ရပါသည်ဟု အစစ်ခံထွက်လေ၏။ထိုအခါ ကိလေသာ ဝဋ်ကို စစ်ရာ၏။ စစ်တမ်းထုတ်ပုံကား ဟဲ့- ကိလေသာဝဋ်၊ နင်အဘယ်နည်းဟုမေးသောအခါ ကိလေ သာဝဋ်က ကျွန်တော်မှာ သာယာသော လောဘတဏှာ သာဖြစ်ပါသည်ဟုဆို၏။အဘယ့်ကြောင့် သာယာသနည်း ဟုမေးသောအခါ၊ လောဘ တဏှာက ကျွန်တော်ချည်း ဖြစ်နိုင်သည်မဟုတ်ပါ။ အဝိဇ္ဇာရှိသော်သာ ထိုအဝိဇ္ဇာက ရုပ်နာမ်သင်္ခါရ, ဘုံသုံးရွာ ဒုက္ခသစ္စာကို၊ ဖုံးလွှမ်းကွယ် ကာ၍ အကောင်း သုခဟု သူပြပါသည်။ ထိုသူပြသော သုခကိုပင် ရချင်သည်၊ ကောင်းချင်သည်ဟု ကျွန်တော် လောဘက သာယာတောင့်တ ခင်မက်ရပါသည်။

ဥပမာကား၊ မြွေ၏ ဦးခေါင်းကို ကိုင်သောသူ၏ လက် မောင်းကို မြွေ၏ ကိုယ် ရစ်ပတ်သကဲ့သို့ ထို့အတူ အဝိဇ္ဇာ ရှိသောသူမှသာ ဝဋ်သုံးရပ် ဆက်စပ်၍ ဘဝစက်မပြတ် သည်။ ထို့ကြောင့်"အဝိဇ္ဇာ တဏှာဝသေနဒွေမူလာနိ"ဟု အမြစ် နှစ်ပါးဆင်းသည်။ ထို့ကြောင့်- အဝိဇ္ဇာကို ဝိဇ္ဇာ ဖြစ်အောင် အရေးက ပေါ့ပေါ့နှေးနှေး သေးသေးအကြံ ညဏ်သာမန်နှင့် မတန်မရာ၊ ဤသာသနာမှာမှ ဒိဋ္ဌိတရား

ဝိစိကိစ္ဆာတရားကို ပယ်သတ်နိုင်ကြမည်။ ထိုသက္ကာယဒိဋ္ဌိ
ငါထင်မှု ကိုယ်ထင်မှု၊ ပုထုဇဉ် အခြေ ခုအနေ များနှင့်
ရတော၍ သွားခဲ့လျှင်၊ ယခုဘဝ ငယ်စဉ်တောင်ကျေး၊ အက
လေးက၊ သူငယ်တို့ထုံး အမြင်တုံး၍၊ ခြပုန်းပိုးရွ၊သတ်ခြင်း
စသည်မှ ပြုကျင့် မိကြလိမ့်မည်။

ဘဝဘဝသံသရာ၊ ကမ္ဘာဘာက၊ ပြုကျင့်ခဲ့ကြသော
အကုသိုလ်ပေါင်း၊ ကြွေးဟောင်း အနန္တတွေက ကြွက်
ကယ်လောင်း တကောင်ကို ကြောင်တကောင်လုသကဲ့သို့
အမှုအားလျော်စွာ ပါယ်လေးခွာ ငရဲသို့ ချန်ဆွဲ၍ ချမည်ဟု
ခြောင်း၍ နေသည်။အဘယ်က ခြောင်း၍နေသနည်း။ငါထင်
မှု ကလေးထဲက ခြောင်း၍နေသည်။ အောင်း၍ နေသည်။
ထို ငါထင်မှုကလေးနှင့် သေ၍ သွားပါလျှင်၊ ထိုအကုသိုလ်
ပေါင်းကြွေးဟောင်းအနန္တ၊ပေးကြမည်ကိုလည်း ကြောက်
ရသည်။ တဌာန။ထိုအဟောင်း အကုသိုလ်ထက်ပင် ငါထင်
မှုနှင့် သေ၍ သွားလျှင်၊ ဘဝဘဝ ရောက်ရာ ရောက်ရာမှာ
ငါထင်မှု အတွက်နှင့် အမိကိုလည်း သတ်ရာ၏။ အဘ
ကိုလည်း သတ်ရာ၏ စသည်ဖြင့်၊ အကုသိုလ်မှု တို့ကို
ပြုကျင့်မိလိမ့်မည် ကိုလည်း သာလွန်၍ ကြောက်ရမည်။
ကြောက်ရသည်။

အဘယ့်ကြောင့်နည်း။ အကုသိုလ်မှု မည်သည့်မှာ
ငါထင်မှု ကိုယ်ထင်မှု သက္ကာယ ဒိဋ္ဌိရှိမှသာ၊ အပါယ်ကျ
အောင် ပြုကျင့်နိုင်သည်။ ငါထင်မှုမရှိလျှင် အပါယ်ဘဝ
သို့မကျနိုင် မရောက်နိုင်။ သောတာပတ္တိ မဂ် ခဏမှာ

ဒိဋ္ဌိဥစ်စိကို ခွာပယ်သည်။ ဒိဋ္ဌိပြုတ်လျှင် ဝိစိကိစ္ဆာ ၄၁ ရေပေါ် မှုံ့လုံးကို စားသုံးဘို့ရာဝယ်သောအခါ၊ အထဲက ထန်းလျက် ဘိုး ငွေတိုး၍ မပေးရသလို အတူမှတ်ရမည်။ ထို့ကြောင့် ငါထင်မှု၊ ကိုယ်ထင်မှု၊ သက္ကာယဒိဋ္ဌိ ကျွတ်လွတ်အောင် အားထုတ်ရမည်။ ထို သက္ကာယကို ပယ်ခွါမည် ဆိုသော် လည်း သာသနာခေတ်မှာသာ ထိုသက္ကာယကို ပယ်ခွါနိုင် သည်။ သာ သ နာ ပ, မှာ၊ ပစ္စေကဗုဒ္ဓါ ဘုရားတပါးကို ချန်ထား၍။ ဘယ်လူ ဘယ်နတ်၊ ဘယ်ဗြဟ္မာ၊ ဘုံသုံးရွာမှာ သက္ကာယကို ပယ်ခွါနိုင်သောသူ မရှိဟူ၍ မှတ်ရမည်။

ထို့ကြောင့်–ငါထင်မှု၊ ကိုယ်ထင်မှုနှင့် မသေပုံ၊ သေပုံ စရာမရှိ။ အကယ်၍ကား-သည်နှစ် ရှေ့လ၊ မသေသေးကြ ပြားအံ့၊ ထိုငါအထင်ကိုယ့်အထင်နှင့် မသေခင်ရှင်၍နေလျှင် မျက်စိဖွင့်မှု, နားစွင့်မှုမှာ ငါနှင့် မျက်စိဖွင့်လျှင်၊ အတဲ့ကို မြင်လျှင်၊ လောဘ အကုသိုလ်။ မတဲ့ကိုမြင်လျှင် ဒေါသ အကုသိုလ်၊ နားစွင့်ရာမှာလည်း ငါထင်မှုနှင့် နားကြားလျှင် အတဲ့ကိုကြားလျှင် လောဘအကုသိုလ်။ မတဲ့ကိုကြားလျှင် ဒေါသ အကုသိုလ် စသည်ဖြင့် သိကြလေ။ ထို့ကြောင့် ငါထင်မှုနှင့် မသေပုံ၊ မရှင်ပုံ ဖြစ်၍နေကြသည်။ များစွာ သတိထား။ ထို့ကြောင့်-မြတ်စွာဘုရား သမ္ဗုဒ္ဓါနံ တရား လေးပါးကို ဟောတော်မူသည်။ လေးပါးဟူသည်ကား။ ။ ဖြစ်ပြီးသော အကုသိုလ်ကို ပယ်ခွါရအောင် ဝိရိယ လုံ့လ ဥဿာဟဖြင့် အားထုတ် ကြရမည်။ ။မဖြစ် သေးသော

အကုသိုလ်ကို မဖြစ်ကြရအောင် အားထုတ်ကြရမည်။ ။ မဖြစ်ဘူးသေးသောကုသိုလ်တရားကိုဖြစ်ကြရအောင် အားထုတ်ကြရမည်။ ။ဖြစ်ပြီးသော ကုသိုလ် တရား တို့ကို ပွားများ မြင့်မြတ်အောင် အားထုတ်ကြရမည်ဟု ဟော တော်မူသည်။

ထိုလေးပါးတို့တွင် မဖြစ်သေးသော ကုသိုလ်တရား ဆိုသည်ကား-မဂ်ကုသိုလ်ကို ဆိုသည်။ လိုရင်းက ပဌမ ဖလဇ္ဈာန် သောတာပန် ပုဂ္ဂိုလ်မှာ၊ အကုသိုလ်ဟောင်း အတွက်နှင့် မစိုးရိမ်ရ၊ မကြောင့်ကြရပြီ။ မဖြစ်သေးသော အကုသိုလ် အတွက်နှင့်လည်း ဖြစ်မိ ပြုကျင့်မိ လိမ့်မည် ကိုလည်း မစိုးရိမ်ရ မကြောင့်ကြရပြီ။ ဖြစ်ပြီးသော ဝဋ္ဋ နိဿိတ ကုသိုလ် ဟူသမျှတို့ သည်လည်း၊ ဝိဝဋ္ဋချည်း နိဗ္ဗာန်သွားချည်းဖြစ်ကြရလေကုန်၏။ထို့ကြောင့်-သာသနာ ခေတ် ဝိပဿနာဓမ္မ အနိစ္စ၊ဒုက္ခ၊ အနတ္တ တရားကို များစွာ အားထုတ်ကြရမည်။

**အားထုတ်ဟန်ကား။**

ပရမတ္ထတောသတ္တာနံ၊ ပရိတ္တော ဇီဝိတက္ခဏော။
ဧကနေမိပ္ပဒေသေန၊ ရထစက္ကံဝ ဝတ္တတိ။ ။

သတ္တာနံ၊ သတ္တဝါတို့၏။ ဇီဝိတက္ခဏော၊ အသက် ဝိညာဉ် ရှင်သောကာလသည်။ ပရမတ္ထတော၊ အစဉ်ပဗန် တည်ဟန် မချပ် ဆတ်ဆတ် သော ပရမတ္ထ အားဖြင့်

ပရိတ္တော စိတ္တက္ခဏ တချက်သာဖြစ်၍ စင်စစ် နည်းငယ်လှ ငွာ၏။ ရထစက္ကံ၊ ရထားလှည်းဘီး စက်သည်။ ဧကနေမိပ္ပဒေသေန၊ လေးသစ် တဝါး အနားအကွပ် တစိတ်ဖြင့် ဝတ္တတိဏ္ဍ၊ မြေ၌နင်းခါ သွားလာရပ်တည် ဖြစ်သည့်ပမာ ကဲ့သို့တည်း။ ။

ယေနိရုဒ္ဓါမရန္တဿ၊တိဋ္ဌမာနဿဝါဣဓ။
သဗ္ဗေပိသဒိသာခန္ဓာ၊ ဂတာအပ္ပဋိသန္ဓိယာ။ ။

မရန္တဿ၊ သေသောသူ၏။ နိရုဒ္ဓါ၊ ရတိရောက်၍ ချုပ်ပျောက်လေကုန်သော။ ယေခန္ဓာဝါ၊ အကြင်ခန္ဓာ ငါးပါးတို့သည်ရင်း။ ဣဓ၊ ဤပဝတ္တိအခါ၌။ တိဋ္ဌမာနဿ၊ ထင်ရှားတည်ရှိသောသူ၏။ နိရုဒ္ဓါ၊ ဘင်သို့ရောက်၍ ချုပ်ပျောက်လေကုန်သော။ ယေခန္ဓာဝါ၊ အကြင် ခန္ဓာတို့သည်ရင်း။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ တေခန္ဓာ၊ ထိုချုပ်ပျောက်လေကုန်သော သေသူ ရှင်သူ နှစ်ပါးတို့၏ ခန္ဓာတို့သည်။ သဒိသာ၊ စင်စစ်တူမျှကုန်၏။ အပ္ပဋိသန္ဓိယာ၊ တဖန်ပြန်နစ် ပေါ်ဖြစ်ဆွေစပ်ခြင်းမရှိကုန်ဘဲ။ ဂတာ၊ ကင်းပျောက် ကွယ်ရှား ချုပ်သွား ကုန်၏။ ။
ထို့ကြောင့်–

စုလ္လာသီတိသဟဿာနိ၊ ကပ္ပံတိဋ္ဌန္တိယေမရူ။
နတွေဝ တေပိ တိဋ္ဌန္တိ၊ ဒွိစိတ္တေဟိ သမောဟိတာ။

ယေမရူ၊ အကြင်နတ်တို့သည်။ စုလ္လာသီတိသဟဿာနိ ကပ္ပံ၊ မဟာကပ် ရှစ်သောင်းလေးထောင် တိုင်တိုင်။ တိဋ္ဌန္တိ၊

တည်ကုန်၏။ တေပိ၊ ထို နေဝသညာ နာသညာ ယတန နတ်ဘုံသည်လည်း၊ ဥဝိစ္ဆေဟိ၊ စိတ္တက္ခဘာ နှစ်ချက်ဘုံနှင့် သဒေမာဘိဘာ၊ တကွ ဖြော်ကုန်၏။ နဒေတွဝတိဋ္ဌန္တိ မတည်ကုန်သည်သာလျှင်တည်း။

အဓိပ္ပါယ်ကျဉ်း လိုရင်းက ဤအနိစ္စ သဘောအဓစ်ကို ပြောလျှင်။ အနွယ် ဖြစ်သော သစ်ညွှန့် သဘောသည် ရှေဘည်သော သစ်ကိုင်းကို ညွတ်ရှိုင်းမျှော်တမ်း၊ ခေတ်လှမ်းသော သဘောပဓာဏ ပရမတ္ထအမှုအရာ ကြိယာမျှ မွေ့ပုဇ္ဇ သဘာဝဓုကိုသာ လေဘုံ၊ ရေလု၊ မြေထု စသည်ဟု ဆိုရသည်။ ထင်ရှား ဝေဦးအံ့။ ။ဤ တလောကသုံးမှာ ဘုံသုံးရွာတွင် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် အားဖြင့် ပရမတ်ဘရေး လေးပါးရှိ၏။ လေးပါးပြင်မရှိ။ သက်သက်မရှိ ဘိဘ်မရှိ။ အချဉ်းမရှိ။ ထိုပရမတ်လေးပါး ရှိသည်တွင် (နိဗ္ဗာန်ပညတ်၊ နှစ်ရုပ်ခမ္မ၊ ဖြစ်ကင်းပ၊ ကာလဝိမုတ်ကျွံ)။ ဟူသော အရ၊ နိဗ္ဗာန်ပညတ်မှာ၊ ဝိပဿနာအရာအားဖြင့် အသုံးမကျ ဟု သိရမည်။ ဝိပဿနာ အသုံးကျသည်မှာ စိတ်၊ စေတသိက်၊ ရုပ်အားဖြင့် သုံးပါး ရှိ၏။ ထိုစိတ် စေတသိက်၊ ရုပ်ပြင်မှ တပါး ရှုဘွယ်မရှိ။ ထို့ကြောင့်- ဝိပဿနာအရာမှာ မြင်မြင်သမျှ၊ ကြားကြားသမျှ၊ နံနံသမျှ လျက်သျက်သမျှ၊ တွေ့သိသမျှ စသည်တို့မှာ။ စိတ်၊ စေတသိက်၊ ရုပ်ချည်းသာဟု သိမှတ်ရမည်။ ။သိမှတ်ပုံက မိမိလက်ဝသည့်ကိုမြင်လျှင်၊ စိတ်-စေတသိက်ရုပ်ဟူ၍သာမှတ် သစ်ပင် သစ်ရွက်၊ တိုး-ဖျာ စသည့်ကိုမြင်လျှင်၊ စိတ်-

စေတသိက် ရုပ် ဟူ၍မှတ်။ ဤသို့စသည်ဖြင့် စက္ခု ဆိုင်ရာ သောတဆိုင်ရာ စသည်တို့ကို အကုန်အစင် ဉာဏ်ကုန် နှင့်၍ မြင်ကြလေ၊ သိကြလေ။ ။အဘယ့်ကြောင့်နည်း။ စိတ်၊ စေတသိက် ရုပ် ပြင်မှတပါး၊ အခြား မရှိသောကြောင့် တည်း။ ။ဤအရာမှာ ပညာရှိသူ သဘောဖြူတွေ သိကြ ပါလေ။ ဉာဏ်ကဝေတို့ သတိမူကြပါ။

ဤအရာမှာ သစ်ပင်၊ တုံးဖျာ စသည်တို့မှာ၊ အဝိညာဏ အသက်မရှိ၍ မသိကြ။ လူ-နတ် စသည်တို့မှာသာ အသက် ရှိ၍ ထိုလူ-နတ် စသော သဝိညာဏတို့က ခေါ်ဆိုရသော တုံး, ဖျာ စသော စကား မဟုတ်လား ဟူငြားအံ့။ ။ဤ စကားမှာ ဂန္ထာရူရ အလိုအားဖြင့် ဟုတ်မှန် ပြောဆိုသင့်၏။ ဝိပဿနာနှင့်ဖြင့် မသင့်။ မသင့်ပုံက၊ စိတ်, စေတသိက် ဟူ သော နာမ်တရားသည် တုံး, ဖျာ စသည် တို့မှာ မရှိ။ သူ, ငါ စသော သတ္တဝါမှာသာ စိတ်, စေတသိက် ဟူသော နာမ်တရား ရှိသည်ဟု ထင်လွဲ စွဲမှားခြင်းသည်၊ ဒိဋ္ဌိ စေတသိက်ဟူ၍သာ မှတ်ပါ။ အထူးသတိထား။ ။ပညာ မြင်မှာ မူကား။ ပရမတ် တရားမှန်က၊ ဘယ်နေရာ ဘယ် ဌာန သဏ္ဌာန် ပမာဏ မရှိ မရအပ်သော၊ ပရမတ် တရား ထင်ရှား ရှိကြောင်းကို

ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတော ပဘံ။ ။

ဗြဟ္မနိမန္တနသုတ်ပါဠိတော်။

ဝိညာဏံ၊ အနိဗ္ဗာနတော် ပရမတ်ဖြင့်သော သိအပ်စွာ၏။ အနိဒဿနံ အနိဗ္ဗာနတော်၊ ပရမတ်၏ ရှေ့နောက်ကာလ

ရပ်ဌာနနှင့်၊သဏ္ဌာန်ပမာဏ ညွှန်ပြခြင်းငှါမထိုက်။ အနန္တံ၊ အနိစ္စခေတ်-ပရမတ် အလုံး၊ ဘယ်တိုးကစ၊ ဆုံးဘယ်မှာ၊ အစ, အဆုံး နှစ်ပါးလုံး မရှိအပ်။ သဗ္ဗတောပဘံ၊ ဘယ်ခါ မပြတ်၊ ခပ်သိမ်းရပ်၌၊ အနိစ္စခေတ်၊ ပရမတ်တရား၊ထင်ရှား ရှိန်ရှိန်၊ ထိန်ထိန် လင်းလင်း၊ ဝင်းဝင်းတောက် ရှိ၏။ ။ ထို့ကြောင့် မဟုတ်လော။ ။

အနိဗ္ဗတ္တေန နစာဝေ၊ ပဗ္ဗုပ္ပန္နေန ဇီဝတိ။
စိတ္တဘင်္ဂေါမတောလောကော၊ ပညတ္တိပရမတ္ထိယာ။ ။

အနိဗ္ဗတ္တေန၊ဖြစ်ဆဲမဟုတ်သော အတိတ်အနာဂတ်စိတ်ဖြင့်။ နစာဝေ၊ သတ္တဝါဖြစ်သည်မဟုတ်။ ပစ္စုပ္ပန္နေန၊ ဖြစ်ဆဲစိတ်ဖြင့်သာလျှင်။ ဇီဝတိ၊အသက်ရှင်သည် မည်၏။ စိတ္တဘင်္ဂေါ၊ ဘင်သို့ ရောက်၍၊ စိတ်တိုင်း ချုပ်ပျောက် ခြင်းကြောင့်။ လောကော၊ ခေါ်ဝေါ်ကာမျှ၊ သတ္တလောကသည်။ မတော၊ ခါခါထပ်ထပ်၊ ဆတ်ဆတ်သေသည် မည်၏။ ဇီဝံ သန္တေ့ပိ၊ သို့စဉ်ပုံသော၊ သေ၍ပင် နေသော်လည်း။ ပညတ္တိ၊ တည်ဆဲတည်ဆဲ၊ စိတ်ကိုစွဲလျက်၊ အသက်ရှင်၏ ဟူသော စကား ဖြစ်ခြင်း၏ အရာ၊ အစဉ် သဘာဝ၊ သန္တာန ပညတ်သည်။ ပရမတ္ထိယာ၊ ပရမတ္ထဘူတာ၊ နာမဂေါတ္တံနဇီရတိ ဆိုဘိသည်နှ၊ အမြဲနိယတ်၊ ပရမတ်ကဲ့သို့ ဖြစ်၍ နေ၏။

အဓိပ္ပါယ်လိုရင်းမှာ။ "ဒကေရာဇီပုဗ္ဗုဠ္ဌောဝ" စသည် နှင့် ညီစွာ။ ။ရေပြင်မှာ တုတ်သေးနှင့် ရေး လုပ်သော အရုပ်မှာ ထို ရေးသောသူသာလျှင် သူ့သညာမြင် အရုပ်

အသွင် သူ့စိတ်တမ်း မှန်း၍ထင်၊ သူ့စိတ်တွင် မြင်သော အရုပ်ကဲ့သို့။ ။ထို့တူပမာကာ ယောကျ်ား,မိန်းမ စသော သတ္တဝါက စိတ်ထင်မှုဟု သိကြရမည် ဟူလိုသည်။ သတိထားပါ။အခါခါ စဉ်းစားပါ။ ။လိုရင်းသဘောက၊ဩကာသလောကကြီးထဲမှာ အထည်ဒြပ်ပုံဟန်သဏ္ဍာန်နှင့်ဆို၍ တစုံတခုမျှ နိမိတ် မရှိ။ ။သတိထား။ ။ဦးခေါင်း, ခြေ, လက်, မျက်နှာ, ရင်, ဝမ်း, နှုတ်ခမ်း, မေး, ပါး စသော အသားဖြင့်၊ နာမ်၏ သဘော, ရုပ်၏ သဘောမှာ။ မာ, ဖွဲ့, ပူ, အေး လှုပ်ရှားရေးလေး သသဘောနှင့်၊ အဆင်း, အနံ့, ရသ, ဩဇာ ရှစ်ပြားသော အဋ္ဌကလာပ် စသော ရုပ်၏ သဘော ထိုရုပ်နာမ်သည်။ အနိမိတ္တ၊ မမြဲသော အနိစ္စသဘာဝတွေ သာဟု ရှုရမည်။ ။

ဤကဲ့သို့ သိမြင်ပါလျှင် ငါထင်မှု, ကိုယ်ထင်မှု သဘော တပ်စွမ်း ငြိတွယ်ခြင်း သဘော၊ ကြမ်းတမ်း ပြစ်မှားခြင်း သဘောနှင့်တကွ၊ မီးဆဲ့တဆူ အပူခပ်သိမ်း ငြိမ်း၏။ ထိုမီးဆဲ့တဆူ အပူ ခပ်သိမ်း ငြိမ်းအောင် ရှုဆင်ခြင် သည်ကို၊ အနိမိတ္တာနုပဿနာဉာဏ်ဟုခေါ်သည်။ထိုအနိမိတ္တာနုပဿနာဉာဏ် ရင့်သန်လျှင်၊ အပ္ပဏိဟိတာနုပဿနာ ဉာဏ်သို့ ဆိုက်လေ၏။ ။အပ္ပဏိဟိတနုပဿနာ ဉာဏ် ဆိုသည်ကား။ ဩကာသလောကထဲမှာ လှပတင့်တယ် ဖွယ်ရာ လျောက်ပတ် ကောင်းမြတ်ချမ်းသာ မင်္ဂလာကြက်သရေ မက်ဖွယ်တွေရှိသည်ဟု သာယာ သိမ်းပိုက်မှုတွေ ဖြစ်ပေါ်

နေသော သဘောကို ငြိမ်းအောင် ရှု ဆင်ခြင်သည်ကို အပ္ပဏိဟိတာနုပဿနာဉာဏ်ဟု ဆို၏။ ။

ထိုအနိမိတ္တာနုပဿနာဉာဏ်၊ အပ္ပဏိဟိတာနုပဿနာ ဉာဏ်သို့ ဆိုက်ရောက်လျှင်၊ သုညတာနုပဿနာ ဉာဏ်သို့ ဆိုက်၏။ ဆိုက်ပုံကား။ ဤလောကကြီးမှာ လူရော နတ်ပါ ဗြဟ္မာမကျန် ပုထုဇ္ဇန် ဟူသမျှတို့က ခိုင်မြဲမှု အနှစ်, တင့်တယ်မှု အနှစ်, ချမ်းသာမှု အနှစ်, အရှည်ခံခိုင် တည်တံ့နိုင်သည်ဟု ထင်မှတ်စွဲလန်း သညာ သိမ်းပိုက်ကြသော အမှုတွေဟာ ဘာမှ မဟုတ်၊ အိပ်မက်ရုပ် ထင်ရုံကာ မျှသာ ထင်မြင်ပြောဆိုရသည်ဟု ရှုကြည့်သော ဉာဏ်ကို သုညတာနုပဿနာ ဉာဏ်ဟု ဆိုသည်။ အဘယ့်ကြောင့်နည်း။ နဂိုရှိရင်း ပကတိကိုက အနှစ်သာရ ဆိတ်သုဉ်းလှသောကြောင့်တည်း။

ဤလောကကြီးမှာ။ အမှန်နှင့်အမှား ဤနှစ်ပါးကို ကွဲပြားမှုက လိုကြသည်၊ချို့ကြသည်။လိုရင်းသဘောက။ ။

(အမှန်အမှား၊ ဤနှစ်ပါးတွင်၊ ဒိဋ္ဌိယှဉ်က၊ အမြင်မိစ္ဆာ၊ ဘုံသုံးရွာမှာ၊ သူငါတို့အား၊ အထင် မှား၍၊ ငါးပါး ခန္ဓာ၊ သဘာဝကို၊ တဏှာ သုံးသွယ်၊ ဆဲ့ရှစ်တွယ်၍၊ သုံးဆယ်ခြောက်က၊ ရာရှစ် ကျအောင်၊ တဏှာ နှောင်တဲ့၊ သုံးဆဲ့တဆောင်၊ ဘုံပြောင်ပြောင်မှာ၊ လောင်စာငြီးငြီး၊ ကမ္ဘာမီးသို့၊ တနည်း မြားမြောင်၊ တထောင့် ငါးရာ၊ တဏှာ ပါ၍၊ သုံးဖြာဒွါရ၊ ပြုသမျှက၊ သမုဒယ၊ ဒုက္ခသစ္စာ၊ ဤအရာမှာ၊ နှစ်ဖြာ ရုပ်,နာမ်၊ ဟုတ်မှန်လိမ္မာ၊ ပရိညာတွင်၊ မဂ္ဂင်ပြောရ၊

နိရောဓသည်၊ သစ္စာအပြား မှန်လေးပါး) (အမှန် လေးပါး၊
တရားကိုရှာ၊ များဗိုလ်ပါသို့၊ ငါငါ,ငါ့ကိုယ်၊ မသိစသော၊
ဤခန္ဓာကို၊တဏှာဒိဋ္ဌိ၊ မာနငြိ၍၊ ဟုတ်လိမ့်နိုးနိုး၊အားမကိုးနှင့်
ကြောင်းကျိုး အစဉ်၊ ဝိညာဏ်, နာမ်ရုပ်၊ ဖြစ်ချုပ်မပြတ်၊
ဥပါဒ်,ဌီဘင်၊ အစဉ်အလာ၊ သင်္ခါရာမှာ၊ ခန္ဓာမီးခိုး၊ တိမ်ရုပ်
မျိုးသင်၊ မိုးယံကောင်းကင်မှာ၊ ခုဆင်, ခုမြင်း၊ ရွှေရွှေ့
ယွင်းကို၊ ကြည့်တွင်းမမှန်၊ ဘောက်ပြန်တုံဘိ၊ ဤတိမ်
တိုက်မှာ၊ လေလိုက်အိသို့၊ ခဏိကမှု၊ အနိစ္စနှင့်၊ ဒုက္ခအပု၊
ပုပုရှုရှု၊ အနတ္တသာ၊ သဘာဝကို၊ ခန္ဓာသမုတ်၊ နာမ်,ရုပ်;
နှစ်ပြာမှတ်စရာမှာ၊သစ္စာဒုက္ခ၊ သဘာဝဓာတ်၊ ပရမတ်မှာ၊
သတ္တဝါနှင့်၊ ကိုယ်ငါမစပ်၊ အိပ်မက်အပ်သည့်၊ တံလျှပ်
သဘွယ်၊အနည်းငယ်မှု၊ရုဝ သုဘ၊ သုခတ္တစင်၊ ပညာမြင်မှာ၊
ရှာလျှင်မရ၊အနိစ္စ၏၊ လက္ခဏာ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်မှု၊
ဓာတ်မှန်ကျ၍၊ပရိတ္တ၊ဓမ္မလုံးစုံ၊ပစ္စုပ္ပန်နှင့်၊ တီတ်နာဂတန်၊
မကျန်အလုံး၊ အနတ္တ၏ ဓမ္မနှုန်း၊ ဆုံးသဘောကျ၊ သုံးလော
ကကုန်၊ လုံးရုံသဗ္ဗ၊ သင်္ခတ သင်္ခတ၊ သဘာဝသည်။ ။
(တုစ္ဆမှာချည်း–သုညဘည်း)။

၁။ ယခင် ဆိုအပ်ခဲ့ပြီးသော သစ္စာလေးပါး ဟူသည့်ကား- ဥပါဒ်ဘင်မှု၊ ရုပ်,နာမ်,သင်္ခါရ၊ အနိစ္စကိုသာ၊ ဒုက္ခသစ္စာ ဆိုသည်။

၂။ ထို ဒုက္ခအပေါင်း၏ ဖြစ်ကြောင်းဖြစ်နည်း၊ ပစ္စည်းပြုမှု၊ လောဘစိတ်ဥပါဒ်သောလောဘဟိတ်ကြောင့်သာ ထိုလောဘစိတ်ကို သမုဒယသစ္စာ ဆိုသည်။

၃။ ထိုလောဘ ဟိတ်မြို့ ကုန်ငြိမ်းရာကိုသာ၊ နိရောဓ သစ္စာဆိုသည်။
၄။ ထိုဒုက္ခ, သမုဒယ, နိရောဓကို၊ ပရိညာ, ပဟာန သစ္ဆိ ကရဏာမှာ ဘာဝနာ ကိုသာ၊ မဂ္ဂသစ္စာဆို သည်။

ထိုသစ္စာ လေးပါးကို တခြားစီ ထင်၍ မနေနှင့်။ ဤတ လောကလုံးမှာ၊ ဒုက္ခသစ္စာ တပါးတည်းသာရှိသည်။ သူငါ တို့အား ပုထုဇ္ဇန်များကသာ၊ဒေသနာစကား သရုပ်အားဖြင့် လေးပါးဟု ပြောသင့်၏။ ( အနု သာသနီစကား ) အရိယာ များမှာ၊ ဒုက္ခသစ္စာ တပါး တည်းသာ ရှိရာ၏။ အဘယ့် ကြောင့်နည်း။ ဧကောဓမ္မော ဟူသောအရာမှာ၊ မဂ္ဂဘိညာ သက်ိမတာ၊ သစ္စာလေးချက် တပြိုင်နက် မင်၏ကိစ္စသာ။ သတိမူပါ။ ထိုကြောင့်–

ဒုက္ခမေဝဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိဝေတိစ။
နာညတြဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာနိ ရုဇ္ဈတိ။

အနက်ကား။ ။ဟိသစ္စံ၊ မှန်၏။ ဒုက္ခမေဝ၊ ဒုက္ခသစ္စာ တရား သက်သက်သာလျှင်။ သမ္ဘောတိ၊ အကြောင်းအား လျော်စွာဖြစ်၏။ ဒုက္ခံဝေ၊ဒုက္ခသစ္စာ သက်သက် သာလျှင် တိဋ္ဌတိ၊ ခဏဋ္ဌိ,ပဗန္ဓဋ္ဌိ အားဖြင့် တည်၏။ ဝေတိစ၊ ခဏ နိရောဓ, ရုတိနိရောဓအားဖြင့် ချုပ်လည်းချုပ်၏။ ဒုက္ခံ၊ဒုက္ခ သစ္စာကို။ အညတြ၊ ကြဉ်ထား၍။ ကိဉ္စိဓမ္မဇာတံ၊ ပုဂ္ဂိုလ် သာဂဝါ ခေါ်ဆိုဘယ်ရာ တခုံတခုသော တရား သဘော

သည်။နသနွေ့ဘတိ၊ဖြစ်သည်မရှိ။ ဒုက္ခ၊ဒုက္ခသစ္စာမှ။ အညံ၊ တပါးသော။ ကိစ္စမြေဇာတ၊ပုဂ္ဂိုလ်သတ္တဝါခေါ်ဆိုဘွယ်ရာ တရံတခုသော တရားသဘောသည်။နိရုတ္တိ၊ ချုပ်သည် မရှိ။

သတိမူလိုက်ကြ။ ဝိပဿနာ ရှုသောခဏမှာ၊ ဤ တလောကလုံးကိုမလို။မိမိကိုယ်၌ ရှုခိုက်ခဏ၊ရုပ်,နာမ်, သင်္ခါရ အနိစ္စက အတိတ် အနာဂတ်မရ။ပစ္စုပ္ပန်ခဏ ဥပါဒ်ဘင်မျှ အနိစ္စကိုသာ ဒုက္ခသစ္စာဟုရှုရမည်။ လိုရင်းသဘာဝ ပညာ မြင် အနိစ္စက ဘုရား ရဟန္တာများမှာ၊ မမြဲသောသဘော မျှသာ ထာဝစဉ်ထာဝရ၊ တိုး,ဆုတ်,နဲ,များ, မရှိ။ ပတိကိုပင်၊ ပြောင်ပြောင်စင်စင် မြင်တော်မူကြ၏။ ပုထုဇ္ဇန်သူငါတို့က မနေ့ကငါပင် ကနေ့ဟုထင်၏။ အခုတင်က, ငါပင်၊ အခု ရှိသည်ဟု ထင်လွဲစွဲမှား၍ နေကြ၏။ စင်စစ်မှာမူကား၊ မမြဲ ဟု မြင်လျှင်လည်း၊ မမြဲသာရှိသည်။ မြဲသည်ဟု ထင်လျှင် လည်း မမြဲသာရှိသည်။လိုရင်းက ထင်မထင်မှာပဓာမဟုတ် အမြဲသဘာဝ, ထာဝရကြီးကိုပင်၊ ပြောင်ပြောင် စင်စင်၊ ကြောင်ကြောင်မြင် ရှင်းလင်းသောအခါ။ အနိမိတ္တ အနိစ္စ အရာ၊ ဒုက္ခသစ္စာကိုပင် မြင်သော သူမည်၏။ သတိမူကြ။ ထို့ကြောင့်-

ဒဠှဗ္ဗာသင်္ခတာပုဗ္ဗာ၊ ပရတ္ထေ့သု ဝိဝိတ္တတော၊

သုဘာရဝသုခတ္တတ္တ၊ သုညတော ပောတုဗ္ဗတ္တိတော၊

သင်္ခတာ၊ သင်္ခတခေတ်တို့ကို။ ပုဗ္ဗာပရတ္ထေ့သု၊ ဥပါဒ်မှ ရှေ့ဘင်မှနောက်အစွန် နှစ်ဘက်တို့၌၊ ဝိဝိတ္တတော၊ ကင်း

ဆိတ်ကွယ်ဘိ၊ မရှိလုံးလုံး၊ သုဉ်းသောအားဖြင့်ရင်း။ သုဘာရဂ သုခတ္တဓတ္တသုညတော၊ တင့်တယ် မြဲစွာ ချမ်းသာစိုးရသော အဖြစ်မှ ကင်းဆိတ်သောအားဖြင့်ရင်း။ ဟေတုဒုတ္တိတော၊ အကြောင်းရှိမှ ဖြစ်ရသောအားဖြင့်ရင်း။- ဒဠှဝ်ဘာ၊ ရှုအပ်ကုန်၏။

လိုရင်းက အကြောင်းနှင့်တကွ ဖြစ်သည်၏ အဖြာအကြောင်းတရားတို့သည်။ ပေါင်း၍ ပြုပြင် စီရင်အပ်သည့်၏ အဖြစ်အကြောင်းကို ဖွဲ့မှီရမှသာ ဖြစ်သည့်၏အဖြစ်။ ဇင်စစ် ရုပ်,နာမ် ဓမ္မအနိစ္စ မှာ။

အနုပ္ပန္နာဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစနိရုဇ္ဈရေ။
နိစ္စံ နဝါဝ သင်္ခါရာ၊ ဒိပဇာလ သမူပမာ။
ဟုရှုအပ်၏။

သင်္ခါရာ၊ ဥပါဒ်, ဘင်မှု၊ ရုပ်,နာမ် သင်္ခါရ တို့သည်။ အနုပ္ပန္နာဝေ၊ ရှေးကမဖြစ်ဘူးကုန်ဘဲသာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ယခုအသစ် ဖြစ်ပေါ်လာကုန်၏။ ဥပ္ပန္နာစ၊ ဖြစ်ကုန်ပြီ ၍လည်း။ နိရုဇ္ဈရေ ၊ခဏချက်ချင်း ချုပ်ကင်း ကွယ်ပျောက်ကုန်၏။ သင်္ခါရာ ဥပါဒ်ဘင်မှု ရုပ်,နာမ် သင်္ခါရတို့သည် နိစ္စံနဝါဝ၊ အမြဲ အသစ်အသစ်တို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သင်္ခါရာ၊ ဥပါဒ်ဘင်မှု ရုပ်,နာမ် သင်္ခါရတို့သည်။ ဒိပဇာလ သမူပမာ၊ ဆီမီးလျှံဘမှု၊ တူသော ဥပမာရှိကုန်၏။

လိုရင်းသဘောကား။မြင်ကြားစရှိ၊ကြံသိသမှု၊သင်္ခါရက အနိမိတ္တ၊ အနိစ္စကြောန်၊ ဒုက္ခမှန်သည့်၊ပစ္စုပ္ပန်ကို၊ ရုပ်, နာမ်

ပြောရ၊ မွေ့ဆတ်ဆတ်၊ပရမတ္ထ၊ သစ္စာသဘော၊ ပညာဈော
ပင်၊ ဝိညာဏ်မြင်ကြ၊ လောကမှန်မှာ၊ တောသံ တောင်သံ
ပဲ့တင်သံသို့၊သူမှာနင်ငါဟန်၊ထင့်မြင်ပြန်၍၊ဖန်ဖန်ခါခါ၊ ဉာဏ်
ပညာမှာ၊ ရှာသော်နှုယ်မူ၊ ဘယ်လူ ဘယ်ဝါ၊ ဘယ်ဘယ်
ဟာမှ၊ ရှာတာမဂူ၊ မှုချသဘော၊ စင်စစ်ပြောက၊ ခဏမမြဲ
ဆင့်ရဲဖွာလှ၊ ဖိုးမရသည့်၊ မွေ့အမှန်၊ သယံဇာတ၊ ထာဝရ
ဓာတ် ပရမတ္ထ၊ ရှိသမျှက၊ အနိမိတ္တ၊ အရိယသစ္စာ၊ မြတ်
မွေ့သည်။ ပမာနေလ၊ ထင်ရှားတည်း။

ဤအနတ္တ အရာသည်၊ အလွန် သိမ်မွေ့နက်နဲ၊ သိနိုင်ခဲသော အရေးဖြစ်၍ သတ္တဝါများမှာ- မသိ မမြင်နိုင်ရာ။ ထိုအနတ္တတရား သတ္တဝါများနှင့် အရာမဟုတ်သကဲ့သို့ ရှိ၏။ ကြောင်းကျိုးသိမြင် ပညာရှင် ဖြစ်ကြသော ဝေနေယျတို့မှာသာလျှင်၊ ထိုအနတ္တသဘာဝကို သိမြင်နိုင်ကြပေကုန်၏။ ယခင် ဆိုအပ်ခဲ့ပြီးသော သတ္တဝါ ဝေနေယျအားဖြင့်၊ နှစ်ပါးတို့တွင် ဝေနေယျဆိုသည်ကား-

အတ္တာ သန္တာ နေဝေဝ ပရသန္တာနေဝ အနုသယကိလေသံ ဝိသေသေန အမတရသေန နိယတိ အသင်္ခတမနုတ္တရံ ဒဿယိတွာ ဝိနာသေတီတိ ဝေနေယျော ဟူသည်နှင့်အညီ၊ ယေပုဂ္ဂလာ၊ အကြင် ပုဂ္ဂိုလ်တို့သည်။ ဝိသေသေန၊ ထူးမြတ်လှစွာသော။ အမတရသေန၊ အရဟတ္တဖိုလ်တည်းဟူသော မွေ့ရတနာ မြွက် ရသာဖြင့်။ အသင်္ခတံ ပြုပြင်ခြင်းကင်းသော။ အနုတ္တရံ၊ မိမိထက် လွန်မြတ်သော

တရားမရှိသော နိဗ္ဗာန်ကို။ ဒဿယိတွာ၊ သိမြင်၍။ အတ္တသန္တာနေစေဝ၊ မိမိသန္တာန်၌၎င်း။ပရသန္တာနေစ၊သူတပါးတို့၏ သန္တာန်၌၎င်း။ အနုသယကိလေသံ၊ ကိန်းအောင်း၍ ညစ်ညူးစေတတ်သောကိလေသာတို့ကို။ နိယျာနိဝိနာသေတိ ဖျက်ဆီးတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်၊သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ဝေနေယျော၊ ဝေနေယျမည်၏။ ဤဝိဗြိုဟ်သဘောကား– သတ္တောကာသ၊ သင်္ခါရ ဟူသော ဤလောက သုံးရပ်၌။ လူ, နတ်, ဗြဟ္မာ သတ္တဝါမရှိ။ ငါမရှိ၊ ကိုယ်မရှိ၊ သိရမည့်အချက်၊ ရှိကြသည့်အတွက်က၊ ဖြစ်ပျက်မှန်လှ၊ ရုပ်နာမ်သင်္ခါရ,ပဝတ္တ၊ ဝဋ်ဒုက္ခသဘောမျှ၊ စင်စင်ဟု ဝိပဿနာဉာဏ်ယှဉ်၊ သမ္မာယှဉ်သော ပညာမြင်, ပညာသိမှ၊ ဝေနေယျဟုဆိုရမည် ဟူလိုသည်။ အဘယ့်ကြောင့် သတ္တဝါဆိုသနည်း။ တေသံ ဓာတိနံ သန္တာနေ အဝိဇ္ဇာတဏှာယ ပရိယောနဒ္ဓတ္တာဗန္ဓတ္တာ ကာမဂုဏေသု အာဒိနဝံ အပဿန္တော မန္တဗာလသဒိသံဟုတွာဒဋ္ဌံသဥ္စတိ ပရိတဿတိတိဝါ သတ္တော။ ။ဟူသည်နှင့်အညီ။ ယော ပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ တေသံဓာတိနံ၊ ထိုသို့သဘောရှိသော ဓာတ်တို့၏။ သန္တာနေ၊ ခန္ဓာ ငါး ပါး သန္တာန်၌။ အဝိဇ္ဇာတဏှာယ၊ အဝိဇ္ဇာတဏှာဖြင့်။ ပရိယောနဒ္ဓတ္တာ၊ အဘန်ဘန်, မြှေးယှက်သောကြောင့်။ ဗန္ဓတ္တာ၊ ဖွဲ့ခြင်းကြောင့်။ ကာမဂုဏေသု၊ ကာမဂုဏ် ငါးပါးတို့၌။ အာဒိနဝံ၊ ကြီးစွာသောအပြစ်ကို။ အပဿန္တော၊ မသိမမြင်သော။ မန္တဗာလာ သဒိသံ၊ သေဘေးကိုမမြင်၊ သံမြှား

ချိတ်၌ ရှိသော အစာကို သားယားများသော ငါးမိုက် နှင့် တူသည်။ ဟုတ္ထာ၊ ဖြစ်၍။ ရူပါဒိအာရမဏံ၊ ရူပါရုံစသော သုံးပါးသော ဘုံလောကီအာရုံကို။ ဒဠှံ၊ မြဲမြံစွာ၊ သဠုတိ စွဲလမ်းတပ်မက်တတ်၏။ (ဝါ) ပရိတဿတိ၊ ပူပန်တတ်၏။ ဏ္ဍာဘိတသ္မာ၊ထို့ကြောင့်။ သော-ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ သဠွေ ၁၊ သတ္တာဝါမည်၏။ ။လိုရင်းမှာ လူ့ရွာ, နတ်လမ်း စည်းစိမ်သွမ်းကို၊ ချမ်းသာအတိ၊အထင်ငြိသော၊ အဝိဇ္ဇာသိ, အဝိဇ္ဇာမြင်,အန္ဓပုထုဇ္ဇန်ကို ခန္ဓာငါးပါးဟူသော သံသရာ၏ အနှောင်အဘွဲ့သည် ဘွဲ့ချည်တုပ်နှောင် မြဲအောင် ချုပ်ထား အပ်၏။ သံသရာဝဋ် တည်းဟူသော ဤမှာ ဘက်ကမ်း ကိုလည်းမမြင်။ နိဗ္ဗာန်ဟူသော ထိုမှာဘက်ကမ်းကိုလည်း မမြင်။ အိုသည်-သေသည် တိုင်အောင်ပင် ကိလေသာ အနှောင်အဖွဲ့မလွတ်၊ ထိုကိလေသာ အနှောင်-အဖွဲ့နှင့်သာ ဤဘဝမှသည်၊တမလွန်ဘဝသို့သွားရသောသူကို သတ္တဝါ ဆိုသည်ဟူလို။ ။

ယခုအခါ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့မှာ၊ဗုဒ္ဓဘာသာဟု ဆိုပါ လျက်နှင့် တရားတော် မြတ်ကို မသိ မမြင် မယုံ ကြည်လျှင်၊ ဗုဒ္ဓ ဘာသာ လူမျိုး မျှသာ ဟုတ်သည်။ မိမိမှာ ဗုဒ္ဓဘာသာ မဟုတ်။ အဘယ့် ကြောင့်နည်း။ ။သေယျ ထာပိ ဘိက္ခဝေ အပ္ပမတ္တကောပိဂူထော ဒုဂ္ဂန္ဓော ဟောတိ ဧဝမေဝခေါ အဟံဘိက္ခဝေ အပ္ပမတ္တ ကမ္ပိတာဝံ နဝဏ္ဏေမိ အန္တမသော အစ္ဆရာ သင်္ဃာတမတ္တမ္ပိ။ ။

## အင်္ဂုတ္တရပါဠိတော်။

ဘိက္ခဝေ၊ရဟန်းတို့။ အပ္ပ မတ္တ ကောဝိ၊ အနည်းငယ်မျှ သော်လည်းဖြစ်သော။ဂူထော၊မစင်ကျင်ကြီးသည်။ဒုဂ္ဂန္ဓော၊ မကောင်းသော အနံ့ရှိသည်။ ဟောတိ သေယျ ထာဝိ၊ ဖြစ် သကဲ့သို့။ ဧဝမေဝခေါ၊ ဤအ တူသာလျှင်။ အပ္ပမတ္တကမ္ပိ၊ နည်းငယ် တိုလျ မကြာ လှသည့် သော်လည်း ဖြစ်သော။ အန္တမသော ယုတ်ညံ့ဖျင်းသည်း အောက်ဆစ်ဆုံး အပိုင်း, အခြားအတိုးအား၊ဖြင့်။ အစ္ဆရာသင်္ဃာတမတ္တမ္ပိ၊ လျက်တောင် တချက်၊ လျှပ်စစ် တပြက်၊ လက်ဖြစ် တတွက် ကာလ၊ တခဏမျှသော်လည်း ဖြစ်သော။ ဘဝံ၊ဘဝ၌ ဖြစ်ရခြင်းကို။ အဟံ၊ ငါဘုရားသည်။ နဝဏ္ဏေမိ၊ ချီးမွမ်းတော် မမူဟု ဟောတော်မူသောကြောင့်။မြတ်စွာဘုရား၏အယူတော်က တခဏမျှသော်လည်း၊ ဘဝသုံးဖြာ၊တုံသုံးရွာ၌ ဖြစ်ရခြင်းကို နှစ်သက်တော်မမူ။သတ္တဝါများကလည်း လူ့ရွာ, နတ်သမ်း စည်းစိမ် သွမ်းကို၊ ချမ်းသာ အတိ၊ အထင်တော် တို့က ငြိကြသော အယူ။ ဤသို့အား၊ဖြင့် အယူနှစ်ပါးမတူ ခြားနား ကွဲပြားကြ၏။ ထိုကြောင့်(ဤလောက၌၊မိဘတို့အား၊ချစ်ကြ ငြားလည်း၊ မိဘနှင့်မူ – အယူကွဲပြား၊ ဘ, စကားကို၊ နားမ ထောင်လူ၊ ရန်သူ ဖြစ်လေ၊ အမွေမရ၊ ပမာဏသို့၊ ဘုရား စကား၊မြတ်တရားကို၊နားမဝင်ဘဲ၊ မသိလျှင်သူပုန် မယုံလျှင် ရန်သူ၊ အတူလိုနေ၊ မဂ်ဖိုလ်မွေကို၊ မရလေငြား၊ ဆင်းရဲ ငွားသည်။ ။အများလူတို့ ဘိစေတို့)ဟု စပ်ဆိုခဲ့ပေသည်။ ဤလောက၌ မိကောင်း, ဘခင်, သား, သမီးဖင် မှန်ကြပါ

သော်လည်း အမှောင့် ပယောဂ ပူးဝင်၍၊ မိဘင်ကားကိုပင် နားမထောင်သော ဥမ္မတ္တက သား, သမီးများနှင့် အလားတူ ပေသည်။ ဤယခု ကာလ သူငါကစ၊ပုထုဇ္ဇဉ် မှန်သမျှမှာ တဏှာဂါဟ, မာနဂါဟ, ဒိဋ္ဌိဂါဟအားဖြင့်၊ ဤဂါဟသုံးပါး သံသာရ ပပဉ္စတရား တို့သည်။ အတင်း, အကြပ် ဖမ်းပူး စွဲကပ် အပ်သည့်ဖြစ်၍။ နိစ္စသညာ၊ နိစ္စစိတ္တ၊ နိစ္စဒိဋ္ဌိ၊ သုခ သညာ၊ သုခစိတ္တ၊ သုခဒိဋ္ဌိ၊ အတ္တသညာ၊ အတ္တစိတ္တ၊ အတ္တ ဒိဋ္ဌိအားဖြင့်။ ဝိပလ္လာသ၊ ဖေါက်ပြန် ကြ၍၊ သူ, ငါ, ကစ၊ သက္ကာယဒိဋ္ဌိ၊ရှိသမျှမှာ ဗုဒ္ဓဘာသာ မဖြစ် စင်စစ်မှာ မိစ္ဆာ အသူ ဘုရားရှင်၏ ရန်သူတွေ နှင့်သာ တူကြ ပေသည်။ ။ များများကြီး သတိထား ကြပါကုန်။ ။ဤယခု ကာလ သူ, ငါ, ကစ၊မိစ္ဆာမြေ၊ ဖြစ်တတ်ကြသည်ကား–မဂ်ဖိုလ်ကို ရထိုက်သော ခေတ်- ကာလ မဟုတ်ဟု ထင်မှတ် မှားခြင်း။ သူတပါးတို့ ဝိပဿနာ တရား မြင်ကိုပင်၊ အဝိဇ္ဇာ မြင်ဟု ထင်မှတ်မှားခြင်း။ယခုကာလ ရှိကြသူတို့ကို၊ ဒိဋ္ဌိပိတ်ပုဂ္ဂိုလ် ဟု ထင်မှတ် မှားခြင်း။ ရုပ်, နာမ်, ဓမ္မ သဘာဝကို ထိထိ, မိမိ, သိအောင် သဘောနှင့် ဝိပဿနာ ပြောဟော ရာမှာ သူတပါးတို့ နာနိုင်အောင်လည်းဟောပါ။သတ္တဝါနုကလေး များကို မြတ်စွာ ဘုရားပင်၊ အထိုက်, အလိုက်, စရိုက်ကို ကြည့်၍ ဟောရ ပါသေးသည်။ ဤသို့စသော ပြောမှု,ဆိုမှု, အကုသလ မိစ္ဆာဓမ္မ ပါပညာ်ကျူးသည့်မြေအနှံ့ ရောယ်မှုကို ပြုတတ်လှသောကြောင့်၊ များများကြီး ရှောင်ရှားကြရမည်။ (မှန်,မှားသိမှ၊မှတ်ရာသည်။ ။ကြိအားရှိမှ၊တတ်ရာသည်။

ညဏ်သွားရှိမှ မြတ်ရာသည်။ ။မစပ်၊ မယှဉ်၊ အဖတ်တင်၊ ငြိုငြင်ဘတ်ဟှသည်၊ ။သတိမူကြပါကုန်။ ။ထို့ကြောင့်

သစေသမ္မာဝိဟာရေယျုံ၊ နဆိန္နေယျုံ ဝိဘာသ ဝါ။
တသ္မာသမ္မာဝိဟာရေယျု၊ သံသိန္ဒြိတွာန သံသယံ။ ။

အနက်ကား။ ။သမ္မာ၊ ကောင်းစွာ။ သစေဝိဟာရေယျုံ၊ အကယ်၍ နေကြကုန်သည် ဖြစ်အံ့။ ဝိဘာသဝါ၊ ရဟန္တာ ပုဂ္ဂိုလ်တို့သည်။ လောကေ၊ လောက၌။ နဆိန္နေယျုံ၊ မပြတ်ကုန်ရာ။ တသ္မာ၊ ထို့ကြောင့်။ သံသယံ၊ ကျွတ်ထိုက်သော ပုဂ္ဂိုလ် ဟုတ်လေလော၊ မဟုတ်လေလော။ တိဟိတ်ပုဂ္ဂိုလ် ဟုတ် လေလော, မဟုတ် လေလော စသော ယုံမှားခြင်း ဝိစိကိစ္ဆာ စိတ်နှစ်ဖြာကို။ သံသိန္ဒြိတွာန၊ ဖြတ်၍, ပျောက်၍ သမ္မာ၊ ဘုရားဆုံးမ ဩဝါဒကို ချွတ်ယွင်းမပါ ကောင်းမွန်စွာ။ ဝိနဟာရေယျုံ၊ နေကုန်ရာ၏။

ဣမေစသုဘဒ္ဒ ဘိက္ခူသမ္မာ ဝိဟာရေယျုံ၊ အသုညော လောကေ အရဟန္တေဟိအဿ။ ။

အနက်ကား။ ။သုဘဒ္ဒ၊ သုဘဒ်။ ဣမေစဘိက္ခူ၊ ဤရဟန်းတို့သည်ကား။ သမ္မာ၊ ကောင်းစွာ။ ဝိဟာရေယျုံ၊ နေကုန်ငြားအံ့။ လောကော၊ လောက၌။ အရဟန္တေဟိ၊ ရဟန္တာတို့မှာ။ အသုညော၊ မဆိပ်မကင်းသည်။ အဿ၊ ဖြစ်ရာ၏။ ထို့ကြောင့်။ ဣမိနာပနညာဏေန သပ္ပန္နာ ဂတောဝိပဿကော-ဇုန္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတ ဂတိကော ဇူဠသောတာပန္နော နာမဟောတိ ဟု အဋ္ဌကထာ

မိန့်တော်မူ၏။ ဣမိနာပနဉာဏေန၊ ဤ ဝိပဿနာဉာဏ် ပညာနှင့် သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ အကြောင်းပစ္စယ ဇနကဟိတ် နိမိတ်မကင်း။ ပြုပြင်လျှင်းက ပါပအကျိုး၊ ဖြစ်ပွားတိုး၏ ကြောင်းမျိုးမသွေ၊ ပျက်စီးချေသော်၊ ကျိုးနေမလွဲ၊ ပျက်စမြဲဟု ကြောင်းကျိုး ရှုလျက်၊ ဖြစ်မှုထွေထွေ၊ ဉာဏ်ဖြင့်ဖွေ၍၊ သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သဗ္ဗေသင်္ခါရာဒုက္ခာ၊ သဗ္ဗေဓမ္မာအနတ္တာဟု လေ့လာရှုမြင်၊ ဆင်ခြင်ပွားများသော ယောဂီပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ မြတ်စွာဘုရားသာသနာတော်၌။ လဒ္ဓဿာသော၊သက်သာရာရှိသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော ထောက်တည်ရာရှိသည်ဖြစ်၍။ နိယတ ဂတိကော၊ အပါယ် လေးရပ် မကပ်ငြိဘဲ မြဲသော ဂတိရှိသော။ စူဠသောတာပန္နော နာမ စူဠသောတာပန် မည်သည်။ ဟောတိ၊ ဖြစ်၏။

ထို့ကြောင့်–တဿတတ္ထသုခိနော ဓမ္မပဒါနိပိလဝန္တိ။ ဒန္ဓာဘိက္ခဝေ သတုပ္ပါဒေါ။ အထသောသတ္တော ခိပ္ပမေဝ ဝိသေသဘာဂီဟောတိ ဟု ဟောတော် မူ၏။

တဿ၊ ထိုပုဂ္ဂိုလ်အား။ တတ္ထ၊ ထိုနတ်ဘဝ၌။ သုခိနော ချမ်းသာသည်ဖြစ်၍။ ဓမ္မပဒါနိ၊ လူ့ဘဝက လေ့ကျက်၍ ထားကုန်သော တရားအစုတို့သည်။ ပိလဝန္တိ၊ တဖွားဖွား ပေါ်ကုန်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ အဿ၊ ထိုသူအား။ သတုပ္ပါဒေါ၊ တရားကိုအမှတ်ရသော သတိဖြစ်ခြင်းသည်။ ဒန္ဓော၊ နှေးသေး၏၊အထ၊စင်စစ်သော်ကား။ သောသတ္တော၊ ထိုနတ်ဘဝသို့ ရောက်သော သတ္တဝါသည်။ ခိပ္ပမေဝ၊

လျှင်မြန်စွာသောလျှင်။ ဝိသေသဘာဂီ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ပျံ့ပြူး တရားထူးကို ရတို့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဒန္ဓာဘိညာဝေ သတမှ္ကါဒေါ- ဆိုသည့်ကား။ အဘိဉာဏ် လျင်မြန်ခြင်းနှင့် ထောက်စာသော်၊ သတိဖြစ်မှုကနှေး ရသေး၏။ ရှေ့လူ့ဘဝက လေ့ကျက်ခဲ့သောတရားအရကို အမှတ်ရသည့်နှင့်တပြိုင်နက် သောတာပတ္တိမဂ်ဖိုလ်စသော ပုဂ္ဂိုလ်ဖြစ်၏ ဟူလို။

ပုညေနေတေ နနိဗ္ဗာနံ၊ လဒ္ဓါသန္ဒိဋ္ဌိကံဣဓ။
ပရမတ္ထံအာရောဓေန္တု၊ ဇနာသဗ္ဗေပိသဗ္ဗတာ။

ဧတေနပုညေန ဝိပဿနာတရားကိုရေးသားပြုရသော ဤကောင်းမှုကြောင့်။ ဣဓ၊ ယခုပစ္စက္ခ မျက်မှောက် ဒိဋ္ဌ ဤဘဝ၌။ သန္ဒိဋ္ဌိကံ၊ ကိုယ်တွေ့မျက်မြင် ထင်ထင်လျှားလျှား ကြီးရှိနေသော။ နိဗ္ဗာနံ၊ ဒုက္ခ ခပ်သိမ်းတို့၏ ကင်းငြိမ်းခြင်း ဟူသော သန္ဒိဋ္ဌိကနိဗ္ဗာန်ကို။ လဒ္ဓါ၊ ယခုဘဝ ကိုယ်တွေ့ဒိဋ္ဌ ရကုန်ကြ၍။ သဗ္ဗတာ၊ စင်ကြယ်ကောင်းမြတ် ချီးမွမ်းအပ် သော ဝိပဿနာတရားကို မနေမနား အားထုတ်ကြကုန်၍။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဇနာ၊ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့သည်။ ဣဓေဝ၊ ဤပစ္စက္ခ ခုဘဝဝယ်၊ ဂေါတမ နွယ်ဘွားရှင်တော်ဘုရား လက်ထက်အာဏာစက်၌ပင်လျှင် ပရမတ္ထံ၊ အထွဋ်အမြတ် ဆတ်ဆတ်ကြီး ပရမတ်ဖြစ်သော နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာရောဓေန္တု၊ အလိုပြည့်၍ ကိုယ်တွေ့ ဉာဏ်မြင်အစစ် ပေါက်ရောက် ပြီးမြောက် ခံစားကြပါစေ

ကုန်သတည်း။ (ဝ)၊ အလိုပြည့်၍ ကိုယ်တွေ့ဉာဏ်မြင် ဖွေး သန့်စင်လျက်၊ ကြည်လင်ခပ်သိမ်း ငြိမ်းကြပြီ၊ ငြိမ်းကြပါစေ ကုန်သတည်း။

ငြိမ်းအောင် အဘယ် တရားများ အားထုတ်ရပါမည် နည်း။ ဝိပဿနာတရားမှတပါး ငြိမ်းသောတရားမရှိ။ ထို့ ကြောင့် မြတ်စွာဘုရားဆုံးမတော်မူတဲ့ အတိုင်း သိရမည်။ မြတ်စွာဘုရား ဘယ်လို ဆုံးမပါသလဲဆိုလျှင် အနိစ္စ, ဒုက္ခ, အနတ္တ,အသုဘ ၄င်းအဆုံးအမတော်ကို။ သာသနံ၊ သာသနာ မည်၏။ ယခုသတ္တဝါတွေ ထင်တာက နိစ္စ,သုခ,အတ္တ, သုဘ မိမိမှာ ဗုဒ္ဓဘာသာ ဟုတ်သလား၊ မဟုတ်ဘူးလား စစ်တန်း ထုတ်၍ကြည့်၊ မြတ်စွာဘုရားဆုံးမသည့်အတိုင်းသိလျှင်ကိုး ကွယ်ရာရပြီဟူ၍မှတ်။ မြတ်စွာဘုရားက ဘယ်လိုဆုံးမပါ သလဲ။ အနိစ္စ၊ မမြဲဘူးတဲ့။ မမြဲတာ ဘယ်လိုသိရမလဲ။ ရှိတဲ့ တရားက မမြဲတာ ထင်ရှား ရှိသောတရားကိုပြပါအံ့၊ စိတ် ထင်ရှားမရှိပါလား။ စေတသိက် ထင်ရှား မရှိပါလား။ ရုပ် ထင်ရှားမရှိပါလား။ နိဗ္ဗာန် ထင်ရှား မရှိပါလား။ အဲသည် ထင်ရှားရှိသော တရားသည် ပရမတ္ထ တရားလေးပါး၊ ထို ပရမတ္ထတရားလေးပါး ရှိသည်တွင် နိဗ္ဗာန်ကိုရှုဘို့မလိုပါ။ စိတ်ရှိကြောင်း၊ စေတသိက် ရှိကြောင်း၊ ရုပ် ရှိကြောင်းကို သာ ရှုဘို့လိုပါသည်။ စိတ်,စေတသိက် တရားသည် အကျိုး တရား။ ရုပ်တရားသည် အကြောင်းတရား၊ အကြောင်း မှန်မှ အကျိုးမှန်မည်။ ထို့ကြောင့် အခြေခံမူလ အကြောင်းတရား ကိုပြပါမည်။

အကြောင်း တရားသည် လေးပါးရှိပါသည်။ လေးပါးဟူသည်ကား....ကံကြောင့် ဖြစ်သောရုပ်၊ စိတ်ကြောင့်ဖြစ်သောရုပ်၊ ဥတုကြောင့်ဖြစ်သောရုပ်၊ အဟာရကြောင့် ဖြစ်သောရုပ်ဟူ၍ လေးပါးရှိပါသည်။

ကံကြောင့်ဖြစ်သောရုပ်ကား၊ မျက်စိအကြည်, နား အကြည်, နှာခေါင်းအကြည်, လျှာအကြည်, ကိုယ်အကြည် ၎င်း အကြည် ငါးပါးကို ပသာဒရုပ်ငါးပါး၊ ကံအကြည်ဟုခေါ်ပါသည်။ စိတ်ကြောင့်ဖြစ်သောရုပ်ကား။ ပထဝီ၊ အာပေါ တေဇော၊ ဝါယော ၎င်းဓာတ်ကြီးလေးပါးကို ခေါ်ပါသည် ၎င်း စိတ်ကြောင့် ဖြစ်သော ရုပ်ဓာတ်ကြီး လေးပါးကို အသက်လို့ ထင်နေတယ်။ အသက်ထင်စရာများ ရှိပါ့မလား။ စစ်ဘမ်း ထုတ်ကြည့်။ ၎င်းဓာတ်ကြီး လေးပါး ရှိကြောင်း သိအောင် မိမိ လက်ကိုဆုပ်၍ ပါးစပ်နားကပ်၍မှုတ်ကြည့်။ တွန်းလာတဲ့ သဘောကလေး တွေ့ရလိမ့်မယ်။ ၎င်းတွန်းလာတဲ့ သဘောကလေးကို ဝိတ္ထမ္ဘန ပညတ် အားဖြင့်၊ ဝါယောလို့ခေါ် သည်။ ထို့ပြင် ပူတဲ့သဘောကလေးကော မတွေ့ဘူးလား။ ၎င်းပူတဲ့ သဘောကလေးကို တေဇောလို့ ခေါ်သည်။ သူတို့ နှစ်သဘော ပေါင်းစပ်၍ လာသည့်မှား ဖွဲ့စည်းထားလို့ ၎င်းသဘောကို အာပေါလို့ ခေါ်သည်။ ထိုဓာတ်သုံးပါးတို့၏ တည်ရာကို ပထဝီဓာတ်ဟုခေါ် သည်၊ ဘာကြောင့် ပထဝီခေါ်သလဲ သူရှိကြောင်း ဘယ်လို သိရမလဲ။ စကားပြောသောအခါ အသံ မဖြစ်ဘူးလား။ ဘယ့်ကြောင့် အသံဖြစ်သလဲ မာတာရှိလို့။ ၎င်းမာတာကို ပထဝီ

ခေါ်သည်။သတ္တဝါတွေထင်တာက အသက်လို့ထင်တယ်။
မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဟောတာကတော့၊
နိဇ္ဇီဝ အသက်မဟုတ်ဘူးလို့ ဟောတော်မူသည်။

ဥတုကြောင့်ဖြစ်သော ရုပ်ကား ၃၂-ပါးသော ကော
ဋ္ဌာသ အရပ်, အဝေးကို ခေါ်ပါသည်။ရင်းရုပ်ကို ယောက်ျား
မိန်းမ, သတ္တဝါ ထင်တယ်။ မြတ်စွာဘုရားက နိသတ္တ
သတ္တဝါ မဟုတ်ဘူးတဲ့။ မြတ်စွာဘုရား ဆုံးမတော်မူသည့်
အတိုင်း။ သတ္တဝါ မဟုတ်ကြောင်း ထင်ရှားအောင် မိမိ
သဏ္ဌာန်မှာရှိသော သုံးဆဲ့ နှစ်ပါးသော အရပ်, အဝေးကြီး
ကို ဖျက်ကြည့်ရမည်။ ဖျက်ပုံမှာ ဆံပင်, မွေးညှင်း,ခြေ
သည်း, လက်သည်း, သွား,အရေပြား, အသား အကြော
အရိုး, ချဉ်ဆီ, အညှို့, နှလုံး, အသည်း, အမြှေး, အဖျင်း
အဆုပ်, အူမ, အူသိမ်, အစာသစ်, အစာဟောင်း,ဦးနှောက်
ဟူ၍၊ အဖတ်နှစ်ဆယ်ကို ပထဝီခြင်းရာ နှစ်ဆယ်ဟု ခေါ်
သည်။ သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ,
မျက်ရည်, ဆီကြည်,တံတွေး, နှပ်, အစေး, ကျင်ငယ်ဟူ၍
အာပေါဓာတ် ဆယ့်နှစ်ပါးခေါ်သည်။ ရင်းသုံးဆယ့်နှစ်ပါး
သည်၊ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါမဟုတ်။ သုံးဆယ့်
နှစ်ပါး အပေါင်းအရပ်မျှသာ ဟုတ်သည်။

အာဟာရကြောင့် ဖြစ်သော ရုပ်ကား၊ စား, စားသမျှ၊
မြိုမြို သမျှ အာဟာရကိုခေါ်သည်။ အဟာရ မြိုသွင်းလိုက်
သောအခါ၊ပိုးစာကတရ, မီးစာက တရ, ကျင်ကြီးကတရ
ကျင်ငယ်က တရ, အာဟာရ ဖြစ်ထာက တရ. ရင်းငါးရ

ထဲမှာကောင်ဂါကလေးများရှိပါ့မလား၊ စစ်တမ်းထုတ်ကြည့် ရှင်းရုပ် အပေါင်း,အစုကို ခန္ဓာခေါ်ပါသည်။သူ့မှာဘယ်လို သဘော ရှိသလဲ။ ပုလိုက်, ဖေလိုက်, ဖေါက်ပြန်တဲ့ သဘော ရှိတယ်။ထို့ကြောင့် ရုပ္ပတီတိ ရူပံ ရုပ္ပတိ၊ဖေါက်ပြန်တတ်၏ ဣတိသသ္မာ၊ ထို့ကြောင့်။ရူပံ၊ ရူပမည်၏။ ထို့ကြောင့် ရုပ် အပေါင်း, အစုကို ခန္ဓာ၊ ဖေါက်ပြန်တာက ရုပ်၊ နှစ်ဦးပေါင်း လိုက်တော့ ရူပက္ခန္ဓာလို့ ဖွဲ့သည်။

ကံကြောင့် ဖြစ်တဲ့ ပသာဒရုပ် ငါးပါး ထဲမှာကော အသှ, အလိမ္မာ, မင်းစိုး ရာဇာကော ရှိပါ့မလား။ စစ်တမ်း ထုတ်၍ကြည့်။

စိတ်ကြောင့်ဖြစ်တဲ့ ဓာတ်ကြီး လေးပါး ရုပ်ထဲမှာကော အသက်ထင်မှုကလေးများရှိပါ့မလား။ စစ်တန်းထုတ်ကြည့်။

ဥတုကြောင့်ဖြစ်တဲ့ သုံးဆဲ့နှစ်ပါ သော အစု, အဝေးထဲ မှာကော– မိန်းမ, ယောကျ်ား, သတ္တဝါများရှိပါ့မလား စစ် တန်းထုတ်၍ကြည့်။

အာဟာရကြောင့် ဖြစ်သော ငါးရု, ငါးပုံ ထဲမှာကော ငါကလေးများ ရှိပါ့မလား၊စစ်ဘန်း ထုတ်၍ကြည့်။

ဤအကြောင်း တရားလေးပါ ကို ငါထင်နေတာ ဟုတ် ပါလားကြည့်။ ရင်းနှင့်ဆိုင်တဲ့ အဆင်း,အသံ,အနံ့,အရသာ အတွေ့ဆိုတဲ့ ကာမဂုဏ်ငါးပါးကို သား, မယား, ရွှေ, ငွေ, လယ်ယာမြေ ထင်နေဘယ် ဟုတ်ကဲ့လား။ စစ်တန်းထုတ်၍ ကြည့်။ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကတော့၊ အတ္တ၊ အတ္တနိယ၊ဆိတ်ရမည်ဟုဟောတော်မူသည်။ ယခုသတ္တဝါ

တွေထင်တာက အကြောင်းတရားလေးပါးကိုငါထင်တယ်။ ခေတ်ကြီး လေးပါးက ထွက်နေတဲ့ ကာမဂုဏ် ငါးပါး အရောင် တရားကိုသူထင်လို့၊ အာသဝေါတရား လေးပါး ထဲမှာ မြုပ်နေကြတယ်။ ကာမဂုဏ်ငါးပါးကို သူထင်လို့ ကာမာသဝထဲမှာမြုပ်နေတယ်။ အကြောင်းတရားလေးပါး ကိုငါထင်လို့ ဘဝါသဝထဲမှာ မြုပ်နေတယ်။ ငါဘဲ သူဘဲ အထင်လွဲ၍ ဒိဋ္ဌာသဝထဲမှာ မြုပ်နေတယ်။ အဝိဇ္ဇာကြီး ခေါင်းဆောင်နေတာမမြင်လို့၊ အဝိဇ္ဇာသဝထဲမှာ မြုပ်နေ တယ်။ သတ္တဝါတွေက အာသဝေါ တရားလေးပါးမှ ကင်း လွတ်ပါစေဟု ဆုတောင်းတယ်။ မြတ်စွာဘုရား ဆုံးမသည့် အတိုင်း၊ ဟုတ်တိုင်း မှန်ရာကို မြင်လျှင်၊ အာသဝေါ တရား လေးပါးမှ လွတ်ကင်းမည်။ ဘုရား အစရှိသော အရိယာ သူတော်ကောင်းတွေ၊ တထောင့်ငါးရာ ကိလေသာတွေ အကြွင်းမဲ့ ပယ်သွားတာ ဘယ်တရားကိုသိလို့လဲ။မြတ်စွာ ဘုရားက၊ ဗုဒ္ဓံ-သရဏံ-ဂစ္ဆာမိ။ ဓမ္မံ သရဏံ-ဂစ္ဆာမိ။ သံဃံသရဏံ ဂစ္ဆာမိဟုဟောတော်မူသည့်အတိုင်းဆည်း ကပ်ရမည်။ဘာကိုဆည်းကပ်ရမလဲ။ ဓမ္မံ သရဏံ-ဂစ္ဆာမိ။ ဓမ္မံ၊တရားတော်မြတ်ကို။သရဏံ၊ကိုးကွယ်ရာဟူ၍။ဂစ္ဆာမိ၊ ဆည်းကပ်လော့။ တရားကို တွေ့မှသာလျှင် ငါဘုရားကို တွေ့ရမည်(မယ်)။ ထို့ကြောင့်၊ ဣတိဝုတ် ပါဠိတော်၌။

ဓမ္မံပဿန္တော မံပဿတိ။ ။ဓမ္မံ၊ သစ္စာလေးပါး ပရမတ်တရားကို။ပဿန္တော၊သိမြင်သောသူသည်။မံ၊ငါဘုရားကို။ပဿတိ၊ ဖူးတွေ့သိမြင်သည်မည်၏။

N P.W. — 18[illegible] 7,

ဤကဲ့သို့ မြတ်စွာဘုရားဟောတော်မူသည့်တိုင်း တရားတော်ကို သိမှသာလျှင်၊ တထောင့်ငါးရာကိလေသာ ငြိမ်းမည်။ ထို့ကြောင့်....တရားရေအေး အမြိုက်ဆေး တိုက်ကြွေးရမည်ဟု ဟောတော်မူသည့်အတိုင်း။ ယခုပြခဲ့သောတရားမှာ ရုပ်တရား ဖြစ်သည်။ ၎င်း ရုပ်တရားကို ရူပပရိစ္ဆေဒ ဉာဏ်ဖြင့် ပိုင်းခြား၍ ကြည့်သောအခါ မိမိ့ယောကျ်ားထင်မှု မောဟများ ရှိသေးသလား။ လိုချင်သောလောဘများကော ရှိသေးသလား။လိုချင်တိုင်းမရ၍ ဒေါသများကော ဖြစ်ပါအုံးမလား။ ထိုကဲ့သို့ လောဘ- ဒေါသမောဟ–ဇာတိ–ဇရာ- ဗျာဓိမရဏ– အစရှိသော တဆယ့်တပါးသောမီးတို့ ငြိမ်းတာကို တရားဆိုသည်။ ၎င်းအကြောင်းတရား လေးပါးကို တွေးတောဆင်ခြင်နေသည်ကို ရူပပရိစ္ဆေဒဉာဏ်လို့ ခေါ်သည်။ ကာယနုပဿနာ လို့လဲခေါ်သည်။ပိစ္စာဉာဏ်လို့လဲခေါ်သည်။ သမ္မာဒိဋ္ဌိဉာဏ်လို့လဲခေါ်သည်။ယထာဘူတ ဉာဏ်လို့လဲ ခေါ်သည်။ မဂ်ဉာဏ်လို့လဲ ခေါ်သည်။ ဟုတ်တိုင်း မှန်တိုင်းမြင်၍ မလိုချင်လို့ဖိုလ်ဉာဏ်လို့လဲခေါ်သည်။ ဘဝသံသရာ အဆက်ဆက်ကမသိခဲ့လို့ ယခုမှ ထူးပြီးသိလို့ ဝိပဿနာ ဉာဏ်လို့ခေါ်သည်။

ယခု သတ္တဝါမှန်သမျှ ဆုတောင်းကြတာ အပါယ်လေးပါး။ ကပ်သုံးပါး ရပ်ဖြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပ္ပတ္တိတရားလေးပါး၊ ဗျသနတရား ငါးပါးတို့မှ အခါခပ်သိမ်းကင်းလွတ် ငြိမ်းသည်ဖြစ်၍၊ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရားဟု ဆုတောင်း

ကြသည်။ မဂ်တရား, ဖိုလ်တရား ဆိုသည် ဘယ်ဟာမှန်း မသိကြ၍ ဒါနပြုသော အခါ၊ သီလ ဆောက်တည်သော အခါနိဗ္ဗာန်ရစေဟု၊သံဃာတော် အရှင်မြတ် များကဆုပေး ကြသောအခါ နိဗ္ဗာန်တရားဆိုတာ ဆယ့်တပါးသော မီးတို့ ငြိမ်းတယ်တဲ့။ ခုတပည့်တော်-တပည့်တော်မတို့မှာ၊ ဆယ့် တပါးသော မီးမငြိမ်း သေးပါလား ဘုရား။ ငြိမ်းကြောင်း တရား ကလေးကိုပြောပေးပါဟု မပူဆာတတ်ကြ၊ မပူဆာ တတ်ထ ဘယ်ဟာက မဂ် - ဘယ်ဟာက ဖိုလ်လို့ မသိ သော၍မပူဆာတတ်၊ထိုကြောင့်မဖြစ်စဘူးသောကုသိုလ်ကို ဖြစ်အောင် လုပ်ရမယ်။ မဂ်ကုသိုလ်ဆိုတာ၊ အမှန်ကိုသိတာ ခေါ်သည်။ ယခု ရူပပရိစ္ဆေဒ ဉာဏ်ဖြင့် အမှန်ကို ကြံစည် နေတာ၊ သမ္မာသင်္ကပ္ပ၊ ဟုတ်တိုင်း, မှန်တိုင်း မြင်တာကို သမ္မာဒိဋ္ဌိ၊ ၎င်းကို ပညာကွန္ဓ မဂ္ဂင်လို့ ခေါ်သည်။ အမှန်ကို သိတော့ နဂိုရ်ကမိမ္မ, ယောကျ်ားထင်သည်ကို၊အမှားဘဲဟု သိသော အခါ၊ အမှား, မဝင် လာရအောင် အားထုတ်၍ နေသည်ကို သမ္မာဝါယာမ၊ ဟိုဟို, ဒီဒီ စိတ်မပြန့်လွင့်လို့ သမ္မာသတိ၊ ဒီတရား ထဲမှာဘဲ စိတ်တည်ကြည် နေဘာ။ သမ္မာသမာဓိ၊၎င်းကို သမ္မာဓိကွန္ဓ မဂ္ဂင်လို့ ခေါ်သည်။ ၎င်း မဂ္ဂင်ငါးပါး အကျွမ်းဝင် လာတော့။ အချည်းနှီးစကားတွေ မပြောဘဲ အကြောင်းတရား လေးပါးကိုဘဲ ပြန်ပြောနေ သည်ကို။ သမ္မာဝါစာ။ ၎င်းတရားတွေ ကြံစည် နေဆဲ ကောင်းသောအမှု ပြုနေသည်ကို။ သမ္မာကမ္မန္တ၊ ၎င်းတရား နှင့် ဆင်ခြင်၍ စားသည်ကို သမ္မာအာဇီဝ။ ၎င်း ကို

သီလက္ခန္ဓ မဂ္ဂင်လို့ ခေါ်သည်။ သီလ၊ သာမာဓိ၊ ပညာ၊ သိက္ခာသုံးပါး ဖြစ်တော့ မဂ္ဂင် ၈ပါး ဖြစ်လာသည်။ သမ္မာသက်ပ္ပ၊ ကောင်းသော ကြံခြင်း။ သမ္မာဒိဋ္ဌိ၊ ကောင်းသော မြင်ခြင်း။ သမ္မာဝါယမ၊ ကောင်းသော လုံ့လထုတ်ခြင်း။ သမ္မာသတိ၊ ကောင်းသော သတိရှိခြင်း။ သမ္မာသမာဓိ၊ ကောင်းသော တည်ကြည်ခြင်း။ သမ္မာဝါစာ ကောင်းသော စကားကို ပြောဆိုခြင်း။ သမ္မာကမ္မန္တ၊ ကောင်းသောအမှု ပြုလုပ်ခြင်း။ သမ္မာအာဇီဝ၊ ကောင်းသော အသက် မွေးခြင်း။ မဂ္ဂသစ္စာဆိုတာ၊ ၎င်းကိုခေါ်သည်။ အရင်းလဲတော့ အဖျားထင်းဖြစ်သည်။ ရုပ်သည်အရေးကြီးသည်။ဒီရုပ်ကိုဘဲ၊သူဘဲငါဘဲ အထင်လွဲကြသည်။ မြတ်စွာဘုရားက အနတ္တမှာ စာနကွယ်သည်ဟု ဟောတော်မူသည့်အတိုင်း။အတုံးအခဲ၊ ဒြပ်၊ သဏ္ဌာန်ထင်တာ ၎င်းရုပ်ကိုဘဲထင်သည်။ ဒီတော့ အနတ္တ ရုပ်ကို ပေါ်လွင်အောင် သတိထားပြီး ကြပ်ကြပ်ကြီး စဉ်းစားပါ။ အနတ္တရုပ် ပေါ်မှ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဆုံးမတော်မူသည့် အတိုင်း တွေ့မည်။

**ရုပ်တရား ပြီး၏။**

နာမ်တရားကို ကြံစည်ကြအုံးစို့။ စိတ်၊ စေတသိက်ကို နာမ်လို့ခေါ်သည်။ အကျိုး တရားလို့လဲ ခေါ်သည်။

မျက်စိ အကြည်နှင့် အဆင်း တွေ့တော့ သိမှုဆိုတဲ့စိတ်။ မှတ်မှု ခံစားမှုဆိုတဲ့ စေတသိက် ပေါ်မလာဘူးလား။ မြင်အောင် ကြည့်ပါ။

နားအကြည်နှင့် အသံကြားတော့ သိမှုဆိုတဲ့စိတ်၊ မှတ်မှု ခံစားမှု၊ ပြုပြင်မှုဆိုတဲ့ စေတသိက် ပေါ်မလာ ဘူးလား။ မြင်အောင် ကြည့်ပါ။ နှာခေါင်းအကြည်နှင့် အနံ့တွေ့တော့၊ သိမှုဆိုတဲ့စိတ်၊ မှတ်မှု ခံစားမှု၊ ပြုပြင်မှု ဆိုတဲ့ စေတသိက် ပေါ်မလာဘူးလား မြင်အောင် ကြည့်ပါ။ လျှာအကြည်နှင့် အရသာတွေ့တော့၊ သိမှုဆိုတဲ့စိတ်၊ မှတ်မှု၊ ခံစားမှု၊ ပြုပြင်မှု ဆိုတဲ့ စေတသိက်ပေါ်မလာဘူးလား၊ မြင်အောင်ကြည့်ပါ။ ကိုယ်အကြည်နှင့် ဖေါဋ္ဌဗ္ဗ တွေ့တော့၊ သိမှုစိတ်၊ မှတ်မှု၊ ခံစားမှု၊ ပြုပြင်မှု စေတသိက် ပေါ်မလာဘူးလား မြင်အောင် ကြည့်ပါ။ မျက်စိအကြည်မှာ မှီပေါ်တဲ့ စိတ်, စေတသိက်။ နားအကြည်မှာ မှီပေါ်တဲ့စိတ် စေတသိက်။ နှာခေါင်း အကြည်မှာမှီပေါ်တဲ့ စိတ်စေတသိက်။ လျှာအကြည်မှာမှီပေါ်တဲ့စိတ် စေတသိက်၊ ကိုယ်အကြည်မှာ မှီပေါ်တဲ့ စိတ် စေတသိက်။ မနောအကြည် ခါတ်ကြီး လေးပါးမှာ မှီပေါ်တဲ့ စိတ်စေတသိက်။ မျက်စိအကြည်မှာ အဆင်းနှင့်တွေ့တော့ စိတ်စေတသိက်ပေါ်ကြောင်း ထင်ရှားသည်။

နားအကြည်နှင့် အသံကြားတော့၊ စိတ်စေတသိက်ပေါ်ကြောင်းထင်ရှားသည်။

နှာခေါင်းအကြည်နှင့် အနံ့ တွေ့တော့၊ စိတ်စေတသိက် ပေါ်ကြောင်း ထင်ရှားသည်။

လျှာအကြည်နှင့် အရသာတွေ့တော့၊ စိတ် စေတသိက် ပေါ်ကြောင်း ထင်ရှားသည်၊ ကိုယ်အကြည်နှင့်အတွေ့ တွေ့တော့စိတ် စေတသိက်ပေါ်ကြောင်း ထင်ရှား၏။ ဓါတ်ကြီး

လေးပါး၊ မနောအကြည်မှာ မှီပေါ်တဲ့စိတ် စေတသိက်ကို တော့ မသမုတ်ဘဲနှင့်မသိနိုင်။ ထို့ကြောင့်သမုတိသစ္စာ၊ ပရမတ္ထသစ္စာ နှစ်ပါးကို မြတ်စွာဘုရား ဟောတော်မူသည်။ ဘယ်လို သမုတ်ရမလဲဆိုတော့ (၄၁) လေးဆယ့် တလုံး သောအက္ခရာရှိသည်တွင် (အ) တလုံးကို သမုတ်ထား ထင်ရှားစွာသိချင် ကျန်(၄၀)လေးဆယ်သောအက္ခရာ၊ သမုတိချည်းဘဲ။ သမုတိသစ္စဆိုတာ သမုတ်ရတာ သာကြောင့်သဲ အဟုတ်ရှိတဲ့ ပရမတ္ထသစ္စာပေါ်လွင်အောင်သမုတ်ရသည်။ ယခု (အ)လို့ဆိုတဲ့စိတ်၊ အာရုံကို တွေ့လိုက်တာ၊ စေတသိက်။ အသံဖြစ်သွားတာက ရုပ်၊ အသံဟာ ဘာကြောင့်ဖြစ်သလဲ၊ စိတ္တပထဝီနှင့် ကာယပထဝီနှစ်ခု၏ဒဏ်ချက်ကြောင့် အသံဖြစ်၍လာသည်၊ အသံဖြစ်ထာကရုပ်၊ ပညတ်လိုက်ထာ ကစိတ် အာရုံကို တွေ့တာက စေတသိက်၊ ထိုအမှန် လေးချက်ကိုသဘောနက်။ အိပ်မက် ထဲတောင်မှ မမြင်မက်ခဲ့ရဘူးဘူး။ တသံသရာလုံးက မသိခဲ့ရဘူးဘူး။ ယခုတသံသရာလုံးက မသိတဲ့ တရားတွေ သိရပြီ မဟုတ်ပါလား။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသင်္ချေနှစ်ဆယ် ကမ္ဘာတသိန်း ပါရမီတွေဖြည့်လာရတာဘယ်တရားဟောချင်လို့လဲသဗ္ဗေဓမ္မာ အနတ္တ-တရားတော်ကြီးကို ဟောချင်လို့။ နဂိုရ်က အမှန် လေးချက်ကို သစ္စာ လေးပါး ထင်နေသည်။ သစ္စာ လေးပါးသည်။ ဖွဲ့ပြ ရသော တရား။ သိရမည် တရားက သဗ္ဗေ ဓမ္မာ အနတ္တကို၊ သဘော လေးချက် သိရမည်။ ထို သဘောလေးချက်သာမမြဲတာ၊ မမြဲတာ ကိုဘဲ ဆင်းရဲလို့

သစ္စာဒုက္ခ သစ္စာဖွဲ့သည်။ ထိုလေးပါးသဘောကို မမြင်တာ အဝိဇ္ဇာ၊ သာယာတာက တဏှာ၊ ၎င်းကို သမုဒယသစ္စာဖွဲ့ သည်။ အမှန် လေးချက်ကို သဗ္ဗေဓမ္မာ အတ္တကို ပိုင်းခြား သိသည်ကိုမဂ္ဂသစ္စာဖွဲ့သည်၊ ထိုလေးပါးသဘော ပျက်စီး တဲ့တရား ဆင်းရဲတဲ့ တရား မို့လို့ မလိုချင်၍၊ ငြိမ်းမှုကို နိရောဓ သစ္စာ ဖွဲ့သည်၊ ၎င်းအမှန် လေးချက်သည် အနတ္တ၊ ယခုသတ္တဝါတွေ ထင်တာက အတ္တ။ အတ္တလို့ ထင်တာက အမှား၊ ၎င်းအမှားသည် အဝိဇ္ဇာ၊ ထိုအဝိဇ္ဇာကြောင့် ဘဝသံ သရာအဆက်ဆက် ကျင်လည်၍ လာခဲ့ရတာ၊ ဂင်္ဂါဝါဠု သဲဆုအမျှ ပွင့်ထွက်တဲ့ဘုရားတွေတဆူကမှ မတွေ့ရတာ၊ ဘယ်သူ့ ကြောင့်လဲ၊ ဒီအဝိဇ္ဇာ ကြောင့်ဘဲ၊ ထိုကြောင့်၊ (အဝိဇ္ဇာ ပိတ်ကာသမျှ၊ ဒုဗ္ဗာသဝမဂ္ဂ၊ စိတ်သာချ၊သံသရာ မှာ ဖန်ခါခါလည်အုံး လူနတ်နှင့်၊ ထက်ဗြဟ္မာ ဘဝဂ်သာထိ တော့အဆုံး၊ အေးမှုကာရွေးမပါတယ်၊ ဆွေးလို့သာ ခွေနုံး၊ ကုသလကံအရှိန်တုံးမှဖြင့်၊ဘုံးဘုံးကျပါယ်ရွာ၊ ဖြဟ္မာပြည့် ကိုယ်ရောင် လင်းသော်လဲ၊ ဝက်စား ကျင်းရောက်လိမ့် မကြာသက္ကာယဗွဲလမ်းပါလျှင်မြဲတမ်းသာအပါယ်အိုးကိုလှ ဂျိုးကပ်ဘို့ပြင်သာပြင်၊ မှတ်ကြမှန်ပင်၊ အနတ္တ ဉာဏ်မမြင် ရင်၊ ထာဝစဉ် မှားပါလိမ့်လေး)။

အမှန်လေးချက်သည် သဗ္ဗေ သင်္ခါရ၊ အနိစ္စ၊ သင်္ခါရ တရားသည်။ စိတ်သင်္ခါရ၊ စေတသိက်သင်္ခါရ၊ ရုပ်သင်္ခါရ ဖြစ်သည်။ ထိုကြောင့် သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန် ပညတ်၊ ဥယျာဉ် တရား ငါးပါးတို့ကိုဘယ်သူမဆို အလိုလို

ကိုယ်တော်တိုင် သိတယ်လို့ ချီးကျူးနေရသည့် မဟုတ်ပါလား၊ ယခု အားထုတ်သူတို့၏ သဏ္ဍာန်မှာ ဉေယျဓံတရား ငါးပါးကို သိရပြီမဟုတ်လား။

အကြောင်းတရား လေးပါးကို ရုပ်ကန္ဒာ ခေါ်သည်။ ယခုပြခဲ့တဲ့ နာမ်တရား လေးပါးကို နာမ်ခန္ဓာလေးပါး၊ သိမှုကို ဝိညာဏက္ခန္ဓာ ခေါ်သည်၊ မှတ်မှုကို သညာက္ခန္ဓာခေါ်သည်။ ခံစားမှုကို ဝေဒနာက္ခန္ဓာခေါ်သည်၊ပြုပြင်မှုကို၊ သင်္ခါရက္ခန္ဓာခေါ်သည်၊ထိုခန္ဓာငါးပါးကိုခန္ဓာငါးပါးမှန်းမသိကြ၊ မိမ္မယောက်ျား ထင်နေကြသည့် ထိုကြောင့်။

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ ဓါတ်၊ ငါးခုစပ်တဲ့ ငါးရပ်ခန္ဓာ၊ သမ္ဘာဟာကို၊ တဏှာမျက်လုံး၊သလောတွေ့ဖုံး၍၊ အတုံးအခဲ ငါကောင်ဘဲဟု၊ စွပ်စွဲသမုတ်၊ဘွဲ့မည့်ထုတ်လျက်၊ အဟုတ်ယောင်ယောင် တကယ်ယောင်နှင့်၊ မောင်မောင်ဘဘ၊ မိနှင့်မဟု၊ လောကအမှတ် ခေါ်ဝေါ်အပ်သည်ပရမတ်တရားဓါတ်အသား၊ပညတ်အမှားဖုံးအုပ်ထား၊ အမှားဖုံးအုပ်၊ အမှန်မြုပ်၍၊ အဟုတ်မပေါ်၊ အမှားပေါ်သည်၊ အခေါ်ခြောက်ပါး သတိထား၊ အမှားအမှန်သိစေသား၊ အမှားအမှန် ဤနှစ်တန်ကို ကြေနပ်ချ သိနိုင်မှလျှင်၊ ဒုက္ခ ဘေးဒဏ် ကြောင်းမှန်တဲ့၊ ခေမံ အမတ၊ ပေါက်နိုင်ကြသည်၊ ဉေယျငါးပါးသတိထား၊ သိရန်တရားသိစေသား။

သိရန်တရားကား၊ သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန်ပညတ်၊ သင်္ခါရဆိုတာ (အ)လို့ ဆိုလိုက်တော့၊ (အ)လို့

ပညတ်လိုက်ထားက စိတ်။ အာရုံကို တွေ့လိုက်ထားက စေတသိက်။ အသံ ဖြစ်သွားတာက ရုပ်။ ၎င်း-စိတ်-စေတသိက်-ရုပ် အတူ ဖြစ်ပေါ်လာတာက သင်္ခါရ။ ဝိကာရ ဆိုတာ၊ဝိ-အထူး၊ ကာရ-ခြားသည်။ အထူးခြားနားသည်။ စိတ်-စေတသိက် အတူ ဖြစ်လာပေမယ့်လို့၊ စိတ်တခြား၊ စေတသိက်တခြား၊ရုပ်တခြား၊သဘာဝပရိန္နေဒဉာဏ်ဖြင့် ပိုင်းပိုင်းခြားခြား ထင်မြင်အောင်ကြည့်ပါ။

လက္ခဏာဆိုတာ၊ ၎င်းစိတ်- စေတသိတ်- ရုပ်ဖြစ်ပြီး ပျက်လို့ အနိစ္စ လက္ခဏာ။ ပျက်နေတာ ဆင်းရဲလို့- ဒုက္ခ လက္ခဏာ၊သူတို့သည် မိမိအလိုမလိုက်၊အဆိုင်အခဲမရှိ၊အစိုး မရသောကြောင့်၊ အနတ္တ လက္ခဏာ ခေါ်သည်။

အားလုံး ပေါင်းတော့၊ သင်္ခါရ၊ ဝိကာရ၊ လက္ခဏာကို ပရမတ္ထသစ္စာ၊ ပရမတ္ထသစ္စာ မဟုတ်သမျှ သမုတိ သစ္စာ၊ ဒီတော့ နိဗ္ဗာန်ဆိုတာဘယ်အထဲမှာပါမလဲ၊သမုတိသစ္စာထဲ မှာပါတယ်။ ဒီတော့ ဒွေယျဂံတရား ငါးပါးထဲမှာ သစ္စာနှင့် လိုက်တော့။ ပရမတ္ထသစ္စာ၊သမုတိသစ္စာ နှစ်ပါးဘဲရှိတယ်။ ထို့ကြောင့်- မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက၊နိဗ္ဗာန်။ ပညတ်။ နှစ်ရပ်ဓမ္မ၊ ဖြစ်ကင်းပ။ကာလဝိမုတ်ကြ-ဟု ဟော တော်မူခဲ့ပေသည်။

ပညတ်ခြောက်ပါးဆိုသည်ကား။ (၁)ဝိဇ္ဇာမာနပညတ်။ (၂)အဝိဇ္ဇာမာနပညတ်။ (၃)ဝိဇ္ဇာမာနေနအဝိဇ္ဇာမာနပညတ် (၄)အဝိဇ္ဇာ မာနေန ဝိဇ္ဇာမာန ပညတ်။ (၅)ဝိဇ္ဇာ မာ နေန

ဝိဇ္ဇာမာန ပညတ်။ (၆)အဝိဇ္ဇာမာနေန အဝိဇ္ဇာမာန ပညတ် ဟူ၍ ခြောက်ပါးရှိသည်။

ဝိဇ္ဇာမာန ပညတ် ဆိုသည် ရှိတဲ့ တရားကို၊ ပညတ်ထာ ခေါ်သည်။ သိမှုသဘော ကလေးကို စိတ်၊ မှတ်မှု, ခံစားမှု, ပြုပြင်မှု သဘော ကလေးကို၊ စေတသိက်။ အသံ သဘော ကလေးကိုရုပ်လို့၊ထင်ရှားရှိသော သဘောကလေးတွေကို ပညတ်ထာ–ဝိဇ္ဇာမာန ပညတ်လို့ ခေါ်သည်။

အဝိဇ္ဇာမာန ပညတ်ဆိုသည် မရှိတဲ့ သမုတိသစ္စာ။ လူ, နတ်, ပြဟ္မာကို အဝိဇ္ဇာ နယ်က၊ တကယ်ရှိသည်ဟု ထင် သည်ကို အဝိဇ္ဇာမာန ပညတ်လို့ခေါ်သည်။

ဝိဇ္ဇာမာနေန အဝိဇ္ဇာ မာန ပညတ် ဆိုသည်။ စိတ်– စေတသိက်၊ ရုပ်ရှိသည်ကို မရှိဘူး။ မရှိတာကို ရှိတယ်လို့ ပညတ်ထားတာကို ခေါ်သည်။ အဝိဇ္ဇာမာနေန ဝိဇ္ဇာမာန ဟု ဆိုသည်။ (၄၁) လုံးသော အက္ခရာကို သမုတ်ဆဲ ကလေး ရှိသည်ကို အဟုတ်ရှိသည်ဟု ထင်သည်ကို ခေါ် သည်။ဝိဇ္ဇာမာနေဝိဇ္ဇာမာနပညတ်ဆိုသည် စိတ်စေတသိက် ရုပ်ရှိသည်ကို ရှိတယ်လို့ ပညတ်ထာကို ခေါ်သည်။

အဝိဇ္ဇာမာနေ- အဝိဇ္ဇာမာန ပညတ်ဆိုသည်။ (၄၁)လုံး သော အက္ခရာ သမုတ်ဆဲကလေး ရှိတာရဲ့ကို။ အဟုတ်ရှိ တာလို့ အဝိဇ္ဇာနယ်က ထင်သည်ကို ခေါ်သည်။

သစ္စာနှစ်ပါးကို မသိအောင် ဖုံးအုပ်ကာကွယ် ထားတာ အဝိဇ္ဇာ၊ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်ဘို့ အရေးက ပေါ့ပေါ့, နှေးနှေး သေးသေး အကြိုညှာ သာမာန်ကလေးများနှင့် မတန်ရာ။

ဉာဏ်မှာ သုတမယ ဉာဏ်။ စိန္တာမယဉာဏ်၊ ယထာဘူတဉာဏ်၊ သုတမယ ဉာဏ်သည်။ ပရိယတ်ခေါ်သည်။ စိန္တာမယဉာဏ်သည်ပဋိပတ်ခေါ်သည်။ယထာဘူတဉာဏ် ဉာဏ်ဟုတ်တိုင်းမှန်တိုင်းသိမှုပဋိဝေဒသာသနာ ဖြစ်သည်။

ဗုဒ္ဓဘာသာ မှန်သမျှ ကိလေသဝဋ်- ကာမဝဋ်-ဝိပါကဝဋ်၊ ဝဋ်သုံးပါးမှ လွတ်ရပါလို၏ဟူ၍ ဆုတောင်း ကြတာ ဝဋ်ဆင်းရဲ ကြီးထဲမှာ မြုပ်၍နေလို့ပေါ့၊ ဒီဝဋ် ဆင်းရဲကြီးဟာ ဘယ်သူ့ကြောင့် ရခဲ့သလဲလို့ စဉ်းစားရန် မလိုဘူးလား ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခ၊ သောကပရိဒေဝဒုက္ခငင်းဒုက္ခတရားရဲ့ကို၊ သုခဘဲ နိစ္စဘဲ အတ္တဘဲ သုဘဘဲလို့ ပြထားတာ၊ သယ်သူလဲ အဝိဇ္ဇာပေါ့၊ ဒီအဝိဇ္ဇာကြောင့် သင်္ခါရမှု ပြုရတယ်။ ထိုကြောင့်၊ ဘဝကောင်းကြီးဘဲလို့ သာယာတဲ့ တဏှာ။စွဲလန်းတဲ့ဥပါဒါန်-ဇာတိဖြစ်ရတဲ့ဘဝ။ အကြောင်း သမုဒယကြောင့်၊အကျိုး ဒုက္ခသစ္စာကြီး ရနေတယ်။ ဘာတွေ ရနေသလဲ-ဝိညာဏ် နာမ်-ရုပ်-သဠာယတန၊ ဖဿ-ဝေဒနာဆိုတဲ့ ဒုက္ခသစ္စာကြီး ရနေတယ်။ ငင်းဒုက္ခကြီးကို ယခုပစ္စုပ္ပန်မှာ မမြင်ပြန်လျှင်။ သာယာသည့်တဏှာ-စွဲလန်းသည့်ဥပါဒါန်၊ဇာတိဖြစ်ရသော ဘဝ အဝိဇ္ဇာကြောင့် သင်္ခါရ အကြောင်း၊ သမုဒယသစ္စာ ထပ်ခံပြန်လျှင်၊ နောင်အနာဂတ်တွင် အကျိုး ဒုက္ခသစ္စာဖြစ်တဲ့။ ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဘဲ ရမှာပေါ့၊ မသိတဲ့ အကြောင်း သမုဒယကြောင့်၊ ဒီလိုဘဲ ဘဝသံသရာမှာရှည်လျားလာခဲ့ပြီ။ ထို့ကြောင့်၊(အဝိဇ္ဇာပစ္စယာ

သင်္ခါရာ။ သင်္ခါရပစ္စယာ ဝိညာဏံ။ ဝိညာဏပစ္စယာ နာမရူပံ။ နာမရူပပစ္စယာ သဠာယတနံ။ သဠာယတနပစ္စယာ ဖဿော။ ဖဿပစ္စယာ ဝေဒနာ။ ဝေဒနာပစ္စယာ တဏှာ။ တဏှာပစ္စယာ ဥပါဒါနံ။ ဥပါဒါနပစ္စယာ ဘဝေါ။ ဘဝပစ္စယာ ဇာတိ။ ဇာတိပစ္စယာ ဇရာမရဏ၊ သောက။ ပရိဒေဝ၊ ဒုက္ခဒေါမနဿ၊ ဥပါယာသာ၊ သမ္ဘဝန္တိ။ ဧဝမေတဿ-ကေဝလဿ-ဒုက္ခက္ခန္ဓဿ-သမုဒယော ဟောတိ။

အဝိဇ္ဇာပစ္စယာ၊ မြေမှုန့်မက ဘဝများစွာ ခန္ဓာအစဉ်၌၊ တစွဲထဲ စွဲမြဲသောကံ၏သဟဲ၊ အမိုက်အမဲ မောဟကြမ်း နှစ်ပါးကြောင့်သင်္ခါရာကါယသင်္ခါရဝစီသင်္ခါရမနောသင်္ခါရ တည်းဟူသော၊ကုသိုလ် အကုသိုလ်ကံ ဟူသော မျိုးသည် သမ္ဘဝန္တိ၊ ဖြစ်ပေါ်လာကုန်၏။ သင်္ခါရ ပစ္စယာ၊ သင်္ခါရ ဟူသောအကြောင်းကြောင့်၊ ဝိညာဏံ၊ အကျိုးအဗျာကတ ဝိညာဏ်၊ ကြွင်းသောဝိညာဏ်သည်။သမ္ဘဝန္တိ၊ ဖြစ်ပေါ် လာ၏။ ဝိညာဏပစ္စယာ၊ ဝိညာဏ်ဟူသော အကြောင်း ကြောင့်၊နာမရူပံ,ဝေဒနာသညာ,သင်္ခါရတည်းဟူသောနာမ် တရားအရုနှင့်တကွ ရုပ်ရ၊ရုပ်ဆိုင်-ရုပ်ခဲသည်၊ သမ္ဘဝန္တိ၊ ဖြစ်ပေါ်လာ၏။နာမရူပပစ္စယာ၊ နာမ်ရုပ်ဟူသောအကြောင်း ကြောင့် သဠာယတနံ၊ စက္ခာယတန သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယယတန- မနာယတန တည်းဟူသော၊ ခြောက်ပါးသော အာယတနတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ပေါ်လာ၏။ အာယတန ပစ္စယာ၊ အာယတန ဟူသော အကြောင်းကြောင့်။ ဖဿော၊ အာရုံကို တွေ့ထိ

တတ်သော ဖဿသည်။ သမ္ဘဝန္တိ၊ ဖြစ်ပေါ်လာ၏။ ဖဿ ပစ္စယာ၊ ဖဿ ဟူသောအကြောင်းကြောင့်။ ဝေဒနာ၊ ခံသာ မခံသာ ဝေဒနာမျိုးသည်။ သမ္ဘဝန္တိ၊ ဖြစ်ပေါ်လာ၏။ ဝေဒနာပစ္စယာ၊ ဝေဒနာဟူသော အကြောင်းကြောင့်။ တဏှာ၊ နှစ်သက်တောင့်တခြင်း တဏှာသည်။ သမ္ဘဝန္တိ၊ ဖြစ်ပေါ်လာ၏။ တဏှာပစ္စယာ၊ တဏှာ ဟူသော အကြောင်းကြောင့်။ ဥပါဒါနံ၊ ဖန်ဖန်ထပ်လဲ ချွတ်ချော် စွဲလမ်းခြင်း ဥပါဒါန်တရားသည်။ သမ္ဘဝန္တိ၊ ဖြစ်ပေါ်လာ၏။ ဥပါဒါန ပစ္စယာ၊ ဥပါဒါန် ဟူသောအကြောင်းကြောင့်။ ဘဝေါ၊ နောင်တဖန် ဝေဒနာခံစားဘို့ရာ ကိုယ်ဖြင့် အားထုတ်ခြင်း ကာယသင်္ခါရ။ နှုတ်ဖြင့်အားထုတ်ခြင်း ဝစီသင်္ခါရ။ စိတ်ဖြင့် ကြံခြင်း မနောသင်္ခါရ တည်းဟူသော ကုသိုလ် အကုသိုလ် ကံဟူသော၊ ကာမ ဘဝမျိုးသည်။ သမ္ဘဝန္တိ၊ နောက်ထပ် တဖန် အသစ်ဖြစ်ပေါ်လာ၏။ ဘဝပစ္စယာ၊ ဘဝဟူသော အကြောင်းကြောင့်။ ဇာတိ၊ ထိုထိုဘုံဘဝ၌ ခန္ဓာပင် အသစ် ဖြစ်ပေါ်ခြင်း ဇာတိသည်၊ သမ္ဘဝန္တိ၊ ဖြစ်ပေါ် လာ၏။ ဇာတိ ပစ္စယာ၊ ခန္ဓာပင် အသစ်ဖြစ်ပေါ်ခြင်းကြောင့်၊ ဇရာ၊ အိုခြင်း။ မရဏ၊ သေခြင်း။ သောက၊ စိုးရိမ်ပူဆွေးခြင်း။ ပရိဒေဝ၊ ငိုကြွေးမြည်တမ်းခြင်း။ ဒုက္ခ၊ ကိုယ်၌ ဆင်းရဲခြင်း အမျိုးမျိုး။ ဒေါမနဿ၊ စိတ်၌ဆင်းရဲခြင်းအမျိုးမျိုး။ ဥပါယာသ၊ မရှုနိုင် မရှိုက်နိုင်အပင်ကြီးအပန်းကြီးအပူမီးတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ပေါ်လာ၏။ ဧဝံ၊ သို့။ ကေဝလဿ၊ သတ္တဝါ၊ အကောင် မဘက်-သက်သက်သော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ဆင်းရဲ

တိုး ဆင်းရဲခဲ၏။ သမုဒယော၊ ဖြစ်ခြင်းသည်။ ပေါဘိ၊ ထင်ရှားလေတော့၏။

မူလ နှစ်ပါးကြောင့်၊ အခွန့်သုံးပါး ဝဋ်သုံးပါး အစပ်သုံးစပ် အလွှာလေးလွှာ ခြင်းရာနှစ်ဆယ် ဆိုသည့် အနက်။ မူလနှစ်ပါးဆိုသည်မှာ အတိတ်ဘဝက အကြောင်းခံသည့် အဝိဇ္ဇာနှင့် ယခုပစ္စုပ္ပန်အကြောင်း ခံသည့် တဏှာကို ဆိုသည်။ အခွန့်သုံးပါး ဆိုသည်မှာ၊ (အခွန့်–ရှည်လျားခြင်း၊) အတိတ်-အနာဂါတ် ပစ္စုပ္ပန်ဘဝ သုံးဘဝသာ ပြသော ကြောင့် အခွန့်သုံးပါးဆိုသည်။

ဝဋ်သုံးပါး ဆိုသည်မှာ၊ အဆင်း, အသံ, အနံ့, အရသာ, အတွေ့ တို့ကို သူထင်လို့ ကိလေသာ ဝဋ်ထဲ မြုပ်ရတယ်။ အကြောင်းတရား လေးပါးကို ငါထင်လို့ ကာမ ဆဲ့တစ်ဘုံ ကျင်လည်၍ ကာမဝဋ်ထဲ မြုပ်ရတယ်။ ၎င်းကိလေသာဝဋ် ကာမဝဋ် အကြောင်းကြောင့်၊ ယခု ဝဋ်ကောင်ကြီး ဆိုကဲ့ ဝိပါကဝဋ်ကြီးရနေတယ်၊ ၎င်းကိုဝဋ်သုံးပါးဆိုသည်။

အစပ်သုံးစပ်ဆိုသည်မှာ အတိတ်အကြောင်းနှင့်ပစ္စုပ္ပန် အကျိုးမှာတစပ်။ ၎င်းပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်အကြောင်း မှာတစပ်။ ၎င်းပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ် အကျိုးမှာ တစပ်။ ၎င်းကို အစပ်သုံးစပ် ခေါ်သည်။

အလွှာလေးလွှာဆိုသည်မှာ အတိတ်အကြောင်းပစ္စုပ္ပန် အကျိုး။ ပစ္စုပ္ပန်အကြောင်း။ အနာဂတ်အကျိုး။ ၎င်းလေးခု ကိုအလွှာလေးလွှာခေါ်သည်။ ခြင်းရာနှစ်ဆယ် ဆိုသည်မှာ။ အတိတ်အကြောင်းငါးပါး။ ပစ္စုပ္ပန်အကျိုးငါးပါး။ ပစ္စုပ္ပန်

အကြောင်းငါးပါး။ အနာဂတ် အကျိုးငါးပါး။ ပေါင်းခြင်းရာ နှစ်ဆယ် ၎င်းကို ခေါ်ပါသည်။

ယခုပြခဲ့သည်မှာ အတိတ်ဘဝ–ပစ္စုပ္ပန်ဘဝ–အနာဂတ် ဘဝ–ဟု နောက်တုန်းကလည်း မိမ္မ၊ ယောက်ျား၊ ပုဂ္ဂိုလ် သတ္တဝါမဟုတ်။ ယခုပစ္စုပ္ပန် ဘဝမှာလည်းမဟုတ်။ နောင် အနာဂတ် ဘဝတွင်လည်း မဟုတ်ဟု ယုံမှားခြင်း ကင်း အောင်ပြခဲ့ရပါသည်။ ဝိပဿနာအရာမှာ အတိတ်က လွန် လေပြီးကိုမရှုနှင့်။ အနာဂတ်လည်း–မရောက်သေး၍မရှုနှင့် ယခု ပစ္စုပ္ပန် ပေါ်ဆဲ ခဏကိုသာ ရှုရမည်။ ဘာပေါ်သလဲ ပစ္စုပ္ပန်မှာကြည့်။

ယခု မျက်စိ ကလေး မှိတ်ပြီး ဖွင့်ကြည့် လိုက်စမ်းပါ။ မျက်စိအကြည်ကလေးနှင့် အဆင်း တွေ့တော့ သိမှု ဆိုတဲ့ ဝိညာဏ် ပေါ်လာတယ် မဟုတ်ဘူးလား။ မှတ်မှု ခံစားမှု ပြုပြင်မှုဆိုတဲ့နာမ်၊ သုံးဆယ်နှစ်ပါး အစုအဝေး ဖြစ်တဲ့ရုပ်၊ စက္ခုဆိုတဲ့ ပသာဒအကြည် စက္ခာယတနနှင့် ရူပါရုံ ဆိုတဲ့ ရူပါယတန တွေ့တော့ ဖဿ ဖြစ်လာတယ်။ ၎င်းဖဿ ကြောင့် ဝေဒနာ၊ ဒီတော့ ဝိညာဏ် ရုပ် နာမ် သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ အကျိုး ဒုက္ခသစ္စာကြီး ပေါ်မလာ ဘူးလား။ထို့ အတူကျန်အာရုံငါးပါးစလုံး ထိုနည်းအတူဟု မှတ် ပါလေ။ ယခု ပစ္စုပ္ပန် မှာ အကျိုး ဒုက္ခ သစ္စာကြီး မမြင်ခင်ကဘာထင်နေသလဲ။မိမ္မ, ယောက်ျားထင်နေတယ်။ အဲဒါ အဝိဇ္ဇာ၊ ၎င်း အဝိဇ္ဇာကြောင့် ဘာလုပ် ရသလဲ။ သင်္ခါရမှုပြုရတယ်။ ထိုဒုက္ခသစ္စာကြီးကို မမြင်လျှင် မိမ္မ

ယောက်ျား ထင်၍ သာယာသည့် တဏှာ၊ စွဲလန်းသည့် ဉပါဒါန်၊ဘဝကြောင့် ဇာတိအကြောင်း သမုဒယသစ္စာကြီး ထပ်ခံပြန်လျှင် အကျိုးဒုက္ခသစ္စာကြီး ရအုံးမည်။ငင်းဒုက္ခဘဲ သမုဒယဘဲ ပိုင်းခြားသိတာ မဂ္ဂသစ္စာ၊ လိုချင်မှု,သာယာမှု, ငြိမ်းတာကို နိရောဓသစ္စာ။ ပုထုဇ္ဇန်များမှာ သစ္စာလေးပါး လုံးကို ရှုရ၏။အရိယာများမှာ ဒုက္ခသစ္စာ တပါးတည်းသာ ရှုရ၏။ ဒုက္ခသစ္စာ တပါးတည်း ဖြစ်အောင် ဘယ်လိုရှုရ မလဲ။ ပဋ္ဌာန်းသမုပ္ပါဒ် ဆယ်နှစ် ကန့်မှာ စိတ်- စေတသိက် ရုပ်သာရှိတယ်။ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး မိန့်တော် မူသည်မှာ (ဓမ္မအပြား ဆယ့်နှစ်ပါးကို၊ ဤဓာား လူပင် ဤလျှင်နတ်ဘဲ အထင်လွဲ၍ တဝဲလည်လည် ဝဋ်နွယ် ရှည်၏။) ဓမ္မအပြားဆိုတာ၊ ပဋ္ဌသမုပ္ပါဒ် ဆယ့်နှစ်ကန့်ကို ခေါ်တယ်။ ချုံးလိုက်တော့၊ စိတ်-သင်္ခါရ, စေတသိက် သင်္ခါရ, ရုပ်သင်္ခါရ။ ငင်းသင်္ခါရ တရားမြဲ။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက။ သဗ္ဗေသင်္ခါရ အနိစ္စ၊သဗ္ဗေသင်္ခါရ ဒုက္ခ၊သဗ္ဗေဓမ္မာ အနတ္တာဟု ဟောတော် မူသည်။

ငင်းစိတ်၊ စေတသိက်၊ ရုပ်ကို နည်းလေးပါးဖြင့် ဖြအုံး မည်။ ။စိတ်,စေတသိက်,ရုပ်,အတူတူပေါ် အတူတူပျက် သဘော ကလေးတွေ တစပ်တည်း ထင်သည်ကို ဧကတ္တ နည်း။အတူတူပေါ် လာသော်လည်း သူတို့သဘောကလေး တွေ ကွဲလွဲ နေသည်ကို၊ နာနတ္တနည်းနှင့် သိရမည်။ ငင်းတို့ သည် တဦးနှင့်တဦး ဗျာပါဒ မရှိသည်ကို အဗျာပါဒနည်း။

သူတို့သဘော ကလေး တွေသည် ကုန်တန်း, ဆုံးတန်း မဟုတ်သည်ကို ဝေနေ့တွာ ဓမ္မတာ နည်းလို့ခေါ်သည်။

စိတ်၊ စေတသိက်၊ ရုပ်နိဗ္ဗာန်၊ ပရမတ္ထ တရားလေးပါး ရှိသည်တွင် နိဗ္ဗာန်ကို ရှာဘို့မလိုပါဟု ပေါ်ပြထားခဲ့သည့် အတိုင်း။ သတ္တဝါမှန်သမျှ နိဗ္ဗာန်ကို အထွင့်အထိပ်ထား၍ ပြုကြရသော ကုသိုလ်ကို မရှိဘူး ဆိုလျှင်၊ မည်သူ့အား ခံနိုင် မည်နည်း။ ထို့ကြောင့် နိဗ္ဗာန် ချမ်းသာကို ပြပါမည်။ နိဗ္ဗာန်သည် ငါးမျိုး ရှိပါသည်။ သုညတ နိဗ္ဗာန်၊ အနိမိတ္တ နိဗ္ဗာန်၊ အပဏိဟိတ နိဗ္ဗာန်၊ သဥပဒိသေသ နိဗ္ဗာန်၊အနုပါဒိ သေသ နိဗ္ဗာန်အားဖြင့် ငါးမျိုး ရှိပါသည်။ နိဗ္ဗာန် ဆိုတာ ချမ်းသာသည်ကို ခေါ်တာမဟုတ်ပါလား။ ချမ်းသာဘာကို ပြမည်။ အကြောင်း တရား လေးပါးဆိုတဲ့ ရူပက္ခန္ဓာကြီး ထဲမှာကော ပုဂ္ဂိုလ်သတ္တဝါရှိပါ့မလား။အကျိုးတရားဆိုတဲ့ နာမက္ခန္ဓာလေးပါးထဲမှာကော ပုဂ္ဂိုလ်သတ္တဝါ ရှိပါ့မလား။ ယခုစိတ်၊စေတသိက်၊ရုပ်ဘဲလို့ဟုတ်တိုင်းမှန်တိုင်းသိတော့ နဂိုရ်က ထင်မှုကလေး သည်းသွားလို့ သုညတ နိဗ္ဗာန်ခေါ် သည်။ နိဗ္ဗာန်ဆိုတာ ချမ်းသာတာကိုခေါ်သည်။ ယခု မိမ္မ ယောက်ျားမရှိ။စိတ် စေတသိက်၊ရုပ်ဘဲ ရှိတယ်လို့သိတော့ မချမ်းသာဘူးလား။

စိတ် စေတသိက် ရုပ်သည် အရိပ် နိမိတ်နှင့် အတုံးအခဲ ဖြစ်၊သတ္တဝါနက်ရှိပါ့မလား။နဂိုရ်က အရိပ်ဘဲ နိမိတ်ဘဲ အတုံး အခဲဘဲ ထင်နေသည်၊ အမှန်ကို မြင်တော့ ထင်မှု ကလေး

သုဉ်းသွားတော့ မချမ်းသာဘူးလား။ ထို့ကြောင့် အနိမိတ္တ နိဗ္ဗာန်ခေါ်သည်။ ထို့ကြောင့်။

အနိမိတ္တဉ္စဘာဝေဟိ၊ မာနာနုသယမုဇ္ဇဟ။

တတောမာနာဘိသမယာ၊ ဥပသန္တော စရိဿတိ။

ဟု ရာဟုလောဝါဒသုတ် ပါဠိတော်၌ ဟောတော်မူ၏။

ရာဟုလ၊ ချစ်သား ရာဟုလာ။ အနိ မိတ္တဉ္စ၊ လုံးလုံး လျောင်းလျောင်း၊ ပေါင်း၍ တည်ဟန် သဏ္ဌာန် အကောင် အထည်ကဲ့သို့ လောဘတဏှာနှင့် ယှဉ်အပ်သောသင်္ကြောင်း ခြင်းရာ၊ သညာ၏ အမှတ်အသားဖြစ်သော အလုံးရုံသော အရိပ်နိမိတ် ပျောက်ကွယ်သော ဝိပဿနာတရားကို။ ဘာ ဝေဟိ၊ ပွါးလော့။ မာနာနုသယံ၊ငါငါဟု ထင်မြင်မှု ကိန်းဝပ် ကပ်တွယ်၍ နေသည်ကို။ ဥဇ္ဇဟ၊ ခွါပစ် စွန့်လွှတ်လော့။ တတော၊ မာနာဘိသမယာ၊ထိုငါငါဟူသော အထင်အမြင်ကို ပယ်စွန့်မှုသာလျှင်။ ဥပသန္တော၊ မီးဆဲ့တဆူ၊အပူချုပ်သိမ်း၊ ငြိမ်းသည်ဖြစ်၍။ စရိဿတိ၊ ဧမြေမြ လှည့်လည်ရလတ္တံ့။

မိမ္မယောကျ်ား ပုဂ္ဂိုလ် သတ္တဝါ၊ မရှိ၊ ဒြပ်၊ သဏ္ဌာန် အဆိုင်အခဲမရှိလို့ သံယောဇဉ် တာတွယ်လို့ မဖြစ်သည်ကို၊ အပဏိဟိတ နိဗ္ဗာန် ခေါ် သည်။

ရုပ်နာမ်ကို ပိုင်းခြား၍ သိဘာကို နာမရူပ ပရိစ္ဆေဒ ဉာဏ်။ ရုပ် နာမ်ကို မသိအောင်-ဖုံးအုပ် ကာကွယ် ထားတဲ့ အဝိဇ္ဇာနှင့် တဏှာအကို သိလျှင် ပစ္စယ ပရိဂ္ဂဟဉာဏ်။ ရုပ် နာမ်က ဒုက္ခသစ္စာ။ အဝိဇ္ဇာနှင့် တဏှာက သမုဒယ သစ္စာ။ ဒုက္ခဘဲ၊ သမုဒယဘဲ ပိုင်းခြား သိဘာ မဂ္ဂသစ္စာ၊ လိုချင်မှု

သာယာမှု ငြိမ်းချမ်းသည်ကို နိရောဓသစ္စာ။ ၎င်းသစ္စာလေးပါးလုံးကို ပိုင်းခြား၍ သိတာ ဝိပဿနာ ဉာဏ်။ ၎င်းဉာဏ်သုံးဉာဏ်ကိုပိုင်လျှင် အရိယာဖြစ်၏။ အရိယာဟုတ်မဟုတ်စစ်တန်းထုတ်၍ကြည့်။ အရိယာ ဆိုလျှင် သုဒ္ဓိ ခုနစ်ပါးနှင့်ညီရမည်။ သုဒ္ဓိခုနစ်ပါး ဟူသော်ကား၊ သီလ ဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိ ဝိသုဒ္ဓိ, ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ ဉာဏဒဿနဝိသုဒ္ဓိ ဟူ၍ ခုနစ်ပါးရှိ၏။ မိမိသန္တာန်မှာ သီလ ဝိသုဒ္ဓိဖြစ်၊ မဖြစ် စစ်တန်း ထုတ်၍ကြည့်။ ဝိဆိုတာ အထူး သုဒ္ဓိက စင်ကြယ်တာ။ အထူးစင်ကြယ်ပြီလားလို့ စစ်တန်း ထုတ်၍ကြည့်။ စိတ္တဝိသုဒ္ဓိ စိတ်အထူး စင်ကြယ်ပြီလားလို့ စစ်တန်း ထုတ်၍ကြည့်။ ဒိဋ္ဌိဝိသုဒ္ဓိ၊ အမြင်စင်ကြယ်ပြီလား စစ်တန်း ထုတ်၍ကြည့်။ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ ယုံမှားခြင်း စင်ကြယ်ပြီလား စစ်တန်းထုတ်၍ကြည့်။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ မဂ် ဟုတ်သည် မဟုတ်သည်ကို၊ မိမိ ကိုယ်မှာ စစ်တန်း ထုတ်၍ကြည့်။ ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ အလယ်အလတ်တရား ဟုတ်မဟုတ် စစ်တန်း ထုတ်၍ကြည့်။ ဉာဏဒဿနဝိသုဒ္ဓိ သစ္စာလေးပါးကို လက်ဝါးပေါ်တွင် ပတ္တမြား တင်သလို မိမိမှာမြင်ပြီလားလို့ စစ်တန်းထုတ်၍ကြည့်။

ဤသို့ စစ်တန်း ထုတ်၍ ကြည့်ရှုလျှင် သစ္စာ လေးပါးသည်တရား။ ၎င်းတရားကို ရှာပေးတာက ဘုရား။ သစ္စာလေးပါးကို သိသူသည်၊ အရိယာ၊ သံဃာ မဟုတ်ပါလား။ ထို့ကြောင့်။

ဧတ္တာပန သောတာပတ္တိမဂ္ဂံ ဘာဝေတွာ ဒိဋ္ဌိဝိစိကိစ္ဆာ
ပဟာနေန ပဟီနာပါယဂမနော သတ္တက္ခတ္တုပရမော
သောတာပန္နော နာမဟောတိ။

ဧတ္တာပန၊ ဤတောဘူမ္မကဒ္ဓ ဖြစ်သော ရုပ် နာမ် ခန္ဓာ ဓာတ် သဘောတို့သည် အနှစ် အရသာ မရှိပါ၍၊ ပယ်ကာ ဖြတ်ပြီးလျှင်။ ဧတ္တာပန၊ လူ, နတ်, ဗြဟ္မာ အပါယ်ရွာနှင့် လူးလာ ရုန်ဆန် ငါးတန်ခန္ဓာ သံသရာမပြတ် စက်ရဟတ်မှို့တတ်ခြင်း ကင်းကွာ ပြတ်လိုပါ၍။ သောတာ ပတ္တိ မဂ္ဂံ၊ သောတာပန် ဖြစ်တတ်သော မဂ်တရားကို။ သောတာပတ္တိ မဂ္ဂံ၊ ပညတ် ပရမတ် နှစ်ရပ်သက္ကာယ ဓာတ်အာယတနကို၊ ဘာဝေတွာ၊ အကြိမ်ကြိမ်, အဖန်ဖန် သုံးတန် သန္တတိ ပျောက်၍ အမှန် လေးတန် ဓာတ်များ ချုပ်ပျောက် သွားအောင် ပွါးများ လေ့လာ ပြုခြင်းဌါကြောင့်။ ဘာဝေတွာ၊ ရုပ်-နာမ် နှစ်ဖြာ။ဖြစ်ပျက်ရာကို အခါခါလှည့် ဉာဏ်စိုက်၍ ကြည့်ခြင်းကြောင့်။ ဒိဋ္ဌိဝိစိကိစ္ဆာ-ပဟာနေန၊ ပညတ်ချုပ်ပျောက် ဓာတ်ကို ရောက်၍ အထောက်မတည့် အလည့်လည့်ပျက် ဖြစ်ရချက်ကို နှစ်သက်မရှိ ဝိစိကိစ္ဆာ မရှိပါ၍၊ သက္ကာယချုပ် လောကီစိတ် ပြုတ်သဖြင့်။ တမုဟုတ် မဂ်ဉာဏ် အကြောင်းရင်း ခံခြင်းကြောင့်။ပဟီနာပါယဂမနော၊ ငရဲ-တိရစ္ဆာန်-ပြိတ္တာ-အသူရကာယ်၊အပါယ်ဘုံသို့မရောက် ဖိုလ်အကျိုး ထောက်ခြင်းကြောင့်။ သတ္တက္ခတ္တု ပရမော၊ ဘုရား သား, သမီး, မှန်ကွာ ပရမတ္ထသံဃာ အရိယာ အစစ်ကောန်ဖြစ်၍။ ဘဝသစ် ခုနစ်ခါ၊ လူ,, နတ်ရွာတွင် ချမ်းသာ

ခံစား နိဗ္ဗာန်သို့ သွားတတ် သောကြောင့်။ သောတာပန္နော နာမ၊ အနာထပိဏ် ဝိသာခါ ပုံပမာသို့ သိဃာဘဦး နာမည် ထူးသည်။ ဟောတိ၊ကောင်းစွာ ထင်ရှား လေတော့၏။

ရုပ်-နာမ် ဓမ္မ ဒုက္ခ.သစ္စာသည်၊ ပေါ်တဲ့နေရာတွင် ချုပ် ပျောက် ပျက်စီး သွားတယ်။ ထို့ကြောင့် အပါယ် ကျစရာ သတ္တဝါမရှိလို့ အပါယ်တံခါး ပိတ်သည်ဟု မြတ်စွာဘုရား ဟောတော်မူသည်။ရုပ်၊နာမ်သိပြီး အရိယာများမှာ လူပြည် တွင် တဖန်ပြန်၍၊ ပဋိသန္ဓေမနေ။ ထို့ကြောင့်၊ဆင်းရဲ နှင့်ငရဲ လွတ်တာကို သဥပါဒိသေသ နိဗ္ဗာန်လို့ခေါ် သည်။

## စဇ်တာမ်းထုတ်ပုံ။

သီလအထူး စင်ကြယ်သည်ဆိုတာ ကာယကံ- ဝစီကံ လုံလို့သီလ။ ငါမဟုတ်–အတ္တ- အတ္တနိယ ဆိတ်လို့၊ လောဘ ဒေါသမဖြစ်၍၊ အထူး စင်ကြယ်သည်ကို သီလဝိသုဒ္ဓိ ခေါ် သည်။စိတ္တဝိသုဒ္ဓိဆိုသည်မှာ လေးဆဲ့တလုံးသော အက္ခရာ ကို သမုတ်ရုံသာ ရှိတာဘဲ။ အဟုတ်မရှိဟုသိ၍ စိတ်ဟိုဟို ဒီဒီမပြန့်လွင့်ဘဲ။ စိတ်အထူး စင်ကြယ် သည်ကို စိတ္တဝိသုဒ္ဓိ ခေါ် သည်။ ဒိဋ္ဌိဝိသုဒ္ဓိဆိုသည်မှာ သမုတိသစ္စာနှင့်ပရမတ္ထ သစ္စာနှစ်ပါးကို ဟုတ်တိုင်းမှန်စွာ ယထာဘူတ ဉာဏ်ဖြင့် ပိုင်းခြား၍ သိသည်ကို ဒိဋ္ဌိဝိသုဒ္ဓိ ခေါ် သည်။ကင်္ခါဝိတရဏ ဝိသုဒ္ဓိဆိုသည်မှာ၊ယခုဖြစ်ဆဲ ဘဝမှာ လည်း၊ ဒုက္ခသစ္စာဘဲ ဖြစ်ပြီး ဘဝ မှာလည်း၊ ဒုက္ခ သစ္စာဘဲ။ ဖြစ်လတ့ံ ဘဝ မှာလဲ ဒုက္ခသစ္စာဘဲ။ ယခုဖြစ်ဆဲ မှာလည်းပုဂ္ဂိုလ် သတ္တဝါ

မဟုတ်၊ နောင်ဖြစ်လတ္တံ့မှာလည်း ပုဂ္ဂိုလ် သတ္တဝါ မဟုတ် နောက်ဖြစ်ခဲ့တုန်း ကလည်း၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ဟု ယုံမှားခြင်း ကင်း၍ အမြင်၏စင်ကြယ် ခြင်းကို၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ ခေါ် သည်။

မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိဆိုသည်မှာ၊ သီလ ဝိသုဒ္ဓိ၌၊ သမ္မာဝါစာ၊သမ္မာကမ္မန္တ သမာအာဇီဝမင်္ဂသုံးပါးရပါသည် စိတ္တဝိသုဒ္ဓိ၌ သမ္မာဝါယမ၊သမ္မာသတိ၊ သမ္မာသမာဓိ၊မင်္ဂသုံး ပါးရပါသည်။ ဒိဋ္ဌိဝိသုဒ္ဓိ သမ္မာသင်္ကပ္ပ၊ သမ္မာဒိဋ္ဌိ မင်္ဂနှစ်ပါး ရပါသည်။ ၎င်းမဂ္ဂင် ရှစ်ပါးသည်၊ မင်္ဂ ဟုတ်သည် ဟု အမြင်၏ စင်ကြယ် ခြင်းကို၊ မဂ္ဂါမဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိ ခေါ်ပါသည်ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဆိုသည်မှာအလယ် အလတ် တရားကိုဆိုသည်။ အဘယ်ကြောင့်နည်း၊အတိတ် အကြောင်းက အဝိဇ္ဇာ၊ ပစ္စုပ္ပန်အကြောင်းကတဏှာ၊ ယခု ပေါ်ဆဲ ခဏဒုက္ခသစ္စာဘဲဟု မင်္ဂဉာဏ်ကသုံးသတ်ဆင်ခြင် နေသည်။ထိုအခါအဝိဇ္ဇာ ကလည်းမလာ၊ တဏှာသို့လည်း မဆက်ဘဲ၊အလယ်အလတ် ဒုက္ခသစ္စာကြီးဆင်ခြင်နေသည် ကိုခေါ် သည်။ထို့ကြောင့်။ ။

မာပမာဒဿဘိက္ခဝေ၊ ပဉ္စာဝိမုစ္စိုသာရိနော
မာအဟုဝဿ။ ။

ဘိက္ခဝေ၊ နောက်ကလိုက်လာတဲ့အဝိဇ္ဇာသံသရာဘေး ရေးကိုဆက်မဲ့ တဏှာ သံသရာဘေးကို အမြဲရှုလေ့ ရှိကုန် သော ချစ်သား ချစ်သမီး အပေါင်းတို့၊ဗျာယာထ၊အဲသည်ဒုက္ခ

သစ္စာကိုဘဲ တစိမ့်စိမ့် တစိစိကြည့်ရှု၍ နေကြဲကုန်လော့။ မာပမာဒတ္ထ၊ မေ့မေ့မော့မော့ ပေါ့ပေါ့တန်တန် မနေပါနှင့်။ (ဘယ့်ကြောင့် မေ့နေဝင်မယ်၊ မော့နေဝင်မယ်၊ ပေါ့နေဝင်မယ်)ပစ္ဆာ၊ နောင်ကာလ၌။ ဝိပ္ပဋိသာရိနော၊ နှလုံးမသာ မျက်နှာမလှ၊ ပူပန် ပိုးရိမ် ရခြင်းကို။ မာအဟုဝတ္ထ၊ မဖြစ်ကြစေကုန်လင့်။

ညာတာဒဿနဝိသုဒ္ဓိ ဆိုသည်မှာ၊ သစ္စာလေးပါးကိုပိုင်းခြား၍ သိသည်ကို ဆိုသည်။ ရုပ်-နာမ်-ခန္ဓ-ဒုက္ခ သစ္စာ။ ထိုဒုက္ခသစ္စာကို သိမှဖြစ်၏။ ထို့ကြောင့်။ ။

ယောစဝဿသတံဇီဝေ၊ အပဿံဥဒယဗ္ဗယံ။
ဧကာဟံဇီဝိတံသေယျော၊ ပဿတော ဥဒယဗ္ဗယံ။ ။

ယောစ၊ အကြင် သူသည်ကား၊ ဥဒယဗ္ဗယံ၊ ဖြစ်ပျက်မှန်လှ၊ ရုပ်,နာမ်,သင်္ခါရကို။ အပဿံ-အပဿန္တော၊ မရှုမမြင်ဘဲ။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝေ၊ အသက်ရှည်ငြားအံ့။ နသေယျော၊ မမြတ်။ ဥဒယဗ္ဗယံ၊ ခန္ဓာငါးပါး၊ အနိစ္စခေတ်၊ ပရမတ်ကို။ ပဿတော၊ ရှုမြင်သောပုဂ္ဂိုလ်၏ ဧကာဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက် ရှည်ခြင်း သည်။ သေယျော၊ မြတ်၏။

အဝိဇ္ဇာနှင့် တဏှာက၊ သမုဒယသစ္စာ ဒုက္ခဘဲ သမုဒယဘဲပိုင်းခြား၍ မြင်သည်ကို မဂ္ဂသစ္စာ။ ဒုက္ခနှင့် သမုဒယကိုမြင်၍ လိုချင်မှု သာယာမှု ငြိမ်းသည်ကို၊ နိရောဓ သစ္စာ။ သစ္စာလေးပါးကိုလက်ဝါးပေါ်ပတ္တမြားတင်သလို၊ ပိုင်းခြား

၍မြင်သည်ကို၊ဉာဏဒဿနဝိသုဒ္ဓိခေါ် ပါသည်။သစ္စာလေး ပါးကို၊ ထွင်းဖေါက် ရှုပေးတာ မြတ်စွာ ဘုရား တာဝန်။ အားမလျော့တဲ့ယောက်ျား၊ တပည့် သာဝက တာဝန်။ သစ္စာလေးပါး မှတပါး အားထားစရာမရှိ။ထို့ကြောင့် ‘ဓမ္မံသရဏံဂစ္ဆာမိ’ ဟုဘုရား ဟောတော် မူခဲ့သည်။ တရားတော်ဟာ ဂုဏ် ခြောက်ပါးနှင့် ပြည့်စုံသည်။ ဂုဏ်တော် ခြောက်ပါး ဟူ သော်ကား။ သွာက္ခာတဂုဏ် သန္ဒိဋ္ဌိကဂုဏ် အကာလိက ဂုဏ် ဧဟိပဿိကဂုဏ် ဩပနေယျိကဂုဏ် ပစ္စတ္တံဝေဒိ တဗ္ဗဂုဏ်၊ ထိုဂုဏ်တော် ခြောက်ပါးနှင့်ညီမှ တရားဂုဏ်။ ဤတရားဂုဏ်ပေါ်မှ အရဟံအစ ဘဂဝါ အဆုံးရှိသော။ ကိုးပါးသော ဂုဏ်ပေါ်လာသည်။ ကိုယ်တော် မြတ်ကြီး သိတော်မူသည့်အတိုင်း၊ဟုတ်တိုင်း မှန်တိုင်း ကျွန်ုပ်သချာ စွာ သိမှသာလျှင် သံဃာ ဂုဏ်ကိုးပါး ပေါ်လာသည်။ သံဃာဂုဏ် ကိုးပါး ဟူသော်ကား။ သုပ္ပဋိပန္နဂုဏ် ဥဇု ပဋိပန္နဂုဏ်၊ ဉာယပဋိပန္နဂုဏ်၊ သာမီစိပဋိပန္နဂုဏ်၊ အာဟု နေယျဂုဏ်၊ ပါဟုနေယျဂုဏ်၊ အဉ္ဇလီ ကရဏီယဂုဏ်၊ အနုတ္တရပုညက္ခေတ္တဂုဏ်၊ ဤသို့အားဖြင့် သံဃာဂုဏ်ကိုးပါး ထိုဂုဏ်များသည် ဗုဒ္ဓဘာသာ မှန်သမျှ၊ ဘုရား, တရား, သံဃာ ရတနာ သုံးပါး လောကုတ္တရာ သရဏဂုဏ်။ မိမိကိုယ်ပိုင်ဉာဏ်နှင့်သိတာက၊ ဒိဋ္ဌသရဏဂုဏ်။သစ္စာဝါ တိုင်း၏ သဗ္ဗညုဉာဏ်မှာ၊ ၎င်းသရဏဂုဏ်တည်မှ ဗုဒ္ဓဘာသာ လူမျိုးဖြစ်မည်။ဗုဒ္ဓကဘုရား၊ ဘာသာကအယူ၊ ဘုရားအယူ အတိုင်းမှန်မှ အရိယာ အစစ်ဖြစ်မည်။

သမုတိသံဃာ တို့သည် သီလ, သမာဓိ, ပညာ, သိက္ခာ သုံးပါးကို၊ စောင့်ရှောက် ကြသည်။ စောင့်ရှောက်သည့် အတိုင်းပြည့်ဝုံလျှင် ပရမတ္ထ သံဃာအဖြစ်တော်သို့ ရောက်ကြသည်။ သမုတိသံဃာခေါ် ခြင်းကား ပရမတ္ထအလောင်းကိုခေါ် သည်။ ပရမတ္ထ သံဃာ ဖြစ်တတ်သော တရားကို ကျင့်၍ နေသောသူဟု ခေါ် သည်။ ၎င်းအဓိသီလ၊အဓိစိတ္တ၊ အဓိပညာ၊ သိက္ခာ (၃)ပါးကို မလေ့လာ၊ မပွားများ ပါက။ သမုတိလည်း၊မဟုတ်၊ ပရမတ်လည်း မဟုတ်။ ခြားအလုပ် လောကီ အကုသိုလ်၊ ကုသိုလ်မျှသာ ဖြစ်သည်။လော-ကုတ္တရာ မဟုတ်ကုန်။ ဘုရား သား, သမီး မဟုတ် ကုန်ဟု မှတ်ပါလေ။ ၎င်းသိက္ခာ သုံးပါးကို လေ့လာ ပွါးများ နေပါက၊ မည်သူမဆို၊ ဘုရား သား, သမီး၊ သမုတိ သံဃာ၊ ပရမတ္ထ သံဃာဟူ၍ မှတ်ပါလေ။ ထို့ကြောင့်။

> အလက်တောစေပိ၊ သမံစရေယျ။ သန္တော ဒန္တော နိယတော ဗြဟ္မစာရီ၊သဗ္ဗေသုဘူတေသု၊ နိဓါယဒဏ္ဍံ၊ သော သမဏော သော ဗြာဟ္မဏော၊ သောဘိက္ခုတိ ဝုစ္စတိ။ ။ဓမ္မပဒပါဠိတော်။

ဘိက္ခုဝေ၊ရဟန်းတို့။ ယော၊အကြင်သူသည်။ သန္တော၊ ကိုယ်နှုတ်နှလုံး ငြိမ်သက်သည် ဖြစ်၍။ ဒန္တော၊ ကိုယ်နှုတ် နှလုံး ယဉ်ကျေးသည် ဖြစ်၍။ နိယတော၊ သီလ သမာဓိ၊ ပညာ၊ သိက္ခာ သုံးပါး တရား၌ မြဲသည်ဖြစ်၍။ ဗြဟ္မစာရီ၊ ကာမဂုဏ်နှင့်၊အာရုံမစပ်၊ မြတ်သောအကျင့်ကို၊ ကျင့်လေ့

ရှိသည်ဖြစ်၍ သဗ္ဗေသု ဘူတေသု၊ အလုံးစုံသော သတ္တဝါ တို့၌။ ဒဏ္ဍံ၊ ရိုက်နှက်ခြင်း၊ ဆင်းရဲခြင်းစသော။ ကာယဒဏ် ဝစီဒဏ်ဂုကို။နိဒါယ၊ မထင်စေရ စွန့်ပယ် ချထား၍။ သမံ၊ သီလသမထ၊ ဝိပဿနာနှင့် ညီညွတ်စွာ။ ဝါ၊ ကိလေသာ မိ.ငြိမ်းအောင်။ စရေယျ၊ ကျင့်ကြံအံ့။ သော၊ ထိုသို့ပြုကျင့် သောသူသည်။အလင်္ကတော၊အဝတ်ပုဆိုး ပုတီးနားဒွေါင်း မင်းမြောက် တန်ဆာတွေပင် ဝတ်ဆင်၍ နေသည်။ စေပိ ဟောတိ၊ အကယ်၍ ဖြစ်စေဦးတော့။ သော၊ ထိုသူသည်။ သမဏော၊မာဂဓခေါ် သာမဏာပေတည်း။ ဗမာခေါ် ရဟန်း ပေတည်း။ သော၊ ထိုသူသည်၊ ဗြာဟ္မဏော၊ မာဂဓခေါ် ဗြာဟ္မဏာ ပေတည်း။ ဗမာခေါ်သူမြတ်ပေတည်း။ သော၊ ထိုသူသည်။ ဘိက္ခု၊ မာဂဓခေါ် ဘိက္ခုပေတည်း။ ဗမာ ခေါ် ရဟန်းပေတည်း။ သံဃာပေတည်း။

ရုပ်-နာမ်-ခန္ဓာ-အာယတန- ဓါတ်ပဋိစ္စသမုပ္ပါဒ်၊ သစ္စာ သိလျှင်-ကလျာဏ။ မသိလျှင် အန္ဓ။ကလျာဏများမှာတော့ သိအပ်တဲ့ တရားကိုသိ။ ပယ်အပ်တဲ့တရားကိုပယ်။ ယူအပ် တဲ့တရားကိုယူ၊ ပွားအပ်တဲ့ တရားကိုပွား ဟု မြတ်စွာ ဘုရား ဆုံးမသည့်အတိုင်း သိသည်ကို ကလျာဏ။ ပုထုဇဉ် များမှာ ဘယ်က လာခဲ့သလဲမသိ၊ ဘယ်ရောက်မည်ဟူ ၍လည်းမသိ။ ဘရမ်းဘတာစိတ်နှင့်သာ အချိန်ကုန်ခဲ့ရ၏။ ထို့ကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက၊ အရိ ယာတို့၏ ဂတိနိမိတ်၊ ပုထုဇဉ်တို့၏ ဂတိနိမိတ်၊ ပုထုဇဉ် များမှာ လေပွေလေရူး နောက်မှ ပါလာသော သစ်ရွက်

ခြောက်နှင့် အလားတူသည်။ ဘာရမ်းဘာတာ ဘယ်ကျမှန်း မသိ။ အရိယာများမှာတော့ သစ်ပင်မှာနားသော ငှက်နှင့် တူသည်။ သစ်ပင်ကို ခုတ်လှဲသော်လည်း၊ အလေးဂရုမပြု။ အတောင်ကိုသာ အလေးဂရုပြုသကဲ့သို့၊ အတောင်ပါတော့ ဘာရမ်းဘာတာ မကျနိုင်။ ထိုဥပမာကဲ့သို့ အရိယာများမှာ၊ မဂ္ဂင်ရှစ်ပါးတည်းဟူသော အတောင်ပါ၍ ဘာရမ်းဘာတာ မကျနိုင်။ ဘယ်ရောက်မည်ဟု သိရမည်။ ထိုကြောင့် (မသိကအခ သိကအဆုံး ကိစ္စတုံးသည်)အပါယ်ငရဲလည်းမကျ၊ လူ့ပြည်မှာလည်း ပဋိသန္ဓေ ဆင်းရဲလည်းမရ။ ဆင်းရဲနှင့် ငရဲ လွတ်ကင်း သွားသည်ကို အရိယာ ခေါ်သည်။

တထောင့်ငါးရာ ကိလေသာကို အကျဉ်းချုံးလိုက်လျှင် သံယောဇဉ် ဆယ်ပါး။ အရိယာများမှာ ဘယ်သံယောဇဉ် ပယ်ပြီလဲဆိုလျှင် ဒိဋ္ဌိသံယောဇဉ်၊ ဝိစိ ကိစ္ဆာသံယောဇဉ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ် ပယ်သည်။ သံသရာ သုံးကြောင်းသုံးသွယ် ရှိသည်တွင် အရိယာများမှာ အောက် သံသရာ ပြတ်သွားသည်။ တဏှာ မဖြစ်လျှင် အလယ် သံသရာ ပြတ်သည်။ မာန မဖြစ်လျှင်၊ အထက်သံသရာ ပြတ်သည်။ တဏှာ၊ မာန၊ ဒိဋ္ဌိသည် ပပဉ္စတရား၊ သံသရာ ချဲ့ထွင်တတ်သည်။ ၎င်းမဖြစ်လျှင် သံသရာမဖြစ်။ ဒိဋ္ဌိမဖြစ် အောင် ပြခဲ့ပြီ။ တဏှာ မဖြစ်အောင်လိုသေးသည်။ တဏှာ မဖြစ်အောင် ဘယ်တရား ဆည်းကပ်ရမလဲ။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက၊ ကာမရာဂ ဗျာပါဒ ခေါင်းပါး အောင် အသုဘကိုရှုရမည်ဟု ဟောတော်မူခဲ့သည့်အတိုင်း

အသုဘာဘယ်မှာရှုရမလဲ။ အထက်ကပြခဲ့သော အကြောင်းတရား လေးပါး ရှိသည်တွင် ကံကြောင့် ဖြစ်သောရုပ် ပသာဒရုပ်ငါးပါး စိတ်ကြောင့်ဖြစ်သော ရုပ်အသက် ထင်ရှားသတ်ကြီး လေးပါး။ ၎င်းရုပ် နှစ်ရုပ်သည် အနတ္တရုပ်။ ၎င်းသည် ဒိဋ္ဌိ သတ်တရား ဒိဋ္ဌိ သတ်ခဲ့ပြီ။ ၎င်းအနတ္တ ရုပ်မှ နေသော၊ မိဘနှစ်ပါး၏ သုက်၊ ဥတုက ဖြစ်သော ဥတုကြောင့်ဖြစ်သောရုပ်နှင့် အဟာရကြောင့် ဖြစ်သော အဟာရရုပ်သည်။ အသုဘရုပ်။ ၎င်းကို ကြည့်၍ တဏှာသတ်ရမည်။ အနတ္တရုပ်သည်စိတ်နှင့်တကွဖြစ် တကွ ပျက်သော ရုပ်ဖြစ်သည်။

သုံးဆယ့်နှစ်ပါးသော အစုအဝေး။ အဟာရကြောင့် ဖြစ်သော ငါးရငါးပုံ ရွံစရာဘဲ။ နှစ်သက်စရာမရှိဟု မြင်လျှင် တဏှာသတ်သည် မည်၏။ ၎င်းတဏှာသေလျှင် ဒေါသ ရာသ၊ မစ္ဆရိယ၊ ကုက္ကုစ္စ ဖြစ်ပါအုံးမလား။ ၎င်းမဖြစ်တော့ အလယ်သံသရာ ပြတ်သည်။ သတ္တဝါတွေက သုံးဆယ့် နှစ်ပုံ ရွံစရာကို သာယာနေကြသည်၊ ချစ်ခင်နေကြသည်။ ထို့ကြောင့်။

“ခန္ဓာကိုယ်-သိုးအပုပ်။ ကတိုးထုပ်ကြီးမှတ်ရှာ။ ခေါက်လေးဝ ညှိမှုတာကို။ ဇိဝသာထင်ကြ။ ငါတကား အမှားမြင်လျှင်။ တရားပင် ဝေးလိုက်ထာက။ ။မာနတွေ ပွေလှလို့မသေကြမှာကို။ မနေသာ-ဗျာဓိဆွဲတော့မှ၊ သေအလဲ ညီးသံနှင့်ပို။ ။သွေ့မလွဲဘု-မြေသုသာန်ကို။ သေရုပ်နာမ် အမိဘမ်းတော့မှ၊ သိကြွမ်းတဲ့-ဝိပဿနာ။ မျိုးထုပ်ကမပါ။

သံသာရ မျောမြုတ်ရှာမယ်။ ‘လောကုတ္တရာကူးနိုင်ဘို့ဝေး ဟူ၍ရင်း”

အဝိဇ္ဇာပိတ်ခါဆို့။ မိစ္ဆာ မြူပြင်ပြင်။ ဇာဋ္ဌာလို- ခင်မင်လျှင်။ လွှင့်စင်မည်မလွဲ။ ဒိဋ္ဌိ°သ အပုပ်ကောင်ကို။ ဟုတ်ယောင်ယောင် မှန်းစိတ်ကစွဲ။ ။အပုပ်ရည်-ယိုမစဲပါဘု့။ ဝိဋ္ဌိလျက်သူ့မှာ။ သွေး, သည်းခြေ, ပြည့်,သလိပ်တွေနှင့်။ ယိုမဖိတ် လျှံပြည့်လှိုသာ။ ။သို့ကလောက် ရွံစရာကို။ ညွှန်တဏှာစက်ထဲမှ၊ ထွက်ခဲလှတပေပေ။ မွန်းနှစ်ကြချေ။ ။ မှောင်ကြသည့် အကန်းတွေမှာ။ ပန်းမပြေ ဟိုက်လွန်းလို့လေး-ဟူ၍ရင်း စပ်ဆိုလေသည်။

ထို့ကြောင့်(တဏှာသတ်လျှင်အကုန်စင်၊ တွင်တွင်မြဲမြဲ သတ်မှာဘဲ။ ထပ်ထပ်လဲလဲ သတ်မှာဘဲ။ တဏှာညစ်ပုတ် အမြစ်ပြုတ်အောင် ခြစ်ခြုပ်ကုပ်ကတ် အဟုတ် သတ်မှ ရပ်ခေတ်ပုတ်သိုး နာမ်သူခိုးတို့ နှစ်မျိုးကင်းကွာ ကွင်းကျွတ်မှာကြောင့် တဏှာထောင်မှူး သေသောက်ကျူးကို အထူးကြပ်တဲသတ်မှာဘဲ။ အမှူးခေတ်ခဲ သတ်မှာဘဲ။ အရှူးခေတ်ခဲ သတ်မှာဘဲ။ အတိုင်းအထွာ နိုင်းစရာလျှင် ပမာမရ အာသဝကြောင့် ဝါဒမကုန်ကာမထုံ၍၊ တမှုန်မွဲမွဲ ရေပုံဝဲ၌ မြုတ်မြဲ မြုတ်ခါမျောကြရာ၏။ သြဃာ သြဃအာသဝတွင် ညာဏာညာဏံ ညာဏ်ဖြင့် ကြိလော့။ ညာဏ်သာလိုရင်း၊ ညာဏ် မဖြင်းနှင့်။ ညာဏ်သွင်းနိုင်က ညာဏ်ချောင် ထလိမ့်။ ညာဏ်စ ရှည်စေ ဥာဏ်ညွှန့်ဝေအောင် ဥာဏ်ရေနှင့်ဖျန်း ဥာဏ်ပွင့်လမ်းမှ ဥာဏ်ခမ်းကိုရှောက် ဥာဏ်လမ်းပေါက်

မည်။ "ဉာဏ်ရောက်လျှင်လဲအဆုံးဘဲ။ ဉာဏ်မှောက်လျှင်လဲအရှုံးဘဲ။ ဉာဏ်ရောက်ဘို့လဲ-လွန်ခက်ခဲ" ဟူ၍ငြင်း၊ စပ်ဆိုပေသည်။

ငြင်းတဏှာသေလျှင်၊ အနာဂါမိမဂ် ဖြစ်သည်။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာပယ်လျှင်၊ သောတာပတ္တိမဂ်။ သဒါဂါမိများမှာတော့ အကြောင်းထူးမပယ်။ အနာဂါမိများမှာ၊ ဒေါသ ဣဿာမစ္ဆရိယ-ကုက္ကုစ္စပယ်သည်။ ရဟန္တာများမှာတော့ လောဘ-မောဟ-မာန- အဟိရိက-အနောတ္တပ္ပ- ထိန-မိဒ္ဓ ဥဒ္ဓစ္စ ငြင်းရှစ်ပါးပယ်သည်။ ငြင်းမဂ်မှာ ဘာကိုမြင်လို့ ပယ်သလဲ။ စိတ်-စေတသိက်-ရုပ်-မမြဲဘဲ ဒုက္ခသစ္စာကြီး မြင်လို့ မာန ပယ်သည်။

သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်၊ ဉာဏ်သုံးပါး ရှိသည့်တွင်၊ သောတာပတ္တိမဂ် ရပြီးသော ပုဂ္ဂိုလ်မှာ သစ္စဉာဏ်ကို ပိုင်းခြားစွာ မြင်သော ပုဂ္ဂိုလ် ဖြစ်သည်။ ကိစ္စဉာဏ် ဆိုသည်မှာ ပယ်စဉ် တရားကို ပယ်ရမည့် ကိစ္စကိုလည်းသိပြီ ဖြစ်သည်။ ထို့ကြောင့် သိအပ်တဲ့တရားကိုသိ။ ပယ်အပ်တဲ့ တရားကိုပယ်။ ယူအပ်တဲ့ တရားကိုယူ။ ပွားအပ်တဲ့ တရားကိုပွား။ ဘာပွားရမလဲ ရှုစရာ ဘဲလို့ ပွားလျှင် တဏှာသေသည်။ မမြဲဘဲလို့ ပွားလျှင် မာန သေသည်။ ပွားဆဲကို ကိစ္စဉာဏ်။ ပွားပြီး ကတဉာဏ် ခေါ်သည်။

နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် ဝိပဿနာဉာဏ် ငြင်းသုံးဉာဏ် ပိုင်လျှင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ပြတ်လို့

ဒိဋ္ဌာနုသယ သေသည်။ အသုဘာရှု၍ တဏှာ သေလျှင်-
တဏှာ နုသယ သေသည်။ မမြဲတာရှု၍ မာန သေလျှင်၊
မာနာနုသယသေသည်။ ၎င်းအနုသယသုံးချက်သေသည်ကို
အနုပါဒိသေသ နိဗ္ဗာန်ခေါ်သည်။

မေ့ကွန္တာပေါင်း ရှစ်သောင်း လေးထောင်ကို ချုံးလိုက်
လျှင် ပိဋကတ်သုံးပုံ။ ၎င်းကို ချုံး၍ အဆီသွင်း လိုက်လျှင်
ဗောဓိပက္ခိယ သုံးဆဲ့ ခုနစ်ပါး ထွက်လာသည်။ ၎င်းကို
အဆီသွင်း လိုက်လျှင် သိက္ခာသုံးပါး ထွက်လာသည်။

တထောင့်ငါးရာ ကိလေသာကို အကျဉ်းချုံးလိုက်လျှင်
သံယောဇဉ် ဆယ်ပါး၊ ၎င်းကို အကျဉ်းချုံး လိုက်လျှင်
ကိလေသာ သုံးပါး ထွက်လာသည်။ ၎င်း- ကိလေသာ
သုံးပါးကို၊ သိက္ခာ သုံးပါးနှင့် သတ်ရမည်။ ကိလေသာ
သုံးပါးကား ဝိတိက္ကမ ကိလေသာ၊ ပရိယုဋ္ဌာန ကိလေသာ၊
အနုသယ ကိလေသာဟူ၍ သုံးပါးရှိသည်။

သိက္ခာ သုံးပါးကား၊ သီလ- သမာဓိ၊ ပညာ- သိက္ခာ
ဟူ၍ သုံးပါးရှိသည်။ ဝိတိက္ကမ ကိလေသာ ကာယကံ,
ဝစီကံ သောင်းကျန်းသည်ကို သီလသိက္ခာနှင့်သတ်ရမည်။
ပရိယုဋ္ဌာန ကိလေသာ မနောကံ သောင်းကျန်း သည်ကို
သမာဓိ သိက္ခာနှင့် သတ်ရမည်။ အနုသယ ကိလေသာ၊
ကိန်းနေတာကို၊ ပညာသိက္ခာနှင့် သတ်ရမည်။ ထို့ကြောင့်
ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးက (လွန်ကျူး
ဆူပွက် မျိုးမပျက် သုံးချက် ကိလေသာ။ သီလ- သမာဓိ

ပညာ၊ သတ်ရာ သုံးသိက္ခာ။ အနာနှင့်ဆေး ကိုက်အောင်ပေး ပျောက်ရေး မခက်ပါ)ဟု ဟောကြားတော် မူသည်။

သံယောဇဉ် ဆယ်ပါး ဟူသော်ကား၊ ဒိဋ္ဌိသံယောဇဉ်၊ ဝိစိကိစ္ဆာ သံယောဇဉ်၊ သီလဗ္ဗတ ပရာမာသသံယောဇဉ်၊ ကာမ ရာဂ သံယောဇဉ်၊ ပဋိဃ သံယောဇဉ်၊ ရူပရာဂ သံယောဇဉ်၊ အရူပ ရာဂ သံယောဇဉ်၊ မာန သံယောဇဉ် ဥဒ္ဓစ္စ သံယောဇဉ်၊ အဝိဇ္ဇာ သံယောဇဉ် ဟူ၍ ဆယ်ပါး ရှိသည်။ပဌမမဂ်၌၊ ဒိဋ္ဌိသံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ သီလဗ္ဗတ ပရာမာသ သံယောဇဉ်- ပယ်သည်။ ဒုတိယ မဂ် အနာဂါမ် များမှာ၊ ကာမရာဂ သံယောဇဉ်၊ ပဋိဃ သံယောဇဉ် ပယ်သည်။ တတိယမဂ် ရဟန္တာ များမှာ ရူပရာဂ သံယောဇဉ်၊ အရူပ ရာဂ သံယောဇဉ်။ မာန သံယောဇဉ်၊ ဥဒ္ဓစ္စ သံယောဇဉ်၊ အဝိဇ္ဇာ သယောဇဉ် ပယ်သည်။

ပဌမ မဂ်အခြေမှာ စစ်တန်းထုတ်ခဲ့သည်ကား၊သုဒ္ဓိခုနစ် ပါးနှင့် အချိုးကိုက် မကိုက်၊ တရားအားထုတ်သော၊ယောဂီ တို့၏ စိတ်သန္တာန်မှာ စစ်ဆေး၍ ဟုတ်မဟုတ်၊မှန်မမှန်ကို ရှင်းလင်း၍ ပြခဲ့ပေပြီ၊ ဒုတိယ မဂ်နှင့်၊ တတိယမဂ် စစ်တန်း ထုတ်၍ပြအုံးမည်။ ဗောဓိပင်နှင့် ရွှေပလ္လင် အောင်မြင် သွား ဘယ်ဆိုတာ ဘုရားသည် ဘယ်တရားကြောင့်လဲ။ ဗောဓိ ပက္ခိယ သုံးဆဲ့ခုနစ်ပါးကြောင့် ဖြစ်သည်။ ၎င်းကား၊ သတိ ပဋ္ဌာန်လေးပါး သမ္မပဓာန်လေးပါး ဣဒ္ဓိပါဒ်လေးပါး ဣန္ဒြေ

ငါးပါး ဗိုလ်ငါးပါး,ဗောဇ္ဈင်ခုနစ်ပါး,မဂ္ဂင်ရှစ်ပါးဟူ၍ဗောဓိ ပက္ခိယ သုံးဆဲ့ခုနစ်ပါး ရှိသည်။

သတိပဋ္ဌာန် လေးပါးကား၊ ကာယာ နုပဿနာ သတိ ပဋ္ဌာန် အကြောင်းတရား လေးပါးကို-ရုပ ပရိစ္ဆေဒ ဉာဏ် ဖြင့်ပိုင်းခြား၍ သဘာဝဉာဏ် သဘောတရား ကလေးကို ရှုနေ ခြင်းကို ခေါ်သည်။ စိတ္တာ နုပဿနာ သတိ ပဋ္ဌာန် အကြောင်းခံရှိတဲ့ နေရာမှာ အာရုံခြောက်ပါး၌ စိတ်ကလေး ပေါ်တိုင်း ပေါ်တိုင်း စိတ်ကလေးဘဲဟု ရှုနေ ခြင်းကို ခေါ် သည်။ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်၊ အာရုံ ခြောက်ပါး၌ ဖဿ စေတသိက် ပေါ်တိုင်း ပေါ်တိုင်း ဝေဒနာဟု ရှုနေ ခြင်းကိုခေါ်သည်။ ဓမ္မာ နုပဿနာ သတိပဋ္ဌာန် အထက်ပါ သုံးဦးကို အဖန်ဖန် ဓမ္မံသရဏံဂစ္ဆာမိလို့ ရှုနေခြင်းကို ခေါ် သည်။ သမ္မပဓာန်လေးပါးကား လွန်စွာအားထုတ်နိုင်သော ဝီရိယရှိရမည်။ တွန့်တိုခြင်း မရှိသော ဝီရိယကို ဆိုသည်။ မဖြစ်သေးသော အကုသိုလ် တရားတို့ကိုမဖြစ်စိမ့်သောငှါ၊ လုံ့လ ပြုသော ဝီရိယ ရှိရမည်။ ဖြစ်ပြီးသော အကုသိုလ် တရားတို့ကို ပယ်ခြင်းငှါ လုံ့လပြုသော ဝီရိယ ရှိရမည်။ မဖြစ်သေးသော မဂ်ကုသိုလ်၊ ဖိုလ်ကုသိုလ် တရား တို့ကို ဖြစ်စိမ့်သောငှါ၊လုံ့လပြုသော ဝီရိယရှိရမည်။ ဖြစ်ပြီးသော မဂ်ကုသိုလ်-ဖိုလ်ကုသိုလ် တရားတို့ကို ပွားများ စေခြင်းငှါ လုံ့လပြုသော ဝီရိယ ရှိရမည်။

ဣဒ္ဓိပါဒ် လေးပါး ဟူသည့်ကား၊ ပြည့်စုံချင်မှု ပြီးစီး ထမြောက် အောင်မြင်ချင်မှု ရှိရမည်။ ဆန္ဒ ဟူသော၊ ဆန္ဒိဒ္ဓိ

N P.W. — 180-9,

-ပါဒ် အလွန် အကြူး ထက်သန်သော ဆန္ဒရှိရမည်။ လိုချင်မှု ပေါက်ချင်မှု၊ ပြည့်ဝချင်မှု၊ ပြီးစီးချင်မှု ရှိရမည်။ ဝိရိယဟူသော ဝိရိယိဒ္ဓိပါဒ်အလွန်အကြူး ထက်သန်သော ဝိရိယရှိရမည်။ စိတ်ဟူသော-စိတ္တိဒ္ဓိပါဒ် သာသနာ ဓမ္မတွင် အလွန် အကြူး ထက်သန် နိုင်မာသော စိတ် ဝွဲလန်းခြင်း ရှိရမည်။ ပညာဟူသော ဝိမံသိဒ္ဓိပါဒ် ခက်ခဲ- နက်နဲသော တရားဓမ္မ သဘာဝတရားတို့၌ ဖြန့်ဖြူးစွာမြင်နိုင်သောပညာရှိရမည်။

ဣန္ဒြေငါးပါး ဟူသည်ကား။ အစိုးရ မင်းတို့၏ ဣန္ဒြေကဲ့သို့ စိတ်ကို တည်ကြည်စွာ နေရမည်၊ သဒ္ဓါ ဟူသော သဒ္ဓိန္ဒြေ ရှိရမည်။ ဝိ ရိ ယ ဟူသော ဝီရိယိန္ဒြေ ရှိရမည်။ သတိဟူသော သတိန္ဒြေ ရှိရမည်။ သမာဓိ ဟူသော သမာဓိန္ဒြေ ရှိရမည်။ ပညာ ဟူသော ပညိန္ဒြေ ရှိရမည်။

ဗိုလ်ငါးပါးဟူသည်ကား။ ဆန့်ကျင်ဘက် တရားတို့ကို အာဘုံက်မိစ်းတ တ်ခြင်းဆန့်ကျင်ဘက်ဖြစ်သောရန်သူနှင့် တွေ့ကြုံလျှင် မတုန်မလှုပ်ဘဲ- ဗိုလ်ကဲ့သို့ စိတ်ထားရမည်။ ဗိုလ်ဆိုတဲ့ သဒ္ဓါတရားရှိရမည်။ ဗိုလ်ဆိုတဲ့ဝိရိယ တရား ရှိရမည်။ ဗိုလ်ဆိုတဲ့ သတိ တရား ရှိရမည်။ ဗိုလ်ဆိုတဲ့ သမာဓိတရားရှိရမည်။ဗိုလ်ဆိုတဲ့ ပညာ ရှိရမည်။

ဗောဇ္ဈင် ခုနစ်ပါး ဟူသည်ကား။မဂ်၏ အင်္ဂါ၊မဂ်၏ အစောင်အရံတရား။သတိသမ္ဗောဇ္ဈင်- အလွန်ထင်မြင် မှတ်မိခြင်း တရား ရှိရမည်။ဓမ္မဝိစယ သမ္ဗောဇ္ဈင်၊ အလွန် သိခြင်းတရားရှိရမည်။ဝီရိယ သမ္ဗောဇ္ဈင် အလွန်အားထုတ် ခြင်း တရားရှိရမည်။ ပီတိသမ္ဗောဇ္ဈင်၊ အလွန်နှစ်သက်ခြင်း

တရား ရှိရမည်။ ပဿဒ္ဓိ သမ္ဗောဇ္ဈင်၊ အလွန် ငြိမ်းချမ်းခြင်းတရား ရှိရမည်။ သမာဓိ သမ္ဗောဇ္ဈင်၊ အလွန် တည်ကြည်ခြင်းတရား ရှိရမည်။ ဥပေက္ခာ သမ္ဗောဇ္ဈင်၊ အလွန် လျစ်လျူ ရှုခြင်း တရား ရှိရမည်။

မဂ္ဂင်ရှစ်ပါးကား၊ သမ္မာသင်္ကပ္ပ၊ ကောင်းသောကြံခြင်း။ သမ္မာဒိဋ္ဌိ၊ ကောင်းသော မြင်ခြင်း၊ သမ္မာဝါယာမ၊ ကောင်းသောလုံ့လ ထုတ်ခြင်း။ သမ္မာသတိ၊ ကောင်းသော သတိရှိခြင်း။သမ္မာသမာဓိ၊ကောင်းသောတည်ကြည်ခြင်း။ သမ္မာဝါစာ၊ကောင်းသောစကားပြောခြင်း။သမ္မာကမ္မန္တ၊ကောင်းသောအမှုပြုခြင်း။သမ္မာ- အာဇီဝ၊ ကောင်းသောအသက်မွေးခြင်း။

ဇင်းဗောဓိ ပက္ခိယ ( ၃၇ )နှင့် ညီညွတ်လျှင် လေးမဂ် လေးဖိုလ် အားလုံးကို ရသည်။ ထိုဗောဓိပင်နှင့် ရွေပလ္လင် အောင်ပြီး မာရ်ငါးပါးကို အောင်တော် မူသည်။မာရ်ငါးပါး ဟူသည်ကား။( ၁ ) ဒေဝ ပုတ္တ မာရ်၊( ၂ ) ကိလေသ မာရ်၊ (၃) ခန္ဓ မာရ်၊ (၄) မစ္စု မာရ်၊ (၅) အဘိသင်္ခါရ မာရ်ဟူ၍ မာရ်ငါးပါးရှိသည်။ ထိုမာရ်ငါးပါးကိုထွေးထွေးညက်ညက် ပယ်ဖျက်ခုတ်ထွင် အောင်မြင်တော်မူသော မြတ်စွာဘုရား လို့ချီးကျူးနေရတယ်မဟုတ်လား။အခုကိုယ်တိုင်ဒေါ့ထုတ် သူ၏ သတ္တာန်မှာ အောင်ရမည်။

(၁) ဒေဝပုတ္တ မာရ်။ဒေဝ- နတ်၊ပုတ္တ-သား၊ နတ်သား မာရ်ကို အောင်ခြင်း။ နတ်သားမာရ် အောင်တယ် ဆိုတာ စိတ္တာညဏ်ကို ရပြီး ဝဋ္ဋိုလ် သတ္တဝါ

မဟုတ်ဘူးလို့သိပြီ၊ သိမ်လို့မရဘူး။ ထို့ကြောင့်။ မာရ် နတ်သား မာရ်ကိုအောင်သည်။

(၂) ကိလေသ မာရ်။ အဆင်း၊ အသံ၊ အနံ့ အရသာ အတွေ့သည်။ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်သော ကြောင့်၊ နှစ်သက် တာတွယ်လို့ မဖြစ်သည်ကို သိ၍ ကိလေသ မာရ်အောင်သည်။

(၃) ခန္ဓ မာရ်။ အကြောင်းတရား လေးပါးကို မိမိပိုင် ခန္ဓာ မဟုတ်။ အကြောင်း တရား လေးပါးသာ ဟုတ်သည်ဟု သိသောကြောင့်၊ နောင် ဒိခန္ဓာမျိုး မဖြစ်လို့ ခန္ဓမာရ် အောင်သည်။

(၄) မစ္စုမာရ်။ ဓာတ်ကြီး လေးပါး သည် အသက် မဟုတ်။ ထိုကြောင့် သေစရာ အသက်မရှိ၍ မစ္စုမာရ် အောင်သည်။

(၅) အဘိ သင်္ခါရ မာရ်။ အဘိ-လွန်ကဲခြင်း၊ သင်္ခါရ သင်္ခါရမှုမပြု၊ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အနေဉ္ဇာဘိသင်္ခါရ မပြုသည်ကို အဘိသင်္ခါရမာရ် အောင်သည်။

ငင်းအထက်ပါ အားလုံးတို့သည်။ ဝိဇ္ဇာလမ်းတည်း။ဗုဒ္ဓ ဘာသာဆိုလျှင် ဘုရားဆုံးမတော်မူသည့်အတိုင်းသိရမည် ဝိဇ္ဇာစရဏသမ္ပန္နော ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူပါပေ၏ ဝိဇ္ဇာလမ်း စရဏလမ်း ခွဲခြမ်း၍ သိရမည်။ မကောင်းတာ မကောင်းဘူး ကောင်းတာ ကောင်းတယ်လို့ ဆိုးမွေရော ကောင်းမွေရော သိရမည်။ ထို့ကြောင့် (မကောင်းရာမြစ်၊

ကောင်းရာလှစ်၊ အသစ်ပေါကြူး။မကြွားစဘူး၊ ကြွားဘူး ထပ်မံ၊ နိဗ္ဗာန်ဝင်မှု၊ ဤခြောက်ခု၊ ကောင်းမှု လွန်သချာ) မကောင်းရာမြစ်တား၊ ကောင်းရာ ညွှန်ပြ ဆိုတဲ့ အတိုင်း မကောင်းတာ မကောင်းဘူး၊ ကောင်းတာကောင်းတယ်လို့ သမ္မတိသစ္စာ ပရမတ္ထသစ္စာ နှစ်ခု ရှင်းသင်း၍ပြမယ် အင်မ တန်ရခဲတဲ့ သဒ္ဓမ္မသာဝဏံ အတိဒုလ္လဘံဆိုတဲ့ သူတော် ကောင်းနဲ့ တွေ့ရခဲတယ် ဆိုတာ အခုတွေ့ရပြီ။ ဒါမှန်တယ် ဒါမှားတယ်သိမှ ကျွင့်တတ်, ကြိုးတတ် တော့မပေါ့။နဂိုရ်က သိနေတာက၊ မှားတာကို အမှန်-မှန်တာကိုအမှား သိနေလို့ သံသရာကြီးထဲမှ မထွက်နိုင် တာပေါ့။

ကျေးဖူးရှင် လယ်တီ ဆရာတော် ဘုရားကြီး ဆုံးမ တော်မူခဲ့သော အလင်း လေးချောင်ကို သိနားလည် ရမည်။ အထက်က ပြခဲ့သော နာမရူပ ပရိစ္ဆေဒဉာဏ်က ဒိဋ္ဌိဝိသုဒ္ဓိ အလင်း။ ရုပ်နာမ်ကို မသိအောင် ဖုံးအုပ်ကွယ်ကာ ထားတဲ့ အဝိဇ္ဇာနှင့် တဏှာကြောင့်၊ သံသရာမှာ ရှည်လျား ခဲ့သပြီ။ ၎င်းကို သိတာ ပစ္စယပရိဂ္ဂဟ အလင်း။ သစ္စာလေးပါးလုံးကို ပိုင်းခြား၍ သိတာက၊ ဝိပဿနာ အလင်း။ အထက်က အလင်းသုံးချောင် ဟူသော ဝိဇ္ဇာလမ်းကို ပြခဲ့ပေပြီ။ ယခု ကမ္မသကတာ သမ္မာဒိဋ္ဌိ အလင်းကိုပြမည်။

သံသရာ သုံးကြောင်း သုံးသွယ် ရှိပါသည်။ အောက် သံသရာ, အလယ်သံသရာ,အထက် သံသရာ ဟူ၍ ရှိသည်။ ဒုစရိုက်ဆယ်ပါးနှင့်နေလျှင်၊အောက်သံသရာသွား။သုစရိုက် ဆယ်ပါးနှင့် နေလျှင် အလယ် သံသရာသွား။ မဟဂ္ဂုတ်

ကုသိုလ်ကံ ကိုးပါးနှင့်နေလျှင်၊ အထက် သံသရာသွား။ ထို သံသရာ သုံးကြောင်း သုံးသွယ်သည့်။ စရဏာမျိုး၊ ကဲ-မိမိ ကိုယ်မှာ စစ်ဘမ်း ထုတ်၍ကြည့်၊ ဘယ်ကတွေ ဖြစ်သလဲ

ဒုစရိုက်ဆယ်ပါးက၊ ကာယကံသုံးပါး၊ ဝစီကံ လေးပါး၊ မနောကံ သုံးပါး။ ။ကာယကံ သုံးပါးကား သူတပါး အသက် သတ်ခြင်း။ သူတပါး ဥစ္စာခိုးခြင်း။ သူတပါး သား မယား ပြစ်မှားခြင်း ဟူ၍ ကာယကံ သုံးပါး။ ဝစီကံ လေး ပါးကား ကြမ်း တန်း သော စကား ပြောခြင်း၊ သိရ်ဖျင်း သော စကားပြောခြင်း၊ ရှုန့်ရင်းသော စကား ပြောခြင်း၊ မဟုတ် မမှန်သော စကား ပြောခြင်း၊ ဝစီကံ လေးပါး။ မနောကံ သုံးပါးကား၊ အဘိဇ္ဈာ-သူတပါး ဥစ္စာကို မိမိဥစ္စာ ဖြစ်ပါစေဟု ရှေ့ရှု မက်မောသော စိတ်ရှိခြင်း၊ ဗျာပါဒ သူတပါးတို့ကာ ညှဉ်းပမ်းနှိပ်စက် ရိုက်နှက် ပုတ်ခတ်၊ သတ် ဖြတ် ထိုးကြိတ် လိုသော စိတ်ရှိခြင်း၊ မိစ္ဆာဒိဋ္ဌိ-မှားသော အယူကို ယူခြင်း စသော မနောကံ သုံးပါး။ ပေါင်း ဒုစရိုက် ၁၀-ပါး။ ထိုဒုစရိုက်မှုကိုပြုလျှင် အပါယ်လေးဘုံ၌ ကျမည်။ အပါယ် လေးဘုံ၌ မည် မျှ လောက် အသိုက် အအုံကြီး သနည်း ဆိုသော်။

အနမတဂ္ဂသံသရာ၌၊ ဤမျှလောက်ကြီးကျယ်၍နေသော အပါယ်လေးဘုံ အသိုက် အအုံကြီးသည်၊ ဘယ်တရားတို့မှ ဖြစ်သနည်း။ ဘယ်တရားတို့၏ အစီးအပွား နည်းဟူမှုကား၊ တယောက် တယောက်သော သတ္တဝါ၏ ကိုယ်ခန္ဓာမှ ဖြစ်လေရာရာ အစဉ်ပါ၍ နေသော ပြုဆိုခဲ့ပြီးသော ဒုစရိုက်

ကံဟောင်းအနုသ္တ၊ ဒုစရိုက်ကံသစ်အနုသ္တ ဟူ၍နှစ်ဖြစ်၏။ ဒုစရိုက်ကံဟောင်းအနုသ္တ၊ ဒုစရိုက်ကံသစ်အနုသ္တ ဟူ၍၏ အစီး အပွား သာတည်း။ ထိုဒုစရိုက် ကံဟောင်း အနုသ္တ တို့သည်ကား၊ အဘယ် တရား၌ တွယ်တာ၍ အစဉ် ပါရှိကာ နေကြ ကုန်သနည်း။ ထိုဒုစရိုက်ကံသစ် အနုသ္တ တို့သည်ကား၊ အဘယ် တရားမှ ပေါက်ဘွား၍ နေကြရကုန်သနည်း ဟူမူကား။

အကုသိုလ် ဒုစရိုက် ကံဟောင်း အနုသ္တတို့သည်၊ အတ္တဒိဋ္ဌိ၌ တွယ်တာ၍အစဉ်ပါရှိကာ နေကြကုန်၏။ အတ္တဒိဋ္ဌိချုပ်ဆုံးခဲ့လျှင်–ဒုစရိုက် ကံဟောင်းအနုသ္တ တို့သည်၊ တပြိုင်နက် တချက်တည်း ချုပ်ဆုံးကွယ်ပျောက်ကြကုန်၏။ အကုသိုလ် ဒုစရိုက်သစ်အနုသ္တတို့သည် အတ္တဒိဋ္ဌိမှပေါက်ဘွား၍နေကြကုန်၏။ အတ္တဒိဋ္ဌိ ချုပ်ဆုံးခဲ့လျှင်၊ အကုသိုလ် ဒုစရိုက်သစ် အနုသ္တတို့သည် နောင်အနမတဂ္ဂသံသရာ၌ တဘန်ဖြစ်ပေါ်ခြင်းမရှိ။ အကုန်လုံး ချုပ်ငြိမ်းကြကုန်၏။ အတ္တဒိဋ္ဌိ ၌ရှိနေကြကုန်သော သတ္တဝါ တို့သည်ကား။ လူ့ပြည်မှာ၊ သူဆွေး သူကြွယ် ပဒေသရာဇ်–ဧကရာဇ်–စကြာမင်္ဂလာတ်မင်း ဖြစ်၍ နေကြကုန်သော်လည်း၊ ဒုစရိုက် မီးဟောင်းအနုသ္တ၊ ဒုစရိုက် မီးသစ်အနုသ္တ ပိုင်းလျက်နေကြကုန်၏ အပါယ်မီးတွေအနုသ္တ ပိုင်းလျက် နေကြကုန်၏။ နတ်ပြည် ခြောက်ထပ်၌ နတ်မင်း သိကြားမင်းဖြစ်၍ နေကြ ကုန်သော်လည်း၊ ထိုဒုစရိုက်မီး အပါယ်မီးတွေပိုင်းလျက်နေကြကုန်၏။ ဗြဟ္မာပြည်၌ဗြဟ္မာ မင်းဖြစ်၍ နေကြကုန်သော်လည်း၊ ထိုဒုစရိုက်မီး အပါယ်မီး တွေပိုင်းလျက် နေကြကုန်၏။ ဘဝဂ်ဘုံမှာ ဗြဟ္မာကြီးဖြစ်

နေကြကုန်သော်လည်း ဒုစရိုက်မှုတွေ တန်းလန်းအပါယ်သို့ ကျရောက်ရန် အပါယ်မှုတွေ တန်းလန်းနှင့် နေကြ ကုန်၏။ အတ္တဒိဋ္ဌိရှိနေကြသမျှ ကာလပတ်လုံး၊ ထိုဒုစရိုက်မီးအပါယ်မီးတို့၏ ငြိမ်းမှုဟူသော သန္တိသုခကို အနုမြူမျှ မရကြကုန်။

ဒုစရိုက်သစ် အနန္တ ဆိုသည်ကား၊ အတ္တဒိဋ္ဌိ ရှိနေသမျှ ကာလပတ်လုံး ရှေ့သို့တွင်တွင် မိုက်မှား၍ သွားကြဦးမည့် အမှုသစ်တွေကို ဆိုသတည်း။ တရားစောင့်ထိန်းသောလူသူတော်ကောင်း၊ နတ် သူတော်ကောင်း၊ ဗြဟ္မာ သူတော်ကောင်းဖြစ်၍ နေကြ ကုန်သော်လည်း၊ ရှေ့သို့ ထိုဒုစရိုက် အမိုက်အမှား အနန္တမီးထဲသို့ ဝင်ကြရ ရောက်ကြရဦးမည် မချွတ်တည်း။ ထိုအတ္တဒိဋ္ဌိသည် အလွန် မှောက်မှားသော မိစ္ဆာအမြင်ကြီး ဖြစ်၍ ထိုဒိဋ္ဌိအုပ်စိုးလျက်ရှိကြကုန်သောသူတို့ သန္တာန်၌ လောဘမီး၊ ဒေါသမီး၊ မောဟမီး တို့သည်။ အလွန် တက်သန်ကြကုန်၏။ တထောင့် ငါးရာ ကိလေသာမီးတို့သည် အလွန် ကြမ်းတန်းကုန်၏။ သဒ္ဓါ အစရှိသော ကောင်း မြတ်သော တရားတို့သည်၊ အလွန်နုံ-နွေးသေးသိမ်ကုန်၏။ လူ့ချမ်းသာ လူ့စည်းစိမ်၊ နတ်ချမ်းသာ၊ နတ်စည်းစိမ် ဗြဟ္မာချမ်းသာ၊ ဗြဟ္မာ စည်းစိမ် တို့သည်ကား ထိုကိလေသာမီးတို့ကို လွန်စွာ တောက်စေနိုင် ပွားစေ နိုင်ကုန်၏။ လူ ချမ်းသာ လူ့စည်းစိမ်တို့သည်၊ လူ၌ ဖြစ်သော ကိလေသာမီးတို့ကို နေ့စဉ်တိုးပွားစေကုန်၍ လူ့ဘုံသူ-လူ့ဘုံသား အတ္တဒိဋ္ဌိသမားတို့ကို သေသည်၏ အခြားမဲ့၌ အပါယ်လေးဘုံသို့ချည်း အကုန် တွန်းလှဲ၍ ချကုန်၏။ နတ်တို့လည်း၊

ထို့အတူ။ ပြဟ္မာ ချမ်းသာ ပြဟ္မာစည်းစိမ်တို့သည်၊ ပြဟ္မာ၌ ဖြစ်သော ကိလေသာ မီးတို့ကို နေ့စဉ် တိုးပွား စေကုန်၍ ပြဟ္မာဘုံသူ ပြဟ္မာဘုံသားတို့ကို အပါယ် လေးဘုံသို့ချည်း အကုန် တွန်းလှဲ၍ ချကုန်၏။ ထို့ကြောင့် လူ့ချမ်းသာ နတ်ချမ်းသာ ပြဟ္မာ ချမ်းသာ တို့သည်၊ အတ္တဒိဋ္ဌိ ရှိနေကြကုန်သော လူနတ်ပြဟ္မာ သတ္တဝါတို့မှာ၊ အလွန် ကြီးကျယ်စွာသော အန္တရာယ်ကြီး အစစ်ဖြစ်ကုန်၏။ ဒုက္ခကြီး အစစ်ဖြစ်ကုန်၏။

အတ္တဒိဋ္ဌိ ချုပ်ငြိမ်း သဖြင့်၊ အသုံး ရုံသော ဒုစရိုက်မီး အပါယ်မီးတို့မှ လွတ်ငြိမ်းကြကုန်ပြီးသော လူ့နတ် ပြဟ္မာ အရိယာတို့၏ သန္တာန်၌မူကား။ သဒ္ဓါအစရှိသော ကောင်းမြတ်သော တရားတို့သည်၊ ဝင်းဝင်းတောက် ထက်သန်ကြကုန်၏။ လောဘ၊ ဒေါသ၊ မောဟ အစရှိသော ကိလေသာတို့သည်၊ အလွန်နုံ့-နှေးသေးသိမ်ကြကုန်၏။ လူ့ချမ်းသာနတ်ချမ်းသာ၊ ပြဟ္မာချမ်းသာတို့သည်၊ ထိုလူနတ်ပြဟ္မာအရိယာတို့မှာ ပျော်မွေ့ ဘို့သာ ဖြစ်ကုန်၏။ ယုတ် နိမ့် သော ဘဝသို့ တွန်းချ နိုင်သော အန္တရာယ် ကြီးတွေ မဟုတ်ကြကုန်ပြီ။ ထိုအတ္တ ဒိဋ္ဌိသည် အဘယ် တရားမှ ဖြစ်သနည်း။ လူ့ခန္ဓာ၊ နတ်ခန္ဓာ ပြဟ္မာခန္ဓာတို့၌ အနတ္တ အချက်ကြီးကို ဖုံးလွှမ်း၍နေသော အဝိဇ္ဇာကြီးမှဖြစ်၏။ အနတ္တအချက်ကြီးကိုဖုံးလွှမ်း၍ နေသော အဝိဇ္ဇာကြီးသည်၊ အဘယ်တရားမှ ဖြစ်သနည်း။ လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ပြဟ္မာခန္ဓာတို့၌ ဒုက္ခအချက်ကြီးကို ဖုံးလွှမ်း၍နေသော အဝိဇ္ဇာကြီးမှဖြစ်၏။ ဒုက္ခအချက်

ကြီးကို ဖုံးလွှမ်းသော အဝိဇ္ဇာ ကြီးသည်။ အဘယ် တရားမှ ဖြစ်သနည်း။ လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာတို့၌ အနိစ္စ အချက် ကြီးကို ဖုံးလွှမ်း၍ နေသော အဝိဇ္ဇာ ကြီးမှ ဖြစ်၏။ လူ့ခန္ဓာ၊နတ်ခန္ဓာ၊ ဗြဟ္မာ ခန္ဓာတို့၌ အနိစ္စ အချက် ကြီးကို ဖုံးလွှမ်း၍ နေသော အဝိဇ္ဇာကြီး ချုပ်ငြိမ်း ခဲ့လျှင်၊ ဒုက္ခအချက်ကြီးကို ဖုံးလွှမ်းသော အဝိဇ္ဇာ ကြီးသည်လည်း ချုပ်ငြိမ်းလေ၏။ အနတ္တ အချက်ကို ဖုံးလွှမ်းသော အဝိဇ္ဇာ ကြီးသည်လည်း ချုပ်ငြိမ်းလေ၏။ အနတ္တ အချက် ကြီးကို ဖုံးလွှမ်းသောအဝိဇ္ဇာကြီးချုပ်ငြိမ်းခဲ့လျှင်အတ္တဒိဋ္ဌိကြီးသည် အပြီး ချုပ် ဆုံး ၏။ အတ္တ ဒိဋ္ဌိကြီး ချုပ် ဆုံး ခဲ့လျှင် ဒုစရိုက်ဟောင်း၊ ဒုစရိုက် သစ်တို့ သည် အကုန် ချုပ်ငြိမ်း ကုန်၏။ ဒုစရိုက်ဟောင်း ဒုစရိုက်သစ်တို့ အကုန် ချုပ်ငြိမ်း ခဲ့လျှင် ထိုသူတို့မှာ ရှေ့သို့ကျရောက်ရန် အပါယ်ဘဝတွေ အကုန်ချုပ်ငြိမ်းကုန်၏။ရရှိဆဲရရှိလတ္တံ့ကုန်သော လူ့ချမ်း သာလူ့စည်းစိမ်နတ်ချမ်းသာနတ်စည်းစိမ်၊ဗြဟ္မာချမ်းသာ ဗြဟ္မာစည်းစိမ်တို့သည်။ အန္တရာယ်ကြီးတွေ မဟုတ်ကြ ကုန်ပြီ။ မွေ့လျော်ဖွယ်တွေသာ ဖြစ်ကုန်၏။

သုစရိုက် ဆယ်ပါးကား။ ဒါန,သီလ,ဘာဝနာ, အပစာ ယန,ဝေယျာ ဝစ္စ, ပတ္တိ ဒါန, ပတ္တာ နုမော ဒန, ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မ, အားဖြင့် ဆယ်ပါး ရှိ၏။ ။ဒါန၊ ပေးကမ်း စွန့်ကြဲခြင်း။ သီလ၊သီတင်း သီလ ဆောက် တည်ခြင်း။ ဘာဝနာ၊သမထဘာဝနာ ပွားများခြင်း။အပစာ ယန၊ ရိုသေ ထိုက်သော သူကို ရိုသေခြင်း။ ဝေယျာဝစ္စ၊

ကောင်းမှုကုသိုလ်၌ ဆောင်ရွက်လုပ်ကိုင်ခြင်း။ပတ္တိဒါန၊မိမိ ဒါန ကောင်းမှုကို အမျှအတမ်း ပေးဝေခြင်း။ပတ္တာနုမောဒနံ သူတပါးတို့ပေးသော ကောင်းမှု အဘို့ကို သာဓုခေါ်ခြင်း။ ဓမ္မဿဝန၊ သူတော်ကောင်းတို့ တရား ဟောသည်ကို ကြားနာ နိုင်ခြင်း။ ဓမ္မ ဒေသနာ၊ မိမိ ကိုယ်တိုင် တရား ဟောခြင်း။ ဒိဋ္ဌိဇုကမ္မ၊အယူဖြောင့်မတ်ခြင်း ဟူ၍ ဆယ်ပါး ရှိသည်။

မဟာဂ္ဂုတ်ကံ ကိုးပါးကား ရူပါဝစရကုသိုလ်ကံ ငါးပါး အရူပါ ဝစရ ကုသိုလ် ကံလေးပါး တို့သည် မဟာဂ္ဂုတ် ကံဖြစ်၏။ သုတ်, ဝိနည်း, အဘိဓမ္မာဟု ပိဋကတ် သုံးပုံ ရှိသည်တွင် သုတ် တရား ကလည်း၊ ကာယကံ, ဝစီကံ, မနောကံ လုံမှု။ ဝိနည်း တရား ကလည်း၊ ကာယကံ,ဝစီကံ မနောကံ လုံမှု။ အဘိဓမ္မာ တရား ကလည်း၊ ကာယကံ ဝစီကံ–မနောကံလုံမှု၊ ဖြစ်သည်။ ထိုဒုစရိုက်ကံကို သုစရိုက် ဆယ်ပါးနှင့် သတ်၍မသော။ ၎င်းသုစရိုက် ကုသိုလ်သည်၊ ကာမသုဂတိခုနစ် ဘုံတွင် အကျိုးကို ဖြစ်စေ၏။ မဟာဂ္ဂုတ် ကံသည်၊ ဒုစရိုက်ကံကို သေအောင် မသတ်နိုင်။ ဖြပ္ပွာ နှစ်ဆယ်သာလျှင်၊အကျိုးကို ပေးစွမ်းနိုင်၏။ ၎င်းကံနှစ်ဆယ့် ကိုးပါးကို၊အကျဉ်းချုံးလိုက်လျှင်။ ကောင်းကံ,မကောင်းကံ နှစ်ပါးသာရှိ၏။ မြတ်စွာဘုရား ကိုယ်တော် မြတ်ကြီးသည် အဘယ့်ကြောင့် ကုသိုလ်, အကုသိုလ်ကံ တို့ကို။ ဇဟံ စွန့်တော်မူတာ အဘယ့်ကြောင့်နည်း။ စိတ်မချ ရသော တရား ဖြစ် သော ကြောင့်၊ ထိုကံ နှစ်ပါးကို စွန့်တော်

မှုသည် (ကမ္မံသတ္တေ - ဝိဘဇတိ) သတ္တေ၊သတ္တဝါ တို့ကို။ ကမ္မံ၊ ကံသည်။ဝိဘဇတိ ဝေဘန်၏။ ကံဝေဘန် တာကိုပင် သတ္တဝါဟု ခေါ်သည်။ ထို့ကြောင့် ကံသာလျှင် အမိ ကံသာလျှင် အဘ၊ ကံသာလျှင် ကိုးကွယ်ရာ, မှီခိုရာ, လည်းလျောင်းရာ, ပုန်းအောင်းရာ ရှိသည်၊ မိမိမှာ ဘာကံ တွေ ဖြစ်နေ သနည်းဟု စစ်တန်းထုတ်လျှင် ကုသိုလ်ကံက ဆွဲတင်မည့်အကုသိုလ်ကံကဆွဲချမည်ထိုကံနှစ်ပါးအဘယ် ကံကများ သနည်းဟု နေထွက်က နေဝင်သည့်တိုင်အောင် စစ်တမ်းထုတ်၍ကြည့်။ ကုသိုလ်ကံက နည်း၍ အကုသိုလ် ကံကများ၏။ ၎င်း ဒုစရိုက်ကို သေအောင် ဘယ်တရားနှင့် သတ်မည်နည်း။သိက္ခာသုံးပါးနှင့်သတ်ရမည်။ ။သုံးပါးမှာ သီလ သိက္ခာ, သမာဓိ သိက္ခာ, ပညာ သိက္ခာဟု သုံးပါး ရှိသည်။ ကာယ ဒုစရိုက် သုံးပါးကို, သမ္မာ ဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟူသော သမာဓိသိက္ခာနှင့်သတ် ရမည်။ဝစီဒုစရိုက် လေးပါးကို သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာ အာဇီဝ သီလသိက္ခာနှင့် သတ်ရမည်။ မနောဒုစရိုက် သုံးပါးကို သမ္မာသင်္ကပ္ပ,သမ္မာဒိဋ္ဌိဟူသော ပညာ သိက္ခာနှင့် သတ်ရမည်။ ထိုမဂ္ဂင်ရှစ်ပါးနှင့်ဒုစရိုက်ကိုသတ်မှသာလျှင် သေမည်။

## လမ်းညွှန်နှင့်အာသီသ။

ဗုဒ္ဓဘာသာ မှန်သမျှ၊ အပါယ်မှ လွတ်မြောက်၍ မဂ်,ဖိုလ် နိဗ္ဗာန် ချမ်းသာကို အလိုရှိကြ၊ တောင့်တ ကြကုန်၏။

အပါယ်မှ လွတ်ကြောင်း တရား ကိုလည်း မသိကြ။ မဂ်, ဖိုလ် နိဗ္ဗာန် ဆိုသော စကား ကိုလည်း နားမလည်ကြ။ စာပေ ပရိယတ္တိကို သိမှသာလျှင် အပါယ်မှလွတ်မည်။ မဂ် ဖိုလ် နိဗ္ဗာန်ကို ရမည်ဟု စွဲယူမှတ်ထင်ကြ၏။ ဤကဲ့သို့ကား မဟုတ်။ ဝိပဿနာ အရာ၌၊ ကျွမ်းကျင် လိမ္မာသော လူ-ရှင် ပညာရှိတို့၏ ဥပနိဿယကိုရပါကမဂ်ဖိုလ် နိဗ္ဗာန် ချမ်းသာကို ရနိုင်၏။

ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ကို-အကျဉ်းချုံးပြီးလွယ်လွယ်နှင့် သိနိုင်ရန် ဤပဋ္ဌာန်း နည်း။ ပဋိစ္စ သမုပ္ပါဒ်-နည်း။ ၎င်းနည်း များကို မိမိခန္ဓာ ကိုယ်ပေါ်မှာတင်၍ ပဋ္ဌာန်းကောင် ပဋိစ္စ သမုပ္ပါဒ် ကောင် ဖြစ်အောင်။ပညာဖြင့် ဆင်ခြင်၍ သုံးသပ်ပါလေ။ ထိုမှ ပဋိပတ် အရာသို့ ဝင်မည်။ ၎င်းပြထားသော ခန္ဓာ ပုံထဲတွင် သိနေလျှင် ပရိယတ်သာ ဖြစ်သည်။၎င်းပဋိပတ်, ပရိယတ် နှစ်ပါးကို ကျွမ်းကျင်မှ ပဋိဝေဒ ဖြစ်မည်။ ပဋိပတ် ပရိယတ်၊ ပဋိဝေဒ ၎င်းသာသနာသုံးရပ်ကို ဆမ်းရွက် ဆောင်မှ ဘုရားသားတော်, သမီးတော် အစစ် ဖြစ်ကြ၍ သာသနာကြီးကိုသည်ပိုး ရွက်ဆောင်ရာ မည်ပေသည်။အထူးသဖြင့် ကြိုးစား၍ သုံးသပ်ဆင်ခြင် တော်မူရန် နှိုးဆော် တိုက်တွန်း လိုက်ပါကြောင်း။ ၎င်းတရား များကို ဆင်ခြင်း၊ သောတာပန်၊ သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာ၊ ရဟန္တာ ယောကျ်ား, ရဟန္တာမိန်းမ ဖြစ်ကြ ပါစေသော်။

မာဝေါခဏံ ဝိရာဓေထ၊ ခဏာတီတာ ဟိ သောစရေ။
သဒ္ဓေဝါ ယာမေယျာထ၊ ခဏောဝေါပဋိပါဒိကော။

**အပဒါနိပ်ါဠိတော်။**

ဘောန္တော၊ဒိုသူတော်ကောင်းတို့။ဝေါ၊ သင်တို့သည်။ ခဏံ၊ အရိယသစ္စာ သာသနာဓမ္မ မြတ်ခဏကို။ မာဝိရာ

ခေထ၊ချော်လွှန်၍များ မသွားကြစေကုန်လင့်။ ဟိ၊အဘာယဿ ကြောင့်နည်း။ ခဏာတီတာ၊ ခဏကိုလွှန်ကုန်သော သူတို့ သည်။ သောစရေ၊ တောက်ခေါက် နှောင်တပူပန် စိုးရိမ် ရကုန်၏။ သာဒ္ဓေ၊ ကိုယ်ကျိုး ကိုယ်စီးပွား၌။ ဝါယာမေ ယျာထ၊ လုံ့လမယုတ် အရအမိ ကြိုးကုတ်၍ အားထုတ်ကြ ကုန်ရာ၏။ ဝေါ၊ သင်တို့အား။ ခဏော၊ ဗုဒ္ဓုပ္ပါဒ-မြတ်ခဏ သည်။ ပဋိပါဒိကော၊ ယခုဘဝ ခုခဏ၌ ဆိုက်ရောက်ရှိ ကြပြီ။ ။

လိုရင်းမှာ၊ ဘဝများစွာ- ကပ္ပကာက၊ သံသရ ဝဋ် နုက္ခတော မောစနတ္ထာယ အာသီသနှင့် ဒါနသီလ စသော စရဏာပု ကုသိုလ်မှု တို့ကို ပြုစုကြိုးစား၍ အားထားခဲ့ကြ သည့်အတိုင်း၊ ယခုဘဝ၌ အရိယသစ္စာ သာသနာ့ဓမ္မ မြတ် သမယနှင့် တွေ့ကြုံ ဆိုက်တိုက် ရှိကြပြီ။ ခုဘဝ-ခုနေ့၊ အလိုပြည့်၍ ကိုယ်တွေ့ကြုံရသော ဒုလ္လဘအခါ အရိယ သစ္စာမှာ သုံးဖြာသောဘုံအထွဋ်ညွှတ်တတ်သော လောဘ ဟိတ်။ဗိတ်တဏှာကို ပါယ်ခွါရမည်ဟု၊အနိစ္စ, ဒုက္ခ,အနတ္တ လက္ခဏာ။ ဝိဇ္ဇာသုံးဝဆုံးမဖော်မှုအပ်သော အရိယသစ္စာ သာသနာ့ဓမ္မ မြတ်ခဏမှာ။ ။

သဟဿမပိ စေ ဝါစာ၊ အနတ္ထပဒ သဉှိတာ။
ဧကံ အတ္ထပဒံ သေယျော၊ ယံသုတွာ ဥပသမ္မတိ။ ။

ဓမ္မပဒပါဠိတော်။

အနတ္ထပဒ သဉှိတာ၊ တော်နွဲ့ တောင်ဘွဲ့ အကျိုးမဲ့မျှ သမုဒယပုဒ်နှင့်စပ်သော။ဝါစာ၊စကားသည်။သဟဿမပိ၊

ဗိုဒ်ပေါင်း တထောင် များပြောင်စွာ ရှိသည့်လည်း။ ဇေ ယျောတိ၊ အကယ်၍ ဖြစ်အံ့။ ပါဝိကာ၊ ယုတ်မာစွာ၏။ ယံ၊ အကြွင်ပုဒ်ကို။ သုတွာ၊ ကြားနာသည်ရှိသော်။ ဥပသမ္မတိ၊ ကိလေသာမှငြိမ်း၏။ တံအတ္ထပဒံ၊ ထိုကိလေသာ ကုန်ငြိမ်း ရာ အနက်ပါသော အရိယသစ္စာ ဝိဇ္ဇာ ပုဒ်သည်။ ဧကံပိ၊ တပုဒ်ပင် ဖြစ်သော်လည်း။ သေယျော မြတ်၏။

လိုရင်းက အရိယသစ္စာ ဣသာသနာတော် ခဲဆာမှာ၊ ဝစိကာယနှင့် ဒါန, သီလ စသော စရဏာရ ကုသိုလ်မှု တို့ကို ပြုကြသောအခါ၊ မနောကံအရာ ဝိပဿနာဟု ဝိဇ္ဇာမှု မပါလျှင် အနတ္တပုဒ်အရ လောဘဟိတ်နှင့်ပြုကြသမျှ သမု ဒယမှာ၊ နက္ခသစ္စာ ဖြစ်စရာချည်းသာဟု သိရာ၏။ အဘယ့် ကြောင့်နည်း။ ရှေးရှေးသော သူတော်ကောင်း အလောင်း တော်ဟူသမျှတို့၏၊ ဝစိကာယ-မနအမှု ဒါန,သီလ စသော စရဏာရမှာဝိပဿနာဟု၊ ဝိဇ္ဇာမှုနှင့်သမုဒယသစ္စာလောဘ ဟိတ်ကိုပယ်ခွါ၍ မဂ္ဂ သစ္စာဟု ပွားများမှုနှင့် ပြုအပ်သော ကြောင့်သာ၊ ဥပသမဓာတ် ပေါ်လာသော-နိရောဓ သစ္စာ မြတ်ပရမတ်ကိုသာ နိဗ္ဗာန်ဆိုသည်။ ထိုအနှုသယ်မှု၊ သမု ဒယ လောဘဟိတ်မြို့။ ကုန်ငြိမ်းသော ဥပသမ၊ နိရောဓ, ဓာတ် အမြတ် စစ်စစ် ပရမတ် နှစ်က၊ သုံးလူ့ သင်းကျွ ဘုရားဖြစ်မှ တရားစစ် ပေါ်လာသော၊ ဝိဇ္ဇာဝိမုတ္တိ သန္တိ ကိရိယ၊ အရိယသစ္စာ၊ ဒေသနာ ဘော်မြတ်မှာ သမ္ဗောဓိမျှ အနတ္တာ၏အရ၊ အစစပညာတ် ပရမတ်ရှိသမျှ, သုံးလောက ဥသုံ၊ အတ္တ မြို့သည့် သုညဓာတ်ချည်းသာ မှတ်ရမည်

ထို့ကြောင့်သံယုတ်ပါဠိတော်၌။ ။
သုညမိဒံ, အတ္တေနဝါ-အတ္တနိယေနဝါ။
တသ္မာ သုညော, လောကောတိ ဝုစ္စတိ။ ။
ဟုဟောတော်မူ၏။ ။

ဣဒံ၊ ဤလောကသည်။ အတ္တေနဝါ၊ ငါဟူသော အတ္တမှဝင်း။ အတ္တနိယေနဝါ၊ ငါ့ဥစ္စာမှဝင်း။ သုညံ၊ဆိတ်၏သုဉ်း၏။ တသ္မာ၊ ထို့ကြောင့်။ လောကော၊လောကကို။ သုညောတိ၊ သုဉ်း၏ဟူ၍။ ဝုစ္စတိ၊ ဟောအပ်၏။

ထိုဒေသနာတော်မြတ်က၊ ဖြစ်ပျက်သဘောမျှ ဤလောကသည်၊ ဓုဝ, သုဘ, သုခ, အတ္တ–သာရ သုဉ်းအပ် သုည ခတ် ပရမတ်ဘာသာ သူ့ ဓမ္မဘာကို ကုသလာဓမ္မာ-အကုသလာ ဓမ္မာ အဗျာကတာ ဓမ္မာ-ဟု ဟောတော်မူသည်။ ထိုတွင် ကုသလာ ဓမ္မာ၏အခု၊ ကုသိုလ်ဟု ဆိုအပ်သော သင်္ခါရ သယံဇာတ အနိစ္စဓာတ် သမုပ္ပါဒ် တရား ပဲ့တင်ခတ် အလားကဲ့သို့၊ ဖြစ်ပွားပေါ် ရှိပုံကို သိသာရုံမျှ သဲလွန်စကို ပြမည်။

ဒါန တခုကို ပြုသော သူသည်၊ မိမိ၏ အကျိုး စီးပွား သတ္တဝါ အများတို့၏ အကျိုး စီးပွားကို ပြုကျင့် သည် မည်၏။ အကျိုး စီးပွား ဟူသည်ကား။ သတ္တဝါများကို အပါယ် လေးပါးမှ ထုတ်ဆယ် ကယ်တင်သည် မည်၏။ သတ္တဝါတို့အား လူ နတ်တို့စည်းစိမ် ရိပ်ငြိမ် ချမ်းသာကို ရရာ ရကြောင်း အမှုကို ပြုကျင့်သည်မည်၏။ မည်ပုံကား

ထိုဒါနရှင်သည်၊ ဖြစ်လေရာရာဘဝတိုင်းဘဝတိုင်းတို့၌မြင် မြင်သမျှ၊တွေ့တွေ့သမျှသော သတ္တဝါ အများအများ တို့ကို ထိုသဒ္ဓါဓာတ် ပရမတ် ကုသိုလ်ဟိတ်က၊ တံဆိပ်ရိုက်မှန် ဖြစ်၍ ဥပမာဏ သံလိုက်နှင့် အပ်ထုပ်ကို မဆုပ်ပဲ ပြုသ ကဲ့သို့ ဟဒယရုပ်ဓာတ်မှာ ပဲ့တင်ခတ် ဆုလွှမ်း၍ လှူဒါန်း ချင်ရ ပေးကမ်းချင်ရ ကုသိုလ်ဆိုသော သဒ္ဓါရအနိဋ္ဌဓာတ် သဒ္ဓါ ပရမတ် သမုပ္ပါဒ် နည်းက မီးကူးသည့် ပမာဏ ကောင်းကင် ထိပ်က နိမိတ် ဖြစ်၍ ကျွတ်ထ သလို သဒ္ဓါ စိတ်ကြွ အနိဋ္ဌဆုလွှမ်း၍ လှူဒါန်း ပေးကမ်းကြလေကုန်၏။

ထိုပဌမ ဒါနရှင်ကို လှူဒါန်း ပေးကမ်း ကြသူ ဒုတိယ ဟူဟူသမျှ တို့သည်လည်း၊ ဥပနိဿယ သတ္တိ ထုံးဖြင့် ကျေးဇူး ပြုအပ်သော ကုသလ သမုပ္ပါဒ်၊ တံဆိပ်ခတ်၍ သဒ္ဓါခေါ်သော အနိဋ္ဌဓာတ် မီးကူးအပ်သို့ ပရမတ် ပွားစီး ဒါန ရှင်ချည်းပင် ဖြစ်ကြပြန် လေကုန်၏။ ထို့တူမခြား တတိယ,စတုတ္ထ အစရှိသော ဟေတုပစ္စယ သဘာဝမဆုံး တလောကလုံးအား၊ သဒ္ဓါဓာတ် ပရမတ် တရှူး မီးကူး သည့် အလား ကဲ့သို့၊ အဆင့်ဆင့် ပြန့်ပွါး နှံ့ပြား ဖြစ်ရှိပုံကို အကုန်မှန်တင် ဉာဏ်ကုန်နှင်၍ မြင်ကြလေ။

မြင်ကြပုံမှာ။ ။ဒါနမှု ပြုသောအခါ၊ မိမိအကျိုးမျှကို သာသိကြ၍ ပြုရသည်ထက်၊ သတ္တဝါအများတို့၏ ဟိတ ချယ်ကိုး အကျိုးစီးပွား ကုသိုလ်တရား ဖြစ်ပေါ် ပေါက်ပွား အများရှိကြသည်ကို မိတ် ပါမောက္ခတရား ပွားများမှုနှင့် ပြုရလျှင်၊ အတ္တ,ပရ,ဒိဋ္ဌ, သမ္ပရာ, နှစ်ဖြာနှစ်ဦး ကျေးဇူး

မဆုံး တလောကလုံး၏ ကုသလမှ ဟောတုပစ္စယ။ အာနိသံသအမျိုးမျိုး ကျိုးရင်းကျိုးဖျား အလွန်ပင် ပွားများမှု အာသဝီသနှင့် ပြုကြရမည် ဟူလိုသည်။ လိုရင်းမှာ တယောက်သောသူက၊တကြိမ်မျှပြုရသော ဒါနမှုကုသိုလ်သည်။ သတ္တဝါအများအများတို့၏ သဒ္ဓါဆိုသော ကုသိုလ်တရား။ အလွန်ပွားစီး၊ ပဋ္ဌာန်းနည်း, သမုပ္ပါဒ်နည်းက ဧကတ္တ, နာနတ္တ, အဗျာပါရ, ဧဝံဓမ္မတာ, သယံဇာ ဟူသော သံသရာမှာ တံထွာအနှုန်း၊ မြော်မဆုံးအောင် တရှိန်းရှိန်း သဘာဝ အနိမိတ္တ အနိစ္စက အတိထာဝရ ကြီးကျယ်လှ၏ ဟု သိကြရမည် ဟူလိုသည်။ ဤကဲ့သို့ ဒါန၏ ပမာဏနှင့် သီလစသော သဘာဝ ထိုထို ကုသိုလ်ဆိုသမျှ သင်္ခါရတို့ကိုလည်း ပေ့စေ့ပုံပုံအကုန်မြော်ကြည့်သိမြင်ကြစေ၊ဉာဏ်ကဝေတို့၊ ဤနည်းပမာဏ သဲလွန်စနှင့် အကုသလာဓမ္မာ၊ ဒေသနာအရ အနိစ္စခေတ် ပရမတ် မှာလည်း မိမိတခု မကောင်းမှုကို အကြောင်းပြု၍၊ သတ္တဝါများ အပါယ်လားခြင်း,အသက်တိုခြင်း,ရောဂါများခြင်း,ဥစ္စာစီးပွားပျက်ပြားငတ်မွတ်ခြင်း အစရှိသော အကုသိုလ်ဖြစ်ပွား လောကကြီးအား၊ နှိပ်စက်မှုကလည်း၊ ဥပနိဿယ ပစ္စည်း။ ပါပကမ္မ၊ ပါပခေတ်။ သမုပ္ပါဒ် မှာလည်း သံလိုက်နှင့်အပ် ပဲ့တင်ခတ် တံဆိပ်နည်း။ မီးကူးသည့် ပမာဏ အနိမိတ္တ အနိစ္စခေတ် ပရမတ်ကို နှံ့စပ်ကုန်စင်၊ ဉာဏ်ကုန်နှင်၍၊ မြင်ကြလေ။ သတိမူပါ၊ သဘောအရာ ဘယ်စာမဆို စာကိုကြည့်သောခဏမှာ၊မိမိအလိုမျှနှင့်သာ မကြည့်ပါနှင့်

စာ၏အလိုသဘောကိုသာ ပညာနှင့်ထိမိ ပိုင်ပိုင်ကြီး သိကြ အောင် အခါခါ ကြည့်ရမည်။ သို့မှသာ ထိုစာပြသော သဘာဝကိုပြာကြအောင်ထိမိ အဟုတ်သိမည်။မသိစွန်းခင် သိပြီးထင်၍၊ ပုထုဇ္ဇဉ်လမ်း သဘောကမ်းဖြင့် ဒိဋ္ဌိအစွန်း တဏှာမာန၊ ဂါဟာဖမ်း၍၊ ချီးမွမ်းလိုနှိပ်၊ ခြည်သောင်ရိတ် ငြိတ်သော စိတ်တို့ကို ဝိတ်ဆို့ ပယ်ရှား၊ သတိထား၍ တားမြစ်ကြပါလေ၊ ဉာဏ်ကဝေတို့။

ယာနိသောတာနိ လောကသ္မိံ၊ သတိ တေသံနိဝါရဏံ၊
သောတာနံ သံဝရံ ဗြူမိ၊ ပညာယေတေ ပိဓိယရေ။

လောကသ္မိံ၊ လောက၌။ ယာနိသောတာနိ၊ အကြင် အဝိဇ္ဇာတဏှာ ကိလေသာ ရေအယဉ်တို့သည်။ သန္တိ၊ ရှိကုန်၏။ သတိ၊ သတိသည်။ တေသံ၊ ထိုကိလေသာ ရေ ယာဉ်တို့ကို။ နိဝါရဏံ၊ ဆည်းကန့် ခွါပစ် တားမြစ်ခြင်း တည်း။သောတာနံ၊အဝိဇ္ဇာတဏှာအစဖြာသောကိလေသာ ရေအယာဉ်တို့ကို။ သံဝရံ၊ သမုစ္ဆေဒ ပဟာနဖြင့် တစ မကြွင်း၊ပိတ်ဆို့ခြင်းကို။ ဗြူမိ၊ ဟော၏။ ဧတေသောတာ၊ ထိုကိလေသာရေအယာဉ်တို့ကို။ ပညာယ၊ မဂ်ပညာဖြင့်။ ပိဓိယရေ၊ ပိတ်ဆို့အပ်ကုန်၏။

လိုရင်းမှာ၊ တဒင်္ဂ၊ ဝိက္ခမ္ဘန၊ သမုစ္ဆေဒ ပဟာန ဖြင့်၊ ပိတ်ဆို့ပယ်ရှား သတိထား၍ တားမြစ်ပုံမှာ၊ သီလသမာ- ပညာ ခေါ်သော သိက္ခာ၊ သာသနာတော် မြတ်ကြီး သုံးပါးတွင်၊ သက္ကာယ ဒိဋ္ဌိ၏ အစီး အပွား၊ ဒုစရိတ

ဝိတိက္ကမကို၊ဝိတ်ဆို့ ပယ်ရှားတားမြစ်အပ်သော သီလက္ခန္ဓ မဂ္ဂင်သုံးပါး ဟူသည်ကား။ "ပါဏာတိပါတာ ဝေရမဏီ၊ အဒိန္နာဒါနာ ဝေရမဏီ၊ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ" ဟူသော ကာယ ဒုစရိုက် သုံးပါးကို ပယ်ရှား တားမြစ် ခြင်းသည် သမ္မာ ကမ္မန္တ မဂ္ဂင် မည်၏။ ။"မုသာ ဝါဒါ ဝေရမဏီ၊ ပိသုဏာ ဝါစာ ဝေရမဏီ၊ ဖရုသဝါစာ ဝေရမဏီ၊ သမ္ဖပ္ပလာပဝါစာ ဝေရမဏီ" ဟူသော ဝစီဒုစရိုက် လေးပါးကို ပယ်ရှား တားမြစ်ခြင်းသည်၊ သမ္မာဝါစာ မဂ္ဂင် မည်၏။ ဤဒုစရိုက် ခုနစ်ပါးတို့ကို တဒင် ပဟာန်, ဝိက္ခမ္ဘန ပဟာန်, သမုစ္ဆေဒ ပဟာန်အားဖြင့် ပယ်ရှား တားမြစ်၍ ကောင်းစွာ အသက်မွေးခြင်းသည် သမ္မာ အာဇီဝ မဂ္ဂင် မည်၏။ ဤသမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ကိုပင် သီလက္ခန္ဓ မဂ္ဂင်ခေါ်သည်။ သမာဓိက္ခန္ဓ မဂ္ဂင် ခေါ်သော သမ္မာဝါယာမ, သမ္မာသတိ, သမ္မာ သမာဓိဟူသော မဂ္ဂင် သုံးပါးဖြင့် သက္ကာယ ဒိဋ္ဌိ၏ အစီးအပွား။ မနော ဒုစရိုက် သုံးပါး။ ပရိယုဋ္ဌာန တရားကို ပယ်ရှား တားမြစ် ခြင်း၌ စိတ်သညာသိ၊ အာနာပါန အစရှိသော ပညတ် သဘာဝ သမထကို လုပ်လိုလျှင်၊ သမာဓိ ခိုင်မြဲ ရုံမျှသာ အားထုတ် ရမည်။

ပညာက္ခန္ဓ မဂ္ဂင် ခေါ် သော သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပ ဤမဂ္ဂင်နှစ်ပါးဖြင့် ရုပ်နာမ်ဒုက္ခ အနိစ္စ၏ သမုဒယဖြစ်သော လောဘဟိတ် အနုသယကို၊ ပယ်ရှား တားမြစ် ခြင်း၌၊ ပညာတရားကဤသည်ကား ဝိဇ္ဇာနနသဥ္စာနန၊ စိတ်သညာ

ခေတ်၊ သိမှတ် အပ်သော ပညတ် တရား။ ဤသည်ကား ပဓာနနပညာမှသာ။သိမြင်ရသော သဉ်တခေတ်။အသဉ်တ ခေတ် ပရမတ် တရားဟု ကွဲပြားထိမိ အဟုတ် သိလျှင်၊ ကျင့်,ကြည့်, သိ, မသိ ဝိသုဒ္ဓိခုနစ်ပါး။ ဝိပဿနာ တရားဟု အခြားမရှိ။အနတ္တပရ,ရိတ္တ,တုဋ္ဌ,သုညာ၏အရ၊အရိယသစ္စာ ဝိပဿနာ ခဏမှာသာ ပညာမြင် ဟုတ်နည်းက၊ လုပ်, မလုပ်လည်း အချည်းနှီးချည်းဟု ပြီးစီးပါ၏။

ဤအရာ၊ အရိယသစ္စာ သာသနာ တော်မြတ် ပေါ် အပ် သောအခါ ကိုသာ မြော်ပါ သိသာစေအံ့။ ဤအချည်းနှီး ပြီးစီးသည်မှာ ဘုံသုံးရွာကို မြုံပါချိ၍ပြမည်။ ။စဆုံးမရ ကေတ္တ နာနတ္တ အဗျာပါရ ဝေဝမ္မတာ၊ သယံဇာ ဟူသော။ သံသရာဝမ္မ၊ တည်ထောင်သည်မှစ၍ ယခုနေ့သို့ ကျအောင် အလေ့ဘာသာ၊ အာရုံဝမ္မအနိစ္စမှာ၊ရသရှာသည့်တဏှာကြွ အာရုမ္မဏိက ခေါ် သော စိတ်အလိုမျှကိုသာ ဣဋ္ဌာနိဋ္ဌဟု- အနိစ္စ၏ အရိပ် မျှကိုသာ နိမိတ်ဆိုသည် လိုရင်းက- အာရုံအာရုမ္မဏိက၊ အတ္တိ ပစ္စယ၏ သတ္တိမျှကို။ သန္တတိ, သမူဟ, သဏ္ဌာန ပညတ် ဟူသော အရိပ် နိမိတ်မျှကိုသာ တင့်တယ် ဘွယ်ရာ၊ မင်္ဂလာ သဘ, သုခ ဣဋ္ဌဟု အနိစ္စ ဝမ္မစိတ်အလိုမျှ တွေ့ကြုံခံစားခဲ့ကြသော သုခဆူကြွ ဟူသမျှ တို့သည်၊ ယခုနေ့ည အိပ်မက်ချင်၍မှ ရှာတာမရ အချည်း နှီးတွေချည်းဖြစ်ခဲ့ကြပြီ။ ။(ဤအရာကညဏ်ရူးညဏ်ယှာ ညဏ်ကြီး လိုလှသည်)။

ဤပစ္စုပ္ပန် ရုပ်နာမ် ရှိသမျှ ဝိသယမဆုံး တလောကလုံးလည်း ဓုဝ, သုဘ, သုခ, အတ္တ သာရကင်းပြီး၊ဖျင်းသိရ်နည်းသည့် အချည်း နှီးတွေ ချည်းသည် သာလျှင်တည်း။ သတိထား။ ယခုကစ၍ ပရမတ်တံထွာ ဤဟာ, ဗျာပါရဂု ကာယကံ, ဝစီကံ, မနောကံမှု ပြုကြလတ္တံ့ သောကုသလာကုသလ အနတ္တခေတ် ပရမတ် အနှုန်းက၊ တအုန်းအုန်း အနိစ္စ ဒုက္ခ သဘော မသုဉ်းအပ် မဆိတ် အပ်သော အနာဂါတ် သံသရာ ကြီးမှာလည်း အချည်း နှီးတွေချည်း ဖြစ်လတ္တံ့ သည်သာတည်း။ ဤတိတ် နာဂတ်၊ ပစ္စုပ္ပန်မှာလည်း အချည်းနှီးမျှ၊ အနိစ္စခေတ် သမုပ္ပါဒ်ရောင် ဒုက္ခနှောင်တဲ့၊သုံးဆူ့တဆောင် ဘုံပြောင်ပြောင်မှာ၊လောင်စာရဲသည့် ရုပ်နာမ်ခပဲ၊ တုစ္ဆခဲမို့ အနှံ့နှံ့ဒုက္ခပု ရိတ္တ သဘော မမြဲသော အနိစ္စမှုတွေကို "စက္ခု ဘိက္ခဝေ အာဒိတ္တံ ကေန အာဒိတ္တံ၊ရာဂဂ္ဂိနာအာဒိတ္တံ ဒေါသဂ္ဂိနာအာဒိတ္တံ မောဟဂ္ဂိနာ အာဒိတ္တံ ဇာတိယာ ဇရာယ မရဏေန" အစရှိသောအဒိတ္တသုတ္တန်ကို အဖန်ဖန် မြော်ပါ။ ပြဆိုခဲ့သော အရိယာ သစ္စာ၊ ဤအရာ ဝိပဿနာ ပုဂ္ဂိုလ်မှာ "အတီတံ နန္ဒာဂမေယျ နပဋိကင်္ခေ အနာဂတံ" မုက္ခမန်လာ ပစ္စုပ္ပန် သတ္တဝါကိုသာ လိုရင်းပါ ပေတည်း။ ထိုသတ္တဝါတို့၏ သန္တာန်မှလည်း။ မိမိ၏ အဇ္ဈတ္တ သန္တာန် ကိုသာလျှင် လိုရင်း ဆုံးကြီးပါ ပေတည်း။ သို့သော်လည်း အနိမိတ္တ,အပဏိဟိတ,သုညတ တရားတို့ကို များစွာထူးချွန်–အလွန် ဆီထင်, မြင်လွယ်စေခြင်းငှါ ကာလသုံးဖြာ ဘုံသုံးရွာကို၊ မြုံပါချီ၍ ပြလိုက်ပေ

သည်။ ဤအရာတွင်၊ အရှင် ဝပ္ပ ရဟန္တာ ဖြစ်စကာ၊ ဥဒါန်း ဖွက်ဟာတော်မူသော အရာမှာ။

ပဿတိ ပဿော ပဿန္တံ၊ အပဿန္တဉ္စ ပဿတိ။
အပဿန္တော အပဿန္တံ၊ ပဿန္တဉ္စ နပဿတိ။ ။

**ဆေရာ အဋ္ဌကထာ။**

ပဿော၊ မြင်သော သူသည်။ ပဿန္တဉ္စ၊ မြင်သောသူကိုလည်း။ ပဿတိ၊ မြင်၏။ အပဿန္တဉ္စ၊ မမြင်သောသူကိုလည်း။ ပဿတိ၊ မြင်၏။ အပဿန္တော၊ မမြင်သော သူသည်။ အပဿန္တဉ္စ၊ မမြင်သော သူကိုဎင်း။ ပဿန္တဉ္စ၊ မြင်သောသူကိုဎင်း။ နပဿတိ၊ မမြင်။

အဓိပ္ပါယ်မှာ။ မျက်စိအမြင်ရှိသောသူမှသာ။ သူတပါး မျက်စိ ရှိ, မရှိ။ မြင်, မမြင်ကို သိမြင်သည်။ အမြင်မျက်စိ မရှိသူကာ၊ နေ-လ ကိုပင် မမြင်ရ။ မြင်ကြသူတို့က ပြောပြချင် နေ,လ ကိုဎင်း။ ထိုမြင်သူတို့၏ မျက်စိကိုဎင်း၊ မေ၍ကြည့် သော်လည်း မိမိမှာ မြင်စရာမျက်စိ မရှိ၍ပင် မမြင်သကဲ့သို့ မှတ်လေ။ လိုရင်းက-ပဇာနန အပြား အားဖြင့် အကြွင်းမဲ့ မြင်အပ်-ပညာစက္ခု ပရမတ်မျက်စိ ရှိသောသူမှသာ၊ သူတပါးတို့မှန်မှားသော တရားသိ မသိ။ မြင်,မမြင်ကိုပင်-သိမြင် ယုံကြည်နိုင်သည်။ ထို့ကြောင့်။

သုဒုဒ္ဒသမ္ပိ ပဿန္တိ၊ ပဏ္ဍိတာ ဓမ္မကောဝိဒါ။
သုဒဿော ဓမ္မိဗုဏ္ဍာန္တိ၊ ဝိညုနော အဏ္ဍကောဝိဒါ။ ။

ဟုသိမြင် ယုံကြည်ရမည်။ ။

ဓမ္မကောဝိဒါ၊ အကြောင်းတရား၌ လိမ္မာကြကုန်သော။ ပဏ္ဍိတာ၊ ပညာ ရှိတို့သည်။ သုဒုဒ္ဒသံ၊ အလွန် မြင်နိုင် ခဲသော တရားကိုလည်း။ ပဿန္တိ၊ မြင်ကြကုန်၏။ အတ္ထ ကောဝိဒါ၊ အကျိုးတရား၌ လိမ္မာကြ ကုန်သော။ ဝိညူနော၊ ပညာရှိ တို့သည်။ သုဒုဗ္ဗောဓံ၊ အလွန် သိနိုင် ခဲသော တရားကိုလည်း။ ဗုဇ္ဈန္တိ၊ သိကြကုန်၏။

လိုရင်းကား၊ ပညတ်နှင့် တကွ၊ ပရမတ္ထ သဘာဝကို အပြားအားဖြင့်၊ ပဓာနန အလင်း အကြွင်းမဲ့သိ၊ ပညာရှိ သူမြတ်တို့မှ ပိုင်းခြား ကုန်စင် သိမြင်တော် မူအပ်သော အသာရကဉ္စ အသာမိကဉ္စ အဝသဝတ္တနဉ္စ အနတ်မှုဖြစ် သော အနတ္တ,ပရ,ရိတ္တ,တုစ္ဆ,သုညဓာတ်၊ဆိတ်ဆိတ်သော ပရ မတ်နှင့်၊ ပညတ် တရား ဤနှစ်ပါးတွင် ပညတ် ဆို သည်ကား။ အထက်နှင့် အောက်၊ ရှေ့နှင့် နောက်၊ တောင် မြောက် စသည် တို့မှာ ပျက်ကွက် ဘောက်ပြန် တတ် သောကြောင့်၊ ပညတ်ဆိုသည်။ ဘောက်ပြန် ပျက်ကွက် ပုံကား၊ လေးကျွန်း လုံးမြောက်၊ မြင်းမိုရ်-ဆောက်စကား၌ မြောက်သို့ သွားလေရာ၊ မြင်းမိုရ်ထိပ်သို့ စိတ်ရောက်သော အခါ မြောက်ခေါ်စရာမရှိ၊ ဘောက်ပြန် ဘိ၏၊ ကြည့်လေ ရာရာ၊ ရှစ်မျက်နှာမှာ တောင်အတိသာ ရှိလေရာ၏။ ဤမြင်း မိုရ်ထိပ်မှ ဆင်း၍တဘန်၊ သွားပြန် လေရာ ဒုတိယ စကြ ဝဠာ အတွင်းသို့ပေါက်၊ စိတ်ရောက်သော အခါ၊ မြောက် ခေါ်စရာပေါ်၍လာ၏။ ဤဥပမာကား၊ တတိယ,စတုတ္ထ အစရှိသော စကြဝဠာ အနန္တ ဝိသယမဆုံး၊ တလောက

လုံးအား၊ မြင်ကြား၊ ကြံသိ, အစရှိသော ဝိဇာနန၊ သဥ္စာနနနှ စိတ်သညာမှာ လိမ္မာ တတ်သိ၊ ပညတ် ရှိဟူသမျှ၊ အစစ ဘောက်ပြန်ပုံကို၊ အကုန်မြော်ကြည့်–သိမြင်ကြစေ၏။

ဝိပဿနာလုပ်သော သူတို့သတိမူရန်မှာ။ ။နိသတ္တ, နိဇ္ဇီဝ ရုပ်နာမ် သင်္ခါရ အမူ အရာ ကြံယာမှု အနိမိတ္တ အနိစ္စလျှင် အစဉ်ဆက်စပ်၊ မှုင်မပြတ်ကို၊ သန္တတိ ပညတ် ဆိုသည်။ ဤအနိစ္စ သဘာဝခပဲ အနဲနဲတွေ၊ လေရေ မြေထု ကြောင်းကျိုးမှုစပ် အတ္တိပစ္စယခေတ်သဘာဝ ပေါင်းရမျှကို သမူဟ ပညတ် ဆိုသည်။ ဤသဘာဝ၊ အနိစ္စ ပေါင်းရ၊ ကြောင်းပြုအတ္တိ၊ ပစ္စယသတ္တိ အစရှိရုံပြန်လျှင် လူပုံနတ်ဟန် တိရစ္ဆာန် စသောပုံသဏ္ဌာန်၊ မှန်သမျှကို သဏ္ဌာန ပညတ် ဆိုသည်။ ဤသို့ စသည်ဖြင့် ခေါ်ဝေါ်အပ်သော၊ ဝေမ္မပုဒ္ဒ အတ္တပညတ်ရကိုခေါ်ဝေါ်ကြောင်းမည်နာမနှင့်၊သိကြောင်း ခြင်းရာ၊ ပရမတ်စဉ်လာ သညာမှတ်အပ်သော သဒ္ဒပညတ် မှုက၊ ခုံ၍ နေတတ်သည် သတိထား။

ပရမတ် ဆိုသည်ကား၊ စိတ်, စေတသိက်၊ ရုပ်–နိဗ္ဗာန် လေးတန်က၊ မဘောက် ပြန်ဘတ် မြဲမှန် အပ်မြတ် သော ကြောင့်ပရမတ်ဆိုသည်။ မဘောက် မပြန် မြဲမှန်ပုံက၊ ရုပ္ပ တိတိ ရုပ်အရ၊ အဘည် မမြဲ ဆင်းရဲ စွာလှ မိုးမရ၍ ဘောက်ပြန်သော အနိစ္စသဘောမျှကို ရုပ်ဆိုသည်။ ထိုရုပ် သည်၊ တိတ်–နာဂတံ ပစ္စုပ္ပန် ဟူသော၊ တသံသရာလုံးမှာ တရံတခါမျှ၊အနိစ္စသဘော မမြဲသောအချက်က ပျက်ကွက် ခြင်းမရှိဘဲ၊ သီတ၊ ဥဏှ၊ စသည် ခပဲကြောင့်၊ တဘောက်

ပြန်တဲ ဖောက်ပြန်၊ တမမြဲတဲ မမြဲသော သဘောအလျဉ်သည်၊အစဉ်ထာဝရမြဲမှန်အပ်သောကြောင့်။ထိုရုပ်ဓာတ်ကို ပရမတ် ဆိုသည်။ ထိုရုပ်ဓာတ် မှာလည်း၊ မာ, ဟူသော ပထဝီ သဘောက၊ဘဝကမ္ဘာ၊ အသင်္ချေကြာသော်လည်း တခါတရံမျှမဖောက်မပြန်မြဲမှန်သောလက္ခဏာဓာတ်ကို၊ ပရမတ်ဆိုသည်။ ထို့တူပမာဏ၊ သဲလွန်စနှင့် အာဗန္ဓန၊ အာပေါအစရှိသော ရုပ် ဟူသမျှ၊အနိစ္စကို စေ့စေ့ဖုံဖုံ၊အကုန် မြော်ကြည့် သိမြင်ကြစေ။ ။ရုပ်ခန္ဓာ ပြီး၏။

နာမ်ခန္ဓာမှာ။ ။အထူးသိသော ဝိညာဏ်သိ၊ ကောင်းစွာ မမေ့အပ်။မှတ်မိသိသောသညာသိ ၊အပြားအားဖြင့်အကြွင်းမဲ့သိသော ပညာသိ၊ အားဖြင့် သုံးပါးတို့တွင် ဝိညာဏ်သိ ဆိုသည်မှာ ရူပါရုံကို မြင်မှု အခြင်းအရာ အားဖြင့် သိခြင်း၊ သဒ္ဒါရုံကိုကြားမှု အခြင်းအရာအားဖြင့် သိခြင်းစသည်ရင်း။ ဟုတ်မှန်သော အာရုံကို၊ ဟုတ်မှန်သော အားဖြင့်ရင်း။ မဟုတ်မမှန်သော အားဖြင့်ရင်း သိခြင်း။မဟုတ် မမှန်သော အာရုံကိုလည်း။ ဟုတ်မှန်သော အားဖြင့်ရင်း။ မဟုတ်မမှန်သော အားဖြင့်ရင်း သိခြင်း။ ဣဋ္ဌာရုံကို ဣဋ္ဌအားဖြင့်ရင်း အနိဋ္ဌအားဖြင့်ရင်း သိခြင်း။ အနိဋ္ဌာရုံကိုလည်း ဣဋ္ဌအားဖြင့်ရင်း, အနိဋ္ဌ အားဖြင့်ရင်း, သိခြင်းစသည်ကို ဝိညာဏ်သိ, စိတ်သိ ဆိုသည်။ထို့ကြောင့်–

တိဝိဓံပဇာနနံဝိဇာနနံသဥ္ဇာနနံပဇာနနန္တိ၊ တတ္ထဝိဇာနနံ ဝဏ္ဏပ္ပကာရံ သဥ္ဇာနနံနာမ သဏ္ဌာနံ၊ ကာလန္တရေပိ အပရဿ မာနံကတွာ ဇာနနန္တိ အတ္ထော၊ ပဇာနနံ နာမ

ပကာရတော ဇာနနံ ယတ္တကံ ဇာနိတဗ္ဗံဟောတိ၊ တတ္တကံ
သဗ္ဗံအသေ သတော ဇာနနန္တိ အတ္ထော။ ဧကေသ္မိံ ပိ ဉေယျ
ဓမ္မေသဘာဝတော ဟေတုတော၊ ပစ္စယတော ဖလတော
အာဒီနဝတော အာနိသံသတော အနိစ္စတော ဒုက္ခတောတိ
အာဒိနာ ဗဟုံ ဇာနိတဗ္ဗံ အတ္ထိ၊ တံသဗ္ဗံ အသေသတော
ဇာနနန္တိ ဝုတ္တံဟောတိ ဉာဏပရိယန္တံ ဉေယျံ ဉေယျပရိယန္တံ
ဉာဏန္တိ ဟိ ဝုတ္တံ၊ ဣဒံ သဗ္ဗညုတ ဉာဏ ဝသေန ဝုတ္တံ၊
ဣဓ အဘိဓမ္မေ သတ္တ ပကရဏာနိဒိသွာ ဝိသေသတော
သတ္တမံ မဟာ ပဋ္ဌာနပကရဏံ ဒိသွာ ဝေဒိတဗ္ဗံ။ သာဝက
ဉာဏေပန ယတ္တကံဇာနန္တော ကိလေသက္ခယံ ပါပုဏာတိ
တတ္တကံဇာနနံ ပဇာနနာနံနာမ။ ဣဒံပန အဘိဓမ္မေ ဝိဘင်္ဂေ
သုတ္တန္တ ဘာဇနီ ယာနိ ပဉ္စသုတ္တန္တ နိကာယေစ ဒိသွာ
ဝေဒိတဗ္ဗံ။ လောကိယ မဟာဇနာနံ ဉာဏေ ယတ္တကံ
ဇာနန္တော အဟိတံအပနေတိ၊ ဟိတံဥပနေတိတတ္တကံဇာနနံ
ပဇာနနံနာမ။ ။ပါဠိ။ ။

ဟိ၊ ချဲ့ဦးအံ့။ ဇာနနံ၊ သိခြင်းသည်။ ဝိဇာနနံ၊ အထူး
သိခြင်းဂင်း။ သဉ္ဇာနနံ၊ ကောင်းစွာ သိခြင်းဂင်း။ ပဇာနနံ၊
အပြား အားဖြင့် သိခြင်းဂင်း။ ဣတိ၊ ဤသို့။ တိဝိဓံ၊ သုံးပါး
အပြားရှိ၏။ တတ္ထ၊ ထိုသုံးပါးသောသိခြင်းတို့တွင်။ ဝိဇာနံ၊
အထူး သိ ခြင်း သည်။ ဝုတ္တပ္ပကာရံ၊ ဆို အပ် ပြီး သော
အ ပြား ရှိ ၏။ သဉ္ဇာနနံနာမ၊ သညာသိ မည်သည်ကား။
သုဋ္ဌု ဇာနနံ၊ ကောင်းစွာ သိခြင်းတည်း၊ ကာလန္တရေပိ၊
ကာလ တပါး၌လည်း။ အပမုဿမာနံ၊ မမေ့ မလျော

သည်ကို၊ ကတွာ၊ပြု၍။ ဇာနနံ၊ သိခြင်းတည်း။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ပဇာနနာမ၊ ပညာ သိမည်သည်ကား။ ပကာရတော၊ အပြားအားဖြင့်။ ဇာနနံ၊ သိခြင်းတည်း။ ယတ္တကံ၊ အကြင်မျှလောက်ကို။ ဇာနိတဗ္ဗံ၊ သိသင့် သိထိုက်သည်၊ ဟောတိ၊ ဖြစ်၏။ တတ္တကံ၊ ထို မျှလောက် သိသင့် သိထိုက်သော။ သဗ္ဗံ၊ အလုံးစုံသော တရားကို။ အသေသတော၊ အကြွင်းမဲ့ အားဖြင့်။ ဇာနနံ၊ သိခြင်းတည်း။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊အနက် တည်း။ ။ဧကသ္မိံ ဝိ၊တခုတည်းလည်း ဖြစ်သော။ ဉေယျ ဓမ္မေ၊ သိအပ်သောတရား၌။ သဘာဝတော၊ သဘောအား ဖြင့်၎င်း။ ဟေတုတော၊ မူလ အကြောင်း အားဖြင့်၎င်း။ ပစ္စယတော၊ အထောက် အပံ့ အားဖြင့်၎င်း။ ဖလတော၊ အကျိုးရင်း အားဖြင့်၎င်း။ အာဒီနဝတော၊ အပြစ် အားဖြင့် ၎င်း။ အာနိ သံသတော၊ အကျိုး ဆက် အားဖြင့် ၎င်း။ အနိစ္စ တော၊ မမြဲသော အားဖြင့်၎င်း။ ဒုက္ခတော၊ ဆင်းရဲ သော အားဖြင့်၎င်း။ ဣတိ အာဒိနာ၊ ဤသို့ အစရှိသည့် ဖြင့်။ ဗဟုံ၊ များစွာသော။ ဇာနိတဗ္ဗံ၊ သိသင့် သိထိုက်သော အရာသည်။ အတ္ထိ၊ ရှိ၏။ တံသဗ္ဗံ၊ ထိုအလုံးစုံသော အရာ ဌာနကို။ အသေသတော၊ အကြွင်းမဲ့အားဖြင့်။ ဇာနနံ၊သိခြင်း တည်း။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်သည်၊ ဟောတိ၊ ဖြစ်၏။ ဟိသစ္စံ၊ ထိုစကားမှန်၏။ ဉေယျံ၊ သိအပ်သော ဉေယျဓ တရားသည်။ဉာဏပရိယန္တံ၊ဉာဏ်တော်လျှင်အဆုံး အပိုင်း အခြားရှိ၏။ ဉာဏံ၊ ဉာဏ်တော်သည်လည်း။ ဉေယျပရိ

ဣသ္မိံ၊ ဥပေယျခံတရားလျှင်အဆုံး အပိုင်းအခြားရှိ၏။ ဣတိ၊
ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်၊ ဝုတ္တံ၊ ဟောတော်
မူအပ်၏။ ဣဒံ၊ ဤပါဠိတော်ကို။ သဗ္ဗညုတ ဉာဏဝသေန၊
သဗ္ဗညုတ ဉာဏ်တော်၏ အစွမ်းဖြင့်။ ဝုတ္တံ၊ ဟောတော်
မူအပ်၏။ စ၊ ဆက်၍ဆိုဦးအံ့။ ဣဒံဥဒ္ဒါနံ၊ ဤသဗ္ဗညုတဉာဏ်
တော်၏ အရာကို။ အဘိဓမ္မေ၊ အဘိဓမ္မာ ပိဋကတ်၌။ သတ္တ
ပကရဏာနိ၊ အဘိဓမ္မာ ခုနစ်ကျမ်းတို့ကို။ ဒိသွာ၊ တွေ့မြင်
ရ၍။ ဝိသေသတော၊ အထူးအားဖြင့်။ သတ္တမံ၊ ခုနစ်ဆင့်
မြောက်သော။ မဟာပဋ္ဌာနပကရဏံ ပဋ္ဌာန်းကျမ်းကြီးကို။
ဒိသွာ၊ တွေ့မြင်ရသောကြောင့်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ပန၊
သမ္မာသမ္ဗောဓိဉာဏ်မှတပါး သာဝကဉာဏ်ကို ဆိုဦးအံ့။
သာဝကဉာဏေ၊ သာဝက ဉာဏ်၌။ ယတ္တကံ၊ အကြင်မျှ
အတိုင်းအရှည်ရှိသော သဘောတရားကို။ ဇာနန္တော၊
သိသည်ရှိသော် ကိလေသက္ခယံ၊ ကိလေသာ၏ ကုန်ခြင်း
သို့။ ဝါ၊ ကိလေသာ၏ကုန်ရာဖြစ်သော အရဟတ္တဖိုလ်သို့။
ပါပုဏာတိ၊ ဆိုက်ရောက်၏။ တတ္တကံ၊ ထိုမျှလောက်
အတိုင်းအရှည်ရှိသော သဘောတရားကို။ ဇာနနံ၊ သိခြင်း
သည်။ ပဇာနနံနာမ၊ ပညာသိမည်၏။ ပန၊ ဆက်၍ ဆိုဦးအံ့။
ဣဒံဥဒ္ဒါနံ၊ ဤသာဝကဉာဏ်၏အရာကို။ အဘိဓမ္မေ။ အဘိ
ဓမ္မာပိဋကတ်၌။ ဝိဘင်္ဂေ၊ ဝိဘင်းပါဠိတော်၌။ သုတ္တန္တ
ဘာဇနီယာနိစ၊ သုတ္တန္တ၊ သုတ္တန္တ ဘာဇနီနည်း တို့ကိုရင်း။
ပဉ္စ သုတ္တန္တာ နိကာယေစ၊ ငါးသွယ်သော သုတ္တန်နိကာယ်
တို့ကိုရင်း။ ဒိသွာ၊ တွေ့မြင်ရသောကြောင့်၊ ဝေဒိတဗ္ဗံ၊

သိအပ်၏။လောကိယမဟာဇနာနှံ၊လောကဌရှိကြကုန်သော လူအများတို့၏။ဉာဏော၊ဉာဏ်၌။ယတ္တကံ၊ အကြင်မျှအတိုင်း အရှည်ရှိသော အရာဌာနကို။ ဇာနန္တော၊ သိသည်ရှိသော်။ အဟိတံ၊ အကျိုးစီးပွားမဲ့သည်ကို၊ အပနေတိ၊ ပယ်နိုင်၏။ ဟိတံ၊ အကျိုးစီးပွားကို။ ဥပနေတိ၊ဆောင်နိုင်၏။ တတ္တကံ၊ ထိုမျှ အတိုင်းအရှည်ရှိသော အရာဌာနကို။ ဇာနနံ၊ သိခြင်းသည်။ ပဇာနနံနာမ၊ ပညာ သိမည်၏။ ။အနက်။ ။

ဤပြဆိုခဲ့ပြီးသော၊ဝိဇာနန, သဉ္ဇာနန, ပဇာနန အားဖြင့် သုံးပါးတို့တွင် ရူပသဒ္ဒ, စသော အာရုံကို၊ အရ ကြံစည် ယူတတ်သိ ဟူသော စိတ်ဓာတ်က ဘဝက မ္ဘာ၊ အသင်္ချေ ကြာသော်လည်း တခါတရံမျှ မဘောက် မပြန်၊ မြဲမြံသော ဝိညာဏ်ဓာတ်ကို၊ ပရမတ် ဆိုသည်။ လိုရင်း သဘောက လောဘစိတ်၊ ဒေါသစိတ်၊ မောဟ အစရှိသောစိတ်ဟူသမျှ မိမိတို့၏သဘာဝက၊ဘဝက မ္ဘာ၊အသင်္ချေကြာသော်လည်း တရံတခါမျှ မဘောက် မပြန် မြဲမြံသော ဓာတ်ကို ပရမတ် ဆိုသည်။ ။ဝိညာဏက္ခန္ဓာပြီး၏။

ထိုသိဟူသော ဝိညာဏ သဘောမျှ မှာမှ မှိတ္တွယ်ရာ တရားတွေ့ထိခံစား၊ မှတ်သား စေ့ဆော်ခြင်း အစရှိသော စေတသိက်တရား ငါးဆဲ့နှစ်ပါးတို့တွင်၊ အာရုံခြောက်ပါး၊ သုံးသုံးပါး၌ ကောင်းမကောင်းအလတ်အားဖြင့်၊ ခံစားသမျှ၊ ဒုက္ခဒုက္ခ၊ သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခဟူသော ဒုက္ခသစ္စာ အချက်က ပျက်ကွက်ခြင်း မရှိဘဲ။ သုံးဆဲ့ တဆောင် ဘုံပြောင်း ပြောင်းမှာ လောင်စာရဲရဲ အစဉ် မြဲသော ဒုက္ခ

ဆတ်ဆတ် ဝေဒနာခေတ်ကို၊ ပရမတ်ဆို၏။ ။ဝေဒနက္ခန္ဓာ ပြီး၏။

သညာက္ခန္ဓာ ဆိုသည်ကား။ ကုသိုလ်, အကုသိုလ် နှစ်ပါး၌ပင် ကြားမြင် ကြံသိသမျှ အစစ၌၊ ကျွမ်းကျင်မှတ်မိ တတ်သိ လိမ္မာခြင်းကို သညာဆိုသည်။ အယုတ်အားဖြင့် အကုသိုလ် အရာမှာ၊ မုဆိုး တံငါ တို့၏ အလိမ္မာ-ကျား၏ အသိ၊ ကြောင်၏အသိ၊ အစရှိသည်တို့၏ အလိမ္မာတို့ကို သညာဆိုသည်။ သတိထား၊ ။အလတ်အားဖြင့် ကုသိုလ် အရာမှာ၊ စာပေ ကျမ်းဂန် စသည်တို့ကို ဆောင်အံ မှတ်မိ၊ ဘတ်သိ လိမ္မာသည်ကို သညာဆိုသည်။ အမြတ် အားဖြင့် ဘုရား ရဟန္တာ တို့တွင်၊ ပကတိ သာဝက ရဟန္တာတို့၏ သညာတော်မှာ၊ ကမ္ဘာ ရာထောင်ကိုလည်း မှတ်မိ သိမြင် တော်မူရ၏။ ။မဟာ သာဝက တို့၏ သညာ တော်မှာ၊ ကမ္ဘာ တသိန်းကိုလည်း မှတ်မိ သိမြင် တော်မူရ၏။ ။ အဂ္ဂသာဝကတို့၏ သညာတော်မှာ၊ တသင်္ချေနှင့် ကမ္ဘာ တသိန်းကိုလည်း မှတ်မိ သိမြင် တော်မူရ၏။ ။ပစ္စေက ဗုဒ္ဓါတို့၏ သညာတော်မှာ၊ နှစ်သင်္ချေနှင့် ကမ္ဘာ တသိန်း ကိုလည်း မှတ်မိ သိမြင် တော်မူ ရ၏။ ။သမ္မာ သမ္ဗုဒ္ဓ ဘုရားတို့၏ သညာ တော်မှာ၊ လေး သင်္ချေနှင့် ကမ္ဘာ တသိန်း၊ ရှစ်သင်္ချေနှင့် တဆယ့် ခြောက် သင်္ချေ၊ သင်္ချေ နှစ်ဆယ် ကမ္ဘာ တသိန်း စသည်ဖြင့် မှတ်မိ သိမြင်တော် မူသမျှကို၊ သညာ ဆိုသည်၊ သတိမူပါ။ ဤလောကမှာ သတ္တဝါတို့၏ အရေးအရာတွင် ဤသညာ၏အလိမ္မာသည်၊

ကောင်း မကောင်း အရာ တို့မှာ အချုပ် အချာ လွန်စွာ နယ်ကျယ်ပုံကို၊ အကုန် မြော်ကြည့် သိမြင် ကြလေ။ ။ သညာက္ခန္ဓာပြီး၏။

သင်္ခါရက္ခန္ဓာ ဆိုသည်မှာ၊ ကိုယ်အမှု အရာ, နှုတ်အမှု အရာ, စိတ်အမှု အရာရ ပြုပြင်မှု ဟူသမျှကို သင်္ခါရက္ခန္ဓာ ဆိုသည်။ သရုပ် တရား ကိုယ်မှာ၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ငါးဆယ်ကို ဆိုသည်။ လိုရင်းက ခုစရိုက် ဆယ်ပါးနှင့် တကွ၊ သုစရိုက် ဆယ်ပါး အပြား သုံးဆယ် ပုည ကြိယာ ဝတ္ထု ဆယ်ပါး အပြား သုံးဆယ်၊ ပါရမီဆယ်ပါး၊ အပြား သုံးဆယ်တို့လည်း သင်္ခါရက္ခန္ဓာ တို့ချည်းတည်း။ ။သင်္ခါရက္ခန္ဓာပြီး၏။

ဤခန္ဓာ ငါးပါး ရုပ်နာမ် တရား တို့သည်၊ ဘုရား ကမ္ဘာ၊ အသင်္ချေ ကြာသော်လည်း အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော။ သစ္စာအချက်က မပျက်မကွက်,မဘောဇော်မပြန်၊မြဲမှန်သော ချုပ် နာမ်နှစ်ရပ်၊ ပရမတ်ကိုသာ။

သဗ္ဗေသင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။ ။
သဗ္ဗေသင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။
အထနိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။ ။
သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။
အထနိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ - ဝိသုဒ္ဓိယာ။ ။

## ဓမ္မပဒ ပါဠိတော်။

သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ သင်္ခါရာ၊ ရုပ် နာမ် သင်္ခါရ တို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင် အခါ၌။ ပညာယ၊ ပညာဖြင့်။ ပဿတိ၊ မြင်၏။ အထ၊ ထိုသို့ မြင်သော အခါ၌။ ဒုက္ခေ၊ သံသရာ ဝဋ်ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဧသော၊ ဤသို့ ငြီးငွေ့ခြင်းသည်။ ဝိသုဒ္ဓိယာ၊ ကိလေသာ စင်ကြယ်ခြင်း၏။ မဂ္ဂေါ၊ အကြောင်းတည်း။ ကြွင်းအနက်ကား ထင်ရှား၏။

အနိစ္စ, ဒုက္ခ, အနတ္တဟူသော သဘာဝထုံး သယံဇာတ ဓမ္မနှုန်းက၊ ဆုံး,စမရှိ၊ အဘိ နိယာမ ထာဝရ သဘော မသည်းအပ်၊ မဆိတ်အပ်၊ မြတ်သော ပရမတ်နှင့် ထွေးလုံး ရစ်ပတ်သော ပညတ်သဘောမျှ သဏ္ဌာနကာသ၊ သင်္ခါရ ဟူသော လောက သုံးရပ်က၊ အဇ္ဈတ္တ, မရ၊ ကာရက, ဝေဒက, သတ္တ, ပုဂ္ဂလ, အတ္တ၊ ဇီဝမရှိ၊ ပကတိအလျောက် အလေ့ပေါက် တံထွာ၊ ဓမ္မတာ စဉ်လာတွေကို၊ "သင်္ခါရေ ပရတောပဿ"ဟု ရှုမြင်အပ်သော ပရမတ် သဘောကို သာမည ပြောမူ။ သင်္ခတ, သင်္ခါရ။ အနိစ္စခေတ်, ပရမတ် ဆိုသည်မှာ အတူတူသာ မှတ်လေ။ ဝိသေသ သဘောက ဘင်ခဏကို အနိစ္စ, ဝိတိက္ကမ ဆိုသည်၊ ဥပါဒ်, ဋ္ဌီခဏကို သင်္ခါရ ပရိယုဋ္ဌာန ဆိုသည် သမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်း ပစ္စည်းပြုမျှ သမုဒယကို အနုသယ ဆိုသည်။ ထိုပစ္စည်း ပေါင်းမျှ အကြောင်း သမုဒယကြောင့် အကျိုး အနိစ္စကို "လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော" ဟူသော အရ၊ ရုပ်

လောက,နာမ်လောကဆိုသည်။ လူ့လောက,နတ်လောက ဗြဟ္မာလောက,အပါယ်လောကဆိုသည်ထင်ရှားစေအံ့။ ။ ဤလောကအား အမှန်အမှားကို နှစ်ပါးလုံး မသိရာမှာ၊ အဝိဇ္ဇာသာ မှတ်လေ။ ။

ဒိဋ္ဌိကြီး သုံးပါးကဲ့သို့ သမ္မုတိအရာ စိတ်သညာခေတ် မှတ်အပ်သော ပညတ်ကိုပယ်ရှား၊ ပရမတ် တဘက်သတ် များမှာလည်း၊ နွားတဘက်သာ က,သော လှည်းနှင့် မခြား ဆေးကြောင့် ဖြစ်သော အနာ၏ အလားကဲ့သို့၊ အဝိဇ္ဇာ တရား အမှား ချည်းသာ မှတ်လေ။ လိုရင်းမှာ- မဂ်ပညာ, ဖိုလ်ပညာ, ဝိပဿနာ ဉာဏ်မပါလျှင် အဝိဇ္ဇာက- ပဓာန ချည်းသာ မှတ်လေ။ ။ထို့ကြောင့်။

ပါပပက္ခံပန ပဝတ္တာသော ဉာဏဂတိကော ဟောတီတိ ဒဋ္ဌဗ္ဗော၊ တထာဟောသ ပါဠိယံ မိစ္ဆာ ဉာဏန္တိ ဝုတ္တော အဋ္ဌကထာသုစ မိစ္ဆာ ဉာဏန္တိ ပါပကြိယာသု ဥပါယ စိန္တာဝသေန ပဝတ္တော မောဟောတိ ဝုတ္တံ၊ အဝိဇ္ဇာယာစ အပဋိပတ္တိ မိစ္ဆာပဋိပတ္တိဝသေန ဒုဝိဓဘာဝေါ ပုတ္တော။ ။

## ပရမတ္ထဒီပနီဋီကာကြီး။

ပါပ ပက္ခံ ပန၊ မကောင်းသော ပက္ခ သို့ကား။ ပဝတ္တာ၊ ရောက်သည် ရှိသော်။ သော၊ ထိုမောဟ သည်။ ဉာဏ ဂတိကော၊ ဉာဏ်အလားရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ တထာတဝစနံ၊ ထိုစကား သည်။ ဟိသစ္စံ၊ မှန်၏။ သေဗသော၊ ဤမောဟကို။ ပါဠိယံ၊

ပါဠိတော်၌။ မိစ္ဆာဉာဏန္တိ၊ မိစ္ဆာဉာဏ်ဟူ၍။ ဝဏ္ဏော၊ ဟောတော် မူအပ်၏။ အဋ္ဌ ကထာ သုစ၊ အဋ္ဌကထာတို့၌လည်း။ မိစ္ဆာဉာဏန္တိ၊ မိစ္ဆာဉာဏ်ဟူသည့်ကား။ ပါပကြိယာသု၊ မကောင်းသော အမှုအရာတို့၌။ ဥပါယစိန္တာဝသေန၊ အကြောင်း ဥပါယ်တမည်ကို ကြံသည့်၏ အစွမ်းအားဖြင့်။ ပဝတ္တော၊ ဖြစ်သော။ မောဟော၊ မောဟတည်း။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။ စ၊ ဆက်ဦးအံ့။ အဝိဇ္ဇာယ၊ အဝိဇ္ဇာ၏။ အပဋိ ပတ္တိ မိစ္ဆာ ပဋိပတ္တိဝ သေန၊ အမှန်ကို မသိခြင်း–အမှားကိုသိခြင်း အစွမ်းအားဖြင့်။ ဒုဝိဓာဘာဝေါ၊ နှစ်ပါးပြားသောအဖြစ်ကို။ ဝုတ္တော၊ ဟောတော်မူအပ်၏။

လိုရင်းမှာ။ ။ပရမတ် သစ္စာသို့ မဆိုက်မထိ အရိယ သစ္စာကို မသိကြသော လောက အလယ် ပညတ် နယ်ရှိ သမ္မုတိ သစ္စာမှာ သံသရာနစ်မွန်း၊ ပစ္စုပ္ပန် ညစ်နွမ်းသော အဖြစ်ရှိ အသိမျိုး အတတ်မျိုးတို့၌ တတ်သိ လိမ္မာမှု-မိန်းမ ယောကျ်ားလူပါးတွေ့,ရှင်ပါးတွေ့ ပြု၍နေကြသောအရာမှာ အဝိဇ္ဇာက, ပဋ္ဌာန ကြီးသာ မှတ်လေ။ ။သိသာ စေအံ့။ ဥပမာထား-ဤလောကရှိ မျက်လှည့်အတတ်မျိုးသည်။ ပကတိက ကျောက် အုဋ်ခဲ ကိုပင် မမြင်သာအောင် ကွယ်ကာ ဖုံးလွှမ်းသော သဘောတရပ်။ ထိုကျောက် အုဋ်ခဲ ကိုပင် ရွှေစင်မြသား၊ ပတ္တမြားထင်အောင် ဟန်ဆောင် တတ်သော သဘောတရပ်။ ဤမျက်လှည့်ပြ ပမာထားကဲ့သို့၊ အဝိဇ္ဇာက ဘုံသုံးရွာမှာ ဇာတိ,ဇရာ,မရဏအစရှိသောအာဒီနဝကိုပင် မမြင်ကန်းအောင်ဖုံးလွှမ်းတတ်သောသဘောတရပ်။ ထိုဘုံ

သုံးရွာကို သာယာဘွယ်အများ၊ ထင်မှတ်ရှားအောင် လှည့်ပတ်ဆောင်သော သဘောတရပ်။ ဤမျက်လှည့်ပြ ပမာဏကဲ့သို့ အဝိဇ္ဇာမောဟကြောင့် လောဘသာတာ၊ သမုဒယက၊ ကာမ ရူပ၊ အရူပဟု တေဘူသုံးဆောင် ဘုံပြောင်းပြောင်းမှာ။ "ရာဂဂ္ဂိနာ အာဒိတ္တံ၊ ဒေါသဂ္ဂိနာ အာဒိတ္တံ" အစခံသော သုတ္တန် ဒေသနာ လောင်စာ ညီးညီး၊ မီးပုံ ကြီးမှာ ရသရှာသည့်၊ တဏှာဆိုးက၊ မိုးယံမမြင်လေမမြင် အဆင်အခြင်မရှိ၊ ဘိစီးလွှမ်းမိုး ရတ်ထိုးမရ၊ နွားငယ်မ ရေချပမာ၊အရာရာမှာ၊တဏှာသုံးသွယ် ဆဲ့ရှစ်တွယ်၍ သုံးဆယ့်ခြောက်ကရာ့ရှစ် ကျအောင် တဏှာလောင်မှာ၊ တထောင့် ငါးရာအာသာငတ်သော လောဘဟိတ်ခတ်၊ ပရမတ်ချယ်လယ်ခတ်သွယ်နွယ်က၊ရပ်ဘယ်မရဆန်းကြယ်လှ၏။ ဤအဝိဇ္ဇာနှင့်တဏှာဆန်းကြယ်၊ အမြစ် တွယ်၍၊ သွယ်နွယ်လေရာစေတနာက။ ဒေဝမနုဿ၊ နိရယ,ပေတ,တိရစ္ဆာန်၊ငါးတန်ပစ်ချ၊ ဘုံသုံး ရွာမှာ ဇာတိ, ဇရာ, ဗျာဓိ, မရဏ၊အနိစ္စစစ်ဒုက္ခ ဖြစ်၍နေကြ၏။ ထို့ကြောင့်။ ။

တသ္မိံ သမ္မုတိ သစ္စေ ဌတွာ သမ္မာပဋိ ပဇ္ဇန္တာ၊ သဗ္ဗလောကိယ သမ္ပတ္တိယောတံတံဗောဓိ သန္တာရဓမ္မေ အာရာဓေန္တိ၊ မိစ္ဆာပဋိ ပဇ္ဇန္တာ အပါယ ပူရကာ ဟောန္တိ ဧဝံမဟန္တံ ဟိ သမ္မုတိသစ္စန္တိ။

ပရမတ္ထဒီပနီဋီကာကြီး။

တသ္မိံ သမ္မုတိ သစ္စေ၊ ထိုသမ္မုတိ သစ္စာ၌။ ဌတွာ၊ တည်၍။ သမ္မာ ပဋိပဇ္ဇန္တာ၊ ကောင်းစွာ ကျင့်ကြကုန်သော

သူတို့သည်။ သဗ္ဗလောကိယ သမ္ပတ္တိယော၊ အလုံးစုံသော လောကီစည်းစိမ်ချမ်းသာတို့ကိုငင်း။ တံတံဗောဓိသတ္တာရ ဓမ္မေစ၊ ထိုထိုဗောဓိ အဆောက် အဦးဖြစ်သော၊ ဒါန,သီလ စသော တရားတို့ကိုငင်း။ အာရာဓေန္တိ၊ပြီးစေကုန်၏။ မိစ္ဆာ ပဋိပန္နကာ၊ ဘောက်ပြန်စွာ ကျင့်ကြကုန်သော သူတို့သည်။ အပါယ ပူရကာ၊ အပါယ်၌ ပြည့်ကြ ကုန် သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟိသစ္စံ၊ မှန်၏။ သမ္မုတိသစ္စံ၊ သမ္မုတိ သစ္စာသည်။ ဧဝံမဟန္တံ၊ ဤမျှလောက် ကြီးကျယ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။

လိုရင်းကား၊စိတ်သညာမှာအဝိဇ္ဇာနှင့်တဏှာမူလကြောင့် မာန၊ဘူတ၊ ဒိဋ္ဌိ၊ ပရမတ်က သတ္တ, ပုဂ္ဂလ,အတ္တ, ဇီဝဟု ဝန်ခံကြသော အရာ တံထွာ သဘာဝ ဤလောကမှာ စိတ် သညာသိ သမ္မုတိသစ္စာ၌ ကောင်းစွာ တည်ကြ၍။ ဒါန, သီလ, ဘာဝနာ, ကိစ္စ, လူ့ကိစ္စ, ရှင့်ကိစ္စ, ကျင့်ကိစ္စ။ ကြည်ကိစ္စ, ဤဟာဗျာပါရရ အစစ ဟူသမျှ စရဏမှုကို ကောင်းစွာ ပြုကြ ကုန်သော သူတို့က လူ, နတ်တို့ သုခ သမ္မုတိ ချမ်းသာမျှ စည်းစိမ် နှင့် တကွ သမ္မာ သမ္ဗုဒ္ဓ ပစ္စေက ဗုဒ္ဓ သာဝက ဖြစ်ကြကုန်၍ နိဗ္ဗာန်သို့ ရကြ, ရောက်ကြ လေကုန်၏။ ဘောက်ပြန်စွာ ကျင့်ကြကုန်သော သူတို့က အပါယ်သို့ကျ၊ သက္ကာယဒိဋ္ဌိ အစရှိသော ဇာတိ, ဇရာ, ဗျာဓိ,မရဏ ဝဋ်ဒုက္ခမှ မလွတ်ရ မထွက်မြောက်ရ ဤမျှ လောက်ပင် စိတ်သညာဘိ၊ သမ္မုတိ နယ် လောက လယ်မှာ လွန်မင်းစွာ ကြီးကျယ် ပါသော်လည်း အရိယာ

သစ္စာ မဂ်ပညာ ပေါက်၊ ရောက်သော အခါ၊ ဥပမာမှာ၊ စကြဝဠာ တခု လုံးလျက်၊ ပြည့်နှက် မောက်လျှမ်းသော ယမ်းတိုက်ကြီးကို မီးရှို့သည့် ပမာလာ။ ။

အရိယသစ္စံနာမ သဗ္ဗေသံ တေဘူမက ဓမ္မာနံ ကေန္တံ ဒုက္ခဘာဝေါ တဏှာယ ကေန္တံဒုက္ခ သမုဒယ ဘာဝေါ နိဗ္ဗာနသောဝဒုက္ခနိရောဓဘာဝေါ အဋ္ဌင်္ဂိကဿ မဂ္ဂဿဝ ဒုက္ခနိရောဓ မဂ္ဂ ဘာဝေါစာတိ ဣဒမေဝ ဟိမရိသုဒ္ဓဇုဒ္ဓိနံ အရိယာနံ ဉာဏေန အစလမာနံ သဗ္ဗာ ကာလ ပရိပုဏ္ဏံ နိပ္ပရိယာယ သစ္စံ ဟောတီတိ။ တေသု ဣဓသမ္မုတိ သစ္စံ နိဝတ္တေန္တော ပရမတ္ထတောတိ ဣဒမာဟ။ ။

## ပရမတ္ထ ဒီပနီ ဋီကာကြီး။

အရိယသစ္စံနာမ၊အရိယသစ္စာမည်သည်ကား။ သဗ္ဗေသံ ခပ်သိမ်းကုန်သော။ တေဘူမက ဓမ္မာနံ၊ တေဘူမက တရားတို့၏။ကေန္တံဒုက္ခဘာဝေါစ၊ဒုက္ခစင်စစ်၏ အဖြစ်သည်ရင်း။ တဏှာယ၊ တဏှာ၏။ ကေန္တံ ဒုက္ခ သမုဒယ ဘာဝေါစ၊ ဒုက္ခအစစ်ဖြစ်ပွားရာပွားကြောင်း၏ အဖြစ်သည်ရင်း။ နိဗ္ဗာနသောဝ၊ နိဗ္ဗာန်၏ သာလျှင်။ ဒုက္ခနိရောဓဘာဝေါစ၊ဒုက္ခချုပ်ရာ၏အဖြစ်သည့်ရင်း။အဋ္ဌင်္ဂိကဿ၊အင်္ဂါရှစ်ပါးရှိသော မဂ္ဂဿဝ၊ မဂ်၏ သာလျှင်။ ဒုက္ခ နိရောဓ မဂ္ဂ ဘာဝေါစ၊ဒုက္ခချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း၏ အဖြစ်သည်ရင်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဟိသစ္စံ၊ မှန်၏။ ဣဓမေဝ၊ ဤအရိယ သစ္စာသည်

သာလျှင်။ ပရိသုဒ္ဓဗုဒ္ဓိနံ၊ စင်ကြယ်သော အသိဉာဏ်ရှိကုန်
သော။ အရိယာနံ၊ အရိယာပုဂ္ဂိုလ်တို့၏။ ဉာဏေန၊ ဉာဏ်
ဖြင့်။ အစလမာနံ၊ တုန်လှုပ်ခြင်း မရှိသော။ သဗ္ဗကာရုပရိ
ပုဏ္ဏံ၊ အလုံးစုံသော အခြင်းအရာနှင့် ပြည့်စုံသော။ နိပ္ပရိ
ယာယသစ္စံ၊ မုချသဘောဆတ်ဆတ်သောသစ္စာမည်သည်။
ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။ တေသု၊ ထိုသမ္မုတိ
သစ္စာ၊ ပရမတ်သစ္စာအားဖြင့် နှစ်ပါးတို့တွင်။ ဣဓ၊ ဤအရာ၌။
သမ္မုတိသစ္စံ၊ သမုတိသစ္စာကို။ နိဝတ္တေတွာ၊ ပွန့်ခွါပယ်ပစ်
နှစ်စေလိုသည်ဖြစ်၍။ ပရမတ္ထတောတိ ဣာဒိ၊ ပရမတ္ထ
တော ဟူသော ဤစကားကို။ အာဟ၊ ဆို၏။

လိုရင်းမှာ။ ။ပညာမြင်သိ အရိယသစ္စာဝိဇ္ဇာပေါက်၍
ရောက်သောအခါ၊ ပရိညာ, ပဟာန, သစ္ဆိကရဏ, ဘာ
ဝနာကိစ္စ–ပရမတ်ဓမ္မ–လေးဌာနနှင့် ချ၍ကြည့်က၊ မရှိမရ
သက်သက်မျှမဆိုင်မစပ်သော ပညတ်မျှသာ စိတ်သညာသိ
မျက်လှည့်ပမာ လူ့ချမ်းသာ နတ်ချမ်းသာမှာ သစ္စာမမည်
ဆိုလိုသည်။ ။ထိုပရမတ်သစ္စာမှာလည်း သဘာဝသစ္စာ
အရိယ သစ္စာအားဖြင့် နှစ်ပါးတို့တွင်၊ ဤသာသနာတော်၌
ကြုံခိုက်အခါလိုရင်းသို့ အဆိုက်မှာ အရိယ သစ္စာလျှင်
မုချ စင်စစ် သစ္စာ ဖြစ်သည်။ လိုရင်း က ဒုက္ခ သစ္စာမှ
သင်္ခတဓမ္မ အနိစ္စကို ဆ၍သာ အသင်္ခတနိရောဓ သစ္စာကို
နိစ္စ, သုခဓာတ် ဆိုအပ်သလို၊ အကုသိုလ်ကို ဆ၍သာ
ကုသိုလ်ဆိုအပ်သော အနိစ္စသဘောမျှ ဇာတိ,ဇရာ,မရဏ
အစရှိသော လောကမှောင်တွင် လရောင်အသွင် စိတ်

သညာသိ၊ သမ္မုတိသစ္စာကို စွန့်ခွါပယ်ပစ် နစ်စေလိုသော ကြောင့် အရိယ သစ္စာ။ ပညာအလင်း နေမင်းနှင့် တူသော ပရမတ္ထဘော ဟူသော စကားကို မိန့်ဆို တော်မူသည်။ အကျယ်ကိုလိုမူ-ပရမတ္ထ ဒီပနီ ဋီကာကြီးမှာ ပညာနှင့်သာ ယူလေ။ ။

သိသာစေအံ့။ ။ဤလောကမှာ သမ္မုတိသစ္စာ, ပရမတ် သစ္စာ အားဖြင့် နှစ်ပါး၊အဝိဇ္ဇာပညာအားဖြင့် နှစ်ပါးတို့တွင် သမ္မုတိသစ္စာ စိတ်သညာသိ မျက်စိမြင် နားကြား စသော အားဖြင့် လူ့ပြည် နတ်ရွာ ဖြပ်မ္ဗာငရဲ အနန်နှိုအပ် သိမြင် မှတ်သော ပညတ် တွေသည်။ ဥပမာထား ရေပြင်မှာ တုတ် သေးနှင့် ရေးလုပ်သော အရုပ်မှာ ထိုရေးသော သူသာလျှင် သူ့သညာမြင် အရုပ် အသွင် သူ့စိတ် တမ်းမှန်း ၍ထင် သူ့စိတ်တွင် မြင်သော အရုပ်ကဲ့သို့ ထို့တူပမာ စိတ်သညာ ခေတ် ပရမတ်တွင် သိမှတ်ထင်၍ မြင်ကြံသမျှ လောက အရှိမှာ သမ္မုတိသစ္စာဆိုသည်။ သတိမူပါ။ ။

ပရမတ်သစ္စာ ပညာမြင်မှာ၊သဏ္ဌာန်နှင့်မစပ်၊ ကောင်း မကောင်း အလတ်ပြုတတ် ပြုအပ် ယုတ်မြတ်မရှိ ပကတိ ထိးထိး ဟင်းလင်း ကြီးထဲမှာ မမြဲဖြစ်ပေါ်ရန် အကြောင်း မှုနှင့်အကျိုး အနိစ္စမှာ ထာဝရသာဟု လွန်စွာသန့်ရှင်းလင်း ကြီးလင်း၏။ဤအလင်းခေတ်ကိုသာ ပရမတ်အရိယာ ပညာ မြင်ဆိုသည်။ ဤပရမတ် အရိယာ ပညာမြင်နှင့် ပညတ်အရှိ သမ္မုတိအစဉ်၊ အဝိဇ္ဇာမြင်က ဥပမာထား ဥပါဒ်နှင့်ဘင်သည့် ညီမျှသကဲ့သို့၊အညီအမျှ သိမြင်ရမည်။ ။

မြင်ပုံကား။ ။ညဥ့်မှောင်မိုက်ခန်း၊မီးကိုရမ်းက လျှင်မြန် လှသော သဘောအတွက် အစဉ်ဆက်စပ် မျှင်မပြတ်သော သန္တတိ ပညတ်ကိုပင် အမြင်က နှေးထိုင်း အသိက သေးမှိုင်းသော စိတ်သညာ အတိုင်းနှင့် မီးစက် ဝိုင်းထင်။ ကြောင်ကြောင် မြင်ကဲ့သို့၊ ထို့အတူ အနိစ္စခေတ် စဉ်မ ပြတ်ကို လူ၊နတ်, တိရစ္ဆာန် ပုံသဏ္ဌာန်သော ဟန်မူရာကို သတ္တဝါစွဲ အနန့်အဖြာဖြာ စိတ်သညာတွင်သိမြင်မှတ်သော ပရမတ် အရပ်ရပ်နှင့် ပညတ်အရိပ် ထင်နိမိတ်ကလည်း၊ မီးနှင့်မီးရောင် နည်းသဖွယ် သမ္မုတိနယ် လောကလယ်မှာ တကယ်လည်း ဟုတ်၏ မှန်၏။ အရိယာသစ္စာ ပညာမြင်မှာ ပရမတ်အနိစ္စက မျက်တောင်တခတ်မျှ ထိုခဏမှာ သိန်းကု ဋေ၊မက လျှင်မြန်လှ သော်လည်း။ ဥပမာဏ ဝိသယခေတ် ဖြစ်ပျက် သင်္ခါရ အနိစ္စနယ် မကွယ်မသည်း မဆုံးကျယ် ခြင်းမှာ၊ အနတ္တ၏ နယ်အတွင်းသာ ဖြစ်လာရသို့ရင်း၊ ထိုထို သဘာဝ၊အစစလဲ ဩကာသထဲမှာ မလွဲရသို့ရင်း၊ သင်္ခတ ခေတ်တွင် အမြတ် ဘုရင် ပညာမြင်မှာ၊ အစဉ် မစပ် အမျှင် ပြတ်၍ ယုတ်မြတ် မရကြောင်းနှင့် ကျိုးမျှ အနိစ္စဟု နိမိတ် လွတ်ကင်းကြည်လင်ရှင်း၍လင်းကြီးလင်း၏။ ။သတိမူပါ။

ဤပရမတ်သစ္စာ,ပညာမြင်နှင့် သမ္မုတိအစဉ် အဝိဇ္ဇာမှာ ဥပမာကား၊ ။ပုလင်းမဲ၏ အထဲကို, အစိမ်း, အနီ စသည့် ထည့်၍ကြည့်သောအခါ အတွင်းမှာ မမြင်ရ။ ပြင်ပအဆင်း ပုလင်းကိုသာ မြင်ကြရ၏။ပုလင်းဖြူကို၊ အစိမ်း,အနီစသည့် ထည့်၍ ကြည့်သော အခါ စိမ်း, နီသော အဆင်း အတွင်း

ပြည့်ဝရှိသမျှကိုရင်း၊ ပြင်ပ ပုလင်း အဆင်းကိုရင်း။ကုန်စင်ပြောင်အောင် ကြောင်ကြောင်ကြီးလျှင် နှစ်မြင် ပင်မြင်၏။ မြင်အောင်ကြည့်ပါ။ဥပမာနှင့် ဥပမေယျဟပ်၍ပြသော်။ ။ စိတ်သညာသိ၊ သမ္မုတိမှတ် ပညတ်မှု,မြင်၊ ပုထုဇ္ဇဉ်ခပဲက အမြင်မရဲ အထင်လွဲ၍ အထဲမရှင်း ပုလင်းမဲကြည့် အဝိဇ္ဇာသိနှင့်တူ၏။ ပုလင်းဖြူကြည့်ပမာ ပရမတ် ပညတ် နှစ်ရပ်မြင်မှာ ပရမတ် အရိယာ ပညာမြင်နှင့်တူ၏။ ။

လိုရင်းမှာ၊ သမ္မုတိ သစ္စာ ပရမတ် သစ္စာကို ဝိညာဏ်ပညာ မြင်နှစ်ဖြာက၊ ချိန်ခွင်လျှာ ပမာဏ ညီမျှအောင်ပင်ပေါင်ဝင်မြင်မှသာ သမ္မာမြင်ဆိုပါ။ သို့မဟုတ်ပါက အရာရာမှာ၊ လျော့မိန်လှ၊ သာဒိဋ္ဌိ ရှိသမျှကို သိကြ ပါလေညာဏ်ကဝေတို့။ သိသာစေအံ့၊ လောကီသမ္မာဒိဋ္ဌိ။ သမ္မုတိသစ္စာ ဝိညာဏ်သိဟူသည်မှာ အတူတူသာ မှတ်လေ။ ။ သာသနာ သမ္မာဒိဋ္ဌိ၊ ပရမတ်သစ္စာ ပညာသိ, ဟူသည်မှာ အတူတူသာ မှတ်လေ။ ။ထင်ရှားစေအံ့။ ပရမတ်သစ္စာ။ ပညာမပါသော ဉာဏဝိပ္ပယုတ်ကုသိုလ်က သမုဒယငြိ၍ သက္ကာယဒိဋ္ဌိအစရှိသောသံသရာညွတ်၊ ခန္ဓာဝဋ်ကမလွတ်သောတရား၊ဘုရားပစ္စေက ဗုဒ္ဓါ၊သာဝကလောင်းတို့၊လမ်းကြောင်းအညီ ပါရမီ အလုပ် မဟုတ်သော ကြောင့်တည်း။ ဘဲချိုကလည်း လောကီသမ္မာဒိဋ္ဌိ၊သမ္မုတိ သစ္စာကြီးကိုပင်မထေမဲ့မြင်ကာလ ဒါန, သီလ ပယ်ရမလို၊ ဒိဋ္ဌိတဏှာ မာနပို၍ ပုဂ္ဂိုလ်ရွေးမှတ် ပရမတ် တဘက်သတ်များမှာလည်း အမှားချည်းသာ မှတ်လေ။ အဘယ်ကြောင့်နည်း။ "နတ္ထိဒိန္နံ၊

နုဋ္ဌိယိင်္ဂ” စသောကံ, ကံ၏ အကျိုးကို ပယ်ခွါသော မိစ္ဆာ ဒိဋ္ဌိငြမ်း ဖြစ်၍ သုဂတိစခမ်း၊ ဘုရားပစ္စေက ဗုဒ္ဓါသာဝက လောင်းတို့ လမ်းကြောင်းညီမျှ ဒါနပါရမီ၊ အစချီသော ပညာစာဂီ ပါရမီလမ်း ဝိတ်ပင်ကန်း၍ အပါယ်တလမ်းသာ ဖြစ်သောကြောင့်တည်း။ လိုရင်းကြီးကား၊ ဤလောကမှာ ဓမ္မတို့တံထွာ မနေသာသော ဤဟာ,ဗျာပါရမှု၊ ကာယဒွါရ ဝစီဒွါရဗု ဒါန,သီလ,စရဏာမှုကို ပြုကြသောအခါ မနေသာကံ အရာ ဝိပဿနာ ဉာဏ သမ္မယုတ်ဟု ဝိဇ္ဇာမှုနှင့် ပြုကြ မှသာ သံသရာညွှတ်၊ ခန္ဓာဝဋ်က လွတ်ကြမည်။ ။ ထို့ကြောင့်။ ။

ဣဒံမေဒါနံ,အာသဝက္ခယာဝဟံဟောတူတိဧဝံပနဝိဝဋ္ဋံ ပတ္ထေန္တော ဝိဝဋ္ဋဝသေန သမ္မာပဏိဟိတံ အရဟတ္တံပိ ပစ္စေက ဗောဓိ ဉာဏံပိ သဗ္ဗညုတ ဉာဏံပိ ဒါတုံ သက္ကောတိယေဝ။ ။(အဋ္ဌကထာ)

မေ၊ ငါ၏။ ဣဒံဒါနံ၊ ဤအလှူကုသိုလ်သည်။ အာသ ဝက္ခယာဝဟံ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ရာ နိဗ္ဗာန်ကိုဆောင်သည်။ဟောတု ဖြစ်စေသတည်း။ ဣတိဧဝံ၊ ဤသို့။ ဝိဝဋ္ဋံ၊ ဝဋ်ကင်းရာဖြစ်သော နိဗ္ဗာန်ကို။ ပတ္ထေန္တော၊ တောင်းတသဖြင့်။ ဝိဝဋ္ဋဝသေန၊ ဝိဝဋ္ဋ၏ အစွမ်းဖြင့်။ သမ္မာ၊ ကောင်းစွာ။ ပဏိဟိတံပန၊ ထားအပ် ဖြစ်စေအပ်သော ကုသိုလ်သည်ကား။ အရဟတ္တံပိ၊ အရဟတ္တဖိုလ်ကိုရင်း။ ပစ္စေက ဗောဓိဉာဏံပိ၊ ပစ္စေက ဗောဓိဉာဏ်ကိုရင်း။ သဗ္ဗညုတ ဉာဏံပိ၊ သဗ္ဗညုတ ဉာဏ်ကိုရင်း။ဒါတုံ၊ ပေး

ခြင်း၅ါ။ သင်္ကေတတိ ယေဝ၊ စွမ်းနိုင်သည်သာတည်း။ ။
အနက်။ ။

ပုညကြိယာနှင့် ပါရမီတရား ထူးခြား ကွဲလွဲ သည်မှာ မဟာကုသိုလ် ဉာဏဝိပ္ပယုတ် စိတ်လေးခုနှင့် ပြုသော ကုသိုလ်ကို ပုညကြိယာဆိုသည်၊ မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ်လေးခုနှင့် ပြုသော ကုသိုလ်ကို ပါရမီဆိုသည်။ ဤသာသနာတော်၌ ကြမ်ခိုက်ခဏမှာ အဝိဇ္ဇာကြောင့်ဖြစ်သော သံသရာ ပုညကြိယာခပဲက ဝဋ်ဆင်းရဲအကြောင်း ဝဋ်ဦးခေါင်းနှင့်မခြား အလားတူသောကြောင့် လျှကောင်း နတ်ကောင်း မတောင်းသင့်ကြောင်းကို။ ။

ယံဟိကိဉ္စိ ဘဝတ္တယသင်္ခါတံ ဝဋ္ဋံပဋ္ဋေတွာ ပဝတ္တိတံ အန္တမသော ပဉ္စာဘိညာ အဋ္ဌဝါပန သမာပတ္တိယော၊ သဗ္ဗတံ ဝဋ္ဋပက္ခိယံ ဝဋ္ဋ သိသန္တိ ဝဋ္ဋသီသတ္တာ မိစ္ဆာသန္နိပဒါဝ ဟောတိ။ ။အဋ္ဌကထာ။

တိသစ္စံ၊ မှန်၏။ ဘဝတ္တယ သင်္ခါတံ၊ ဘဝသုံးပါးဟုဆိုအပ်သော။ ဝဋ္ဋံ၊ တေဘူမက ဝဋ်ဒုက္ခကို။ ပဋ္ဋေတွာ၊ တောင်းတ၍။ ပဝတ္တိတံ၊ ဖြစ်စေအပ်သော။ အန္တမသော အထက်ဆုံးအားဖြင့်။ပဉ္စာဘိညာ၊ကုသိုလ်အဘိညာငါးပါး တို့သော်လည်းဖြစ်သော။အဋ္ဌဝါပနသမာပတ္တိယော၊သမာပတ် ၈ပါးတို့သည်မူလည်း ဖြစ်သော။ ယံကိဉ္စိ၊ အကြွင်းအမှတ်မရှိ တစုံတခုသော ကံသည်။ အတ္ထိ၊ ရှိ၏။ တံသဗ္ဗံ၊ ထိုအလုံးစုံသော ကံသည်။ ဝဋ္ဋ ပက္ခိယံ၊ ဝဋ်၏ အသင်းအပင်း ဝဋ်ဆင်းရဲဘက်သာတည်း။ဝဋ္ဋသီသံ၊ဝဋ် ဆင်းရဲ၏

အကြောင်း ဝဋ် ဦးခေါင်းနှင့် အလား တူ၏။ ဣတိဝုတ္တက အဋ္ဌကထာ၊ ထိုဝဋ်၏ အကြောင်းဝဋ် ဦးခေါင်းဖြစ်သော ကြောင့်။ မိစ္ဆာပဋိပဒါဝ၊ လမ်းမှားသော အလေ့အကျင့် သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ။

ထိုကြောင့်၊ ကာမ, ရူပ, အရူပ ဟူသော ဘဝ သုံးပါး ကို စီးကျည်းတွင်း, သုံးတွင်းနှင့်မခြား၊ ရှားနှစ် တံကျင်, သုံး တံကျင် ရွှေတံကျင်တို့၏ အချုပ်ဝသို့ရောက်ချင်သောသူတို့နှင့်တူ သည်ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌မိန့်ဆိုတော်မူသည်၊ဤအရာ စောဒနာမှာ။ ။ဘူရိဒတ်ဇာတ်၌။ "တံပိမာနံ အဘိဇ္ဇာယ" စသည်ဖြင့် ဟောတော်မူသည် တရပ်။ (အဘိဇ္ဈာ ယာတိ ပတ္ထေတွာ) ၎င်းဇာတ်အဋ္ဌကထာ၊ စမ္ပေယျ ဇာတ်မှာလည်း မနုဿလောကံ အဘိပတ္ထယံ မာနော စသည်ဖြင့် ဟော တော်မူသည် တရပ်။ သင်္ခပါလ ဇာတ်မှာလည်း၊ "အဟာဠ လဒ္ဓါန မနုဿယောနိံ ၊ကာဟာမိဇာတိ မရဏဿအန္တံ" အဟာဠ၊ ငါသည်လည်း။မနုဿယောနိံ၊ လူ့ဘဝကို။လဒ္ဓါန၊ ရ၍။ ဝါ၊ ရသည် ရှိသော်။ ဇာတိ မရဏဿ၊ ပဋိသန္ဓေ နေခြင်း, သေခြင်း၏။ အန္တံ၊အဆုံးကို။ကာဟာမိ၊ ပြုရလတ္တံ့ ဟု ဟောတော်မူသည် မဟုတ်လော။ စောဒနာလေ။ ။

အဖြေမှာ။ဟုတ်မှန်ပါ၏။ မှန်ပုံက၊ဤကာဟာမိ, ပုဒ်အရ ဆန္ဒတော် ပြုကြသည်ကား၊ ဤလူ့ပြည်မှ တပါး၊ ပါရမီ အထူးဆည်းပူးရန်တရားအခြားမရှိသောကြောင့်အလောင်း တော်မြတ်ဘူရိဒတ်နဂါးမင်း၊စမ္ပေယျ နဂါးမင်း၊ သင်္ခပါလ နဂါးမင်း တို့က အပါယ်ဘဝ၌ ဖြစ်ခိုက်ကြ၍သာ ပါရမီ

သဏ္ဍာရ ဆန္ဒတော် အလိုနှင့် လူ့ဘဝကို ရည်ညွှန်း၍ တောင်းတတော်မူကြသည်။နတ်ဗြဟ္မာ အပေါင်းကလည်း တောင်းတ ကြ၏။ တောင်းရ၏။ ထိုလူ့ ဘဝမှာ လည်း သာသနာပ, လူ့ ဘဝက သာသနာတော် သမယ၊ လူ့ ဘဝကို တောင့်တ သော်လည်း လျော်ပါ၏။ ယခုဘဝ သာသနာ ခဏကြုံမိခိုက်ကြသူ ရှင်လူတို့က သမ္မာသမ္ဗုဒ္ဓ ဆု၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိ သာဝက ဆုမှတပါး တောင်းသမျှ အမှား အပါယ်ဘုံသား နဂါးများနှင့် အလားတူ ဆုယူ မှားကြောင်းကို။ ။

"ကတမာစ ဘိက္ခဝေ မိစ္ဆာ ပဋိပဒါ၊ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ"စသည်ကိုဖြေလော့။ ဘိက္ခဝေ၊ရဟန်းတို့။ ကတမာစ၊ အဘယ်သို့ ပြုကျင့်ခြင်းသည်သာလျှင်။မိစ္ဆာ ပဋိပဒါ၊ မှားသောပြုကျင့်ခြင်းမည်သနည်း။ အဝိဇ္ဇာပစ္စယာ၊ ပညာ ကန်း၍ ပါမှန်း မသိခြင်းကြောင့်။ သင်္ခါရာ၊ ဉာဏဝိပ္ပယုတ် နှင့်သာ ပြုလိုရာပြုမိ ပါရမီ မျိုးစေ့အဖြစ်သို့ မဆိုက်ရောက် မထိသော။ ဝဋ္ဋနိဿိတ၊ ကုသိုလ် အကုသိုလ် သင်္ခါရ တို့တည်း။ ။သတိမူပါ။ ။

၅၂အရာတွင် "သမတိံသ သမတိံသာနိ သုစရိတဝမ္မ ပုညကြိယာ ဝတ္ထု၊ ပါရမီယောတိ ဣမေ နဝုတိဝမ္မာ နိဗ္ဗာ နဂ္ဂါယ ဥပနိဿဘာဏ္ဍာနာမ၊ ဟူသော ၉ကနိပါတ်ဓာတ် ငိုကာ လာသောအရ၊ သုစရိုက် ၃၀။ပုညကြိယာဝတ္ထု ၃၀ ပါရမီ ၃၀-အားဖြင့်"နိဗ္ဗာန်ရောက်ဘွယ်-ကြွေးကိုးဆယ်"

ဆိုသည့်ကား ထင်ရှားစေအံ့။ ကာယာနုပဿနာ သတိပဋ္ဌာန်ဖြင့် ကာယသုစရိုက် သုံးပါး၊ ဝစီ ဒုစရိုက်လေးပါး၊ မနော ဒုစရိုက်သုံးပါး အားဖြင့် ဆယ်ပါး သောဒုစရိုက်တို့တွင် တပါးပါး၌ ကြည်ရှောင်ခြင်း ဝိရတိ ဘို့သည်။ သမ္ပတ္တဝိရတိ,သမာဒါနဝိရတိ,သမုစ္ဆေဒဝိရတိ အားဖြင့် သုံးပါး သုံးပါးစီ ပြားသောကြောင့်၊ သုစရိုက် သုံးဆယ်ဖြစ်၍ အပါယ်ဆင်းရဲမှ လွတ်ကင်းခြင်းအကျိုးရှိ၏ ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန,ဓမ္မဿဝန,ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မ-ဟူသော ပုညကြိယာ ဝတ္ထု ဆယ်ပါးတို့တွင်၊ အဓိဋ္ဌာနလိုနိ ပြုသည့် အတိုင်း တပါးပါး၌၊ ကာယကံ, ဝစီကံ, မနောကံ အားဖြင့် သုံးပါး သုံးပါးစီ ပြားသောကြောင့် ပုညကြိယာ ဝတ္ထု ကလည်း သုံးဆယ်ဖြစ်၍။ လူ နတ် ဗြဟ္မာတို့ စည်းစိမ် ချမ်းသာနှင့် ပြည့်စုံခြင်း အကျိုးရှိ၏။ ဒါနပါရမီ, သီလ ပါရမီ, နိက္ခမပါရမီ, ပညာပါရမီ, ဝီရိယပါရမီ,ခန္တီပါရမီ သစ္စာပါရမီ, အဓိဋ္ဌာန်ပါရမီ, မေတ္တာပါရမီ, ဥပေက္ခာ ပါရမီအားဖြင့် ဆယ်ပါးရှိသည့်တွင် "ဒသပါရမိယော၊ဒသ ဥပပါရမိယော၊ ဒသပရမတ္ထ ပါရမိယောတိ၊ သမတိံသ ပါရမိယော" ဟူသောအရ ပါရမီသုံးဆယ်ဆိုသည့်မှာ ရွှေ ငွေဥစ္စာ၊ ပြည်ရွာတိုင်းကား–သားမယားတို့ကိုစွန့်၍ ပေးလှူ သောဒါန။ ဖြည့်ကျင့်သော သီလ။ ဖြည့်ကျင့်သော နိက္ခမ။ ဖြည့်ကျင့်သော ပညာ၊ ဖြည့်ကျင့်သော ဝီရိယ၊ ဖြည့်ကျင့် သော၊ ခန္တီ၊ ဖြည့်ကျင့်သောသစ္စာ၊ ဖြည့်ကျင့်သောအဓိဋ္ဌာန်၊ ဖြည့်ကျင့်သောမေတ္တာ။ ဖြည့်ကျင့်သောဥပေက္ခာတို့သည်။

ဓနပရိတ္တာဂ ဒသပါရမီဖြစ်၍ သာဝက ရဟန္တာ ဖြစ်ခြင်း
အကျိုးရှိ၏။ ။

ဤဆယ်ပါးနှင့် တကွ၊ခြေ, လက်, အင်္ဂါနား, နှာခေါင်း
စသော ကိုယ်အင်္ဂါကိုစွန့်၍ ပေးလှူသော ဒါန ဖြည့်ကျင့်
သောသီလ အစရှိသည် တို့သည်၊ အင်္ဂပရိစ္စာဂ။ ဒသဥပ
ပါရမီဖြစ်၍၊ ပစ္စေက ဗုဒ္ဓါသာ, ဖြစ်ခြင်းအကျိုးရှိ၏။ ဤနှစ်
ဆယ်နှင့်တကွ။ အသွေး အသား, နှလုံး သည်းပွတ်တော်
တို့ကို ချိုးဖဲ့ ဖြတ်ခုတ် ထုတ်နှုတ်လျက်။ အသက်ကို စွန့်၍
ပေးလှူသော ဒါန, ဖြည့်ကျင့်သော သီလ အစရှိ သည်တို့
သည်။ အာယု ပရိစ္စာဂ၊ ဒသပရမတ္ထ ပါရမီဖြစ်၍ သမ္မာ
သမ္ဗုဒ္ဓါမိဖြစ်ခြင်းအကျိုးရှိ၏။ ။သတိထား။ ။

ဤသူ့ အကြောင်းနှင့် သူ့အကျိုး။ အမျိုးမျိုး အသီးသီး
ဆိုခဲ့ပြီးသော သုစရိုက် ၁၀–ပညာကြီးယာဝတ္တု–၁၀ ပါရမီ
၁၀–အားဖြင့်ပေါင်းကိုးဆယ်တွင်ပညာကြီးယာနှင့်ပါရမီက၊
မတူကြသည်မှာ ရဟန္တာအရှင်နှင့် ပုထုဇ္ဇဉ်သဃ်ာသည်။
ပကတိအခါတွင် အမြင်မှာတူပါသော်လဲအထဲကသဘော
ချင်းကာဘဝင်နှင့်, အဝိစိ, မက ဝေးကွာကြသည်။ ပညာ
ကြီးယာနှင့် ပုထုဇ္ဇဉ်သဃ်ာ ရဟန္တာနှင့် ပါရမီဆယ်ဖြာ
လွန်စွာတူသည်။ထိုကြောင့်။

တဏှာဝသေန ဘဝဘောဂတ္တာယ ပဝတ္တိတံ ဟီနံ၊
အတ္တနော ဝိမောက္ခတ္တာယ ပဝတ္တိတံ မဇ္ဈိမံ၊ သဗ္ဗ သတ္တာ
ဝိမောက္ခတ္တာယ ပဝတ္တိတံ ပါရမိတာ သီလံ၊ပဏီတံ။ ။
ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ ။

တဏှာ ဝသေန၊ တဏှာ၏ အလိုနှင့် တကွ။ ဘဝဘောဂတ္ထာယ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ အကျိုးငှါ။ ပဝတ္တိတံ၊ဖြစ်စေအပ်သောကုသိုလ်လေ့သည်။ဟိနံ၊အယုတ်တည်း။ အတ္တနော၊ မိမိ၏။ဝိမောက္ခတ္ထာယ၊ သံသရာမှ လွတ်ခြင်းအကျိုးငှါ။ပဝတ္တိတံ၊ ဖြစ်စေအပ်သော ကုသိုလ်လေ့သည်။ မဇ္ဈိမံ၊ အလတ်တည်း။ သဗ္ဗသတ္တဝိမောက္ခတ္ထာယ၊ ခပ်သိမ်းသော သတ္တဝါတို့ကို သံသရာမှ လွတ်စေခြင်း အကျိုးငှါ။ ပဝတ္တိတံ၊ ဖြစ်စေအပ်သော။ ပါရမိတာသီလံ၊ ကမ်းတဘက်ရောက်သော ကုသိုလ်လေ့သည်။ ပဏီတံ၊ အမြတ်တည်း။လိုရင်းက၊တဏှါဝသေနဘဝဘောဂတ္ထာယ ဟူသည်မှာ။ တဏှာ၏ အလိုနှင့် ဘဝဘောဂကို သာယာ၍ ပြုသမျှ ဉာဏဝိပ္ပယုတ် ကုသိုလ်မှုက အာယူဟာနဋ္ဌ, နိဒါနဋ္ဌ, သံယောဂဋ္ဌ, ပလိဗောဓဋ္ဌ ဟူသော သမုဒယသစ္စာပါသော ကြောင့်၊ပီဠနဋ္ဌ, သင်္ခတဋ္ဌ,သန္တာပဋ္ဌ ဝိပရိဏာမဋ္ဌဟူသော ဒုက္ခသစ္စာ အကျိုးကိုသာ ပေးစွမ်းနိုင်သော။ ဒါနမယ, သီလမယ,ဘာဝနာမယအစရှိသော ပုညကြိယာလေ့က ဟိနသာ ဖြစ်၍။ ပါရမီမမြောက်။ ။သတိမူပါ။

အတ္တနော ဝိမောက္ခတ္ထာယ ဟူသည့်မှာ၊ မိမိသည်သာ သံသရာဝဋ်မှ ကျွတ်လွတ်ခြင်း အကျိုးငှါ။ဉာဏသမ္ပယုတ် ကုသိုလ်လေ့ ပါရမီက နိယျာနဋ္ဌ, ဟေတွဋ္ဌ, ဒဿနဋ္ဌ အဓိပတေယျဋ္ဌ ဟူသော မဂ္ဂသစ္စာမြတ် ပွါးအပ်သော ကြောင့်၊ နိဿရဏဋ္ဌ, ပဝိဝေကဋ္ဌ, အသင်္ခတဋ္ဌ, အမတဋ္ဌ ဟူသော နိဗ္ဗာန်ရ ပစ္စေက ဗုဒ္ဓါ သာဝကမျှသာဖြစ်၍ မဇ္ဈိမ

မည်၏။ သဗ္ဗ သတ္တ ဝိမောက္ခတ္တာယ ဟူသည်မှာ၊ ခပ်သိမ်းသော သတ္တဝါတို့ကို သံသရာ ဝဋ်မှ ကျွတ်လွတ်စေခြင်း အကျိုးငှာ၊ ပါရမီ ကုသိုလ်လေ့ကာ သမ္ဗောဓိဉာဏ်ဖြစ်၍ ပဏ္ဍိတမည်၏။ ။

ဤဟိန, မဇ္ဈိမ, ပဏ္ဍိတအားဖြင့် အပြား ၃၀–ကို ဇာတ်သက်သေနှင့်တကွ အလိုရှိမူ၊စရိယာ ပိဋကတ် အဋ္ဌကထာ သီလက္ခန် ဋီကာကြီးမှာ ယူလေ။

သိသာစေအံ့။ ။ဒိဋ္ဌ ဓမ္မိကဋ္ဌ- ဟူသော ယခုဘဝ အကျိုး။ သမ္ပရာယိကဋ္ဌ-ဟူသော တမလွန်ဘဝမှာ အကျိုးရှိရာ၊ စိတ်သည္ာသိ သမ္ပုတ်သစ္စာမှာ၊ ဒါန,သီလ,စရဏကို ဝစီကာယနှင့် ဖြောင့်မှန်စွာ ကျင့်ကြ၍ ပရမတ္ထဟူသော လောကုတ္တရာအကျိုးငှါ မနောကံအရာ ဝိပဿနာ ဝိဇ္ဇာမှုနှင့် ထို ဒါန,သီလ, စရဏရကိုပင်၊ တွင်တွင်ကြီးလိုက်စားရင်ခွင်ပိုက်ထား၍ ဘုရားပွင့်မှ ကြားသိရသည့် အရိယသစ္စာ လောဘဟိတ် တဏှာကို ပယ်ခွါသော သာသနာသမ္ဗာ ဒိဋ္ဌိ ဆိုက်ရောက် ခြင်းငှါ၊ အမောဟ ဟိတ် အရာစိတ်,စေတသိက် ရုပ်, နိဗ္ဗာန်မြတ်၊ ပရမတ်သစ္စာကြိုး ခဲစွာကိုလေ့လာသိမှ အတိဒုလ္လဘာ သဒ္ဓမ္မ သဝန၊ အလင်းရသူမြန်ခင်းဇမ္ဗူ၊ မှန်ကင်းထူတဲ့ လူ့ထက်လူပါ၊ယခုအခါ သူသူငါငါပင် ပရမတ် သစ္စာ ပညာမြင်ကို အသိလို ချိုရိပ်ရိပ်ကတခဆိတ်မျှ ရှိကြ၍၊ ထိုပရမတ္ထ သဘာဝကို အားထုတ်ကြပါကုန်။ ။ထို့ကြောင့် ဓမ္မပဒ ပါဠိတော်၌။ ။

ယောစဝဿံသတံဇီဝေ၊ အပဿံဥဒယဗ္ဗယံ၊
ဧကာဟံ ဇီဝိတံသေယျော၊ ပဿတော ဥဒယဗ္ဗယံ။
ဟု ဟောတော်မူသည်။ ။

ယောစ၊ အကြင် သူသည်ကား။ ဥဒယဗ္ဗယံ၊ ဖြစ်ပျက် မှန်သှ ရုပ်, နာမ်, သင်္ခါရကို။ အပဿံ-အပဿန္တော၊ မရှု မမြင်ဘဲ။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝေ၊အသက် ရှည်ငြားအံ့။ နသေယျော၊ မမြတ်။ ဥဒယဗ္ဗယံ၊ ခန္ဓာငါးဝ အနိစ္စခတ် ပရမတ်ကို။ ပဿတော၊ရှုမြင်သော ပုဂ္ဂိုလ်၏။ ဧကာဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက် ရှင်ခြင်းသည်။ သေယျော၊ မြတ်၏။ ထို့ကြောင့်။

သတဥ္စ ဝိဝဋ္ဋဟောတိ၊ အာလောကော ပဿတာမိဝ။
သင်္ခါရေ နံ ဝိဇာနန္တိ၊ မဂ္ဂါ မဂ္ဂဿ ကောဝိဒါ။

**သုတ္တနိပါတ် ပါဠိတော်။**

ပဿတံ၊မြင်စွမ်းနိုင်ထ။ပဇာနန၊ ဉာဏ်အစရှိကုန်သော။ သတဥ္စ သူမြတ် တို့မှာမူကား။ အာလောကော ဍူဝ၊ နေ့,လ ရာထောင် ထွန်းလင်းပြောင်သို့။ ဝိဝဋ္ဋ၊ ပွင့်လင်း ထင်ရှား သည်။ ဟောတိ၊ ဖြစ်၏။ မဂ္ဂါ – မဂ္ဂဿ၊ ကြောင်းကျိုး ဟုတ်သည် မဟုတ်သည်၌။ ကောဝိဒါ၊ လိမ္မာ ကုန်သော ပုဂ္ဂိုလ်မြတ်တို့သည်။ နံ၊ ထို ကြောင်းနှင့် ကျိုးမျှ အနိစ္စခတ် ပရမတ်ကို။ သင်္ခါရော၊ ပျက်မှောက် အနီး၌။ ဝိဇာနန္တိ၊ သိမြင်ကြကုန်၏။

ထိုပုဂ္ဂိုလ်မြတ်တို့သာ သိမြင်တော်မူအပ်သော သဗ္ဗော ကာသ သဒ္ဒါရအားဖြင့် လောက သုံးပါးတို့တွင်။ ။တတ္ထ ဣန္ဒြိယ ဗဒ္ဓါနံ ခန္ဓာနံ သမူဟော သန္တာနောစ သတ္တ လောကော ဟူသော အရ သတ္တလောက ဆိုသည်ကား ခေါ်ဝေါ်အပ်သော ဓမ္မပုဉ္ဇဝိဇ္ဇမာန၊ ဣန္ဒြိယဗဒ္ဓဟူသောခန္ဓာ သမူဟ အစဉ်မျှကိုသာ ခေါ်ဝေါ်ကြောင်း မည်သညာနှင့် အဝိဇ္ဇာ မာန သမ္ဘူတိ သတ္တာတွင်၊ ဇေဝ် ဓမ္မတာ သတ္တဝါဟု ခေါ်ဆို သမှုကို သိအပ်၏။ ။လိုရင်းမှာ ကုသိုလ်, အကုသိုလ် အမှုအရာ ဤဟာ ဗျာပါရ ကိုသာ သတ္တဝါ ခေါ်သည်။ ထင်ရှားစေအံ့။ ။

ဒုက္ခမေ ဝဇ္ဇိနော ဒုက္ခိ၊ ကိရိယာဝ၊ နကာရကော၊
နိဗ္ဗုတိဝ နိဗ္ဗုတောန။မဂ္ဂေါဝ ဂမကောနိဝ။ ။

ဤဝ၊ ဤသာသနာတော် အလို၌။ ဒုက္ခမေဝ၊ ဒုက္ခသစ္စာ သည်သာလျှင်။ အတ္ထိ၊ ရှိ၏။ ဒုက္ခိ၊ ဆင်းရဲသော သတ္တဝါ သည်။ နောအတ္ထိ၊ မရှိ။ ကိရိယာဝ၊ ပြုတတ်သော သမုဒယ သစ္စာသည်သာလျှင်။ အတ္ထိ၊ရှိ၏။ကာရကော၊ ပြုတတ်သော သတ္တဝါသည်။ နတ္ထိ၊ မရှိ။ နိဗ္ဗု တိဝ၊ နိရောဓ သစ္စာသည် သာလျှင်။ အတ္ထိ၊ ရှိ၏။ နိဗ္ဗုတော၊ ငြိမ်းတတ်သောသတ္တဝါ သည်။ နအတ္ထိ၊ မရှိ။ မဂ္ဂေါဝ၊မဂ္ဂသစ္စာသည်သာလျှင်။ အတ္ထိ၊ ရှိ၏။ ဂမကော၊ သွားတတ်သော သတ္တဝါသည်။ နအတ္ထိ၊ မရှိ။ ။

ဤအရာ၌ကား။ ။ကဋ္ဌာဒယော ဝေတိ ဂေဟာကာ ရေန သဏ္ဌိတာ ဂေဟာန္တိ။ ။အစရှိသောပရမတ္ထ ဒီပနီ

ဋိကာလာသည်အရ လိုရင်းက၊သစ္စာလေးရပ်ပရမတ်တွင် ရုပ်, နာမ်, ဒုက္ခ အနိမိတ္တ အနိစ္စမှာ၊သင်္ခါရ စပ်တည် ရာရ ဤဟာ ဗျာပါရမှု ကိုသာ ဖေ ံမမှတာ သတ္တဝါရှိ သမ္မုတိကို သိရမည်ဟူလိုသည်။ ။

ကောပနေဿ သင်္ခါရကာရောကိ ံ သတ္တကိစ္စနှိ ဗိဝယော၊ ဂေါသင်္ခါ ကာရော၊ ဤဟာဝ ဗျာပါရောစသတ္တကိစ္စံ။ ။

## ပရမဏ္ဍဒီပနီဋီကာကြီး။

ဧတ္ထ၊ဤအရာ၌၊ သင်္ခါ ကရော၊သတ္တဝါ အခြင်း အရာ သည်။ကောပနု၊အဘယ်နည်း။ သတ္တကိစ္စံ၊သတ္တဝါတို့ ကိစ္စ သည်။ ကိ ံ၊ အဘယ်နည်း။ ဣတိ၊ ဤကား အမေးတည်း။ ဗိဝယောဂေါ၊ အသက်နှင့် ယှဉ်ခြင်းသည်။ ဝါ၊ ကုသိုလ်, အကုသိုလ် သဘောသည်ထင်စရာအများ, မှားဧရာ နိမိတ် ရောင်ရောင် ငြိတ်သည့် ရိပ်သော အခြင်း အရာ မည်၏။ ဤဟာဝ၊ အားထုတ်မှု သည်ဝှင်း။ ဗျာရောစ၊ ကြောင့်ကြ စိုက်မှု သည်ဝှင်း။ သတ္တ ကိစ္စံ၊ သတ္တဝါဟု သိကြောင်း ခြင်းရာ သညာ မှတ်အပ်သော၊ သတ္တကိစ္စ မည်၏။

လိုရင်းက၊ သတ္တဝါဟူသော အခြင်းအရာ အသက်ဆို သည်မှာ၊ ကုသလာ-ကုသလ၊ သင်္ခါရ ကမ္မပထ ကိုသာ ပရမတ်စဉ်လာ သတ္တဝါ ထင်စရာ ခြင်းရာပေါ်၍ အသက် ခေါ် သည်။ ။

ဤသာသနာ ဤအရာမှာ လွန်စွာ အရေး ကြီးသည်။ သတိမူပါ၊ ထိုသတ္တဝါ၏ တန်းခွန်ပြုထိုကမ္မပထ၊သင်္ခါရလုပ်

အားထုတ်ကြောင့်ကြ သည်ကိုသတ္တကိစ္စ ဆိုသည်။ ။
ထို့ကြောင့်။ ။
ယေဝမှာ သတ္တပညတ္တိယာ ပဋ္ဌာနဂ်ဘူတာ ဟောန္တိ။

**ပရမတ္ထ ဒီပနီ ဋီကာကြီး။**

ယေဝမှာ၊ အကြင် ကုသိုလ် အကုသိုလ် သင်္ခါရတို့ ကြောင့်ကြ စိုက်လုပ် အားထုတ်မှု တရား တို့သည်။ သတ္တ ပညတ္တိယာ၊ စိတ်သညာ ခေတ်၊ ပရမတ်စည်လာ၊ သတ္တဝါ တွင်၊ ထင်မှတ် အပ်သော ပညတ် ခြင်း၏။ ပဋ္ဌနဂ်ဘူတာ၊ ပြဋ္ဌာန်းသောအင်္ဂါဖြစ်၍ဖြစ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

လိုရင်းမှာ၊ ဇင်မွေတာ၊ သတ္တဝါရှိ၊ သမ္မုတိမှာ ခန္ဓာ,၊ အာယတန, ဓာတ် ဟူသော ပရမတ်သဘော ထုံးမျှကိုသာ သတ္တဝါဟူသော လောက၏ ဖြစ်စည်သည်၊သစ်ပင်ကြောင့် သစ်စေ့၊သစ် စေ့ ကြောင့် သစ်ပင်၊ အစဉ် တံထွာ တို့မှာ ကမ္ဘာဦး၊ ပဌမ တွင် သစ်ပင် သစ်စေ့ တို့သည်၊ ဥတု တေဇောသဘောထုံးက သစ်စေ့သစ်ပင်အစဉ်ဖြစ်သကဲ့သို့ ထို့တူပမာ သတ္တဝါမှာ၊ သမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်း၊ပစ္စည်း သမုဒယ လောဘစိတ်၌ ပါသော။ လောဘဟိတ်မျှသင်္ခါ၊ ကြောင့်သာ အကျိုး ဒုက္ခ သစ္စာ၊ ရုပ်, နာမ်, သင်္ခါရ၊ အနိစ္စ ဖြစ်သည်။ ထိုအနိစ္စ၏ အမှုအရာ ကိရိယာမျှ ဤဟာ,ဗျာပါရ ဓာတ် ပရမတ် သဘောထုံးကိုသာ ပညတ် အရာ သတ္တဝါ ဟုဆိုသည်။ ။ထိုသတ္တဝါမှာ၊ အာသဝ လေးပါးကြောင့် သောက စသည်ဖြစ်ရကား၊ အကျိုး သောက စသည်

ဖြစ်လျှင် မကောင်း ကောင်း၍ အကြောင်း အာသဝ ဖြစ်တော့သည်။ ဤ အာသဝ ဖြစ် က လည်း၊ အာသဝ သမုဒယာ အဝိဇ္ဇာ သမုဒယော အရ၊ အဝိဇ္ဇာ ဖြစ်ရသည်။ ။ဤ အဝိဇ္ဇာ ဖြစ်ကလည်း၊သင်္ခါရ အမျိုး မျိုး, ကျိုး ကြောင်း ဆက်စပ် ဘဝဆက် မပြတ် သည်မှာ၊ အဝိဇ္ဇာနှင့် တဏှာ ပါမှသာ၊ကုသလာ,ကုသလသင်္ခါရ ကမ္မပထမြောက်သည်။ ဤ သင်္ခါရ မှသာ၊ ဝိညာဏ် အင်္ဂါ၊ အစဖြာ၍၊ သတ္တဝါ ဖြစ်သည်။

ဝဋ္ဋု ကာမော အဟံ အစ္ဆ၊ ပစ္စယာ ကာရဝဏ္ဏနံ။
ပတိဋ္ဌံ နဓိဂစ္ဆာမိ၊ အဇ္ဈော ဂါဠှော သာဂရံ။ ။

အဟံ၊ငါသည်။ အစ္ဆ၊ ယခု၊ ပစ္စယာ ကာရဝဏ္ဏနံ၊ ပဋိစ္စ သမုပ္ပါဒ် အဘွင့်။သံဝဏ္ဏနာ၊ အဋ္ဌကထာကို၊ဝဋ္ဋု ကာမော၊ ဘွင့် ဆိုလို ပါလျက်။ သာ ဂ ရံ၊ရှစ်သောင်း လေးထောင် နက်ဝှမ်း ဆောင်သည့်၊ တောင်ခွေ ပတ်ချုပ်– ရေသမုဒ်ကို အဇ္ဈောဂါဠှော ရုဝ၊ ကူးဆင်း သက်ဝင်၊ ယုန်ငယ်သွင်သို့။ ပတိဋ္ဌံ၊ထောက်တည်မှီရာ သံဝဏ္ဏနာ နည်းကို။နာဓိဂစ္ဆာမိ၊ မရ နိုင်ပါ တကား ဟူ၍၊ ပဋိစ္စ သမုပ္ပါဒ် ဘွင့် ကာနီးတွင် အဋ္ဌ ကထာ ဆရာကြီး ပင် ညည်းညူတော်မူပေသည်။ ။

ဤအရာ၌ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ စသည်ကို မြွက်ပါ။ မြွက်ပုံမှာ၊ အဝိဇ္ဇာ ကြောင့် သင်္ခါရ ကမ္မပထ၊ အတိတ် ဘဝကဖြစ်ခဲ့ကြသော အကြောင်းအင်္ဂါနှစ်ပါးကြောင့်သာ ယခုအကျိုးခန္ဓာငါးပါး၊ ဝိညာဏ် နာမ်, ရုပ်, ဟူသောပစ္စုပ္ပန် အင်္ဂါနှစ်ပါး ဖြစ်ပွါးလာ၏။ ထိုဝိညာဏ် နာမ်ရုပ် နှစ်သွယ်မှ

မှီတွယ်၍၊ သဠာယတန, ဖဿ, ဝေဒနာ ဟူသော အရောင် တင်အင်္ဂါသုံးပါး ဖြစ်ပွားလာ၏။ ဤအင်္ဂါရတွင်ပုထုဇဉ်နှင့် ရဟန္တာ။သိသာပုံကား။ အဝိဇ္ဇာ တဏှာ၊ အကုန်ကွာသော ရဟန္တာ များမှာ၊တရုံတရာသော တိတ်နာဂတံ ပစ္စုပ္ပန်မှာ ခန္ဓာ အာရုံကို သာယာခြင်း ကင်းကုန်သည် ဖြစ်၍။ ကာယ ဝစီပု၊ မနောမှုက၊ ဘယ်လိုပင် ပြုကြ, ပြုကြ ကုသလာ၊ ကုသလံ ဇဟံ, အရ၊ ကုသိုလ်, အကုသိုလ် သင်္ခါရ၊ မဖြစ် ကြပြဟု၊ သိမှတ်ရမည် ဟူလိုသည်။ ဤအဝိဇ္ဇာနှင့် တဏှာ၊ မူလ နှသယမြ၊ ကင်းတော် မူကြသော ရဟန္တာ များကို- သာ။ ။အဝိဇ္ဇာ ယတွေ၀ အသေသ ဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော စသည်ဖြင့်။ ဟောတော်မူသည်။ ။ သတိမူပါ။ ။ပုထုဇ္ဇန်သူငါ၊အဝိဇ္ဇာရှိသမျှ သတ္တဝါများက ကာယဝစီပု မနောမှုနှင့် ပြုကြသမျှမှာ၊ တဏှာ ဥပါဒါန်- ကမ္မဘဝ ဟူသော- ဗာလပုထုဇ္ဇန်တို့၏ တန်းခွန်ပြ အင်္ဂါ သုံးပါး ဖြစ်ပွားလာ၏။ ။

ဖြစ်ပွားပုံကား၊ ကာမတဆဲ့တဘုံ၊ ရူပတဆဲ့ခြောက်ဘုံ၊ အရူပလေးဘုံ အားဖြင့် ၊သုံးဆဲ့တဘုံကို၊ မျိုးစေ့ စိုက်ပျိုးရာ လယ်ယာမြေကဲ့သို့မှတ်။ဒုစရိုက် ဆယ်ပါးကြောင့်ဖြစ်သော အကုသိုလ်ကံတဆယ်၊ ပုညကြိယာဝတ္ထု ဆယ်ပါးကြောင့် ဖြစ်သော ကုသိုလ်ကံ တဆယ်၊ ကမ္မဋ္ဌာန်း စီးဖြန်းခြင်း ကြောင့်ဖြစ်သော ရူပဝစရ ကုသိုလ်ကံငါးခု၊ အရူပါ ဝစရ ကုသိုလ်ကံလေးခုအားဖြင့်၊ ကံပေါင်းနှစ်ဆဲ့ကိုးခုကို၊ သုံးဆဲ့ တဘုံတည်းဟူသော လယ်ယာတွင်း၌ ကြဲအပ်သောမျိုးစေ့

ကဲ့သို့မှတ်။အဝိဇ္ဇာတဏှာ၊ အရင်းပါ၍၊ စေတနာကံကြောင့် ဖြစ်သော သတ္တဝါ တို့ကို၊ မျိုးစေ့မှ ဖြစ်သော အပင် ကဲ့သို့မှတ်။ ထိုသတ္တဝါတို့၏ ဖြစ်လေ ရာရာ ဘဝတိုင်း ဘဝတိုင်း၌ အသစ် အသစ် ပြုပြန်သော ကောင်းမှုကံ မကောင်းမှုကံကိုလယ်ယာ၏အတွင်း၌ပေါက်ရောက်သော သစ်ပင်၏ အသီးအနှံက မျိုးစေ့ဖြစ်ပြန်သလိုအတူ။နောင် အသစ်ဖြစ်ဘို့ရန် တဘန်ဖြစ်ပြန်တော့သည်မှတ်လေ။ ။

ထိုကံ နှစ်ဆဲ့ကိုးပါး ဖြစ်ပွား ခြင်းကြောင့်သာ၊ ပညတ် အပ်သောသတ္တဝါ။ ထိုသတ္တဝါကြောင့်သာ ထိုကံနှစ်ဆယ့် ကိုးပါး။ ဤသို့ အားဖြင့် စိတ်သညာခေတ်၊ ပရမတ် အရပ် ကြောင့်ဖြစ်သော၊ အရိပ် အသွင်၊ နိမိတ် ထင်အပ်၊ ပညတ် အရာ-သတ္တဝါမှာ၊ဥပမာကား-များစွာသတ်ထား၊ သမုဒ္ဒရာ အိုင်အင်း၊ တွင်းကန် ထွေထွေ၊ ရေရှိသမျှ ခွက်ဖလား၊ မြက်ဖျား၌ ရောက်-နှင်းပေါက် ရေမှာ၊ နေ လ ရိပ်ထင် မြင်သည့်ပမာ။ သတ္တဝါသာမှတ်လေ။ ။

ဥပမာ-ဥပမေယျ။ ဟပ်၍ပြသော်ကား-ဧကတ္တ,နာနတ္တ အဗျာပါရ၊ ဧဝံတံထွာ၊ ဓမ္မတာခေတ်သမုပ္ပါဒ်နည်း ပဋ္ဌာန်း နည်း၊ပစ္စည်းပြုမှု၊ သင်္ခတပရမတ်က နေ့,လနှင့်တူ၏။ နေလ ရောင်နှင့် ရုပ်,နာမ်,သင်္ခါရ အနိစ္စခေတ် ပရမတ် တူ၏။ ထိုအနိစ္စ မှာမှလည်း၊ ဣန္ဒြိယ ဗဒ္ဓ အနိစ္စမှ စက္ခု, သောတ စသော ဝတ္ထုရုပ် ခြောက်ပါးက မြက်ဖျား၌ ရောက် နှင်းပေါက် ရေတွေနှင့်တူ၏။

ထိုနှင်းပေါက်ရေ တွင်းနေအသွင်၊ လအသွင်၊ အရိပ်ထင်သည်နှင့်ကား၊ ဝဏ္ဏရုပ်တွင်၊ လူအသွင် ရှင့်အသွင်သစ်ပင်စသော သဏ္ဌာန်အရိပ်-နိမိတ်အထင်၊မြင်ကြံသမျှ အစစနှင့်တူလှ၏ (ဤဥပမာကို အခါခါ ကြံကြည့်၍သာ မြင်ပါသိပါသိကောင်းပါ၏) ။ ။

သတိမူရန်မှာ။ ။ထိုနှင်းပေါက်ရေ၊ အသချေ ရှိ၍ နေသောင်ငြား။ မရှိ ချေသောငြား။ နေ လမှာ သွားလာရောင်လင်း။ ယိုယွင်းမရှိ၊ ပကတိကဲ့သို့၊ ထို့အတူ ပရမတ်တည်ထောင် သည်မှစ၍၊ အမှန် ဘာသာ၊ သယံဇာနန်းသံသရာ ဆုံးသည် တိုင်အောင်လည်း၊ နိဗ္ဗာန်ကိုရ, မရဆိုသောပုဂ္ဂိုလ် သတ္တဝါ အထွက်နှင့်အနိစ္စခေတ်၊ ပရမတ်အမြဲက လျော့နဲ တိုးဆုတ်ခြင်း မရှိ၊ ပကတိ အတိုင်းသာမှတ်လေ။ ။အဘယ့် ကြောင့်နည်း။ ရေတွက် လျော့နဲတိုးဆုတ် သံနှင့် ဘောက်ပြန် သဘော, ပြောကြံ သမျှ၊ အစစမှာ ပညတ်မှုချည်းသာမှတ်လေ။ လိုရင်းက၊ သတ္တဝါအစ ရှိသော ပညတ်နှင့် ရုပ်,နာမ် ဟူသော အနိစ္စခေတ်။ ပရမတ်မှာ၊ ချိန်ဝန်ပိသာကဲ့သို့ငြား။တင်းချင်,တောင်းချင်,ကဲ့သို့ငြား။ အဖတ် အနှစ်က စင်စစ် မရအပ်, မရှိအပ်ဟုသိတတ် ကြစေ၊ ညဏ် ကဝေတို့။ ဤအရာကို သညာရှေ့ဆောင် ပညာ ရောင်နှင့်၊ ပြောင်ပြောင်, စင်စင်၊ ကြောင်ကြောင်မြင်၍၊ အထင်အလွဲ၊ လူ,ရှင်ခပဲအစွဲအတိမ်း၊ အကုန်သိမ်း၍ ငြိမ်းကြပါစေကုန်သတည်း။ ။ဤအရာက အရေးကြီးလှ၍ တနည်းပြဦးမည်။ မှန်ကြောင့် ဖြစ်သော

မှန်ရောင်သည်။ မှန်ပြင်မှာ ထင်လာသကဲ့သို့။ ထို့အတူ ပရမတ်နှစ် အနိစ္စခေတ် စစ်ကြောင့် ဖြစ်သော။ သစ်ပင် လူ့ ရှင် အစရှိသော အသွင်မဟာန် သဏ္ဌာန်ဒြပ်၊ ပညတ် နိမိတ် ပဌမအရိပ်သည်၊ အဌကလာပ် အနိစ္စခေတ်ရမှာပင် ထင်လာ၏။ပေါ်လာ၏။ ဒုတိယအရိပ်ဟူသော ဒြဗ်နိမိတ်၏ တံဆိပ်ရေးသွင် သစ်ပင်ရိပ်, လူရိပ် စသည်ကား။ မြေပြင် ရေပြင်မှာ ထင်လာ၏။ သတိမူပါ။

ဤလောကမှာ သူငါကစ ပုထုဇ္ဇန်ဟူသမျှ တွေ့သည်။ ထိုဒုတိယအရိပ်ကိုသာဒ၊ရိပ်ဟုသိကြသည့်။ ပဌမဖြစ်သော သစ်ပင်,လူ့,ရှင် စသော မြင်ကြသမျှ၊ အစစ ကိုကား အရိပ် ဟူ၍မှ။ မသိ မထင် မမြင်ကြလေကုန်။ ထို့ကြောင့်လုံးလုံး လျှောင်းလျှောင်း ပေါင်း၍ တည်ဟန်၊ သဏ္ဌာန် အကောင် အထည်ကဲ့သို့၊ သိကြောင်း ခြင်းရာနှင့် စိတ် သညာ ခေတ် သိမှတ်သမျှ အစစ၊ ဝိသယမဆုံး တလောက လုံးသည်။ အနိစ္စခေတ်ပရမတ်၏ အရိပ်အရောင်မျှချည်းသာမှတ်လေ။ ဤအနိစ္စ၏ အရိပ်မျှသာ သတ္တဝါက၊ ဘယ်တုန်းက စ၍ ဘယ်ကျဆုံးမည်နည်းဟု စောဒနာလေ။ အဖြေမှာ ထာဝရ ကမ္ဘာ့တန်းဆာ၊ နေ့,လ၏ ရောင်ဝါသည်။ ကမ္ဘာပျက်မှ ထိုနေလကို ကြွမွ ပျက်ဆုံး အရောင်သုဉ်း သကဲ့သို့၊ ထို့ အတူ၊ အနိစ္စခေတ် ပရမတ် အရောင်သာ ဖြစ်ပေါ်လာသော လောကသစ္စာ၊ သတ္တဝါမှာ၊ သံသရာဆုံး၊ ပရမတ်တုံးမှ သတ္တဝါ သုဉ်းမည်။ ။အရပ်ဆုံးမှ အရိပ်တုံး သကဲ့သို့ ပရမတ်သုဉ်းမှ ပညတ်ဆုံးမည် ဟူလိုသည်။

ထို့ကြောင့် မဟုတ်လော။

အနိစ္စတ္တေန နစ္စာတော၊ ပစ္စုပ္ပန္နေန ဇီဝတိ။
စိတ္တဘင်္ဂါမတော လောကော ပညတ္တိ ပရမတ္ထိယာ။ ။

အနိစ္စတ္တေန၊ ဖြစ်ဆဲ မဟုတ်သော အတိတ်၊ အနာဂတ် စိတ်ဖြင့်။ နစ္စာတော၊သတ္တဝါ ဖြစ်သည် မဟုတ်။ ပစ္စုပ္ပန္နေန၊ ဖြစ်ဆဲစိတ်ဖြင့်သာလျှင်။ ဇီဝတိ၊အသက်ရှည်သည် မည်၏။ စိတ္တဘင်္ဂါ၊ ဘင်သို့ရောက်၍၊ စိတ်တိုင်း ချုပ်ပျောက်ခြင်း ကြောင့်။လောကော၊ဖြစ်ပျက်သဘောမျှ၊ ဤလောကသည် မတော၊ခါခါ၊ ထပ်ထပ်၊ ဆတ်ဆတ်သေရာ၏၊ဖွံ့ဖွံ့သေနေ့ပြီ၊ သို့စဉ်ပုံသေ သေ၍ပင် နေသော်လည်း။ ပညတ္တိ၊ တည်ဆဲ တည်ဆဲ စိတ်ကို စွဲလျက်အသက်ရှင်၏ဟု၊ သမ္မုတိ အများ ပရမတ်တရားချင်း ပရမတ်တရား။စကား၏အရာသတ္တဝါ ဟူသော ပညတ်သည်။ ပရမတ္ထိယာ၊ ပရမတ္ထ ဘူတာ နာမ ဂေါတ္တံနဇီရတိ၊ ဆိုဘိ သည်နှဲ၊ အမြဲနိယတ် ပရမတ် ကဲ့သို့ ဖြစ်၍ နေ၏။

ဤပညိန္ဒြေအရာ ဆုတ်ဆိုင်း မရှိ၊ဟုတ်တိုင်း သိသော အရိယ သစ္စာ သာသနာတွင် ပထုဇ္ဇန်မှာ မိမိမျက်စိကိုပင်၊ မိမိ မမြင်ရသကဲ့သို့ နေကြ၏။ မှန်နှင့် ကြည့်လျှင် သိမြင် ပါ၏ ဆိုရာရှိသည်။ မျက်စိမရှိသော သူမှာ။ မှန်ချပ်တရာ ရှေ့ဝဲယာ ကာပါ သော်လျှင်။ မမြင် ရသို့။ ထို့ အတူ မာန၊ ထာဝရ, ထာ ဝ စဉ် မိမိတို့ ကိုယ်ထင် ကိုယ် လုပ်၍ နေကြသော ဒုက္ခ သစ္စာမျှ၊ အနိစ္စခေတ်, ပရမတ်

တွေကို၊ သမ္မေဝမ္မာ အနတ္တာဟု ပညာစက္ခုနှင့် မရှုမမြင်သော ပုထုဇ္ဇန် ကိုသာ။

ပုထုဇ္ဇနာနံဝါ၊ အသညာအာသာ ဒုက္ခဇနနတော ရိတ္တံ မုဋ္ဌိဝိယ။ ။အဋ္ဌကထာ။ ။

ဝါ၊ တနည်းကား၊ ပုထုဇ္ဇနာနံ၊ ပုထုဇ္ဇန်တို့၏။ သညာ၊ သိမှတ်ခြင်း သညာကို။အာသာဒုက္ခ ဇနနတော၊ဝဋ်ဒုက္ခကို တောင်းတခြင်းကိုဖြစ်စေတတ်သောကြောင့်။ ရိတ္တမုဋ္ဌိဝိယ အချည်းနှီးသော လက်ဆုပ်ကဲ့သို့။ဒဋ္ဌဗ္ဗာ၊ရှုမှတ်အပ်၏။ ။

အဓိပ္ပါယ်မှာ။ ။ဘယ်ဟာဘာစိမှ မရှိသော ပကတိလက်ကိုဆုပ်၍ ကြည့်သောအခါ၊ ရှိယောင်ယောင်ရှိရိပ်ရိပ်မှာ စိတ်သညာအတွင်းက မကောင်း မရှင်းကြ၊ ပမာထာသို့။ ထို့အတူ အဝိဇ္ဇာတဏှာ ယှဉ်သော ပုထုဇ္ဇန် သဘောကရုပသဒ္ဒ အစရှိသော ဤလောက၌၊ လောဘဟိတ် သာဘာ၊ သဘာဝ ဓာတ် တောင်း၍ အကောင်း ရှိယောင်ယောင်ရှိရိပ်ရိပ်မှာ၊ စိတ်သညာ အတွင်းက မရှင်း မလင်း မကောင်းကြကို ဝဋ်ဒုက္ခ၌ တောင်းတ ဆိုသည်။ ။ဤအရာမှာမိမိ လက်ကိုသာ အတန်ငယ် ဆုပ်၍ ကြည့်ပါ။ ဖြန့်၍ကြည့်သော အခါ သိပါ လိမ့်မည်။ ။သိပုံမှာ ဆုပ်၍ကြည့်မြင်- ပုထုဇ္ဇန်များ၊ ဖြန့်၍ကြည့်ကာ အရိယာ များဟုခြားနားပါလိမ့်မည်။ ဤအဋ္ဌကထာ သဘောက ပုထုဇ္ဇနေသု ဥမ္မတ္တကော ဟူသောအရ၊ လောဘုမ္မတ္တ, ဒေါသုမ္မတ္တက, မောဟုမ္မတ္တက၊ဒိဋ္ဌုမ္မတ္တက၊ သောကုမ္မတ္တက ပိတ္တုမ္မတ္တက, ယက္ခုမ္မတ္တံက၊မဇ္ဇုမ္မတ္တကအားဖြင့်ရှစ်ဌာနဖြစ်၍။သက္ကာယ

ဒိဋ္ဌိ ရှိနေကြသမျှ၊ တလောကလုံးမှာ ဥမ္မတ္တကချည်းသာ မှတ်လေ။ ထိုရှစ်ပါးတွင် ဒိဋ္ဌုမ္မတ္တကဟူသော သက္ကာယ ဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ အတ္တာနု ဒိဋ္ဌိ၊ အတ္တဝါဒုပါဒါန် အားဖြင့်၊ အမည် လေးပါးသည်၊ တရားကိုယ်မှာ တခု တည်းသာ မှတ်လေ။ ။ထိုအတ္တဒိဋ္ဌိသည်၊ အတိ ဩဠာရိက အတ္တ ဒိဋ္ဌိ၊ ဩဠာရိက အတ္တဒိဋ္ဌိ၊ သုခုမ အတ္တဒိဋ္ဌိ၊ အတိ သုခုမ အတ္တဒိဋ္ဌိ အားဖြင့် လေးပါး တို့ကို သာသနာ သမ္မာဒိဋ္ဌိ တရားလေးပါး တို့နှင့် သတ်အပ်၏။

သတ်ပုံကား။ ။ဣဓအဿုတဝါ ပုထုဇ္ဇနော အရိယာနံ အဒဿာဝီ အရိယ ဓမ္မဿ အကောဝိဒေါ။ ။ အစရှိသော ဓမ္မသင်္ဂဏီ ပါဠိတော် အရ။ ။ဤလောက၌ အကြား အမြင် မရှိ၊ အရိယာမြတ်တို့ကို ပညာဖြင့် မြင်လေ့ မရှိသော ပုထုဇ္ဇန်သည်၊ (သဘာဝ ဓမ္မ) အနိစ္စ တရား၊ ခန္ဓာ ငါးပါးတို့ကို ငါဟူ၍၎င်း, ကိုယ်ဟူ၍၎င်း၊အသက်ဟူ၍၎င်း, ပုဂ္ဂိုလ် သတ္တဝါ ဟူ၍၎င်း၊ မှတ်ယူစွဲလန်းခြင်း အလွန်ရုန့် ရင်းသော အတိဩဠာရိကအတ္တဒိဋ္ဌိကို ရုပ်နာမ်တရားတို့၏ အသီးသီးသော သဘောလက္ခဏာတို့ကို၊ ကောင်းစွာသိမြင် သော နာမရူပပရိဂ္ဂဟသမ္မာဒိဋ္ဌိဖြင့်သတ်အပ်၏။ဤစကား၌ နာမ ရူပ ပရိဂ္ဂဟ ဉာဏ်၊ နာမရူပံဝ ဝတ္ထာန ဉာဏ်၊ ဒိဋ္ဌိ ဝိသုဒ္ဓိဉာဏ် ဟူသော အမည်ရသည်၊ သဘော အားဖြင့် ဤနာမရူပပရိဂ္ဂဟ သမ္မာဒိဋ္ဌိ၏အမည်ရချည်းသာမှတ်လေ။

အရိယာမြတ်တို့ တရား၌ မသိမမြင်ကြ။ အဆုံး အမကို မရသော ပုထုဇဉ် တို့သည်၊ ကုသိုလ်, အကုသိုလ် ကံကို

စီမံ ပြုလုပ် တတ်သော ပုဂ္ဂိုလ် သတ္တဝါ ရှိ၏။ ထိုကံ၏ အကျိုးတရားကို ခံစားတတ်သော ပုဂ္ဂိုလ် သတ္တဝါရှိ၏ဟု ထင်မှတ်စွဲယူခြင်း၊အတန်ငယ်ရုန့်ရင်းရင်းသော ဩဠာရိက အတ္တဒိဋ္ဌိကို ရုပ်နာမ်တရားတို့၏ အကြောင်းပစ္စယ၊ သမုပ္ပါဒကိုကောင်းစွာ သိမြင်သော ဟေတုပစ္စယပရိဂ္ဂဟ သမ္မာဒိဋ္ဌိဖြင့် သတ်အပ်၏။ဤ၌လည်း ပစ္စယာပရိဂ္ဂဟဉာဏ်၊ကင်္ခါဝိတရဏာ ဝိသုဒ္ဓိ ဉာဏ်ဟူသော အမည်ရသည့် သဘောအားဖြင့် ဤဟေတု ပစ္စယ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိ၏ အမည်ရချည်းသာ မှတ်လေ။

အလုံးစုံသော ဒိဋ္ဌိ ဟူသမျှ တို့၏ မူလဗီဇ အနုသယ၊ သိမ်မွေ့လှသော သုခုမ အတ္တဒိဋ္ဌိ ကို ရုပ်, နာမ်, တရားတို့၏ အနိစ္စ,ဒုက္ခ,အနတ္တလက္ခဏာတို့ကို ကောင်းစွာသိမြင်သော ဝိပဿနာ ဉာဏဒဿန သမ္မာဒိဋ္ဌိဖြင့် သတ်အပ်၏။

အလွန်သိမ်မွေ့စွာလှ၊ အတိသုခုမ - အနုသယ ဖြစ်သော ဝိစိကိစ္ဆာအတ္တဒိဋ္ဌိကိုမဂ်ဉာဏ် ဖိုလ်ဉာဏ်တည်းဟူသော လောကုတ္တရမဂ္ဂဖလသမ္မာဒိဋ္ဌိဖြင့်သတ်အပ်၏၊သတ်ရမည်၊

လိုရင်းမှာ။ ။ပရမတ်သစ္စာကိုမသိမမြင်ဒိဋ္ဌိယှဉ်သော ပုထုဇ္ဇန်တို့၏စိတ်သညာက။ဘယ်ဟာဘာစိမှ၊မရှိမမြင်သော ကောင်းကင် ကိုပင်။ ပျော်ရွှင် ပြုံးရယ်၊ ကြောက်မက်ဘွယ်ရာ ထင်မှတ်လာသော ဥမ္မတ္တက ပမာ၊ လောဘဟိတ်တဏှာနှင့် ဒါဘာခေါ်သည်။ သတ္တဝါ ခေါ်သည်။ ငါ ခေါ်သည်, ကိုယ် ခေါ်သည် ဟု ဆိုတော် မူသည်။ အဘယ့်ကြောင့် ဆိုတော် မူသနည်း။

ပစ္စုပ္ပန်နှင့် တိတ်နာဂတံ။မဆက်ဆန်သော ဝေါဟာရမတ္တ။ သတ္တလောက ပညတ်မျှမှာ။ ပရိညာ, ပဟာန;သစ္ဆိကရဏ ဘာဝနာ ဟူသော ပရမတ်ကိစ္စ၊ လေးဌာနနှင့် ချ၍ကြည့်က၊မရှိမရ သက်သက်မျှ မဆိုင်မစပ်သော ထိုထို လူ, နတ်, ပညတ်မျှမှာ၊ ရှာကြံပါလျှင် အဝိဇ္ဇာနှင့် တဏှာ မာန၊ ဂါဟ ပြင်းထန်၊သဏ္ဍာန်အရိပ်၊*နိမိတ်အမြင်၊ ထင်လွဲ စွဲမှား၊ဥမ္မတ္တက အလား၊ ဒုက္ခတရားအလွန်ပွါး၍ များသော ကြောင့်တည်း။ ရုပ်ဓာတ်, နာမ်ဓာတ်, ပရမတ် ကိုသာ ရှာကြံပါလျှင်။ ကောင်းကင်ကြီးကို၊ မီးမငြိသို့။ထို့တူ ပမာန အနိမိတ္တဥ္စ ဘာဝေဟိ ပါဠိတော် အရ ပရမတ္ထ သဘာဝက ပရ, ရိတ္တ, တုစ္ဆံ ခဲ့မို့။ တဏှာမစွဲ၊ အထဲမငြိ၊ သမုဒယ မရှိ သမျှကို၊အပဏိဟိတဆိုသည်။အတ္တအတ္တနိယမြုံ၊ကင်းကုန် သမျှကိုသုညတဆိုသည်။ ။ဤရုပ်နာမ်သင်္ခါရအနိစ္စဓာတ် ပရမတ်၏အမှုအရာကိုသာလျှင်၊သတ္တဝါထင်။သူ, ငါမြင်မှာ သညာမှတ်သိ၊ ပညတ်ရှိဟု၊ ဤသို့ သိရာ၏။ ။ပါဏာတိ ပါတ အစရှိသော ဒုစရိုက်မှု ပြုသူခပဲမှာ ငရဲသို့ ကျရောက် သည့် ဟူသော ဒေသနာ တော်ကို ယုံပါ၏ လောမေးသော အခါ။မိရိုးဘလာ၊ဆရာအစဉ် လူတိုင်းပင်ယုံပါ၏ဆိုရာတွင်၊ အနိစ္စဓာတ်၊ ပရမတ်ပြင်- ပုဂ္ဂိုလ် သတ္တဝါ၊ဘယ်ဟာတစ်၊ မရှိသည်ကိုပင်။ သိမြင်မှသာ၊ ထိုဒေသနာ တော်ကို ယုံရာ ကြမည်။ ။အဘယ့်ကြောင့်နည်း။ ။ပုဂ္ဂိုလ်သတ္တဝါမှာ အနှစ် အထယ်နှင့်၊ တကယ်ရှိက ထိုအဝိစိ စသော ငရဲ ရှစ်သွယ်ကို အထယ် ရောက် အောင် ဘယ် အပေါက်

ဘယ်တွင်းက ဆင်းကြမည်မေး။ ။ထိုအခါ အနှစ်ဖြိတ်၊ နိမိတ်မကပ်သော၊ အနိစ္စခတ် ပရမတ်သာ ရောက်အပ်ပါသည်ဟု ဆိုရာ၏။ ဆိုဘို့သာရှိသည်။ ။ထို့တူပမာ လူ, နတ်, ဗြဟ္မာ၊ခေါ်ဆိုရာ ကုသိုလ်မှာလည်း။ ဤနည်းကို မှီ၍သာသိရာ၏။ ။ထိုကုသိုလ်,အကုသိုလ်သင်္ခါရ၊ သုံးဆဲ့တမြုံ့မှာ စေတနာပင် ကံဟုန်နှင့်က၊ပွဲတင်ခ,၍၊ကျရောက်ပုံကိုပြမည်။ သတိထား။ ။ပရမတ်မှန်က၊ အနိမိတ္တတရားချည်းဖြစ်၍၊အခြား အဆင်း၊နီးဝေးသော ခဒိုးကာလ၊မရအပ်, မရှိအပ်။ ။ထိုပရမတ် တရား၊ သွားရောက် သည့်မှာ၊ သွားခေါ်လာသောတမန်ကို၊ရေမန်းတိုက်လျှင် ထိုရေသည့်သူနာ၏ဝမ်းဗိုက်သို့မဆိုက်ရောက်သော်လည်း၊ထိုသူနာမှာ ရောဂါ ပျောက်သကဲ့သို့၊ ထို့တူပမာ သင်္ခါ ခေါ်ရဓမ္မပုဉ္ဇ၏ ဤဘဝက ရုပ်, နာမ် နှစ်ဖြာသည်။ ထိုထိုဘဝသို့ မကျမဆိုက်၊ မလိုက်မရောက်သော်လည်း၊ သမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်း, ပစ္စည်း သကာတ်၊ မျှင်မပြတ်သော သန္တတ ပရမတ်။ ပွဲတင် ခတ်၍-ခတ်ရောက်သည် ဟူလို။ ။ သိသာစေအံ့။ ။ရှေးရှေးသောအခါ၊ ကမ္ဘာဘာက ပြုခဲ့ကြသော ပရမတ်စစ်ခတ်နှစ်စေတနာသည်၊ထိုပြုစဉ်အခါကပင်။ စိတ္တက္ခဏ၊ တချက်မျှနှင့် ချုပ်ပျက် ကွယ်သုဉ်း၊ ပျောက်ဆုံးခဲ့ပြီး ဖြစ်ပါလျက်နှင့်လည်း ထိုစေတနာသည်၊ ကမ္ဘာဘာတွေ လွန်ဆုံး လေလည်း မကြေ မပျက်ကြ။ ဤဘဝ၌ ဓမ္မပုဉ္ဇ၊သဏ္ဍာန်မှာ-ရိုးယိုးပေါ်ကျပမာ၊ ဘာသာ အလျောက် အလှေ့ပေါက်လာတဲ့၍၊ရုတ်တရက်ကျ၊ အမျိုး

မျိုး အသီးသီး အကျိုးကြီးရ၊ ကမ္မပစ္စည်း နည်းအသွယ်သွယ် လွန်ဆန်းကြယ်သော သဘော အဟုန် အဖုံဖုံသည်၊ မကုန်နိုင်နည်း။ လက်ချပ် တီး၍၊ အံ့ဩမပြီး။ ပဋ္ဌာန်းကျမ်းကြီးမှာ ပညာနှင့်သာ၊ ယူကြပါလေ။ ဉာဏ်, ကဝေတို့။ ။ ထို့ကြောင့်မဟုတ်လော။ ။ကမ္မဝိပါကော အစိန္တိယော။ ဟူသောအရ၊ သတ္တသဘော အဆုံးမသတ် မသုဉ်းအပ်သော လောကဓာတ် ကြီး၏ အကြောင်း ပစ္စည်း ပညတ်မကပ် ပရမတ်ထိုးထိုး၊ အသီးဆတ်ဆတ်၊ ပြောဟော အပ်သော သဘောမြတ်ကြီး ပါပေတည်း။ ။ဤအရာကို အခါခါ သတိမူပါ၊ ဘဝများစွာ ကမ္ဘာဘာဝက၊ သံသာရ, ဝဋ္ဋ, ဒုက္ခတော, မောစနတ္ထာယ။ ။အာသိသမှ- ပြုခဲ့ကြသည့် အတိုင်း။ ဤပရမတ္ထ ဒေသိနတွင်၊ သစ္စာလေးအင် နိဗ္ဗာန် လွှင်ကို အမြင်ပေါက်၍၊ ရောက်ကြပါစေကုန်သတည်း။

သာသနာ သုံးရပ်ကို သိမှတ်ရန် ပြပေအံ့၊ ယခုအခါ သာသနာ သုံးရပ်နှင့်စပ်၍၊ သိမှတ်ရန် အချက် များမှာ၊ အလုံးစုံသောဘုရားရှင်တို့၏အဆုံးအမတော် ဟူသမျှသည် သာသနာမည်၏။ ထိုသာသနာ တော်သည် အမည်အားဖြင့် များ သော်လည်း၊ ဤနေရာ၌ ပရိယတ္တိ- ပဋိပတ္တိ - ပဋိဝေဒ ဟူသော သာသနာ သုံးရပ်ကိုသာ၊ မှတ်အပ် ပေသည်။ ထိုသာသနာ သုံးရပ်တို့တွင် ပိဋကတ်သုံးပုံသည်၊ ပရိယတ္တိ သာသနာမည်၏၊ ပိဋကတ် သုံးပုံ၌ လာသော အဓိပ္ပါယ် နည်း လမ်းမှန်ကို ကျင့်ကြံ အားထုတ် ခြင်းသည်၊ ပဋိပတ္တိ သာသနာမည်၏။ ကျင့်ကြံအားထုတ်၍ ပေါက်ရောက်သော

မဂ်,ဖိုလ် နိဗ္ဗာန်သည် ပဋိဝေဓ သာသနာ မည်၏။ ဤကဲ့သို့ ပိဋကတ်၌ သာသနာသုံးရပ်ကိုပြသော အစဉ် ရှိနေသဖြင့် ပရိယတ်ကို သင်ကြားတတ်မြောက်မှ၊ ပဋိပတ်ကို ကျင့်ကြံတတ်၍ ပဋိဝေဓကို ပေါက်ရောက် နိုင်သည်ဟု အပြောအဆို, အထင်အမှတ် မှားနေကြ၏။ ၎င်းအဓိပ္ပါယ်မျိုးကို ယုံကြည်စေခြင်းငှါ၊ လှေခါး သုံးထစ် စသော ဥပမာတို့ဖြင့် ပြကြလေရာ ထိုအတိုင်း ဟုတ်မှန်ပါလျှင် စာမတတ်သော သူတို့မှာ၊ မဂ်ဖိုလ်ကို မရနိုင်ဟူသော အဓိပ္ပါယ်မျိုး ဖြစ်၍ နေလေတော့သည်။ ။

ယခုလိုအရာမျိုး၌ဥပမာပြ၍ ယုတ္တိပင် ရသော်လည်း၊ သဘာဝ ကျနမှ မုချဟု ယူသင့်သည်များကို မြဲမြံစွာ မှတ်သားအပ်ပေ၏။ ပရိယတ်၏ သဘောမှာ၊ ပဋိပတ် လမ်းမှန်ကို ကျင့်ကြံတတ်ရန် သိမှုသာ လိုရင်းဖြစ်ပေ၏။ ထို့ကြောင့် သင်ကြား၍ သိသည်ဖြစ်စေ၊ ဟောပြောသံကို ကြား၍ သိသည်ဖြစ်စေ, အတူတူပင် ဖြစ်၍၊ ကျင့်ကြံပုံ နည်းလမ်းကိုသိလျှင် ပရိယတ်အရာတွင်၊ ပါဝင် ပြီးစီးသည်ဟု ယုံကြည်စွာ မှတ်ယူကြပါလေ။

ဒုဝေဟေတူ ဒုဝေပစ္စယာသာဝကဿ-သမ္မာဒိဋ္ဌိယာဥပ္ပါ
ဒါယ တတ္ထ ဃောသ ပရတော၊ ဃောသော ဃောသ။
အဇ္ဈတ္တံယောနိသော မနသိကာရော ဣမေ-ဒွေပစ္စယာ။

ပေဋကောပဒေသ ပါဠိတော်။

သာဝကဿ၊တရားတော်ကို ကြားနာရသော သာဝကအား။ သမ္မာ ဒိဋ္ဌိယာ၊ ဝိပဿနာ သမ္မာဒိဋ္ဌိ, မဂ် သမ္မာဒိဋ္ဌိ၏

ဥပ္ပါဒါယ၊ ဖြစ်စေခြင်းအကျိုး၌။ ပစ္စယာ၊ အထောက် အပံ့ တို့သည်။ ဒုဝေ၊ နှစ်ပါး တို့တည်း။ ဟေတူ၊ အကြောင်း တို့သည်။ ဒုဝေ၊ နှစ်ပါးတို့တည်း။ တထာ၊ ထိုအကြောင်း နှစ်ပါး အထောက် အပံ့ နှစ်ပါး တို့တွင်။ ယောစ၊ ပရတော ဃောသော၊အကြင် သစ္စာနုသန္ဓိတရား၊သုတပါးဟောပြော သံကို ကြားရသော စကားတပါး။ ယောစအဇ္ဈတ္တံ၊ယောနိ သော မနသိ ကာရော၊ အကြင် ကြားနာရသူတိုင်း မိမိ ကျင့်သောအကြောင်းဖြင့်၊နှလုံးသွင်းမိခြင်းတပါး။ ဣမေဒွေ၊ ဤနှစ်ပါးတို့ကို။ ပစ္စယာ၊ အထောက် အပံ့ ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

ယာပရတောဃောသေန ဥပ္ပစ္စတိပညာ အယံဝုစ္စတိ
သုတမယီပညာ ယောနိသော-မနသိကာရေနယာ-
ဥပ္ပဇ္ဇတိပညာ၊ အယံဝုစ္စတိ၊ စိန္တာမယီပညာ ဣမေ
ဒွေဟေတူ။ ။

ပရတောဃောသေန၊ သုတပါး ဟောပြောသံကို ကြားသောကြောင့်။ ယာပညာ၊ အကြင်ပညာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယံ၊ဤပညာကို။ သုတမယီ ပညာ၊ သုတမယပညာ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ယောနိသော မနသိကာရေန၊ ကြားနာရတိုင်း မိမိသင့်သောအကြောင်းကို နှလုံးသွင်းမိခြင်းကြောင့်။ ယာပညာ၊ အကြင်ပညာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယံ၊ ဤပညာကို။ စိန္တာမယီပညာ၊ စိန္တာမယပညာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣမေဒွေ၊ ဤနှစ်ပါးတို့ကို။ ဟေတူ၊ အကြောင်းတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

ဤသို့ စသည်ဖြင့် လာသောပါဠိတော်အရ။ ပရိယတ်ကို သင်ကြား၍ သိခြင်းသည်လည်း၊ ဆရာသမား စသော သူတပါးတို့ထံမှ ကြားသိရသဖြင့်၊ ထိုသင်အံ လေ့ကျက် ဆောင်ရွက်မှတ်သားသော ပရိယတ်တရားသည်။ပရတော ဃောသ ဟူသောအကြောင်း၊ အထောက်အပံ့များ သို့ပင် သက်ဝင် ရောက်ရှိလေတော့သည်။ ယခုဆိုခဲ့သော ပါဠိ ဒေသနာနှင့် အဓိပ္ပါယ်လာ စကား အရဖြင့်၊ ပရိယတ် ကျမ်းဂန်မှုကို မသင်ရဘဲ၊ ဟောပြောသံကို ကြားနာ မှတ်သားရရုံမျှနှင့် ကျင့်ကြံအားထုတ်သဖြင့်၊ လောကုတ္တရာ မဂ်ဖိုလ် နိဗ္ဗာန်သို့ ပေါက်ရောက်သော ဝတ္ထု သက်သေ များကို ထင်ရှားစွာ ရေးသား ပြဆိုပေအံ့။

ဝိသာခါ ကျောင်းအမသည်။ (၇) နှစ် အရွယ်က သောတာပန် ဖြစ်သည်။ စာပေ ကျမ်းဂန်ကိုမူ သောတာပန် မဖြစ်မီက သင်ကြားသည်မလာ။ကျောင်းအမဖြစ်မှ သံဃာ ကိုကြည်ညိုတတ်အောင် သင်ကြားသည်ဟုလာ၏။ တဘန် ပဏ္ဍိတသာမဏေ,သံကိစ္စ သာမဏေ စသည်တို့ (၇) နှစ် အရွယ်က ရဟန္တာဖြစ်ကြောင်းလာ၏။ စာသင်ရသည်ဟု မလာပေ။

တဘန်- အသက် အရွယ်ကြီးမှ ရဟန်း ပြုကြသော သူတို့ ဂန္ထာဓူရကို မဆောင်နိုင်၊ ဝိပဿနာဓူရ ကိုသာ ဆောင်ပါမည်ဟု လျှောက်ထားပြီး၊ မြတ်စွာဘုရား ဟော ကြားသော ကမ္မဋ္ဌာန်း တရားကိုသာ မှတ်သား၍ ကျင့်ကြံ

အားထုတ်ကြသဖြင့်၊ မဂ်ဖိုလ် ရသော သူတို့မှာ လွန်စွာပင် များလေ၏။

တဘန်-သာဝတ္ထိပြည်၌ လူနေ အိမ်ခြေ ခုနစ်ကုဋေရှိရာ၊ ငါးကုဋေမှာ အရိယာဖြစ်ကြောင်းလာ၏။ စာသင်ရသည်ဟု မလာပေ။ တဘန် အရှင်ရှုလပဏ်သည်၊ နောင်တော်ထံ၌ ဂါထာတပုဒ်ကို ဝါတွင်း သုံးလပတ်လုံး သင်အံ၍ မရ၊ ဘုရားထံသို့ ရောက်သောအခါ၊ ရဇောဟရဏံ-ဟု ခေတ္တ ရွတ်ဆိုရုံမျှနှင့် ပဋိသမ္ဘိဒါဈာန် အဘိညာဥ်တို့ပါ ခြံရုံလျက် ရဟန္တာကြီးဖြစ်၍၊ ပိဋကတ် သုံးပုံကို အလုံးစုံတတ်မြောက် လေ၏။ ဝတ္ထုများကို ထောက်၍ စာမတတ် သော်လည်း မဂ်ဖိုလ်သို့ ပေါက်ရောက်နိုင်သည်ကို ယုံကြည်စွာ မှတ်ယူ သင့်လှပေသည်။

ဤကဲ့သို့ပြဆိုခဲ့သောဝတ္ထုသက်သေများအရ၊ ဥပမာဖြင့် ထောက်ဆ၍သိရန်မှာ၊ မြတ်စွာဘုရားသည် ဆေးဆရာကြီး ဖြစ်ကြောင်း ဝန်ခံဟောကြား တော်မူသော။ မဟာဘိသက္က တိကိစ္ဆက ဒေသနာ၌ ပုထုဇ္ဇဉ်သတ္တဝါသည် လူနာနှင့်တူ၏။ ရာဂ,ဒေါသော စသော ကိလေသာသည်၊ အနာရောဂါနှင့် တူ၏။ တရားတော်သည် ဆေးကောင်းဝါးကောင်းနှင့်တူ၏။ မြတ်စွာဘုရားသည် ဆေးဆရာနှင့်တူ၏ဟု လာရှိပေသည်။

တိကိစ္ဆ ကောတိ ဘိက္ခဝေ တထာ ဂတဿေတံ အဓိ ဝစနံ။ ။ဘိက္ခဝေ၊ ရဟန်းတို့။ တိကိစ္ဆ ကောတိဖြတ်၊ ဆေးဆရာကြီး ဟူသော အမည်သည်။ တထာဂတဿ၊ ငါဘုရား၏ အဓိဝစနံ၊ အမည်ပေတည်း။

ဤသာသနာတော်အရ၊လောက၌ ဆေးဆရာနှင့် လူနာ တို့ရှိသည်။ဆေးဆရာသည် ဆေးကျမ်း,ဓါတ်ကျမ်းစသည် တို့ကို ကျွမ်းကျင်၍၊ရောဂါပျောက်ရန်သိသာမှုသာ လိုရင်း ဖြစ်၏။ လူနာသည် ကျမ်းစာများကို မတတ်၍ မသိ သော်လည်း၊ဆရာပေးသောဆေးဝါး ဓါတ်စာကို စားမှုသာ လိုရင်းဖြစ်၏။ထို့ကြောင့် ဆရာကကောင်းစွာတတ်မြောက် ပါလျှင် ရောဂါသည် အမှန်ပျောက်နိုင်လေ၏။

ဤအတူပင် တပည့် ယောဂီက စာမသင်ရ၍ မသိ သော်လည်း၊ ဝိပဿနာ လုပ်ငန်း၌ နားလည်သော ဆရာ၏ စကားကိုလိုက်နာမှတ်သား၍ကျင့်ကြံသွားပါလျှင်အမှန်ပင် မဂ်ဖိုလ် နိဗ္ဗာန်ကို ရနိုင်လေ၏။ ထို့ကြောင့်- ယခုပြဆို ခဲ့သော ပါဠိတော် အလာ၊ ဥပမာ ဥပမေယျနှင့် အဓိပ္ပါယ် အယူအဆ ဝတ္ထုသက်သေများကိုသိကြသဖြင့်၊ စာမတတ် သော်လည်း၊မဂ်ဖိုလ်ရနိုင်ကြောင်းကို ကောင်းကောင်းကြီး ယုံကြည်သင့်လှပေသည်။

## သတိပြုရန်။

ယခုအခါ လွန်စွာမြင့်မြတ်လှသည့် သာသနာတော်ကြီး နှင့် တွေ့ဆုံ၍ ဒုလ္လဘ ငါးပါးနှင့် ပြည့်စုံ ကြသော ရဟန်း သူတော်ကောင်း။ ဒုလ္လဘလေးပါးနှင့် ပြည့်စုံကြသော၊လူ, သူတော်ကောင်း အပေါင်းတို့သည်၊ဤကျမ်း၏ နောက်ပိုင်း တွင် ရေးဆောင်း၍ပြပြင်အစ်သော အရေပ်နည်းလမ်းသာဓာ ဝတ္ထုသွားနှင့် မျက်မြင်ဒိဋ္ဌတွေ့ကြုံနေကြသော အမှုများကို

သဘာဝတရား၌၊ မယွင်းမမှား ကြစေရန် အဖန်ဖန် သတိထား၍ အရေးကြီးစွာ စဉ်းစား ဆင်ခြင် သင့်လှပေသည်။

စဉ်းစားရန်မှာ။

ပရမတ်သဘောတရား မည်သည် အမှန်သို့ မရောက်သေးသူတို့မှာ အနမတဂ္ဂ သံသရာမှစ၍၊ အထုံဝါသနာ အလေ့အလာအားကြီးများပြားစွာဖြင့်၊ အရိုးအစဉ်မှတ်ထင်နေကြသော ပညတ်တရားနှင့် မခြားနားသကဲ့သို့ ဖြစ်နေ၏။ မိမိတို့၏ အယူဝါဒ လွဲမှားသော်လည်း ပယ်ရှား စွန့်လွှတ်ရန်မှာ လွန်စွာ ခဲယဉ်းလှပေ၏။

ခဲယဉ်းသည့် အကြောင်းမှာ၊ မိမိကိုယ်က အမှား အမှန်ကို မသိခြင်း ကြောင့်ရင်း။ အမှန်ဟု သိသော်လည်း၊ ဆရာသမားကိုငဲ့ခြင်း၊ တပည့် ဒါယကာကိုငဲ့ခြင်း၊ ပစ္စည်း လာဘ်လာဘ, ဂုဏ်ပကာသန နှင့် ဆရာအဖြစ်မှ တပည့်၊ အကြီးအဖြစ်မှ အငယ်, အထက်တန်းမှ အောက်ကျခြင်း စသော လောကီရေး တို့ကြောင့် များသော အားဖြင့်၊ ခဲယဉ်းကြလေသည်။

ဤကဲ့သို့ ဖြစ်ဘူး သည်မှာ ဥတု ဝေဠု စသော၊ ရှင်တထောင် ချွတ်ခန်း၌၊ မကြိုစဘူး၊ ထူးဆန်း အံ့သြဘွယ်ကောင်းသော တန်ခိုးကို အမျိုးမျိုး ပြသော်လည်း၊ အရှင်ဂေါတမ တန်ခိုး ကြီးပါပေ၏။ ငါတို့လို ရဟန္တာကား။ မဟုတ်ဟု ပြောဆိုပြီး၊ အနည်း နည်း ငြင်းပယ် လေ၏။ ထိုသို့ ပြောဆိုသည်မှာ၊မိမိတရားကသာ မှန်၍၊သူတပါး၏ တရားကို အမှားထင်ခြင်းပေဘည်း။

နောက်ဆုံး မပယ်နိုင်သော အခါ၊ ဆရာ ဥတ္တ ဝေဇ္ဇကသင်တို့ဘယ်လိုသဘောရသလဲ ငါဖြင့် ဂေါတမနောက်သို့လိုက်ချင်ပြီဟု ဆိုရာ၊ တပည့်များက တပည့် တော်တို့လိုက်ချင်သည်မှာ ကြာပါပြီ။ ဆရာကို ငဲ့ညှာ၍ သာနေရပါသည်ဟု ပြောကြလေ၏။

ဇင်းပြင်၊ သေတဗျမြို့ရာဇာညမင်းကို ချွတ်သောအခန်း၌အရှင်ကုမာရ ကဿပ သည်။ အမျိုးမျိုးသော ဥပမာကိုပြ၍ ဟောရာ၊ တရားမှန် သော်လည်း တပည့် ဘော်၏အယူကို မစွန့် နိုင်ပါဟု အခါခါ ငြင်းပယ် လေသည်။

တရားမှန်လျက်နှင့် အဘယ့်ကြောင့် ငြင်းနေသနည်းဟုမေးရာ၊ သာဝတ္ထိ, ရာဇဂြိုဟ် စသော တိုင်းပြည်ရှိ မင်းများသိပြီးဖြစ်၍ အယူဝါဒ ပြောင်းရာ၌၊ ကဲ့ရဲ့ ကြမည်ကို ရှက်သည်ဟု ပြော၏။ ဤကဲ့သို့ ပြောသည်မှာ၊ သံသရာ ရေးထက် လောကရေးကို ငဲ့ကွက်၍ ရှက်သင့်ရာ၌ မရှက်ဘဲသင့်ရာ၌ ရှက်ခြင်းကြောင့် ဖြစ်လေ၏။

တဖန်–သိဥ္စည်း ဆရာကြီးသည်၊ တပည့် ဥပတိဿကဂေါတမမြတ်စွာဘုရားထံမှာအမှန်တရားရှိသည်။ကြွတော်မူပါဟု ပြောရာ၊ လောက၌ အမှန်နှင့် အမှား၊ အဘယ်ကများသနည်းဟု မေးသဖြင့် – အမှန်ကနည်းပါး၍၊ အမှားကများကြောင်း ပြောပြလေ၏။ ဤသို့ပြောသော အခါ၊ သင်သွားလိုလျှင် သွားတော့ ငါမလိုက်လို- အမှန်လိုက်နိုင်သူအနည်းငယ် သာဂေါတမ ထံမှာရှိ၍၊ အမှားလိုက်သူများစွာတို့ငါ့ထံမှာ ကျန်ခဲ့လိမ့်မည်ဟု မြဲစွာတည်သောအရိုးစရည်း

ကြီးအဖြစ်မှ၊ ခပ်လောင်းသောအိုးငယ်မဖြစ်လိုဟုဥပမာဖြင့် ပြောဆိုလိုက်လေ၏။

ထိုကဲ့သို့ပြောဆိုသည်မှာ၊ လွန်စွာပင်မှန်မြတ်လှသည်။ မဂ်ဖိုလ်နိဗ္ဗာန် ကြီးများ ကိုပင်၊ စားရေး, ဝတ်ရေး,စသော လောကီပစ္စည်း လောက်မျှ အဘိုးမတန်သကဲ့သို့ ထက်သန် အားကြီးလှသော လောဘ, ဒေါသ, မောဟ, တို့ကြောင့် ဖြစ်ရလေတော့သည်။ ယခု ပြဆိုခဲ့သော ဝတ္ထု သက်သေ များကို ထောက်ထား၍၊ မဂ်ဖိုလ် နိဗ္ဗာန်ကို အမှန် လိုလားသဖြင့်၊ တရားကို ရှာကြသော သူတော်ကောင်း တို့သည် အကြောင်း အကျိုးကို အမှားအမှန်ကို ကောင်းမသိရှိ မတွေ့ မြင်ကြ သေးလျှင်၊ ဤကျမ်းတွင် ရေးသား ပါရှိသော အားထုတ် ပါရှိသော အားထုတ်နည်း များကို ပြုလုပ်ရန် အမှန်ပင် သင့်လျော်လှပေသည်။

မိမိ အယူ ဝါဒ မှားသည်ဟု သိလျက်နှင့် လောကီ အတွက် ဖြစ်သော ဆရာတပည့်- ဒကာ, ဒကာမ ပစ္စည်း လာဘ်, လာဘနှင့် ဂုဏ်ပကာသန စသည်တို့ ငဲ့ကွက်၍ အမှန် ဘက်သို့ မလိုက် နိုင်ကြ ဖြစ်နေသော သူများမှာ (အသိ ခေါက်ခက် - အဝင်နက်) ဆိုသကဲ့သို့၊ ပြောဘွယ်ရာ မရှိသဖြင့်မိမိ၏အကျိုးအပြစ်များကိုလွန်ကဲစွာသတိထားပြီး စဉ်းစား ဆင်ခြင် ရန်သာ ရှိကြလေတော့သည်။

အထူးမှာ။ ။လမ်းမှန် နှင့် လမ်းမှား နှစ်မျိုး တို့တွင် လမ်းမှန်သို့ လိုက်သောသူသည်၊ လမ်းမှား လိုက်နေသူကို များစွာ နှုတ်ဖြင့် အပြစ်မဆိုတတ်ပေ။ သို့သော်- တရားကို

ထိခိုက်လာလျှင် ပြင်းပြစွာ မခံနိုင်သော စိတ်များ ဖြစ်တတ်ကြလေ၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသောအခါ၊ သုဘဒ္ဒရဟန်းကြီးပြောသည်ကို အရှင်မဟာကဿပမထေရ်ကြီး ညည်းညူပြီး သံဝေဂ ဖြစ်သကဲ့သို့ မှတ်အပ်ပေ၏။

တရားမှန်သို့ မလိုက်မိသေးသော သူကမူကား။ တရားမှန်သို့လိုက်မိသောသူကိုလွန်စွာ အပြစ်ဆိုတတ်ကြလေ၏။ ထိုပုဂ္ဂိုလ် တို့တွင် ဒေသနာဉာဏ် ကြီးမား၍ ဗဟုဿုတများသော သူတို့မှာ သာ၍ပင် အမှားမှ အမှန်သို့ ရောက်အောင် ပြုပြင်ရန် ခဲယဉ်းလှပေ၏။ ထို့ကြောင့် ဤသဘောမျိုးကို ရည်၍၊ (အမှားကြာတော့ အမှန်ဖြစ်, အမှန်အစစ်အမှားထင် ဘုရားရှင်ပင် ဟောလို့ မရ)ဟု မဟာ ဝိသုဒ္ဓါရုံဆရာတော်ကြီး မိန့်ကြားတော်မူဘူးလေသည်။

သို့သော်- ဤကဲ့သို့ အပြစ် ဆိုလွန်းသော သူများအမှားကို ပယ်ရာမှ လိုက်စား လာ၍ အမှန်ကို သိသော အခါ၊ အရှင်သာရိပုတ္တရာ၏ မယ်တော်စသည် တို့ကဲ့သို့ လွန်ခဲ့သော အမှားများကို ဝမ်းနည်းပူဆွေး သောအားဖြင့်၊ တမ်းတ,ငိုကြွေးခြင်းများ အားကြီးတတ်၍ မှားယွင်းခြင်း မရှည်လျား မတိုး ပွားမှီ သတိ တရားကို မြဲမြံစွာ ရှေ့ထားပြီး များများကြီးဆင်ခြင် စဉ်းစား သင့်လှ ပေသတည်း။

**ဗုဒ္ဓဘာသာခုံးမခေါင်း လင်္ကာများ။**

ဗောဓိ ရုက္ခေ၊ ဗုဒ္ဓဟော ညောင်နန်း၊ ဆောင်ကြဌာန်း- အောင်ပန်းသွယ်သွယ်၊ မြေပေါ် စွင့်စွင့်၊ အနေသင့်တဲ့၊ ပလ္လင်လယ်မှာ၊ လွယ်လွယ်ဆွတ်ယူ၊ သဗ္ဗာ လေးဆင့်၊ ဖွားဖွား

ပွင့်၍၊ တင့်တော်မူ။ နတ်လူဦးခိုက်၊ သမ္ဗသမ္ဗာ သမ္ဗုဒ္ဓါဟု၊
ဘွဲ့နာမ ဆိုက်ရ၊ မကိုင်ငြ်ထွင်ငြ်ချာ ဒြဗ်အရှိ၊ သကာပ်ပြည့်တဲ့၊
မြတ် ဖိနာကို၊ ခါခါ ညွှတ်ကျိုး၊ နရက်အကုန်၊ ဘဝဂ်
တုံအောင် လက်စုံမိုး၍၊ ရှိခိုး ကာလျှင်။ သတ္တဝါပေါင်း၊
တရားမယှဉ်၊ အမှားဝင်၍၊ အမြင်စောင်း မကောင်းရော
စွက်၊လောကီ-လောကုတ်အကျိုးယုတ်ဘို့ မဟုတ်ဘက်ကို
သက်သက် လိုက်စား၊ မိစ္ဆာ အသွင်။ ဉာဏ် မယှဉ်၍
အမြင်မှား၊ လားလားမဖွယ်၊ လေးပါးမေတ္တာ၊ ကရုဏာနှင့်
သန္ဒါကွယ် တကယ် မှောက်မှား ဝန်ဘိုမိစ္ဆာ။အဘိဇ္ဈာနှင့်
ဗျာပါဒ်ကို ပွါးကြ၊ နွားတို့အကြံ အလွယ် ကလေး၊ တယ်
မဝေးမို့၊ ပါယ်လေး တန်ကို၊ ရွယ်ဟန် ရှိကြ၊ ချင်းတို့ ဥစ္စာ၊
မဟုတ် ပါ၍၊ ယုတ်မာလှ –ခုဏာခုသာ – မေတ္တာ ရေစင်
သစ္စာဆင်၍၊ သွင်သွင်ဖြာ၊ လမ်းသာ စကြောင်း၊ တရား
အမှန်၊ စကားမှန် တို့ကို အတန်တန် လောင်း ပြီး လျှင်၊
အကြောင်းစုံစီ၊ သည့်ပုံမဟုတ်- သည့်ပုံမှ ဟုတ်သည်ဟု၊
အထုပ်ကို ဖြည့်မှာမို့၊ လူ့ ပြည့်, နတ်ဘုံ၊ ဗြဟ္မာ ဘုံကို
လုံးစုံကြေငြာ၊ တရားနဂိုရ်–မမှားလိုတဲ့ မျှားမိုလ်ပါ။ ညီညာ
သောင်းသောင်း၊ ကူးကူး ဆင့်ဆင့်၊ပြူးပြူးလွင့်တို့၊ကျူးရင့်
ငြောင်း၊ အောင်မောင်းတီးခါ၊ အောင်သံဟီးဟီး၊ အောင်သံ
ငြီး၍၊ အောင်ကြီးညာ၊ အောင်ပါစေသော၊ အောင်စေသော
ဟု၊ အောင်ပြော, အောင်စည်၊ ရိုက်ခတ်လည်၍၊ အောင်ဖြီ
အောင်ဆု,အောင်ရေ လောင်း၍၊ အောင်ကြောင်းကို ပြုကြ
အောင်သာရသံ၊ ဟိန်းဟိန်းညံ၊ တောင်ယံတောလုံး၊ပဲ့တင်

ချုန်း၊ မိုးဃံလုံးမြေပါ၊ သွက်သွက်ခါ၊ ဒိုပါကျွန်းကြီး လှုပ်တယ်ကို။ ။တော သံ, တောင် သံ၊ အိန့်တယ်ကို။ ။ မိုးဃံသံ, လေသံ ချိမ်တယ်ကို။ ။ကြက်သီး မွေးညှင်း ဖိမ့်တယ်ကို။ ။

**ဆုံးမစာ လင်္ကာ။**

လျှပ်ပန်း, လျှပ်နွယ်၊ လျှပ်စစ်ချယ်သို့၊ သွယ်သွယ်ဖြန့်ချီ၊ စာတမ်းစီပိမ့်၊ လူ့ပြည်,လူ့ရွာ၊လူ့ဌာနတွင်၊ လူမှာပါးရှား၊ လူ့တွေများ၍၊ လေးပါးအပါယ် နရက်နယ်နှင့် ဆက်သွယ် (ကောင်စီ) ပြုကြသည့်ရို့၊ မကြည်စိတ်ဝမ်း၊ ထိတ်ခမန်းတည့်၊ ဆိပ်ကမ်း သာယာ၊ နိဗ္ဗူ တာကို၊ ဝေးကွာ ခရီး၊ ဘယ်သို့နီးလိမ်၊ လူကြီး, လူငယ်၊ အသွယ်သွယ်တို့၊အရွယ် ခြားနား၊ အစား, စားလျှင်၊ များပြား ပါလှ၊ မနွှေ့ရနှင့်၊ ဣဿမျာပါ၊ အဘိဇ္ဈာကို၊ လွန်စွာပွါးစီး၊ လွန်အားကြီး၍၊ ခရီးမတို၊ မင်္ဂနှင့် ဖိုလ် ကို၊ ဘယ်သို့ လှမ်းချူ၊ ဘယ်လိုယူလိမ့်၊ ဉာဏ်ကူပညာ၊ မယှဉ်ပါဘဲ၊ တဏှာ ညစ်ကြေး၊ ဘယ်သို့ဆေးလိမ့်၊မှေးအဝိဇ္ဇာ၊ပိတ်ဖုံးကာ၍၊ငါငါထင်မှတ်၊ ငါမပြတ်လည်း၊လေးရပ်မှာသာ၊အနေကြာ၍၊ ပဋ္ဌာမြေပိုင်နရက်အိုင်တွင်၊ အခိုင်အမြဲ၊ တာရှည်စွဲလိမ့်၊ ငြိတွဲတဏှာ၊ ကင်းလွတ်ကွာ၍၊ ဝိဇ္ဇာဉာဏ်ရောက်၊ ငါကောင်ပျောက်၍၊ အံ့လောက်စရာ၊ ပြည်ခေမာကို၊ ရောက်ရာအထူး၊ မင်္ဂဖိုလ် ကူးသည်။ ရှူးရှူး, နောက်နောက်, မလုပ်နှင့်။

ရှူးရှူး,နောက်နောက်၊ ဉာဏ်မရောက်၍၊မှောက်မှောက် မှားမှား၊ ပြုပြန် ငြားသော်၊ လေးပါး အပါယ်၊ အသွယ်

သွယ်လျှင်၊ ဝဋ်နွယ် ရှည်လျား၊ တမားမားတည့်၊ သွား၍မဆုံး၊ လမ်းမ တုံးအောင်၊ ကုန်းရော, ကျဉ်းရော၊ ချိုင့်အင်းရောနှင့်၊ မျောကာတင်ကာ၊ သံသရာဝှ္ဂင်၊ ဖန်ခါလှည့်လည် ဝဋ်နွယ်စိဖြာ၊ ရှည်လေသမျှ၊ အနန္တလည်း၊ သုခ ဟူသည်။ မြူမျှမဘက်၊ အဆက်ဆက်လျှင်၊ သက်သက် ဒုက္ခ၊ ဖြစ်ပြန်ရသည့်၊ ညာဏ်စမရှိ တုံး၍တည်း။

ညာဏ်စမရှိ၊ တုံးတိတိနှင့်၊ ထင်မိထင်ရာ၊ ထင်ပြီးခါလျှင် ငါသာ နှပ်လှ၊ ငါ တတ်လှဟု၊ ငါစ ထောင်လွှား၊ ငါတွေ များလည်း၊ ငါကား မဟုတ်၊ ဓါတ်နာမ်ရုပ်မို့၊ မြုတ်ခါ မျောခါ၊ သံသရာတွင်၊ ခန္ဓာငါး၀ ဓာတ် အာယတနတို့၊ အစမသတ်၊ တပတ်ပတ်ကို၊ အစပ်သိမှု၊ ငါမဟုတည့်၊ ငါမှု ငါကောင်၊ ငါယောင်ဆောင်၍၊ ငါမျှောင်ငါပွား၊ ငါထင်မှားအောင်၊ ငါကား ပြုတတ်၊ ငါဟုမှတ်သည်၊ ငါးရုပ်ခန္ဓာ အဝတည်း။

ငါရုပ်ခန္ဓာ၊အဝပါကို၊ စိတ်ဖြာလက်ရွေး၊ မစစ်ဆေးဘဲ၊ ငေးကာမှိုင်ကာ၊နေ့ရက်ကြာ၍၊အခါအပုံလွန်ခဲ့တုံပြီ၊လူ့ဘုံ လူ့ရွာဒုလ္လဘာနှင့်၊ ကြုံလာခဲ့မျှ၊ကြုံပြန်ရလည်း၊ ကြုံရရုံသာ ကြုံကျိုး ရှာသော်၊ ကြုံရာ မရောက် ကြုံအနောက်မို့၊ ကြုံမှောက် ကြုံမှား၊ ကြုံငွေးရယ်၊ကြုံအားမတတ် ကြုံလေး ချက်ကိုသက်သက်မသိ၊မရိပ်မိဘဲ၊စိတ်ရှိတိုင်းသာကိုယ်က ပါ၍၊ အောက်ရွာ အောက်မြေ၊ အောက်စခမ်း၌၊ အောက် လမ်းကိုသာ၊ ဖေါက်တော့ ရှာသည်၊ အောက်မှာ သူ့အိမ် ရှိလို့လား။

အောက်မှာသူ့အိမ် ရှိဟန်ချိန်၍၊ အရှိန်ယူခါ အောက်မျက်နှာကို၊ ရောက်ပါလိုကြောင်း ရောက်ရကြောင်း ဟုဆုတောင်းပန်ထွာ ပဋ္ဌာနာနှင့်၊ နေရှာရေ့သွား အောက်လမ်းသွားရယ်၊အောက်နားတခိုမရောက်လို့နှင့်၊အောက်ကိုရောက်က မပြန်ရဘူး၊ အောက်ကအထက် ပြန်၍တက်ဘို့၊ ခက်လှချေ့နော် အောက်လမ်းပျော်ရယ်၊ အကြိုကျော်လွှား ဉာဏ်ချော် မှားမို့၊ သနားလို့သာ လက်တို့ ပါသည်၊ **အောက်မှာအပြီး သူ့လမ်းကြီး။**

အောက်မှာအပြီး သူ့လမ်းကြီးမို့၊ ဟီးလား ဟေးလား အပြေးသွား၍၊ချွေးနွားကြက်ဌက်၊ဝက်ကြွက် ကျားကြောင် လွန်မြားမြောင်၍။ ကုန်အောင်မဆို၊ တောင် ညိုညိုတွင်၊ ထိုထိုပြိတ္တာ အသူရာနှင့်၊ ရှစ်ဖြာငရဲအကုန်စွဲအောင် အား နွဲ့၍သာ ပြေးတော့မှာကို၊ ပြေးသွား ပြေးကွဲ့ မနှေးနဲ့၊ ရောက်ရာ ပျော်ကွဲ့ မပြန်နဲ့၊ လေးရွာသွားကွဲ့ သနားရှဲ၊နားစိုက်ဒုံးကွဲ့ မှာလိုက်ကဲ့၊ ငရဲတိရစ် ပြိတ်, အသူရာ, ပါယ်လေးဖြာပတွင်၊ အောက်မှာဆိုရိုး နိုရိမျိုးက၊ သိဋ္ဌုးကာလသဃ်ာတနှင့်၊ ရောရဂဝေဒွး တာပန်ဒွေးမို့၊ ဇအပိပိ ရှစ်ထပ်ရှိ၏။ မင်းသိရဲ့လား မှတ်၍ သွားလော့၊ ဘုရားနှုတ်ခွန်းဗျာဒိတ်ညွှန်းမှာ၊ ရွန်းရွန်း စက်စက်၊ ရောင်ပုံ ထွက်၍။ မက်ဘွယ်မင်ဘွယ်၊နေချင်ဘွယ်ရှိ၊ခင်တွယ်၍သာနေတော့မှာကို၊ နေသာ နေဒုံးကပ်အလုံး၊ ရောက်အောင် သွားအုံးအောက်အဆုံး၊ မပြန်နဲ့ ဒုံးလမ်းအဆုံး၊ နှစ်ပေါ်လုံးလုံး မြုပ်

ရုံးရုံး၊ သင်းတို့ဒိဋ်ကတဒိဋ်လုံး၊ခွေးရောလူရော ပြုတ်ပြုတ် ပြုန်း အဝိစိမှာ တရုံးရုံး။

**ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါးတေးတပ်။**

အဝိဇ္ဇာ ပစ္စယကြောင့် သင်္ခါရဖြစ်လာ၊ ဝိညာဏ်နောက် နာမ်ရုပ်ပါသည်၊ သဠာယတနာဖဿော အကောင်းကြိုက် ဝေဒနာရယ်၊ ပေတဏှာ မီးတိုက်လို့မျော၊ စွဲလန်းချက် ဥပါဒါန်ပြုလာပြန်ဘဝေါ၊ ဘဝနောင် ဇာတောမို့၊ဇရာရော မှောက်လှန်၊ ငါးခန္ဓာပဋ္ဌက၊စင်မရဏ ဆိုက်ရပါတော့ပြန်၊ ပဋိစ္စသမုပ္ပန်ကို ထုတ်ပြန်လှန်ရှုတွေးက၊မှုမအေးခေါက်တုံ့ ဖန်ခါ ဖြစ်ကပျက်မှာ၊ မိုက်မောဟာ ညစ်တဏှာရယ်၊အမြစ် သာ မူလပလေး။

**၁၁-မီးတေးတပ်။**

ရာဂနှင့်ဒေါသမောဟာမီးတောက်လောင်၊ ဇာတိနောက် ဇရာဆောင်သည်၊ မရဏာဘောင်ဆိုက်မြဲ၊ သောကနှင့် ပရိဒေဝရယ်၊ ဒုက္ခတွေ မီးထပ်လို့ကဲ၊ ဒေါမန ဥပါသံ ပြုလာ ပြန်အမြဲ၊ မှုရှာကြံ ပျက်မခဲပြီဘု၊ ဆဲ့တပွဲငြီးထိန်၊ သုံးဆယ် ကျော်တဘုံလုံး၊ ကုန်အဆုံး ကြီးတဲ့မီးရှိန်၊ ဘယ်တော့မှ သူမမှိန်တယ်၊ တထိန်ထိန်လောင်ကျွမ်းလို့ သောင်ကမ်းမြ နိဗ္ဗူအမကာ ပြေးမှချမ်းသာ၊ ဘေးဘယ ဝေးပကွာအောင် မြေရာ ခိုဝှိုကွဲ့လေး။

ဗုဒ္ဓဘာသာဝင် လူမျိုးတို့မှာ၊ ၎င်းပဋိစ္စသမုပ္ပါဒ် တရားတော်ကြီးကို သိဘို့၊ တတ်ဘို့၊ နားလည်ဘို့၊ လိမ်မာ ကျွမ်းကျင်ဘို့ အလွန်တရာမှ အရေးကြီးလှပေသည်။သိမှ

တတ်မှ နားလည်မှ သာလျှင်၊ ဗုဒ္ဓဘာသာ အရောသို့ ရောက်ပေမည်။မသိမတတ်၊ နားမလည် သေးပါက၊ ဗုဒ္ဓဘာသာ အရောသို့ စင်စစ်မရောက်ပေ။ ဗုဒ္ဓဘာသာ ဆိုသော်လည်း ဆိုရရုံမျှသာ ရှိချေမည်။ ဗုဒ္ဓဘာသာ အစစ်ကြီး ဖြစ်ကြရလေအောင် သိကျွမ်း နားလည် သူတို့ထံ နည်းခံ မှတ်သားပွားများ အားထုတ် ကြပါလေ။ (ဝါ) ပွားများ အားထုတ်နိုင်ကြပါစေသော်၊(ဝါ)ပျင်းပျင်းရိရိ အတွင်းချိ၍မသိဆိုး၀ါးလူနွားဟု စကားအတင်း၊ ကဲ့ရဲ့ခြင်းမှ၊ လွတ်ကင်း ပယ်ခွါနိုင်စေသော်၊ (ဝါ) ဗုဒ္ဓုပ္ပါဒ ဒုလ္လဘကို ရသည့် အခိုက်လုလ္လစိုက်၍၊ သိထိုက်သမျှ သိလိုက် ရအောင်၊ နေ့ ညဥ့်မယုတ် အား, အင် ထုတ်သည်၊ ကြိုးကုတ် နိုင်ကြပါစေသော်။

သတ္တဝါတို့ကို သံသရာဝဋ်မှ၊မလွတ်မထွက်နိုင်အောင် နှောင်ဖွဲ့, ကျော့ကွင်း၊ သံခြေကျဉ်း, သံလက်ကောက်စသည်တို့ ကဲ့သို့၊ အတင်း ဘမ်းယူ ချုပ် နှောင် ၍ ထားတတ်သော ဂါဟ- တရား ၃-ပါး။

ဆိုပိမ့်ဟုတ်ရော၊ စေ့စေ့နာလော့၊ ခန္ဓာငါးပ၊သက္ကာယ၏ခေတ္တာယာယီ ပြည့်ရုံသည်ကို၊ အတည်ခိုင်မြဲ၊ ပင်ကိုဘဲဟု၊ စွဲကြီးစွဲကာ၊ ဝိပ္ပလ္လာဖြင့်၊ ပမာသရုပ်၊ ဒါရုဏ် ထုတ်သော်၊ စက်ဆုပ်ဖွယ်မျိုး၊ ဘင်ပုတ်အိုး၌၊ ခိုကိုးရာပင်၊ တကယ်ထင်သည်၊ စိတ်မြင် ဖောက်မှား၊ ခွေးမိုက်လားသို့၊ မနားမနေ၊ ပျက်ပြုနိုးကြွေသည်၊ အသေကောင်မုစ် ခန္ဓာရုပ်ကို၊ ပိုက်ထုပ်တွယ်တာ၊ ခိုကိုးရာဟု၊ ငါတလူလူ, အလံထူလျက်

မာန်မူ စွင့်စွင့်၊ ခွေးစိတ် မြင့်၍၊ ဝင့်မှု, ဝါမှု၊ မောက်မာ မှုကြောင့်၊ ဒုစရိုက်အင်၊ ကြွေးမြီ တင်လျက်၊ ကြွေးရှင် ငရဲ၊ မီးပုံထဲသို့၊ ထပ်လဲ ဖန်ခါ၊ ဆင်းကြ ရှာသည်၊ ငါငါ မာန စွဲလို့ကိုး။ ။

မျက်တောင်တခတ်၊ လျှပ်တပျက်နှယ်၊ အသက်နည်းပါး အနာများ၍၊ ခေါင်းပေါ်လူဖြစ်၊ ပုချစ်လောင်စွာ၊ ဗျာပါပွေရှုပ်၊ စည်းစိမ် နုပ်ကို ဟုတ်လိမ့်နိုးနိုး၊ အထင် မျိုးနှင့်၊ ချစ်ကြိုး ဖွဲ့နှောင်၊ ခုတိုင်အောင်တည့်၊ ပုပ်ကောင်စည်းစည်း၊ ထွေဘွယ် ရင်းကို၊ နနွင်းဆေးနှယ်၊ ငါးသဘွယ်သို့၊ တင့်တယ်လှဆန်း၊ ယာယီပန်းကို၊ ရူးစမ်း ဆင်ခြင်၊ ဘိတ်မမြင်ခဲ့၊ မီးတွင်အပူ၊ ရှိပါမူလည်း၊ နီ, ဖြူ, ရောင်ဝင်း၊ ဖုံးလွှမ်း ခြင်းကြောင့်၊ ပူခင်း ဆိုင်ဆိုင်၊ မမြင်နိုင်ဘဲ၊ အပြိုင်ဆင်းကာ၊ သေကြရှာသား၊ ရောင်ဝါ ရွှန်းစက်၊ ပေါ်ရမ္မက်သည်၊ ပရွက်ပလူ၊ ပိုးအတူလျှင် အပူရှိန်ရှိန်၊ ခန္ဓာ အိမ်ဓာ၌၊ ပညိန် ရူး၍၊ လင်း မရ၍၊ သုခ ခြောက်မည်၊ အပေါ် ရည်ကို၊ အတည်ရှိမြဲ၊ ချမ်းသာဘဲဟု။ ချစ်စွဲပြင်းထန်၊ ဥပါဒါန်ဖြင့်၊ သံသရာလုံး၊ ထုံးကြီးထုံး၍၊ မဆုံးအိုနှာ၊ သေကြရှာသည်။ ။ငါငါရာဂ စွဲလို့ကို။

ကံ, စိတ်, ဥ, ဟာ၊ ကြောင်းလေး ဖြာနှင့်၊ ဝိသာစတု၊ ပစ္စည်းဂုတ္တိ၊ မှုအသီးသီး၊ ပြုဖန်တီး၍၊ ရုံးစီးညီလေ၊ သိန်း ကုဋေလျှင်၊ တွက်ရေ များပြင်၊ ဘုတ်လေး အင်တို့၊ ပင်ကို မူမှန်၊ ဖြစ်လာဟန်မှာ၊ သဏ္ဌာန်ကြီးငယ်၊ နှင်းပေါက်ရွယ်မှ အကာယ် လုံးလုံး၊ ကင်းဆိတ် သုဉ်း၏။ စည်းလုံး ညီညာ၊ သိန်းများစွာတို့၊ မကွာရုံးရု၊ ဖြစ်ပွါးမှုကြောင့်၊ အထုအထယ်

ရှိသောနှယ်သို့၊ အကာယ်ထင်ရ၊ ရိပ်ရောင်မျှကို၊ အတ္တအစွဲ၊ မြဲကြီးမြဲ၍၊ ရိုက်ခဲဆင့်ဆင့်၊ တောင်နှယ်မြင့်သား၊ နှိုင်းသင့်ပုံယူ၊ ပမာမူသော်၊ ဖလ်ဂူအပြင်၊ ရိပ်ရောင်ထင်သည်၊ အဆင်တူရုံ၊ ကိုယ့်ရုပ်ပုံကို၊ အကုန်စေ့အပ်၊ ကဲမခတ်ဘဲ၊ လွဲမှတ်အယူကိုယ့်ရန်သူဟုညှူရူမျက်ငွေ့၊ ခြောင်းခြောင်းဝေ့ သည်ခြသေ့်အလား၊ ရိုက်လုံးထွား၏၊ ခတ်သား နိမိတ်၊ သဏ္ဍာန်ရိပ်ကို၊ ဒိဋ္ဌိ စရိုက်၊ အမှောင် တိုက်လို့၊ အမိုက် ထူပြော၊ အကာ ဘောဝယ်၊ ဗျာမောကျယ်၍၊ ဆုံးမ တွေ့ဘဲ၊ ခုနေ့တိုင်တိုင်၊ ဝဋ်ဒီ ဆိုင်တွင်၊ မြိုင်မြိုင် ထပ်လဲ၊ ငါကြီးဆွဲ၍၊ မြုပ်မြဲ, မြုပ်ခါ၊ မျောကြ ရှာသည်၊ ငါငါ ဒိဋ္ဌိ စွဲလို့ကို။

**ခုနှစ်လုံးဘွဲ့။**

သိဘွယ်,တတ်ဘွယ်,နားလည်ဘွယ်၊အကျယ်အကျဉ်း၊ ထုတ်ပြန်လင်း၊ ဝမ်းတွင်းရှိစေ မှတ်ကြလေး မသေ မခြင်း နှလုံးသွင်း၊ လူချင်းတူမှ တော်ကြမည်။ လူရာ မရောက်၊ လူ့ ငနောက်၊ လူမှောက်, လူမှား ဖြစ်တတ်သည်။ လူက မမွေး၊ လူကလေး၊ လူရေး ရောက်ဘို့ လိုကြသည်။ လူက မဘွား၊ လူငွား၊ လူလား မမြောက် ရှိတတ်သည်။ လူလား မြောက်အောင် သတိဆောင်၊ လူ့ဘောင် လူ့ရွာ သာသနာ၊ ချခါ ထင်လင်းရှိကြသည်။ ထင်လင်း သာသနာ ရှိလျက်ပါ ဘယ်ဟာ ဘာ့ကြောင့် ငေးကြသည်။ ငေးရင်း, မှိုင်ရင်း နေ့ရက်ကြွင်း၊သေမင်းထံသို့ရောက်တော့မည်။ငေးခါမှိုင်ခါ နေ့ ရက်ကြာ၊ ခန္ဓာ နာဝမ်, ရုပ် အကောင်ပုပ်၊ မြုပ်ရင်း, မျောရင်း ဩဃတွင်း၊သေမင်းသတ်ခဲ့လှလေပြီ။သေမင်း၏

ဒဏ် သေမင်းရန်၊ ပယ်လှန်ကြဘို့ သင့်ပေသည်။ ပယ်နည်း လှန်နည်း, နံ့သျှည်း၊ အပြီး လက်ငင်း ရှိကြသည်။ လက်ငင်း ရှိလျက်၊ ဘယ့်အတွက်၊ သက်သက်မောင်တို့ မလိုက်သည်။ မောဟကြီးဖုံး ဒေါသတုံး၊ လုံးလုံးမကြောက်၊ လောဘနှောင့်၊ ကောက်ကောက်လိုက်ကြသည်။

လောဘ, ဒေါသ, မိုက်မောဟကြောင့်၊ ဩဃ လေးဖြာ၊ အဏ္ဏဝါတွင်၊ ဖန်ခါရစ်ပတ်၊ အထပ်ထပ်တည့်၊ မရပ်မနား၊ ဆုံလည် နွားတို့၊ ပြေးသွား မပြီး၊ တညီးညီး နှင့်၊ ရိုးတိုး ယောင်တောင်၊ ခတိုင် အောင်လျှင်၊ အခေါင်ဝေးစွ၊ ဘယ် ကာလ၌၊ ကျွတ်ရလိမ့်မည်၊ လွတ်လိမ့် မည်ဟု၊ အတည် ခိုင်မြဲ၊ မသိဘဲမို့၊ နက်နဲ ဒုက္ခ၊ ကြီးမားရ၏။ မူလ, မူလေ၊ မြင်အခြေမှာ၊ ညစ်ပေယုတ်စွ၊ မိုက်မောဟကြောင့်၊ လောဘ ဆင့်ကဲ၊ တသဲသဲ လျှင်၊ မစဲ နေ့ည၊ လိုတိုင်း ရလည်း၊ လေခက်ပေါ်ပြီ၊ တန်ပါပြီနှင့်၊ တော်ပြီမဆို၊ ရတိုင်းလို၍၊ မပိုနိုင်ကြ၊ မပြည့်ဝတည့်၊ မာန ထောင်လွှား၊ ငါတကားဟု၊ မောက်ကြွား မျက်မာန်၊ ဒေါသထန်၍၊ မခံလိုဘူး၊ မဟုတ် ဘူးနှင့်၊ ဟူးဟူး, ဟားဟား၊ ဖြစ်ပြန် ငြားလည်း၊ အမှား ပုံသေ၊ မောဟပေတည့်။ သမ္မေ့ သဂ္ဂါ၊ သဂ္ဂဝါတို့၊ ရပ်ရာ မရ၊ အစမထင်၊ မမြင်မဆုံး၊ တရှုံ့ရှုံ့နှင့်၊ အုံ့အုံ့ကျက်ကျက် ဝဋ်ရက်၍၊ အောက်ထက်ပုန်ဆန် ဖြစ်ရဟန်ကို၊ မှောက်လှန် ရှာဖွေ၊ ညဏ်ဖြင့်မွေလည်း၊ ဝသေနေဝ၊ ဒွေးမူလေမို့၊ မောဟ တဏှာ၊ အရင်း သာတည့်၊ အဝိဇ္ဇာ ခေတ်၊ ပိတ်ဖုံးအပ်တဲ့၊ နတ်, လူ, ဗြဟ္မာ၊ သဂ္ဂဝါတွင်၊ နှင်ရှောသူပါ၊ ပါပြီးဟာမို့၊

မကွာ သဘော၊ မျောကြီး မျော၏။ ပြောလည်း မဆုံး၊ ပောာ မဆုံးမို့၊ ရှုံးလိုက် တော့မည်၊ ငါ၏ညီမှာ၊ အတည့် ကျွန်၊ ထိလိုကချောင်၊ လောက ဖြစ်ဟန်၊ သမုဒ္ဒါန်ကို၊ ထုတ်ပြန် စဉ်းစား၊ သတိထား၍၊ ဘုရားကိုဘက်၊ တရား သက်မှ၊ မှားဘက်ကိုသာ မလည်ရာအောင်၊ အဝိဇ္ဇာခေတ်၊ ဖျက်ဆီးအပ်သည်။ မှတ်လေ လောကကျင့်ထုံးတည်း။ ။

“မဂ္ဂင်ဖေါ်ငြိနှိုး- အောင် ကမ္မဋ္ဌာန်း”။

တဏှာလောဘ၊ ငါဒေါသနှင့်၊ မောဟမင်းကြီး၊ အတွင်း မီးကြောင့်၊ ခရီးမသတ် အထပ်ထပ်လျှောင်၊ လူရပ်, နတ်ရွာ၊ ငြိပဋ္ဌာရွာနှင့်၊ အောက်ရွာ သွယ်သွယ်၊ အောက်မှာကျယ်၍၊ အောက်နယ်ကိုသွား၊ အောက်မှာ များ၏၊ ဘုရား မိန့်ခွန်း၊ ဗျာဒိတ် ညွှန်းမှာ၊ အခွန်း အမြိုက်၊ လက်သည်း ထိပ်တွင်၊ တဆိတ်စာမျှ၊ မြေမှုန့်ပြ၍၊ နိုင်းဆ လူ,နတ်၊ ပမာ ကပ်၏၊ အောက်ထပ်, အောက်ရွာ၊ အောက်ဖျက်နှာတွင်၊ မဟာပံသု၊ မြေအထုနှင့်၊ နှိုင်းတုပမာ၊ သတ္တဝါတို့၊ ထပ်ခါတည်ကြောင်း မိန့်တော်ပြောင်း၏၊ သိန်း,သောင်း သချေ၊ အရေအတွက်ကို မရေနိုင်ရာ၊ အခါခါလျှောင်၊ ကမ္ဘာကုန်ဆုံး၊ ကမ္ဘာပြုန် လည်း၊ နှလုံးမယည်၊ ဉာဏ်မယှဉ်၍၊ တောဆင် မုန်ညီ၊ ရိုက်ဖြီး ကိုပင်၊ တောခို ဘီလူး၊ ကပ်ဝင်ပူးသို့၊ အရူးမပျောက်၊ တနောက်နောက်နှင့်၊ ရောက်မို့ရောက်ရာ၊ မုန်တဏှာကြောင့်၊ ငါငါဒေါသ၊ သောသော ထ၍၊ မောဟ မှောင်တွင်း၊ ခန္ဓာ ကင်းသည့်၊ ဆင်မင်းပမာ-ပုံနှိုင်းတည်း။ ။

ပမာပုံနှုန်း၊ ဆင်မင်းထုံးသို့၊ နှလုံးမယည်၊ ညာဏ်မယှဉ်က မမြင်နိုင်ဘဲ၊ လွန်ခက်ခဲ၏။ နက်နဲသိမ်မွေ့၊ တရားငွေ့ကို၊ မတွေ့သမျှ၊ အနိစ္စဟု၊ စိတ်ကမထင်၊ ဒိဋ္ဌိမြင်ကို၊ အစဉ်စွဲကပ်၊ အမြဲမှတ်၏။ ဓာတ်သဘာဝ၊ ဖြစ်ပျက်ကြတဲ့၊ ဘယထောင်သောင်း၊ ဘေးအပေါင်းတို့၊ သောင်းသောင်းဆူကြွ၊ တရွရွနှင့် နေ့ညမပြတ်၊ အမြဲကပ်လျက်၊ သတ်မည့်အရေး၊ ကိုယ်တွင်းဘေးကြောင့်၊ မမြဲမချ၊ အသုဘဟု၊ သုခမဟုတ်၊ ဒုက္ခသဘော၊ တရားဟောလည်း၊ သဘောမကျ၊ ချမ်းသာလှ၏။ ငါပထောင်လွှား၊ ငါထင်စားလည်း၊ ငါကား မဟုတ်၊ ဓာတ်သရုပ်ကို၊ မထုတ်နိုင်ကြ၊ မရှာကြ၍ ငါမှငါဘဲ၊ ငါမှတ်မြဲ၏။ ဓာတ်ခဲဓာတ်သား၊ ဓာတ်တရားကို၊ ခြားနားပါလျှင်၊ ငါမထင်ဘူး၊ လေးအင်ဓာတ်မ၊ ဓာတ်အဋ္ဌနှင့်၊ နဝမဓာတ်၊ ဓာတ်ပေါင်းသုံးဆယ်၊ ဓာတ်နှစ်ဆယ့်ရှစ်၊ လေးဆယ့်နှစ်ဓာတ်၊ ဓာတ်ငါးဆယ့်သုံး၊ ဓာတ်အလုံးတို့၊ ပေါင်းရုံးဆုံမိ၊ ဟုတ်သည့်သဏ္ဌာန်၊ ဟုတ်သည့် ဟန်နှင့်၊ ရုပ်နာမ် နှစ်ပါး၊ လိမ်လှည့်ဖြား၏။ လေးပါး ဓာတ်ရုပ်၊ မဟာဘုတ်ကြောင့်၊ အဟုတ်ထင်ရ၊ ဇာတ်မဟာ၊ မြင်ကြစေရန်၊ အတန်တန်လျှင်၊ ဖန်ဖန်ထပ်ထပ်၊ ပမာကပ်၍၊ အနတ္တသဘော၊ တရားဟောလည်း၊ သဘောမထင်၊ ငါဘဲထင်၏။

ဆင်မှန်ညိုကြီး၊ ဘီလူး စီးကို၊ ထူးလည်းမခပ်၊ ချွန်းမသတ်နှင့်၊ မတ်တတ်လျှောက်လျှား၊ အလွတ်ထား၍၊ သွားလိုရာရာ၊ သွားသည်သာသို့၊ မကွာမျက်မြင်၊ ပမာယှဉ်သော်၊ ဆင်မှာမောဟ၊ ဒေါသဘီလူး၊ မုန်ရူးတဏှာ၊ အဖြာဖြာလျှင်၊

တူရာတူကြောင်း၊ ပုံယူ လောင်း၏။ သုံးကြောင်း သုံးဝ၊ သုံး၌ဘနုတွင်၊ မောဟာတဏှာ၊ ဝမ်းတွင်းပါကို၊ ငါငါဘိလူး၊ မာန်ဝင် ပူး၍၊ထူးလည်းမခပ်၊ ချွန်းမသတ်နှင့်၊ ရောက်တတ် ရာရာ၊ ဖြစ်သည့် တာကြောင့်၊ နာနာထူးချုပ်၊ ချွန်းနှင့် ဒုပ်လော့၊ အယုတ်တရား၊မပွါးမျှားအောင်၊လေးပါး သတိ ပဋ္ဌာန်၊ လေးတန်ဝါယမ၊ ပဓာနနှင့်၊ ချုပ်ကြထူးလို၊ ပမာ ဆို၏။ ထိုထိုတရား၊ မကျယ်ပွါးနှင့်၊ သုံးပါးလက္ခဏာ၊ ချွန်းချက်သာတည့်၊ ဉာဏာ-ဉာဏ၊ သံယောဂနှင့်၊ နေ့ည မကွာ၊နေတတ်ပါမူ၊ တဏှာမောဟာ၊ငါဒေါသတို့၊ချောကျ ကုန်စင်၊ နိဗ္ဗာန်ခွင်ကို၊ ထင်ထင်မျက်မှောက်၊ အမြင်ရောက် သည်။ ။ဘုန်းတောက်ဘုန်းရှင်-ဟောရိုးဘည်း။

ဘုန်းတောက်ဘုန်းရှင်၊ ဟောရိုးထွင်တဲ့၊ အင်္ဂါရှစ်ပါး၊ မဂ်တရားဟာ၊ ထင်ရှား သေချာ၊ ရှိလျက်ပါကို၊ ပညာမျက်စိ၊ လမ်းမသိ၍၊စမ်းတိစမ်းဝါး၊အရမ်းသွားလျှင်၊လမ်းမှား၍သာ မတွင်ရာတည့်၊ စဉ်လာဖွဲ့ထုံး၊ သိက္ခာ သုံးတွင်၊ ကိုယ်လုံး အပြည့်၊ သီလရှိမှ၊ သမာဓိ ရောက်၊ မှန်းတိုင်း ပေါက်၏။ ဉာဏ်နှောက်ကြလေ၊ ဉာဏ်နှင့်မွေလော့၊ ဉာဏ်အခြေဘဲ၊ ဉာဏ်နှင့်ခွဲလျှင်၊ ပျက်မြဲ မှောင်ခေတ်၊ ဝိဇ္ဇာ ကပ်လိမ့်။ သတ်ရန်အရေး၊ အတွင်းဘေးမှာ မအေးသာဘဲ၊ တဏှာ စွဲကြောင့်၊ ငါဘဲထင်မိ၊ ကိုယ်ထင်မိနှင့်၊ မသိမိုက်မှား၊ တဏှာပွားသည်။ ။ငါကားဘာလဲ တဏှာစွဲ၊ကိုယ်ကား ဘာလဲ တဏှာစွဲ - တဏှာခေတ်ခဲသတ်မှာဘဲ။ ။

## သက္ကာယနှင့် အတ္တ ရန်ဘေး ကင်းလွတ် စေအောင် ရစ်မွေး မှောင်ကြီး ပယ်လှန်နည်း။

အနိစ္စ, ဒုက္ခ, အနတ္တဟု၊ ရှုရှုလှုပ်လှုပ်၊ လက်ကကုပ်၍ နှုတ်က တွတ်တွတ်၊ ဖွာအောင်ရွတ်လည်း၊ ပေါက်လွတ် ပေါက်စား၊ စိတ်ကိုထားလျှင်- တရားအငွေ့၊ ပိတ်မတွေ့ဘူး၊ မေ့မေ့ လျော့ လျော့၊ စိတ်ကို လျော့၍၊ ပေါ့ပေါ့ စားစား၊ မနေ အားနှင့်၊ ဘုရား မိန့်ဟန်၊ ဗျာဒိတ် သံမှာ၊ နိစ္စံ-သုခ၊ ရှာမရ၍၊ အတ္တမဟုတ်၊ ခတ်, နာမ် ချုပ်ဟု၊ မိန့်ထုတ်ဖန်ခါ၊ ဆင့်ဆင့်မှာ၏၊ ငါငါခေတ်ခဲ၊ ငါခေတ်ကွဲအောင်၊ မမြဲဒုက္ခ၊ အနတ္တဟု ရှုရှုလှုပ်လှုပ်၊ လက်မကုပ်ဘဲ၊ နှုတ်ကတွတ်တွတ် တယ် မရွတ်နှင့်၊ စိတ်ညွတ် အောင်သာ၊ စိတ်ကရှာလော့၊ စိတ်မှာတွေ့လျှင်၊ စိတ်ကမြင်သည်။ ။စိတ်ရှင်ညဏ်ခေတ် လိုရင်းတည်း။

### အနိစ္စ လက္ခဏာ ဆင်ခြင်ပုံ။

ဥပါဒ်ဌီဘင်၊ အစဉ် အဆက်၊ ဖြစ်ပြီး ပျက်၍၊ ရေပွက် အလား၊ ယမ်းမီး ပွားသို့၊ မနားမရပ်၊ အထပ် ထပ်လျှင်၊ ပျက်ပျက်ကုန်ဆုံး၊တဖြုန်းဖြုန်းနှင့်၊ အုံးအုံးသဲသဲ၊တ ဖွဲ ဖွဲရှို၊ မမြဲဒဋ္ဌ၊ အနိစ္စဟု၊ စိတ်ကကြောန်၊ စင်စစ်မှန်၏။

### ဒုက္ခ လက္ခဏာ ဆင်ခြင်ပုံ။

ဇာတိ၊ ဇရာ၊ ဗျာဓိ မရဏ၊ ကိုယ်ပိုင် ရ၍၊ မုချမလွဲ၊ သေစမြဲတည်း၊ သေလှဲမပြီး၊ သန္ဓေမှီးလိမ့်၊ မှီးလျှင်သန္ဓေ၊ အိုနာသေမှို၊ တွက်ခြေ မရ၊ ရှုန်းလွှန်းလှ၏၊ လောကအလို၊

ပျက်ပြုန်းပြိုတဲ့၊ အိုနာ, သေရေး၊ ဒုက္ခ ဘေးကြောင့်၊ မဖေမှုချ အသုဘမို့၊ သုခ မဟုတ်၊ ဒုက္ခဧကန်၊ စင်စစ်မှန်၏။

## အနတ္တ လက္ခဏာ ဆင်ခြင်ပုံ။

ငါငါသူသူ၊ လူဘဲ, နတ်ဘဲ၊ အထင်မြဲ၍၊ စွဲလန်းစရာ၊ ခိုင်မာသော အပု၊ ဘာတခုမျှ၊ ရှာမရ သဖြင့်၊ သာစေက သက်သေ၊ အခြေအမြစ်၊ အနှစ်အမာ၊ ငါဆိုတာကို၊ ပြစရာ မရှိ၊ ပကတိ ဟောင်းလောင်း၊ အခေါင်းအကာ၊ ဗလာ ဟင်းလင်း၊ ငါကောင်ကင်း၏။

## လက္ခဏာခရေး သုံးပါးကို ပေါင်းရုံ၍ ဆင်ခြင်ပုံ။

လှုပ်လှုပ်ရွရွ၊ တကြွကြွနှင့်၊ ဆွဆွ ဆတ်ဆတ်၊ တဖြတ် ဖြတ်မို့၊ မတ်တတ်ကုန်ဆုံး၊ မတ်တတ်ပြုန်း၍၊ လုံးလုံးမပိုင်၊ မတတ် နိုင်ဘဲ၊ မခိုင် ခဏ်မ၊ ခယဏ္ဍမှု၊ ခန့ သေသော၊ တသောသောကို၊ မနေ့ဝိဥ္စမ်အောင်ကြံသော၊ ခဏ်ခံသိတ ခဏ် ဥဏ္ဍတို့၊ ဘာဝ အလိုက်၊ ရုပ် စရိုက်ကြောင့်၊ ခဏ်ခိုက်ကြုံတွေ့၊ ခဏ်ခြင်းဈေ့က ခဏ်ငွေ့ ခဏ်သက် ခဏ်မီးပျက်၍၊ ခဏ်တက်နှင့်ကြုံ၊ ခဏ်ဘက် ဆုံလျှင်၊ ခဏ်အုံကြီးကြွ၊ ခဏ်မီ ထလိမ့်၊ ခဏ် မပျက်ပြို၊ ခဏ် ယွင်းယိုသော်၊ ခဏ်ကိုခဏ်ချင်း ခဏ်နိုင်နင်း၍၊ ခဏ်မင်း အုပ်စိုး၊ ခဏ်တွေ ညှိုးလိမ့်၊ ခဏ်ခိုး သိတ၊ ခဏ် ဥဏ္ဍ ကြောင့်၊ ဒုက္ခဘေးဒဏ်၊ ဖြစ်ကြောင်းမှန်၏၊ နှစ်တန်ပူအေး၊ ဒုက္ခဘေးကို၊ အရေးမပိုင်၊ ငါမဆိုင်၍၊ မနိုင်ပါဘဲ၊ မခိုင်ဘဲမို့ အခဲအမာ၊ မဟုတ်တာကို၊ ငါငါမှတ်ထင်၊ ငါဟုမြင်လည်း၊

ငါပင်မှုချ၊ ရှာမရ၍၊ ငါမှုဟုတ်ဘဲ၊ ငါမှုတ်လွဲသည်၊ ဓာတ်ခဲ
ဓာတ်သား၊ ဓာတ် တရား။ ။

## အာဒီနဝဘေးခု-သုံးသပ်ပုံ။

မြေရေ နှစ်ဝ၊ ဓာတ် သိတနှင့်၊ ဥဏှ တေဇော၊ လေ
ဝါယောတို့၊ သဘောမမျှ၊ သဘာဝကြောင့်၊ မာန တံခွန်၊
ချွန်ကြီးချွန်၍၊ လွန်လိုက်ယုတ်လိုက်၊ ဆုတ်တက်လိုက်နှင့်၊
အခိုက်သင့်ခါ၊ အခွင့်သာ၍၊ လေးဖြာဓာတ်ရ၊ ဓာတ်အထု
တွင်၊ ဓာတ်နှု မခိုင်၊ ဓာတ်မှုယိုင်က၊ ဓာတ်တိုင် ကြီးလဲ၊
ဓာတ်အိုးကွဲ၍၊ ဓာတ်ပွဲကြီးသိမ်း၊ ဓာတ်မီးငြိမ်း၍၊ ဓာတ်တိမ်း
မခံ၊ ဓာတ်ဖေါက်ပြန်လျှင်၊ ဓာတ်ရန်ကြီးမား၊ ဓာတ်မီးပွား၍၊
ဓာတ်သား ရုပ်ကောင်၊ ဓာတ်မီးလောင်၍၊ ဓာတ်ဆောင်
ဓာတ်ပျက်၊ ဓာတ်တက် ဓာတ်ပြို၊ ဓာတ်ပို ဓာတ်လွန်၊
ဓာတ်ချွန် ဓာတ်စိုက်၊ ဓာတ်ခိုက် ဓာတ်ငုတ်၊ ဓာတ် သရုပ်ကို
အဟုတ်အမှန်၊ သိအောင်ကြံလေ၊ ဖေါက်ပြန်သမျှ၊ အနိစ္စရို့
သုခမဟုတ်၊ ဒုက္ခဇာန်စင်စစ်မှန်၍၊ ဖေါက်ပြန်ဒုက္ခ၊ အနိစ္စကို
နိစ္စသုခံ၊ မဖေါက်ပြန်အောင်၊ မကြံလေအပ်၊ မကြံတတ်သည့်
ပရမတ်တရား၊ ဓာတ်လေးပါး။

## နိဗ္ဗာန်လမ်းရိုး-လက်ညှိုးထိုး ဘေးသပ်။

ကိုယ့် ကိုယ်ကို ကိုယ် စစ်မှ၊ ကိုယ့် အဖြစ် ပေါ်မှာ၊
ကိုယ့်စံနစ် ချော်တာကို၊ မြော်စရာအရေး၊ မဂ္ဂင်ပါမှာ၊ ညီ
မညီဆန်းစစ်လို့ဆေး။ သီလနှင့် မိသမာ၊ သတိသာ ရှေ့ပြေး၊
မသိသာ တွေ့သေးလျှင်၊ တဖြေးဖြေး လှပ်လေ။ ပါဠိတော်

ကျမ်းအလုံး၊ သပြွမ်းကျုံး ရောစပ်၍မွှေ၊မိသိလ ဖြစ်ပေလျှင် ဓိစိတ္တေ–ခက်ဘူးမို့၊ မဂ်ကူးတို့ဓိပညာ၊ ယင်းသက်ပွါ။ ။ တွင်းပြင်ဟတ်တဲ့ ဓာတ်နှစ်ဖြာကို၊ ကြပ်ကြပ်နာနာ-သတ် စမ်းပါကြလေး။ ခြောက် တံခါးက မှောက်မှားတာကို၊ ခြောက်ပါး တဏှာ၊ သတ်စမ်း ပါကြလေး။ ။အနိပ် ခက်တဲ့ စိတ် စကြာကို၊ ကြိတ်လျက် နာနာ သတ်စမ်း ပါကြလေး။ ။

## သံဝေဂတေးဘာဏ်။

သဏ္ဌာဝါ ရုပ်မလှစေဘို့၊ ဒုက္ခကြီးပေးတယ်၊ မုချနည်း ရှောင်လွယ်အောင် ဆေးတကယ်ရှာမှ၊ တို့ကျောင်းက တို့ဆရာ တို့ဗုဒ္ဓါ ဟောခဲ့သည်ပ၊အနိစ္စလက္ခဏာ ရုပ်နာမ်မှာတင်ကြ၊ ဟုတ်မှန်တာမြင်ရလျှင်၊ ထင်သမျှလွဲပြီ။ ဒုက္ခကောင်၊ဒုက္ခခဲ ဟာမို့၊ ဒုက္ခပွဲတွေ ရပေလိမ့်မည်။ စိုးတရ မဖြစ်ပြီတယ်။ နှစ်အဆိရှိ ဘူးမို့၊ မလိုက် ဘူး နင့်၏အလို၊ နင့်အကြိုက် ကို။ ။နင် ထင်တိုင်း အကုန် ပိုတယ် နင့်ကိုတောင် ဟုတ်ဘူးကွဲ့လေး။

ရုပါရုံ အမျိုးမျိုးနှင့် အမျိုးမျိုးအသံ၊ အမျိုးမျိုးအနံ့ကို အင်မတန်မက်မောအမျိုးမျိုးအရသာ–ဘဝမှာ ကောင်းဘဲ့ သဘော။အမျိုးမျိုးထိတွေ့ရာ၊ ကိလေသာပြန့်ပြော၊ဝိဝေကါ မသန့်ချောနိုင်ဘု၊ အုံ့ညြဘွယ့်ရန်သူ၊ ကြောက်ပါတယ်၊ အလွတ်ငြင်းသော်လဲ ဖွတ်အတင်းလိုက်၍သာမြူ၊ ညွှတ် ကွင်းနဲ့ သဏ္ဍာန်တူတယ်–သယန္တာမြူမိနိ့ခွန်းကြောင့်၊ ချိမ့်ချိမ့်

မှုန်း ပွက်ပွက်ဆူမွှေ၊ ရောလိုက်ချင်လေ။ ။သဘောဒိုက် လို့အကြိုက်နေလျှင်၊ အမိုက်အတေ ဖြစ်အုံးမှာမို့လေး။

**ယောင်သလိုနောက်သရမ်း၍**
**အောက်စခန်း နိုးလှကြောင်း တေးတပိ။**

လောကဝံ ဘုံဌာန - ဂုဏ်ကာမ ပွက်အိုင်၊ ကြိုလာက မတက်နိုင်တယ်၊ ဿရက်ဆိုင် ဒိဝဲ၊ လေးညြဿသမုဒ်ပြင်မှာ။ မမြုပ်ခင် ကူးနိုင်မှဘဲ၊ ခုလက်ငင်း သာသနာမှာ၊ ဗျာကရာ ဇွတ်ဆွဲ၊ ညှာတာတာအလွတ်လွဲရင်ဖြင့်၊ ဝဋ်အဲနှင့်တွေ့မယ်၊ ယောင်သလို မနောက်စမ်းပါနှင့်၊ အောက်စခမ်း နိုးလှချေရဲ့ကွယ်၊ ကြောက်ခမန်း ကြီးတယ်ကို၊ နည်း သွယ် သွယ် တို့ဘုရားရယ်က သို့ကလား သင်းကာဒိမှာ၊ ဟောလျက် သေချာ။ ။သဘောနက်မှအချက်ပါတယ်၊နားရှုက် နာနာ ထောင်စမ်းပါကြလေး။ ။

**ပုထုဇန် အနံ့ပျောက်မှ လနို့လောက်တဲ့**
**အပါယ်ဘေးနှင့် ဝေးနိုင်မည် ဖြစ်ကြောင်း**
**သတိပေးတေးတပိ။**

ကာမဘုံ ဆဲ့တရပ်၊ ခြောက်ထပ်ကလေးရွာ၊ ကြောက် တတ်မှ ဘေးကွာမယ်။ မဝေးပါပြီဘဲ။ကျောနားက ကပ်လို့ မြှောင်တယ်၊ နတ်တို့တောင် ရောက်ကြစမြဲ။ ဟို-အထက် ဘဝဂ်ရွာကို တက်နိုင်ပါသော်လဲ၊ သက်ဆိုင်ရာ အဘော် ဆွဲရင်ဖြင့် ချော်ကနဲဖြစ်မယ်၊ နရက်အိုင်ဘုံတန္တန်း၊ ကုန်အ ဆုံးရောက်ရပါလိမ့်ကွယ်။ လွှတ်ကြအို့ညွှတ်ခ ရွယ်လျှင်၊

ဂေါတြဘူယ် အကုန်ပြတ်ပါမှ၊ ဘုံအောက်ထပ် လေးရပ် ပါယ်ရွာ ဝေးအပ်သည့်သာ။ ။မပြေးတတ်က မပြတ်ပါတယ်၊ တပတ်ချာချာ လည်အုံးမှာပလေး။ မဂ်စခန်းနှင့် အသွမ်းကွာလျှင်၊ဗရမ်းဗအာ ဖြစ်အုံးမှာပလေး။ ဖိုလ်မတွဲလို့ မမြဲပါလျှင်၊ ငရဲရွာဟာ ရောက်ဦးမှာပလေး။ ။

## အားပေးချက် လင်္ကာ။

ဘူတဟူပေ၊ မြေ, ရေ, လေ, မီး၊ ဓာတ်ကြီး လေးတန်၊ အမာခံကို၊ မှန်ကြီးလေးရ၊ ပမာပြု၍၊ ရှုကြပါလေ၊ ဉာဏ်ပါစေလော့၊ ရေ, မြေနှစ်ဝ၊ ဓာတ်သိတနှင့်၊ ဥဏှ တေဇော၊ လေဝါယောတို့၊ သဘော ကိုယ်စီ၊ ရှိကြသည်ကို၊ အတည် ကျနှ၊ သိနိုင်မှလျှင်၊ လောက အလို၊ ပျက်ပြုန်းဖို့တဲ့၊ အို,နာ, သေမှု၊ အခြေ ရကို၊ မြေနူ မကျန်၊ သိကြောင်း မှန်သည်၊ နိဗ္ဗာန်လမ်းကြီး၊ ဉာဏ်ခရီး။ ။

ပျက်စေ့ အောက်ပွင်၊ မှောက်မှောက် မှားမှား၊ အမြင်များ၍၊ သနား ကြင်နာ၊ ကိုချင်းသာလျှင်၊ စာနှာ သောအား၊ ယွင်းမှုမှားအောင်ဘုရားနှုတ်ပြန်၊ဓမ္မကွဟာန်ကို၊မှန်ကန်ကျနှ သိစေရဘို့၊ ဝေ့ဌကြောင်ဌာ၊ ပေးထုတ် ပါသည်၊ ယုတ်မာ ဉာဏ်ကြီး၊ ပျောက်စေသော်။ ။အလိမ္မာ ဉာဏ် ကြီး-ရောက်စေသော်။ ။

လိမ္မာ ဉာဏ်ကြီး ရောက်ရန်မှာ၊ သဏ္ဍာယဒိဋ္ဌိ ပြုတ်ကွာမှရောက်မည်။ထိုသဏ္ဍာယဒိဋ္ဌိ တဒင်္ဂပဟာန်ကွာပြုတ်၍ နေသူကို အဘယ်ပုဂ္ဂိုလ် ခေါ်ပါသနည်း ဆိုသော်-ရှုဋ္ဌ

သောတာပန်ပုဂ္ဂိုလ်ခေါ်ပါသည်။ သက္ကာယဒိဋ္ဌိ သမုစ္ဆေဒပဟာန် ကွာပြုတ်ခဲ့လျှင် အဘယ်ကဲ့သို့ ဖြစ်၍သွားပါသနည်း ဆိုသော်- အပါယ်တံခါးပိတ်၍ နိဗ္ဗာန်ဝင် ပုဂ္ဂိုလ်အစစ် အရိယာဖြစ်၍ သွားပါသည်။ ထို့ကြောင့် ဒိဋ္ဌိသက္ကာယ တဒင်္ဂပဟာန် ကွာပြန်မှုက၊ စူဠသောတာပန် သမုစ္ဆေဒပဟာန်ကွာပြန်ညွှားက၊အပါယ်လေးပါးတံခါးပိတ်၍ နိဗ္ဗာန် အဝင် ဘုံစဉ်စံပုဂ္ဂိုလ် ဝိသာခါလို ငါတို့ဖြစ်ရချေ၏တကား ဟု ဆိုပါသည်။

ထိုစကားအရ သာဓကပါဠိစကား။ ဣမိနာပန ညာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နောနာမ ဟောတိ (ဝိသုဒ္ဓိ မဂ်)။ ဣမိနာပန ညာဏေန၊ ဤဝိပဿနာ ညာဏ်နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ လဒ္ဓဿာသော၊ ရအပ်သော သက်သာရာ ရှိသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌော, ရအပ်သော ထောက်တည်ရာ ရှိသည်ဖြစ်၍နိယတ ဂတိကော၊ အပါယ် မလား သုဂတိ ဘဝသို့သာ တဖြောင့်တည်းသွားသောဂတိ ရှိသည်ဖြစ်၍။စူဠသောတာပန္နောနာမ၊စူဠသောတာပန်မည် သည်။ ဟောတိ၊ ဖြစ်၏။ စူဠသောတာပန် ဆိုသည်ကား- သောတာပန်အငယ်-သောတာပန်အလောင်း-သောတာပန် အကြီး ဖြစ်လှူဖြစ်ခါနီးဆိုလိုသည်။

ဝိပဿနာ တရားကို မြင်လုံးထွားအောင် ပွါးများမှုသည်ကား၊ နိဗ္ဗာန်ရောက်ကြောင်း ခရီးဟောင်း အမျိုးမျိုး တွင်လမ်းတိုလမ်းဖြောင့် ဖြစ်သတည်း။

သို့ပင်ဖြစ်သော်လည်း ဉာဏ်၏အလုပ်ဖြစ်သောကြောင့် လူတိုင်း နားမလည်ပြီ။ နားလည်သော်လည်း၊ နိဗ္ဗိန္ဒအလုပ် ဖြစ်သောကြောင့်၊လူတိုင်းမလုပ်နိုင်ပြီ။သို့ဖြစ်၍ မျောက်အခုန်း သီးရသကဲ့သို့၊ ခွဲ၍လည်း မစားတတ်၊ အရသာကိုလည်း မသိ အကြိုကလည်းမထိ၊ ဉာဏ်ကလည်းတုံးတိ၊ ဗာလာနံ အကန်း အတိဖြစ်ကြ၍၊ ဓမ္မနှင့်ဝေး၊ သံသရာ ဈေးကြောင်း ပေါက်၊ရွှေမထောက် နောက်မမျှော်၊အပေါ် တွေတရုံးရုံးနှင့် တပြုံးပြုံး ပျော်မြူးပြီး မူးမေ့ကာ နေကြလေ သတည်း။

အများပင် မူးကြ သော်လည်း၊ ကိုယ်က ရော၍ မရူး လေနှင့်ဟု ဆိုလိုသည်။

ထို့ကြောင့်၊ မကွေ့ မထောက် လမ်းဖြောင့် တရား တွေ့ပါသားနှင့်၊ အများ မူးတိုင်း၊ နင် မရူးနှင့်၊ ထူးသည့် အခါ၊ ဝိပဿနာကို၊ ခါခါ ပွားမှ၊ သွားမည့် သံသရာ၊ အစဉ် ပါမည်၊ နင်သာ သတိထား။

ရုပ်, နာမ်, ဓမ္မ၊ သဘာဝကို၊ ဒိဋ္ဌမြင်ရန်၊ ကြံဖန်စေ့ငှ၊ စိုက်၍ ရှုသော၊ ဝိပဿနာ အလုပ်ကား၊ နိဗ္ဗာန် ရောက် ကြောင်း၊တရားတွင်၊ မဂ်တံခါး အဖွင့်၊ အကျင့်တွင်အချုပ်၊ အလုပ်တွင် အသာ၊ ပါရမီတွင် အမြတ်ဆုံး၊ ဤကဲ့သို့ နှလုံး ထားတော်မူ၍၊ ပညာဝါဟိ ပုရိသော ဝိပဿနံ ဝဍ္ဎေတွာ၊ အရိယ မဂ္ဂင်္ဂါရံ ဝိဝရိတွာ၊ အမတ နိဗ္ဗာနံ၊ ပဋိသိဿတိ၊

သာဝက ပါရမိဉာဏေ၊ သမ္မာသမ္ဗောဓိဉာဏေ၊ ပဋိဝိဇ္ဈတိ၊ အမတ မဟာနိဗ္ဗာနံ၊ သမ္မာပကာသေ၊ ဟိဓမ္မေသု ပညာဝ သေဋ္ဌာဝ သောသာတာသ၊ ပရိဝါရဟောန္တိ။

**သုတ္တနိပါတ် အဋ္ဌကထာ။**

ဟိ၊ ထင်ရှားစွာပြဦးအံ့။ ပညဝါ၊ ပညာရှိသော။ ပုရိသော၊ ယောက်ျားသည်။ ဝိပဿနာ၊ ဝိပဿနာတရားကို။ ဝဍ္ဎေတွာ၊ ပွားစေ၍။ အရိယ မဂ္ဂဒွါရံ၊ အရိယာ မဂ် တည်းဟူသော တံခါးကို၊ ဝိ ဝရိတွာ၊ ဖွင့်လှစ်၍။ အမတ နိဗ္ဗာနံ၊ အမြိုက် နိဗ္ဗာန်သို့၊ ပဝိသိသတိ၊ ဝင်ရလတ္တံ့။ သာဝက ပါရမိဉာဏေ၊ သာဝက ပါရမီ ဉာဏ်ကိုရင်း။ ပစ္စေကဗောဓိဉာဏေ၊ ပစ္စေက ဗောဓိ ဉာဏ်ကိုရင်း။ သမ္မာ သမ္ဗောဓိဉာဏေ၊ သမ္မာ သမ္ဗောဓိ ဉာဏ် ကိုရင်း။ ပဋိဝိဇ္ဈာသာတိ၊ ထိုးထွင်း၍ သိရ လတ္တံ့။ ဟိသစ္စံ၊ မှန်၏။ အမတ မဟာနိဗ္ဗာန သမ္မာ ပကာသု၊ အမြိုက် နိဗ္ဗာန်သို့ ရောက်စေ ကုန်သော။ ဓမ္မေသု၊ တရားတို့တွင်။ ပညာဝ၊ ဝိပဿနာ၊ ပညာပါရမီ သည်သာလျှင်။ သေဋ္ဌာ၊ အမြတ်ဆုံးပေတည်း။ အဝသေသာ၊ ကြွင်းသော ပါရမီ တို့သည်။ တဿ၊ ထိုဝိပဿနာ၊ ပညာ ပါရမီ၏။ ပရိဝါရာ၊ အခြံအရံ တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

စာကြည့်၍ သော်၎င်း၊ သူတပါးဟောပြော၍သော်၎င်း။ သိသောဉာဏ်ကို၊ သုတမယဉာဏ်ခေါ်သည်။ ကိုယ်တိုင် ကြံဖန်၍ သိသော ဉာဏ်ကို၊ စိန္တာမယ ဉာဏ်ခေါ်သည်။ ဝိပဿနာ ရှုကြည့်မှု တို့ကား။ စိန္တာမယ ဉာဏ်အချက် တို့သာ ဖြစ်သတည်း။ ယခုစိရင် ရေးသားသော စာအုပ်

မှာ၊ဝိပဿနာ ရှုကြည့်ရန် ရေးသား သော အချို့သော တရားများသည်၊စိန္တာမယ ဉာဏ်ဖြင့် သိအပ်သော တရား တွေသာတည်း၊အချို့သောသူတို့က ပါဠိ မပါသောကြောင့် ပေါ့ပျက်ပျက် ရှိသည်ဟု ဆိုကြ၏။ ပါဠိ တိုက်ရိုက်ရှိသော တရားကိုသိလျှင် စိန္တာမယ ဉာဏ်မဖြစ် (သုတမယဉာဏ် သာဖြစ်၏၊) စိန္တာမယ ဉာဏ် မဖြစ်က ဝိပဿနာ ဉာဏ် အစစ်သို့မဆိုက်။ ဝိပဿနာ ဉာဏ် အစစ်သို့ မဆိုက်က အမြွက်နိဗ္ဗာန်နှင့် အဝေးကြီး၊ သက္ကာယဒိဋ္ဌိ၏ အချည်းနှီး အလကား တုံ့သွား နယ်သား မဖြစ် ရအောင်၊ အားသစ် ရမည် ဆိုလိုသည်။

ကိုယ့်စိန္တာမယ ဉာဏ်နှင့်လည်း မသိ၊သူတပါး စိန္တာ မယဉာဏ်နှင့်သိအပ်သော တရားစာကိုလည်း မကြည့်ချင် စိတ်ကြီးဝင်၍ နေသူများသည် မဟာအမှားကြီးပေတည်း

## ဆုတောင်းခန်း။

ကြီး ကြီးကုပ်ကုပ်၊ အားအင်ထုတ်လျက်၊ မယုတ်နေ့ည ဥဿဟဖြင့်၊ လုံ့လစိုက်ခါ၊ ဆုမ္ဘာစာဟု၊ ဘာသာဇုန္ဒ၊ မည်နာမနှင့်၊ ဘုရားအလို၊ မှားမပိုအောင်၊ ထိုထိုကျမ်းဂန်၊ ညှိနှိုင်းစံ၍၊ ထုတ်ပြန်ရှင်းလင်း၊ လရောင်ကျင်းသို့၊ဝင်းဝင်း ရောင်ဝါ၊ သာသနာကို၊ ညီညာသောအား၊ ကဲ့အလားလျှင်။ တရားသွယ်သွယ်၊ စာအုပ်ငယ်နှင့်၊ဖွယ်ဖွယ်ရာရာ၊ ကုသိုလ် ရှာ၍၊ ဓမ္မ ဒါန၊ ပေးဝေ ငှာသည်။ ခဏ ကိုင်၍၊ ကြည့် စေသောဝ်။ ။ပြီး လျှင် တိုင် ကြား ညွှပ်စေသောဝ်။

ကလေး ယူ၍ ဆုပ်စေသောဝ်။ ။ဘချို ဆေးလုံး ထုပ်
စေသောဝ်။

(ရေးလိုရင်းကား) ဓမ္မဒါန၊ ပေးဝေငှသည်၊ ခဏာ,ခဏာ
ကြည့်စေသောဝ်။ ။ဟုတ်တိုင်း,မှန်တိုင်းသိစေသောဝ်။ ။
တရားသံဝေဂရှိစေသောဝ်။ ။နှလုံးအိမ်၌ငြိစေသောဝ်။ ။
ဤသို့သာလျှင် ရေးလိုရင်းပေတည်း။ သို့သော် စင်စစ်မှာ
မူကား။ တိုင်ကြားညှပ်, ကလေးဆုပ်နှင့်,ဆေးလုံး ထုပ်သာ
များကြလိမ့်မည်ဟု အထင်ရောက်ပေသည်။ သတိ ရှိကြပါ
စေသတည်း။

ငြိမ်းအဖြာဖြာ၊ ကျမ်းဆရာတို့၊ လမ်းလာကိုမှီး၊ မလိမ့်
လည်းအောင်၊ နိသျှည်းမှု၊ ရတိုင်းယူ၍၊ ဆင်ပြူတော်ပါး။
မြွော်ခစားတဲ့၊ ယောက်ျားလူဟုတ်၊ ကြိုရေရပ်သို့၊ သရုပ်
မကွာ၊ကဲ့ပမာလျှင်၊ ဆရာအများ၊ ခဝပ်တွား၍၊သောက်စား
ညာဏ်နို့၊ဖန်ဖန်စို့လည်း၊မပြို့နိုင်ဘဲ၊ မအိဘဲမို့၊ ဆိုခဲရသာ။
ယူတိုင်းပါသည်။ ။ဆရာတို့ ဂုဏ်ထူး ကုန်နိုင်ဘူး။ ပညာ
နို့ထွက်မြူး၊ ကုန်နိုင်ဘူး။ ထင်ရာသို့ ပက်ဦး ကုန်နိုင်ဘူး။

နာမသညီ၊ ဘွဲ့အမည်ကို၊ အတည်ဖွင့်ဆို၊ မပြလိုဘူး။
တိုတိုနှင့်ချုံး၊ လိုရာ ကုံး၍၊ ရုံးလိုက် ဘော့မည်။ စာတမ်း
ရှည်လိမ့်၊ဤတွင်ရပ်ထား၊ နောက် စကားမှာ၊ မပွါးစေရ၊
မကျယ်ရအောင်၊ ဆန္ဒရှိရာ၊ ဆုတောင်းပါသည်၊ တွေ့ရာ
လူလိုင်း ဘတ်စေ သောဝ်။ ။အ မှား တွေ့လျှင် ပြင်စေ
သောဝ်။ ။အပြစ်မတင်ပါ စေသောဝ်။ ။မချီးမွမ်းကြပါ
စေသောဝ်။ ။

ဤစာပြီးဖြစ်၊ သက္ကရာဇ်ကား၊ ၁၃၀၇-ခုနှစ်၊ တပို့တွဲလဆုတ် (၁၄) ရက်၊ စနေနေ့ နံနက် နေ အထွက်တွင်ပြီးအောင် မြင်သည်။ နတ်,လူ, သာဓုခေါ်စေသောဝ်။ ။

ဝိပဿနာပေါင်းချုပ် နိဋ္ဌိတံ။

---

ဆရာဒေါင်း။

ဦးကျန်းမြ

လူအပေါင်းတို့ တိုက်တွန်းချက် အရ၊ ဤ ဝိပဿနာ ပေါင်းချုပ်ကို တတိယ အကြိမ် ပြုပြင်၍ ထုတ်ဝေလိုက် ရသည် ဖြစ်ရာ။ အထောက်ပါ ဖော်ထုတ်ရေးသား ထိုက်သော ဝိပဿနာ အဆီအနှစ် တို့ကို ကျင့်ကြံ အားထုတ်၍၊ မဂ်, ဖိုလ်, နိဗ္ဗာန်သို့ လျင်မြန်စွာရောက်ကြစေကုန်ရာသတည်း။

ဆရာဒေါင်း။

ဦးကုန်းမြို့။

အမျိုးသားစာပုံနှိပ်တိုက်

N.P.W